

# ဗုဒ္ဓဘာသာသိစရာ

❀ သစ္စဝါဒီ ❀

သစ္စာဒီပက ဆရာကြီးဦးကြည်

အနန္တငါးဖြာမဂ္ဂဇင်းများတွင်

❀ သစ္စဝါဒီ ❀

အမည်ဖြင့်

ဆရာကြီးဦးကြည် ကိုယ်တိုင်

ဖြေကြားရေးသားခဲ့သော

# ဗုဒ္ဓဘာသာသိစရာ

## အမေးအဖြေဆောင်းပါးများ

ပညာလောကစာပေမှ
စုစည်းတင်ပြသည်။

၂၅၄၇ ၁၃၆၅ ၂၀၀၃

# ပုံနှိပ်မှတ်တမ်း


ဘာသာရေးစာပေ

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ◆ | ၆၀၇/၂၀၀၃ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ◆ | ၆၃၂/၂၀၀၃ (၁၀) |
| ထုတ်ဝေသူ | ◆ | ဒေါ်ခင်နု<br>ပညာရောင်ခြည်စာပေဌာန<br>ကိုးထပ်ကြီးဘုရား<br>စမ်းချောင်းစာတိုက်<br>ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ◆ | ဒေါ်ခင်ကြွေ<br>ရတနာမဥ္ဇူပုံနှိပ်တိုက်<br>၂၀၇၊ ဝေဇယန္တာလမ်း<br>၁၆/၂-ရပ်ကွက်<br>သင်္ဃန်းကျွန်းမြို့နယ်<br>ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ◆ | မျိုးဝင်းနှင့်အဖွဲ့ |
| ပုံနှိပ်ခြင်း | ◆ | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | ◆ | ၂၀၀၃-ခုနှစ်၊ နိုဝင်ဘာလ |
| စာအုပ်ရေ | ◆ | ၁၀၀၀ - အုပ် |
| တန်ဖိုး | ◆ | - ကျပ် |

## "နမော သစ္စဒီပကဿ သမ္မာသမ္ဗုဒ္ဓဿ"

ကျေးဇူးရှင် ဆရာကြီး ဦးကြည် မျက်ကွယ်ပြု ကွယ်လွန်ခဲ့သည်မှာ (၇)နှစ်ရှိပြီ ဖြစ်ပါသည်။ ကျေးဇူးရှင် ဆရာကြီးသည် သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် တရားပြဌာန၏ အာဒိကမ္မိက၊ ကမ္မဋ္ဌာနစရိယ၊ မူလဓမ္မာစရိယ၊ ပရိယတ္တိမာမက၊ ပဋိပတ္တိဝိသာဒရ၊ ပဋိပတ္တိသာသနာ့ဟိတဓရ ဘွဲ့ရ (ကျမ်းပြုပုဂ္ဂိုလ်) ဖြစ်သည်နှင့်အညီ ဆရာကြီးသည် သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်အား ၁၉၆၃–ခုနှစ်၊ စက်တင်ဘာလတွင် စတင်တည်ထောင်၍ တပည့်ယောဂီများ သံသရာပြတ်ရန် နည်းလမ်းမှန်ဖြင့် လွယ်ကူစွာ တရားအားထုတ်နိုင်ရန် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့် သတိပဋ္ဌာန် ''ခန္ဓပဗ္ဗ'' အပိုင်းအား အဓိကထားလျက် ဖော်ထုတ် ဟောကြားပြသခဲ့ပါသည်။

ကျေးဇူးရှင်ဆရာကြီး ကွယ်လွန်ပြီးနောက် သစ္စာဒီပက အမည်ရှိ အဖွဲ့အား ဆက်လက်တာဝန်ယူ ဆောင်ရွက်ကြရမည့် ဘာပည့်များအား ဆရာကြီး သက်ရှိထင်ရှားရှိစဉ် ကာလတွင် အဓိကမူအဖြစ်ထား၍ ဟောကြားပြသခဲ့သော ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားတော်များကို သာသနာပြန့်ပွား အဓွန့်တာရှည် တည်တံ့စေခြင်းငှာ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် တရားပြဌာန၏ တရားဟော တရားပြမည့် ဓမ္မကထိကများ လိုက်နာကြရန် ...

၁။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်နည်း

၂။ မဇ္ဈိမပဋိပဒါနည်း

၃။ ပဋိစ္စသမုပ္ပါဒ်နည်း

၄။ ဥပေက္ခာနည်း

ဟူသော မူဘောင် (၄)ချက်နှင့် ဓမ္မကထိကများ လိုက်နာရမည့် စည်းကမ်း (၁၀)ချက် သစ္စာဒီပကဝိပဿနာ အဖွဲ့ချုပ် စည်းမျဉ်း (၁၈)ချက်တို့ဖြင့် သာသနာအတွက် အထောက်အပံ့ကောင်းများ ဖြစ်စေသော မူဘောင်များ ရေးဆွဲ၍ သာသနာ့အမွေ ခံယူနိုင်စေလျက် တရားဟော တရားပြဓမ္မကထိကများ မွေးထုတ်ပေးခဲ့ပါသည်။ သို့သော် အချို့လက်ရင်းတပည့်များနှင့် ဓမ္မကထိကများသည် အကြောင်းအကျိုး မညီညွတ်သဖြင့် တာဝန်ယူ ဆက်လက်ဆောင်ရွက်

နိုင်စွမ်း မရှိကြတော့ပါ။ သို့ဖြစ်ပါ၍ ယခုလက်ရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်ကြီး၏ ဦးဆောင်နာယကကြီး ဘဘလှိုင်နှင့် ဥက္ကဋ္ဌ ဦးခင်မောင်ရီ တို့မှ အဖွဲ့ကြီးအား တာဝန်ယူဆောင်ရွက်ပေးပါရန် လာရောက်ပြောကြားကြပါသည်။ ကျေးဇူးရှင် ဆရာကြီးဦးကြည်၏ ၃၀-၁၁-၉၃ ရက်စွဲဖြင့် အသိအမှတ်ပြု တစ်နိုင်ငံလုံး ဟောပြောခွင့်လက်မှတ်ရ အန္တေဝါသိက လက်ရင်းတပည့်ဖြစ်သူ မိမိသည်လည်း ကျွတ်ကျွတ်လွတ်လွတ် သာသနာပြုရန် မဆုံးဖြတ်နိုင်သေးသဖြင့် အဖွဲ့ကြီးမှ ခေတ္တအနားယူစဉ် လာရောက် ပြောကြားကြခြင်း ဖြစ်ပါသည်။

မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးကို ခိုင်မာသော ယုံကြည်မှုဖြင့် မိရိုးဖလာ ဗုဒ္ဓဘာသာအဖြစ်မှ ဗုဒ္ဓဘာသာအစစ် ဗုဒ္ဓဝါဒီအနှစ်သို့ ရောက်အောင် လမ်းညွှန်သွန်သင် ပို့ဆောင်ပေးခဲ့သော ဆရာကြီး၏ သီလ, သမာဓိ, ပညာဂုဏ်ကျေးဇူးများအား ကျေးဇူးဆပ်ခွင့် ကြုံလာရပြီဖြစ်သဖြင့် မိမိအသက်ထက်ဆုံး သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် တရားပြဌာန၏ တာဝန်အရပ်ရပ်များကို ၁၉၉၈-ခုနှစ်မှ စတင်ဦးဆောင်၍ ဝမ်းမြောက်ဝမ်းသာ တာဝန်ယူ သာသနာပြုရန် ရည်သန်စိဌာန်ပြုလိုက်ရပါတော့သည်။

မိမိ တာဝန်ယူဆောင်ရွက်စဉ်ကာလ၌ ဆရာကြီး သက်ရှိထင်ရှားရှိစဉ်က သစ္စာဒီပကဝိပဿနာတရားပြရိပ်သာ လုံးဝမရှိတော့ပါ၍ အစဉ်အလာမပျက် ခုနစ်ရက်တရားစခန်း များကို (၄၄–၄၅ ကြိမ်) တရားစခန်းအား ဗဟန်းမြို့နယ်၊ ဗဟန်း (၁)လမ်း၊ ပအိုဝ့်ဓမ္မာရုံတွင်လည်းကောင်း၊ (၄၆– ကြိမ်) တရားစခန်းအား မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ ရွှေကျင်ကျောင်းသစ်ကျောင်းတိုက်တွင် လည်းကောင်း၊ (၄၇–၄၈–၄၉–၅၀–၅၁–၅၂ ကြိမ်မြောက်) တရားစခန်းပွဲများအား မရမ်းကုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက်၊ အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ် ကြီး၏ ရင်ပြင်ပေါ်ရှိ အောင်ဓမ္မာရုံတွင်လည်းကောင်း မိမိ ကိုယ်တိုင် ဂေါပကအဖွဲ့ဝင်အဖြစ်ဖြင့် ဖွင့်လှစ်ခဲ့ရပါသည်။ ၎င်းတရားစခန်းပွဲများ ပြုလုပ်စဉ်ကာလအတွင်း သစ္စာဒီပက အဖွဲ့ချုပ် အတည်တကျရှိရန် ရိပ်သာနေရာအား ကြိုးစား ရှာဖွေခဲ့ရာ (၁၄–၄–၂၀၀၀)ခုနှစ်တွင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၌ ဩဝါဒစရိယ၊ ရပ်ကွက် သံဃနာယကဥက္ကဋ္ဌဆရာတော်နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ အတွင်းရေးမှူး ဦးမြင့်တင်၊ တွဲဘက်အတွင်းရေးမှူး ဦးမြင့်သန်းတို့မှ သစ္စာဒီပကဝိပဿနာ သာသနာထွန်းကားပြန့်ပွားစေရန် ထက်သန်သော စေတနာ

နှင့် မရမ်းကုန်းမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ မင်းကျောင်း လမ်းရှိ ဝတ္တကမြေနေရာအား သစ္စာဒီပကဝိပဿနာ တရားပြဌာန ရိပ်သာနေရာအဖြစ် သတ်မှတ်အတည်ပြု ပေးကြပါသည်။

ထို့နောက် (၁၈-၁၁-၂၀၀၁)ခုနှစ်တွင် ကျေးဇူးရှင် ဆရာကြီး လက်ရင်းတပည့်ဖြစ်သူ ဂျစ်တူးဗွီဒီယို ဦးကျော်ဦး+ ဒေါ်တင်တင်လှ တို့နှင့် ယှက်နွယ်၍ ဦးကျော်ဝင်း + ဒေါ်ဘေဘီဝင်း တို့မှ မတည်လှူဒါန်း၍ သစ္စာဒီပကအဖွဲ့ချုပ် တရားပြဌာနရိပ်သာဓမ္မာရုံကြီး ပေါ်ပေါက်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဓမ္မာရုံသစ် ဖွင့်လှစ်ပွဲတွင် နိုင်ငံတော် သံဃမဟာနာယက ဗဟိုဝန်ဆောင်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယက တွဲဘက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော်ပရိယတ္တိ သာသနတက္ကသိုလ် နာယကချုပ်ဆရာတော်၊ ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌဆရာတော်၊ မရမ်းကုန်းမြို့နယ်သံဃ မဟာနာယက ဥက္ကဋ္ဌဆရာတော်၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော် ဆရာတော်ကြီးများမှ ကြွရောက်ချီးမြှင့် ဖွင့်လှစ်ပေးတော်မူ ကြပါသည်။

သို့ဖြစ်သောကြောင့် ယခုလက်ရှိ သစ္စာဒီပကအဖွဲ့ချုပ် ရိပ်သာဓမ္မာရုံအဖြစ် အချိန်တိုအတွင်း တိုးတက်မှုဖြင့်

ကျေးဇူးရှင်ဆရာကြီးအား ''အာမိသ'' ပူဇာဖြင့် ကျေးဇူးဆပ် ပူဇော်ပျက်ရှိပါသည်။ ဆရာကြီး၏ အဓိကထား လမ်းညွှန် ဟောကြားပြသမှုများမှာ ဓမ္မာနုဓမ္မပဋိပတ္တိ–ဓမ္မပူဇာ–မြတ်စွာ ဘုရားအလိုတော်ဆန္ဒနှင့်အညီ ဖြစ်မှသာလျှင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာနှင့် ကျေးဇူးရှိဘူးသူ အားလုံးတို့အား ကျေးဇူးဆပ် ပူဇော်တတ်မှုသည် ဓမ္မပူဇာ တရားအားထုတ် သော ယောဂီခန္ဓာပေါ် အသိဉာဏ်ရောက်မှသာလျှင် ပူဇော် တတ်သော ပူဇော်နည်းဖြစ်ပေသည်။

ကျေးဇူးရှင်ဆရာကြီးသည် သစ္စာဒီပကဝိပဿနာ အဖွဲ့ချုပ် တပည့်ယောဂီများအား တရားဟောတရားပြသခြင်း နှင့် အနယ်နယ်အရပ်ရပ်သို့ ကြွရောက် တရားစခန်းများ ဖွင့်လှစ် တရားဟော တရားပြသခြင်း တာဝန်များကြားမှပင် ဗုဒ္ဓဘာသာကြည်ညို မှီခိုသူ ဝေနေယျများအတွက် လောက တွင် အနေလည်းတတ်၊ အသေလည်းမြတ် ဟူသည့်စကား နှင့်အညီ ကျမ်းစာစောင်အဆူဆူတို့ကို ရေးသားပြုစု ကျမ်းပြု ခဲ့ပါသည်။ ရေးသားခဲ့သော ကျမ်းစာအဆူဆူတို့တွင် မြတ်စွာ ဘုရား၏အာဘော်ကို စိုးစဉ်းမျှ မတိမ်းညွှတ်စေဘဲ အမြန် သိလွယ်သော ပရမတ်ကို တိုက်ရိုက်ရှုရသော ဓမ္မာနုပဿနာ၊ မြတ်စွာဘုရား၏ တစ်ခုတည်းသောမူဖြစ်သည့် မဇ္ဈိမပဋိပဒါ လမ်းကြောင်းတို့ကို ဘုရားရှင်၏ဆန္ဒတော်နှင့် ကိုက်ညီစေရန်

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အဆိုအမိန့်တို့၏ အဆုံးအဖြတ်များဖြင့် ညွှန်ပြလျက်ရှိရာ စာပေတတ်သည်ဖြစ်စေ စာပေမတတ်သည်ဖြစ်စေ ဤသာသနာတွင် ကျွတ်တန်းဝင်လိုသူဝေနေယျတို့အတွက် ရည်ရွယ်၍ ဖွင့်ဆိုရေးသားထားခဲ့ခြင်းဖြစ်ပါသည်။

ယင်းကဲ့သို့ ရေးသားထားခဲ့သော ကျမ်းစာများအနက် **အနန္တငါးဖြာမဂ္ဂဇင်း**မှ ''သစ္စဝါဒီ'' အမည်ဖြင့် ဗုဒ္ဓဘာသာဝင်စာဖတ်ပရိသတ်တို့ သိလိုသော ခက်ရာခက်ဆစ်မေးခွန်းများကို ကျေးဇူးရှင်ဆရာကြီးမှ မေတ္တာစေတနာထား၍ ဘဝင်မကျသည့် အချက်အလက်တို့ကို ဓမ္မက္ခန္ဓာတို့နှင့်အတတ်နိုင်ဆုံး ညှိနှိုင်းဖြေရှင်းပေးခြင်းဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးကို ပိုမိုနားလည်ကြည်ညိုနိုင်ကြစေရန်ဖြေကြားရေးသားခဲ့သော ဆောင်းပါးများ ဖြစ်ပါသည်။ ဆရာကြီး ဖြေကြားရေးသားခဲ့သော ''ဗုဒ္ဓဘာသာ–သိစရာ'' အမည်ရှိ ဆောင်းပါးများသည် ဝိပဿနာအခန်းကဏ္ဍတွင်သာမက အခြားဒေသနာပိုင်းဆိုင်ရာ ဗဟုသုတများပါ ပါဝင်နေသည်ကို လေ့လာဖတ်ရှုကြရမည် ဖြစ်ပါသည်။

ဥပမာ – **ဝသုန္ဓရေ ဆံရေ လက်နှင့် ညှစ်, မညှစ်** ဆိုသည့် ဆောင်းပါး မြတ်စွာဘုရား၏ဂုဏ်တော်ကို ထိခိုက်စေနိုင်သော ဝသုန္ဓရေ ကိစ္စကို သက်ဆိုင်ရာမှ ကြည့်ရှုစိစစ်

သင့်သည်ဟူ၍ ဗုဒ္ဓဘာသာဝင်တိုင်း သံသယကင်းစွာ အရှိနှင့် မရှိ ကွဲကွဲပြားပြား ခြားခြားနားနား ဗဟုသုတဖြစ်စရာ အခန်း ကဏ္ဍဆောင်းပါးအပြင် ဝိပဿနာနှင့်သမထ ခွဲခြားရေးသား ထားသည့် ''ရုပ်ပြသာသနာမဟုတ်ပါ'' စသည်ဖြင့် ကျေးဇူးရှင်ဆရာကြီး၏ ယောဂီတပည့်များနှင့် ဗဟုသုတ လိုလား စာဖတ်ဝါသနာရှင် ပရိသတ်တို့အား အကျိုးများ ဖွယ်ရာ ဤ **ဗုဒ္ဓဘာသာသိစရာ** ဆောင်းပါးများကို နှစ်သက် ဝမ်းမြောက်စွာ လေ့လာနိုင်ကြစေရန် ပညာလောက စာအုပ်ဆိုင်၊ အမှတ် (၃၄)၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ် မောင်လှမျိုးအား စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေနိုင်ရန် တိုက်တိုက်တွန်းတွန်း ပြောကြားလိုက်ရပါသည်။

ဦးသိန်းဆွေ
နာယက/ဓမ္မကထိက
သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်
အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး
ဂေါပကအဖွဲ့ဝင်

# ဆဋ္ဌမွနိ

မြတ်စွာဘုရား ဟောကြားခဲ့သော တရားတော်များတွင် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိရာ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ ဟူ၍ သုံးမျိုးရှိပါသည်။ အားလုံးသော တရားတို့သည် သံသရာမှလွတ်မြောက်ကြောင်း တရားများပင် ဖြစ်ပါသည်။

ထိုတရားတော်များမှ ဆရာကြီးဦးကြည်သည် ဓမ္မာနုပဿနာသတိပဋ္ဌာန် "ခန္ဓပဗ္ဗ" အပိုင်းအား အဓိကထားလျက် ဖော်ထုတ်ဟောကြားပြသခဲ့သည်။ ဆရာကြီးသည် သတိပဋ္ဌာန်တရား ဟောကြားသူပီပီ တပည့်ယောဂီတို့အား ဝိပဿနာကျင့်စဉ်နှင့် သဘောတရားပိုင်း၊ အယူအဆပိုင်းများကို ပိုင်နိုင်စွာ ရှင်းလင်းရာ၌ သဒ္ဓါတရား ထက်သန်လှသည်။

လွန်ခဲ့သော ဆရာကြီး၏ (၆)နှစ်မြောက် ပူဇော်ပွဲ အခမ်းအနားတွင် သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်မှ ယောဂီများနှင့် ဆုံစည်းခွင့်ရခဲ့သည်။ ၎င်းတို့မှ မဂ္ဂဇင်းများတွင် ပြန့်ကျဲနေသော ဆရာကြီး၏ဆောင်းပါးများ၊ မေးခွန်းနှင့် အဖြေများကို တစ်စည်းတစ်လုံးတည်း စုစည်းထုတ်ဝေရန် ဝိုင်းဝန်း အကြံပြုကြသည်။ မိမိမှလည်း ၎င်းတို့၏ဆန္ဒ ပြည့်ဝစေရန် ဆန္ဒပြင်းပြခဲ့သည်။ ထို့ကြောင့် ဆောင်းပါးများအား စုစည်းရတော့သည်။ ဆောင်းပါးများသည် ဝိပဿနာပိုင်းသာမက ဗုဒ္ဓဘာသာဝင်တိုင်းအတွက် အဖိုးထိုက်တန်လှသော စိတ်ဝင်စားဖွယ်ရာ သတိပြုစရာ အကြောင်းအရာများကို မူရင်းပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့နှင့် တိုက်ဆိုင် ညှိနှိုင်း၍ အဖြစ်နိုင်ဆုံးသော အခြေအနေမှန်များကို ဆင်ခြင်ပြထားကြောင်း ဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။

ထို့ကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် အရှည်တည်တံ့စေရန်နှင့် ဆရာကြီး၏ တပည့်ယောဂီများ၊ စာဖတ်ပရိသတ်တို့၏ ပြင်းပြသောဆန္ဒအား ပြည့်ဝစေရန် ဖြည့်ဆည်းခွင့်ရသောကြောင့် အတိုင်းမသိ ဝမ်းမြောက်ပီတိ ဖြစ်ရပါကြောင်း။

ပညာလောကစာပေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဆရာကြီးဦးကြည်၏အတ္ထုပ္ပတ္တိ | ၃ |
| ၂။ | ဝသုန္ဓရေ ဆံရေ လက်နှင့်ညှစ်မညှစ် | ၁ |
| ၃။ | ရေစက်ချခြင်း မချခြင်း | ၂၂ |
| ၄။ | ရုပ်ပြသာသနာမဟုတ်ပါ | ၃၃ |
| ၅။ | ဘုရားအလောင်းနှင့် ဝိပဿနာ | ၅၀ |
| ၆။ | ပါရမီရှိသူတိုင်း တရားရသလား | ၆၄ |
| ၇။ | အပါယ်ကလွတ်သောတရား | ၇၈ |
| ၈။ | မြတ်စွာဘုရားသည် တကမ္ဘာတည်နေနိုင်သလော | ၉၄ |
| ၉။ | အမှန်ဆုံးအဖြောင့်ဆုံးသောတရား | ၁၁၄ |
| ၁၀။ | ခန္ဓာအကြောင်းသိမှ တရားကျေးဇူးရှိသည် | ၁၂၆ |
| ၁၁။ | သီလရှိသူသည် သေရမှာမကြောက် | ၁၄၀ |
| ၁၂။ | အမေးနှစ်ဖြာ ဖြေပေးပါ | ၁၄၉ |
| ၁၃။ | သောတာပန္နမကြောက်ရ ဝေသာရဇ္ဇ မည်သို့နည်း | ၁၆၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | ဝိပဿနာအလုပ်သည် ကိုယ့်အမှား ကိုယ်ပြင်သော အလုပ်ဖြစ်သည် | ၁၇၆ |
| ၁၅။ | မမေ့အပ်ရာ သိပညာ သာသနာဖြစ်သည် | ၁၉၁ |
| ၁၆။ | သောတာပန္နာ ပုထုဇ္ဇနာ သဒ္ဒါမည်သို့ ခြားသနည်း | ၂၀၂ |
| ၁၇။ | အမေးနှစ်ဖြာ ရှင်းစေရာ | ၂၁၆ |
| ၁၈။ | နိဗ္ဗာန်ရမှု၌အဓိကလိုအပ်သောသတိ | ၂၃၃ |
| ၁၉။ | ဗုဒ္ဓမြတ်စွာသာသနာ ဆရာမည်သို့ရှာမည်နည်း | ၂၄၅ |
| ၂၀။ | ဆရာ့ဝါဒ လိုက်နာမှု | ၂၅၇ |
| ၂၁။ | အားကိုးရာတရား | ၂၅၉ |
| ၂၂။ | ဗုဒ္ဓဘုရား၏ နောက်ဆုံးမိန့်ခွန်းတော် | ၂၆၀ |
| ၂၃။ | ဝိပဿနာလုပ်ငန်း မဂ်စခန်း အကျဉ်းချုပ် တရားတော် | ၂၆၁ |

ရန်ကုန်မြို့
သစ္စာဒီပကဝိပဿနာတရားပြအဖွဲ့ချုပ်
ဦးစီးပဓာန နာယက၊ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ
မူလဓမ္မာစရိယ၊ ပရိယတ္တိမာမက၊ ပဋိပတ္တိဝိသာရဒ၊
ပဋိပတ္တိသာသနာ့ဟိတဓရဘွဲ့ရ
ကျမ်းပြုပုဂ္ဂိုလ် ကျေးဇူးရှင်ဆရာကြီး

# ဦးကြည် ၏

# အတ္ထုပ္ပတ္တိအကျဉ်း

## မိဘနှင့်ဖွားရာဇာတိ

ကျေးဇူးရှင်ဆရာကြီး ဦးကြည်သည် ပဲခူးတိုင်း၊ ဝေါမြို့နယ်၊ ဘုရားပြိုရွာ၌ အဖ ဦးဖိုးဆိုင်၊ အမိ ဒေါ်သွယ် တို့မှ မြန်မာသက္ကရာဇ် ၁၂၇၈–ခု၊ တပေါင်းလပြည့်ကျော် တစ်ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်၍ သားသမီး (၄) ယောက်အနက် ဒုတိယသားဖြစ်ပြီး ငယ်နာမည် မောင်ညာဏ် ဟု ခေါ်တွင်ခဲ့ပါသည်။

## ရှင်သာမဏေဘဝ

အသက် (၅)နှစ်အရွယ် ရွာရှိ အစိုးရကျောင်း၌ စာပေ သင်ကြားခဲ့ပြီး အသက်(၁၂)နှစ်တွင် အင်္ဂလိပ်-မြန်မာ သတ္တမတန်းကို အောင်မြင်ခဲ့ပါသည်။ ရွာ၏မြောက်ဖက် ကျောင်းကြီးတွင် မိဘများ၏ပစ္စယာနုဂ္ဂဟဖြင့် ဆရာတော် ဦးအာဒိစ္စကို ဉပဇ္ဈာယ်ပြု၍ အရှင်ပဏ္ဍိစ္စ ဘွဲ့အမည်ဖြင့် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့ပါသည်။ ထို့နောက် စာပေ ပရိယတ္တိကို အပတ်တကုတ် ကြိုးစားသင်ယူခဲ့ပါသည်။

## ရဟန်းဘဝ

၁၂၉၈ခုနှစ်တွင် ရဟန်းဒါယကာ ဦးစိန်ဝင်း- ဒေါ်အေးခင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဝေါမြို့၊ ကြံ့တူ စာသင်တိုက် ဆရာတော်ကို ဉပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။

## စာပေပရိယတ္တိသင်ယူခြင်း

၁၃၀၀ ပြည့်နှစ်၊ နယုန်လတွင် ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဆရာတော်များဖြစ်သော အရှင်ကောဏ္ဍည၊ အရှင်ကောသလ္လ၊ အရှင်ရာဇိန္ဒတို့ထံတွင်

သင်ရိုးပါဠိတော်၊ အဋ္ဌကထာတော်များ ပေါက်သည်အထိ စာပေသင်ယူခဲ့ပြီး ဝေါမြို့ ကြံ့တူစာသင်တိုက်၊ ခရမ်းမြို့ ဘုန်းတော်ကြီးကျောင်းတို့တွင် စာချဆရာတော်အဖြစ် စာပေ ပရိယတ္တိကို ပို့ချပေးခဲ့ပါသည်။ ထို့နောက် ဖခင်ကြီး ကွယ်လွန် အနိစ္စရောက်ရှိခဲ့သည့်အတွက် မိခင်ကြီးအား ပြုစုစောင့်ရှောက် ရန် လူဝတ်လဲခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပြီးစတွင် ရန်ကုန်မြို့၊ စမ်းချောင်း၊ ဆီဆုံလမ်းမှ သားအဖြစ် မွေးစားသော ကယားပြည်နယ်၊ စော်ဘွားကြီး စပ်လဝီ၏အဒေါ် ကယားအမျိုးသမီးကြီး မိခင် ဒေါ်စိန်နုတို့နှင့်အတူ နေထိုင်ကာ အစိုးရစာပုံနှိပ်တိုက်၊ မြန်မာ့ အလင်း သတင်းစာတိုက်တို့တွင် လက်ထောက်စာပြင်ဆရာ အဖြစ် လုပ်ကိုင်ခဲ့ပါသည်။

၁၃၀၆ ခုနှစ်တွင် ကြည့်မြင်တိုင်၊ ကွမ်းခြံတန်း၊ နေလ ဝိဇ္ဇာ ဓာတ်ဆရာကြီး ဦးဘခိုင်ထံတွင် ဆေးပညာသင်ယူ၍ စမ်းချောင်း၊ ပဒုမ္မာလမ်း၌ လောကဓာတ်ဆေးတိုက်အမည် ဖြင့် ကိုယ်ပိုင်ဆေးတိုက် တည်ထောင်ကာ ကုသိုလ်ဖြစ် ဆေးကုခဲ့ပါသည်။

## သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း

၁၃၁၀ ခုနှစ်တွင် ဟံသာဝတီကမ္မဋ္ဌာန်းတိုက် ဆရာကြီး ဆရာညိုထံ၌ တရားအားထုတ်ခဲ့ပြီး ဆရာကြီး ဦးဘခင်၊ ဦးစံသိန်း (ယူဘီအေ) တို့နှင့်အတူ ဗုဒ္ဓသာသနာ ပဋိပတ္တိ အဖွဲ့ကြီးကို တည်ထောင်ဖွဲ့စည်း၍ ဉာဏစာဂီဆရာတော် ဘုရားကြီးကို ပင့်ကာ စာပေဆွေးနွေးနည်းယူခြင်း၊ လုပ်ငန်း ခံယူကျင့်သုံးခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ ၁၃၁၃ ခုနှစ်တွင် မိခင် နှင့်အတူ ကယားပြည်နယ်၊ လွိုင်ကော်မြို့သို့ လိုက်ပါသွားပြီး တရားဆွေးနွေးကြရင်းမှ အများ၏ဆန္ဒအရ တရားဟောပြော ပေးပါရန် တောင်းပန်မှုကြောင့် သီရိမင်္ဂလာတောင်အနီး (၃)ကေခန့်ကျယ်သော ကျွန်းတောကြီးအတွင်း အသောက ရာမဝိပဿနာတိုက်ကို တည်ထောင်ခဲ့ရာ ယခုတိုင် ထင်ရှား ရှိနေပါသည်။

## ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခြင်း

ကယားပြည်နယ်အတွင်း လှည့်လည်တရားဟောပြော ရင်း ၁၃၂၁ ခုနှစ်တွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း လယ်တီမူကမ္မဋ္ဌာန်းတိုက် ဆရာတော် ဦးဇာဂရ ၏ ဖိတ်ခေါ်ချက်အရ ယင်းကျောင်းတိုက်တွင် တရား ဟောပြောပြသခဲ့ပါသည်။

၁၃၂၂ ခုနှစ်တွင် ဒေါ်မြကြည်နှင့် အိမ်ထောင်ကျခဲ့ပါသည်။

၎င်းနောက် မိမိနေထိုင်သော စမ်းချောင်း၊ လင်းလွန်းရပ်ကွက်ရှိ ကိုးနဝင်းဘုရားတန်ဆောင်းတွင် ဂေါပကအဖွဲ့၏ တောင်းပန်ချက်အရ ဥပုသ်နေ့တိုင်း တရားဟောပြောခဲ့ပါသည်။ ထို့နောက် တာမွေ၊ မလွှကုန်း၊ အောင်တော်မူ အေးစေတီ ဓမ္မာရုံငွင် နာယကကြီးတို့နှင့် ယောဂီအများ၏ တောင်းပန်ချက်အရ အပတ်စဉ် တရားပွဲများ ဟောကြားခဲ့ပါသည်။

## သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်တည်ထောင်ခြင်း

ယင်းသို့ တရားဟောပြောပြသရင်း သစ္စာ–အမှန်၊ တရားတည်းဟူသော မြတ်စွာဘုရား၏တရားတော်ကို ဒီပက–တိကျစွာဖွင့်ထုတ်ပြသသော ဝိပဿနာအဖွဲ့ဟူသော ဗျူပွတ်အတိုင်း သစ္စာဒီပကဝိပဿနာအဖွဲ့ဟူသော အမည်နာမဖြင့် ရန်ကုန်မြို့၊ ဗားကရာရွှေတောင်တိုက်သစ်ကျောင်း ဆရာတော် ဦးသာဂရ ၏ သဘောတူခွင့်ပြုချက်အရ ၎င်းကျောင်းတိုက်တွင် ၁၉၆၇ ခု၊ စက်တင်ဘာလတွင် လည်းကောင်း၊ ယခုလက်ရှိ သဃ်န်းကျွန်း၊ ၈/မြောက်ရပ်ကွက်တွင် ၁၉၇၄ ခု၊ ဇူလိုင်လတွင်လည်းကောင်း ဓမ္မာနုပဿနာသတိပဋ္ဌာန်ပင်ရင်းတစ်ခု အနေဖြင့် တည်ထောင်ခဲ့ပါသည်။

ထို့နောက် သစ္စာဒီပကအဖွဲ့ချုပ် တပည့်ယောဂီများ အားလည်းကောင်း၊ ပင့်ဖိတ်လာသော အနယ်နယ်အရပ်ရပ်ရှိ သစ္စာဒီပကအဖွဲ့ခွဲများသို့လည်းကောင်း လှည့်လည်၍ မြတ်စွာ ဘုရား၏ အာဘော်ကို စိုးစဉ်းမျှပင် မတိမ်းမညွတ်စေပဲ လုပ်ငန်းလုပ်ကွက်ကို အဓိကထား၍ ပရမတ်ကို တိုက်ရိုက် ရှုကြည့်ရသော ဓမ္မာနုပဿနာ၊ မြတ်စွာဘုရား၏ တစ်ခုတည်း သောမူဖြစ်သည့် မဇ္ဈိမပဋိပဒါလမ်းကြောင်းတို့ကို ဘုရားရှင်၏ ဆန္ဒတော်နှင့် ကိုက်ညီစေရန် မိမိ၏ အာယု သက်တမ်းကုန် သည်အထိ အသက်ကိုပင် မငဲ့ကွက်ဘဲ ဟောပြောပြသ ခဲ့ပါသည်။

ယင်းသို့တရားဟောပြောပြသရင်း ရန်ကုန်တိုင်း၊ နဲသမိန်ကျေးရွာသို့ (၃၅) ကြိမ်မြောက် တရားစခန်း ဖွင့်လှစ်ပြသရန် ခရီးထွက်ခွာတော်မည့် တစ်ရက်အလို ၁၅-၁-၁၉၉၇ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၅ နာရီအချိန်တွင် မြတ်စွာ ဘုရား၏ သဗ္ဗေ သင်္ခါရာ အနိစ္စာဟူသော ဆုံးမဩဝါဒအတိုင်း ခပ်သိမ်းကုန်သော ပြုခြင်း ပြင်ခြင်း မကင်းသည့် ခန္ဓာရလာသူ တိုင်း တွေ့ကြုံရမြဲဖြစ်သည့် အနိစ္စတည်းဟူသော ပျက်စီး တတ်သည့် ပင်ရင်းသဘာဝတရားဓမ္မတာ တစ်ဘဝ ဇာတ်သိမ်း ချုပ်ငြိမ်းခဲ့ပါသည်။

## ဆရာကြီးဦးကြည် တရားဟောပြောပြသခဲ့ရာဌာနများ

| | | |
|---|---|---|
| ၁။ | လွိုင်ကော်မြို့ | (ကယားပြည်နယ်) |
| ၂။ | တောင်ကြီးမြို့ | (ရှမ်းပြည်နယ်) |
| ၃။ | ဖယ်ခုံမြို့ | (ရှမ်းပြည်နယ်) |
| ၄။ | စက္ကယ်မြို့ | (ရှမ်းပြည်နယ်) |
| ၅။ | ကောင်းအိရွာ | (ရှမ်းပြည်နယ်) |
| ၆။ | ခေါင်တိုင်ရွာ၊ အင်းလေး | (ရှမ်းပြည်နယ်) |
| ၇။ | မင်းလှမြို့ | (ပဲခူးတိုင်း) |
| ၈။ | စစ်ကွင်းမြို့ | (ပဲခူးတိုင်း) |
| ၉။ | သာယာဝတီမြို့ | (ပဲခူးတိုင်း) |
| ၁၀။ | သုံးဆယ်မြို့ | (ပဲခူးတိုင်း) |
| ၁၁။ | ကညင်ပင်ရွာ၊ မင်းလှ | (ပဲခူးတိုင်း) |
| ၁၂။ | သီပေါမြို့ | (ရှမ်းပြည်နယ်) |
| ၁၃။ | မန္တလေးမြို့ | (မန္တလေးတိုင်း) |
| ၁၄။ | အမရပူရမြို့ | (မန္တလေးတိုင်း) |
| ၁၅။ | ဆင်ကျုံးကျေးရွာ၊ ပုတီးကုန်း | (ပဲခူးတိုင်း) |
| ၁၆။ | သာလပင်စည်ရွာ၊ ပေါင်းတည် | (ပဲခူးတိုင်း) |
| ၁၇။ | ပေါင်းတည်မြို့ | (ပဲခူးတိုင်း) |

| | | |
|---|---|---|
| ၁၈။ | ကျိုက်လတ်မြို့ | (ဧရာဝတီတိုင်း) |
| ၁၉။ | ဓနုဖြူမြို့ | (ဧရာဝတီတိုင်း) |
| ၂၀။ | နဲ့ကြီးရွာ၊ ဓနုဖြူ | (ဧရာဝတီတိုင်း) |
| ၂၁။ | တမြာရွာ၊ ဓနုဖြူ | (ဧရာဝတီတိုင်း) |
| ၂၂။ | အကျော်ရွာ၊ ဓနုဖြူ | (ဧရာဝတီတိုင်း) |
| ၂၃။ | ဝါးတောရွာ၊ မအူပင် | (ဧရာဝတီတိုင်း) |
| ၂၄။ | သံပုရာချောင်းရွာ၊ ပန်းတနော် | (ဧရာဝတီတိုင်း) |
| ၂၅။ | ဝါးတန်းရွာ၊ ဓနုဖြူ | (ဧရာဝတီတိုင်း) |
| ၂၆။ | ရတနာစမ်းကျောင်း၊ ဓနုဖြူ | (ဧရာဝတီတိုင်း) |
| ၂၇။ | လင်းလွန်းဓမ္မာရုံ၊ စမ်းချောင်း | (ရန်ကုန်တိုင်း) |
| ၂၈။ | သာသနာ့အလင်းရောင်ဓမ္မာရုံ၊ အလုံ | (ရန်ကုန်တိုင်း) |
| ၂၉။ | မလွှကုန်းဓမ္မာရုံ၊ တာမွေ | (ရန်ကုန်တိုင်း) |
| ၃၀။ | ကျွန်းတောဓမ္မာရုံ၊ စမ်းချောင်း | (ရန်ကုန်တိုင်း) |
| ၃၁။ | သဟာယဓမ္မာရုံ၊ စမ်းချောင်း | (ရန်ကုန်တိုင်း) |
| ၃၂။ | ရွှေညောင်မြို့ | (ရှမ်းပြည်နယ်) |
| ၃၃။ | နဲသမိန်ကျေးရွာ | (ရန်ကုန်တိုင်း) |
| ၃၄။ | ရေတွင်းကုန်းကျေးရွာ၊ ဓနုဖြူ | (ဧရာဝတီတိုင်း) |
| ၃၅။ | ရွှေကျောင်းရွာ၊ ဇလွန်မြို့ | (ဧရာဝတီတိုင်း) |
| ၃၆။ | ဖျာပုံမြို့ | (ဧရာဝတီတိုင်း) |

၃၇။ ထားဝယ်မြို့ (တနင်္သာရီတိုင်း)
၃၈။ ဟင်္သာတမြို့ (ဧရာဝတီတိုင်း)
၃၉။ ဖြူလေးရွာ (ပဲခူးတိုင်း)
၄၀။ နမ္မတူမြို့ (ရှမ်းပြည်နယ်)
၄၁။ ဘော်တွင်း၊ နမ္မတူမြို့ (ရှမ်းပြည်နယ်)
၄၂။ ကျားစခန်း၊ နမ္မတူမြို့ (ရှမ်းပြည်နယ်)
၄၃။ ထွန်တုံးရွာ (မန္တလေးတိုင်း)
၄၄။ ဥက္ကံရွာ (ရန်ကုန်တိုင်း)
၄၅။ လှည်းကူးမြို့ (ရန်ကုန်တိုင်း)
၄၆။ ကော့ဒွန်းရွာ၊ ကွမ်းခြံကုန်း (ရန်ကုန်တိုင်း)
၄၇။ ကျောက်တန်းမြို့ (ရန်ကုန်တိုင်း)
၄၈။ မဒေ့ါကုန်းရွာ (ပဲခူးတိုင်း)
၄၉။ ထွင့်မြှတ်ရွာ (ပဲခူးတိုင်း)
၅၀။ ရွှေဘုံသာ ရေတွင်းကုန်း၊ ဓနုဖြူ (ဧရာဝတီတိုင်း)
၅၁။ ဆင်တဲရွာ၊ ပြည်မြို့ (ပဲခူးတိုင်း)
၅၂။ ဟိုပုန်းမြို့ (ရှမ်းပြည်နယ်)
၅၃။ မရမ်းချောင်းရွာ၊ ဓနုဖြူ (ဧရာဝတီတိုင်း)
၅၄။ အောင်နန်းဓမ္မာရုံ၊ မိုးကုတ် (မန္တလေးတိုင်း)
၅၅။ ပန်းမအထက်ရွာ၊ မိုးကုတ် (မန္တလေးတိုင်း)

# ဝသုန္ဓရေ ဆံရေ လက်နှင့် ညှစ်မညှစ်

ဆရာကြီးခင်ဗျား ...

ဗုဒ္ဓဘာသာတွင် မြတ်စွာဘုရားသည် အထူးထူး အပြားပြား မာရ်ငါးပါးကို တရားနှင့်အညီ အောင်တော်မူသဖြင့် ''ဇိန၊ အနန္တဇိန'' စသည် တစ်သံတည်း လက်ခံယုံကြည်ကြပါသည်။ သို့ရာတွင် မာရ်ငါးပါး၌ ''ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်'' ဆိုတဲ့ ဤလေးပါးတို့ကို ဉာဏ်တော်ဖြင့် အောင်တော်မူကြောင်း သဗ္ဗညုတ ဉာဏ်တော်ကို ကြည်ညိုသူတိုင်း ကျွန်တော်တို့ ယုံကြည်ကြ ပါသည်။ အစစွာသော ''ဒေဝပုတ္တမာရ်နတ်ကို အောင်တော်မူရာ၌ ဝသုန္ဓရေ အကူအညီဖြင့် အောင်သည်''

ဆိုရာ ကျွန်တော်တို့ ဘဝင်မကျကြပါ။ ၎င်းဝသုန္ဒရေကို အားကိုး စွဲလမ်းမှု ကျယ်ပြန့်လာတော့ရာ ယခုအခါ ဒါနတစ်ခု ပြု၍ ရေစက်ချရာတွင် ''ဝသုန္ဒရေ၊ ဤမြေနတ်သား သက်သေမထားရက'' မိမိဒါန အကျိုးပေးမှ ဖြောင့်ပါ့မလား ဟု သံသယ ဖြစ်ရသော ဝသုန္ဒရေသည် တကယ်ရှိ, မရှိ၊ မြတ်စွာဘုရား မာရ်နတ်ကို အောင်ရာ၌ ဝသုန္ဒရေ အကူအညီ ပါ, မပါ၊ အကယ်၍ ဝသုန္ဒရေနတ် ရှိ, မရှိ ရေစက်ချ သက်သေထားသည့်အတိုင်း ပါဠိဝမ္မခန္ဓာနှင့်အညီ သိလိုပါ သည် ခင်ဗျား။

ဦးညိုဝင်း (ဥပဒေအကျိုးဆောင်)
အမှတ် (၂)၊ ကြိုးစက် (၁) လမ်း
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**သစ္စဝါဒီအဖြေ**

ဤသို့သော မေးခွန်းပြဿနာမျိုး လွန်ခဲ့သောနှစ် အတော်များများကပင် ဆွေးနွေးခဲ့ဖူးပါသည်။ ကျွန်ုပ်တို့ ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝ စာသင်ကြားကာစ ဘုန်းကြီးကျောင်းများ၏ သင်ရိုးအတိုင်း ''သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ အပြင်အောင်ခြင်း၊ **အတွင်းအောင်ခြင်း**'' စသည်ဖြင့် သင်ခဲ့ရာတွင် အပြင်အောင်ခြင်း ရှစ်ပါးအစ၌...

''ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်။ ဂိရိမေခလံ၊ ဂိရိမေခလာ အမည်ရှိသော ဆင်ကို။ ဥဒိတံ၊ တက်စီးထသော။ အဘိနိမ္မိတသာဝုမန္တံ၊ အလွန်ဖန်ဆင်းအပ်သော လက်နက်နှင့်တကွ ဖြစ်သော။ ဗာဟုံသတသံ၊ တစ်ထောင်သော လက်ရုံး ရှိထသော။ ယောရံ၊ ကြမ်းတမ်းစွာထသော။ သသေနမာရံ၊ စစ်သည်နှင့်တကွသော မာရ်နတ်သား ကို။ ဒါနာဒိဓမ္မဝိဓိနာ၊ ဒါနပါရမီ အစရှိသော တရားတည်းဟူသော အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံတေဇသာ၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော် အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်ပါ စေသတည်း။''

ဤစာကို ကျွန်ုပ်တို့ခေတ် ဘုန်းကြီးကျောင်းနေဖူးသူ တိုင်း ရကြပါသည်၊ ဤမေးခွန်းမေးသော ဦးညိုဝင်း သည်လည်း ဘုန်းကြီးကျောင်း၌ နေခဲ့ဖူးပါက ရမည်သာ။ လောကဓာတ် အတန်းစာသင်ခဲ့သူဖြစ်က ရမည်မဟုတ်ပေ။ ထားတော့၊ ကျောင်းသားအရွယ်က သင်ခဲ့ရသောစာဆို၍ ပေါ့ပေါ့မမှတ်ထင်ရာ ဓမ္မက္ခန္ဓာနှင့်အညီ ဖြစ်သည်။ မြတ်စွာ

ဘုရားသည် ဘုရားဖြစ်ရန်အချိန် နီးကပ်လာသောအခါ အလောင်းတော်သည် ''သောတ္ထိယ မည်သော မြက်ထမ်းသမားသည် မြက်တို့ကို ရိတ်၍ ထမ်းလာပြီးလျှင် အလောင်းတော်နှင့် ရင်ဆိုင်တွေ့သောအခါ သူတော်သူမြတ် ၏လက္ခဏာနှင့် ကြည်ညိုလေသောကြောင့် အခြားသော လှူစရာဝတ္ထုလည်း မရှိသဖြင့် သူ့ပစ္စည်း မြက်ရှစ်ဆုပ်တို့ကို လှူဒါန်းလေ၏။ အလောင်းတော်သည် ထိုမြက်ရှစ်ဆုပ်ကို ယူ၍ မဟာဗောဓိပင်ရှိရာသို့ ကပ်လျက် အနောက်အရပ်၊ တောင်အရပ်၊ မြောက်အရပ်မျက်နှာတို့ကို မဝင်မူ၍ ဤ အရှေ့ အရပ်သည် ရှေးရှေးသော ပွင့်တော်မူပြီး ဘုရားအသီးသီးတို့ ကိလေသာဖြိုဖျက်ရန် အောင်မြေအမှန်'' ဟု သိရှိတော်မူပြီး လျှင် ယူဆောင်ခဲ့သော မြက်ရှစ်ဆုပ်တို့ကို အဖျားမှကိုင်၍ ကြဲဖြန့်တော်မူလေသည်။

ယင်းသို့ ကြဲဖြန့်လိုက်သောခဏတွင် ထိုမြက်တို့သည် မြက်အသွင်မဟုတ်တော့ဘဲ ထိပ်တန်း ပန်းချီ၊ ပန်းပုကျော် တို့ပင် ရေးကူးခြင်းငှာ မစွမ်းနိုင်သော လွန်စွာလှပဆန်းကျယ် သော ရတနာပလ္လင်တော်ကြီးအဖြစ် ရပ်တည်ကာ ထက်ဝယ် ဖွဲ့ခွေထိုင်၍ ဘုရားဖြစ်ရန် တရားနှလုံးသွင်းရန် အသင့် ဖြစ်လေသည်။

## ဘုရားဖြစ်ရန်အခိဋ္ဌာန်

ဘုရားအလောင်းတော်မြတ်သည် မဟာဗောဓိပင်ကို အမှီပြု၍ အရှေ့အရပ်သို့ မျက်နှာမူလျက် ဘုရားဖြစ်ရန်အချိန် နီးကပ်လာသည်နှင့်အမျှ ဖြည့်ဆည်းခဲ့ရသော ပါရမီတော်တို့လည်း လှုံ့ဆော်လာရကား ''ငါသည် ဤအချိန်မှစ၍…

၁။ အရေမျှ ကျန်လိုလျှင် ကျန်စေ၊

၂။ အကြောမျှ ကျန်လိုလျှင် ကျန်စေ၊

၃။ အရိုးမျှ ကျန်လိုလျှင် ကျန်စေ၊

၄။ ငါ၏ တစ်ကိုယ်လုံးရှိ အားလုံးသော အသား၊ အသွေးတို့ ခန်းခြောက်သွားလျှင် သွားစေ၊ ငါသည် ဘုရားဖြစ်ရန်၊ သဗ္ဗညုတဉာဏ်ကို ရရန် ယောကျ်ားမြတ်တို့၏ အစွမ်း၊ ယောကျ်ားမြတ်တို့၏ လုံ့လ၊ ယောကျ်ားမြတ်တို့၏ အားထုတ်ခြင်းဖြင့် ရအပ်၊ ရောက်အပ်၏။ ထိုသဗ္ဗညုတဉာဏ်ကိုရသော ဘုရားအဖြစ်သို့ မရောက်သမျှ ဤမြေကြီး ပြောင်းပြန်လန်သော်လည်း လန်စေ၊ ငါ၏ဦးခေါင်းထက်သို့ မိုးကြိုးအကြိမ်တစ်ရာ ကျသော်လည်းကျစေ၊ ဤဥရုဝေလ တောအားလုံးသည် တောမီးထ၍ မီးကျီးမီးခဲအစုအတိ ဖြစ်မူလည်းဖြစ်စေ ဘုရားမဖြစ်သမျှ ဤပလ္လင်တော်မှ မထတော့အံ့'' ဟု အင်္ဂါလေးပါးနှင့် ပြည့်စုံသော လုံ့လဝီရိယကို မြဲမြံစွာ ဆောက်တည်တော်မူလေသည်။

## နတ်နှင့် ဗြဟ္မာ ပိုင်းခံ့ကား

ယင်းသို့ ဘုရားဖြစ်ရန် စိတ်အကြံနှင့် အဓိဋ္ဌာန် ဆောက်တည်၍ နေတော်မူသောအခါတွင် အလောင်းတော်၏ အသရေတော်ကို ကြည်ညိုကြသော သိကြားမင်းသည် ဝိဇယုတ္တရ ခရုသင်းကို မှုတ်လျက် ပူဇော်ရပ်တည်လာ၏။ ပဉ္စသီခနတ်သားသည် ဗေဠုဝစောင်းကိုတီးလျက် ပူဇော် ရပ်တည်လာ၏။ သုယာမနတ်မင်းသည် သားမြီးယပ်ဝန်းကို ခပ်လျက်၊ သန္တုသိတနတ်မင်းသည် ပတ္တမြားယပ်ဝန်းကို ခပ်လျက်၊ သဟံပတိဗြဟ္မာသည် ထီးဖြူကို ဆောင်းမိုးလျက်၊ ကာဠနဂါးမင်းသည် ကခြေသည်နဂါးမများ ခြံရံလျက်၊ အခြားသော စကြဝဠာတိုက်တစ်သောင်းရှိ နတ်အပေါင်းတို့ သည်လည်း အထူးထူးအပြားပြား မွှေးကြိုင်ကုန်သော ပန်းပွင့်, ပန်းခိုင်, ပန်းဆိုင်း, နံ့သာပြောင်း အမျိုးအထုံတို့ဖြင့် ပူဇော်၍ အထောင်မကသော ကောင်းချီးပေးကုန်လျက် ရပ်တည် ပူဇော်ကြကုန်သည်။

## မာရ်နတ်စစ်တပ် ချီလာပြီ

နတ် (၆) ဘုံရှိရာ အပေါ်ဆုံးဘုံဖြစ်သော ဝသဝတ္တီ နတ်ပြည်သားဖြစ်၍ ဆိုးသွမ်းညစ်ညမ်းသော နတ်ဆိုး တစ်ဦး သာဖြစ်သော မာရ်နတ်သည် ဘုရားအလောင်း တောထွက်

သည်မှစ၍ ''သိဒ္ဓတ္ထမင်းသားသည် ငါ၏အလိုနိုင်ငံ လွှန်ပြောက်ရန် အားထုတ်သည်။ သူ၏ဆန္ဒ ဘယ်လိုပင်ရှိစေ ငါ၏အလိုနိုင်ငံမှ ဘယ်နည်းနှင့်မှ လွတ်ထွက်ခွင့်မပေးနိုင်။ (၆) နှစ်ကြာ ဒုက္ကရကျင့်စဉ်ကို ကျင့်စဉ်ကလည်း ငါသည် ထိးနန်းစည်းစိမ်, ရွှေအိုး, နတ်သမီး စသည်တို့နှင့် ဖြားယောင်း ခဲ့ဖူးသည်။ ငါ့အလိုအတိုင်း မဖြစ်ခဲ့။ ဒုက္ကရကျင့်ရာ တစ်ချိန်ချိန် တွင် လိုရာတရားမရသဖြင့် စိတ်ပျက်အားနည်းကာ လုပ်ငန်း ခွင်မှ ထွက်လိမ့်မည်ဟု ငါ မျှော်လင့်စောင့်စားခဲ့သော်လည်း အချည်းအနှီးသာ ဖြစ်ခဲ့သည်။ ယခုအခါ ''တရားမရလျှင် ဒီပလ္လင်မှ ငါမထ'' ဟုဆောက်တည်ပြီး ထိုင်နေပြီ။ ''ဒီပလ္လင်မှ ထရလျှင် သူ တရားမရနိုင် ဖြစ်မည်။ သို့အတွက် ဒီပလ္လင်ကို ငါ အရယူ လုယက်မည်''ဟု ကြံစည်ကာ သူ၏ ဘက်တော်သား နတ်ဆိုးများအား စည်းဝေးစေပြီးလျှင် ...

''အချင်းတို့၊ အထူးထူးသော ဖောက်ပြန်၍ ကြောက်မက်ဖွယ်ကောင်းသော ပုံစံအမျိုးမျိုးကို တစ်ယောက် နှင့်တစ်ယောက် မတူသော လက်နက်အမျိုးမျိုးတို့ကို ကိုင်ဆောင်၍ ရေလှိုင်းကြီးထ၍ လွှမ်းမိုးဖိစီးသကဲ့သို့ သိဒ္ဓတ္ထ ရှိရာ ဗောဓိမဏ္ဍိုင်သို့ အလျင်အမြန် ချီတက်ရန် အမိန့်ပေးပြီး ကိုယ်တိုင်လည်း လက်ရုံးတစ်ထောင် ဖန်ဆင်းလျက် လက်နက်မျိုးစုံကိုင်ပြီး ဂိရိမေခလာဆင်ကိုစီး၍ ထွက်ချီလာ လေသည်။

## ကြောက်စရာပုံ ရုပ်မျိုးစုံ

မာရ်နတ်၏နောက်မှ ပါလာသော တပ်သားများမှာ သံလျက်၊ ခက်ရင်း၊ ပုဆိန်၊ ဓား၊ လေးမြား၊ ထောင့်၊ ဆောက်ပုတ်၊ ကျည်ပွေ့ စသောလက်နက်များ၊ ထိုလက်နက်အမျိုးမျိုးတို့ကို ကိုင်၍ ဟင်းလင်းပွင့်ကုန်သော ခံတွင်းတို့ဖြင့် မီးပုံ အဆိပ်အခိုး၊ တောက်ပသော မြွေခါးကြိုး, ပန်းဆိုင်းတို့ကိုလည်းကောင်း၊ ဟင်းလင်းပွင့်သော ခံတွင်းတို့၌ စက်ဆုပ်ဖွယ် အမြင်ရှိသော အစွယ်ကြီးတို့ဖြင့်လည်းကောင်း၊ ဟင်းလင်းပွင့်သောခံတွင်းဖြင့် မီးလျှံတို့ကိုလည်းကောင်း၊ အဆင်းမလှကုန်၍ အရိုးစုမျှသာ ဖြစ်သော ရုပ်သဏ္ဌာန်တို့ကိုလည်းကောင်း၊ အဖြူ အနီ အစရှိသော အထူးထူးသော အဆင်းတို့ကိုလည်းကောင်း ဖန်ဆင်းကြကုန်၍ တစ်ပါးမက များစွာသော ကြောက်မက်ဖွယ်ရှိကုန်သော အသွင်တို့ကို ပြကုန်လျက် တစ်ယောက်သောသူ၏ ကြောက်မက်ဖွယ်ပုံနှင့် တစ်ယောက်သောသူ၏ ကြောက်မက်ဖွယ်ပုံဟန်သည် မတူ ခြားနား ကွဲပြားအောင် ဖန်ဆင်းကြကာ အလောင်းတော်ရှိရာ ဗောဓိမဏ္ဍိုင်သို့ ချီတက်ခဲ့ကြလေသည်။

## စစ်သည်အင်အား လွန်များပြား

ဗောဓိမဏ္ဍိုင်အလောင်းတော်ရှိရာ ချီတက်လာသော မာရ်နတ်၏ စစ်သည်အင်အားမှာ ရှေ့မှ ၁၂ ယူဇနာ၊ လက်ယာဘက်မှ ၁၂ ယူဇနာ၊ လက်ဝဲဘက်မှ ၁၂ ယူဇနာ၊ အထက်၌ ၉ ယူဇနာ၊ အမြင့်အစောက် ထုထည်ရှိပြီးလျှင် မာရ်နတ်၏အနောက်ဘက်၌ကား စကြဝဠာတိုက်အဆုံးထိ များပြားလှပေသည်။ ယင်းမာရ်နတ်စစ်တပ်ကြီး၏ စစ်ချီသံသည် ယူဇနာတစ်ထောင်ဝေးသောနေရာ၌ မြေပြိုသောအသံကဲ့သို့ ဖြစ်၏။ မာရ်နတ်စစ်တပ် မရောက်လာမီ အချိန်တွင်လည်း ''မာရ်နတ်စစ်တပ် ရောက်လာတော့မည်'' ဟု ကြိုတင်သိလောက်သည့် နိမိတ်ဆိုးကြီးများမှာ ...

- ❑ အထောင်မကသော ဥက္ကာတို့ ကျကုန်၏။
- ❑ ကြောက်မက်ဖွယ်သော အမိုက်မှောင် ဖြစ်၏။
- ❑ စိတ်မရှိသောမြေကြီးသည် စိတ်ရှိသကဲ့သို့ တုန်လှုပ်၏။
- ❑ သမုဒ္ဒရာတို့သည် အခိုးအလျှံ ထွက်ကုန်၏။
- ❑ မြစ်ရေတို့သည် အညာသို့ ဆန်ကုန်၏။
- ❑ တောင်ထွတ်တို့သည် ပြို၍ သစ်ပင်တို့ကို ချိုးဖျက်ချကုန်၏။
- ❑ ပြင်းထန်သော လေမုန်တိုင်းတိုက်၏။
- ❑ တော်လည်းသောအသံသည် များစွာ ဖြစ်၏။

- ကြောက်မက်ဖွယ်ရာ အမိုက်ဖြစ်၍ အလင်းကွယ်၏။
- ကောင်းကင်၌ ခေါင်းပြတ်သောကိုယ်တို့သည် ထိုမှ ဤမှ သွား၏။

ဤသို့ဆယ်မျိုးသော နိမိတ်ဆိုးများ ဖြစ်ပေါ်ပြီးသည်နှင့် မာရ်နတ်သည် သူ၏စစ်တပ်ကို ကွပ်ကဲဦးဆောင်လျက် အလောင်းတော်ရှိရာ ဗောဓိမဏ္ဍိုင်သို့ ချဉ်းကပ်လေသည်။ ချဉ်းကပ်သည်ဆိုသော်လည်း အနီးအနားသို့ပင် မကပ်နိုင်။ 'သင်တို့သည် သိဒ္ဓတ္ထကို ဖမ်းကြကုန်'' ဟု အမိန့်ပေးရုံသာ ပေးနိုင်သည်။ အလောင်းတော်၏ အနားသို့ ရဲရဲပူသော သံတွေခဲကို ယင်ကောင်မကပ်နိုင်သကဲ့သို့ ဖြစ်၏။

မာရ်နတ်သည် ဗောဓိပင်၏ ပတ်ဝန်းကျင်သို့ ဝင်ရောက်ရန် မတတ်နိုင်သဖြင့် သူ့စစ်တပ်အား 'အချင်းတို့ ဤသိဒ္ဓတ္ထမင်းသားကို ရှေ့ဘက်မှ မတိုက်နိုင်သော်လည်း နောက်ဘက်မှတိုက်အံ့' ဟု အမိန့်ပေးချိန်တွင် ...

## တစ်ယောက်မျှမကျန်ကြ

စောစောက အလောင်းတော်အား ပူဇော်နေကြသည့် သိကြား၊ ဗြဟ္မာ၊ နတ်မင်းများစွာတို့သည်လည်း တစ်ဦး တစ်ယောက်မျှ ကြံ့ကြံ့ခံကာ ရပ်တည်မနေနိုင်ကြကုန်။ ဦးတည့်ရာ မျက်နှာမူရာအရပ်သို့ ပြေးလွှားကြလေကုန်၏။

သိကြားမင်းသည် သူ၏ဝိဇယုတ္တရခရသင်းကြီးကို ကျောပိုး၍ ပြေးလွှားကာ စကြဝဠာတိုက်နှုတ်ခမ်း၌ ရပ်နေလေ၏။

မဟာဗြဟ္မာကြီးကလည်း ထီးဖြူကို စကြဝဠာတိုက်အစွန်း၌ စွန့်ပစ်ချထားခဲ့၍ ဗြဟ္မာ့ပြည်သို့ ပြန်လေ၏။

ကာဠနဂါးမင်းသည်လည်း ကခြေသည် နဂါးမများကို စွန့်ကာ နဂါးပြည်သို့ ပြန်၍ လက်ဖြင့် မျက်နှာကိုပိတ်ကာ အိပ်လေ၏။

တစ်သောင်းသော စကြဝဠာမှလာရောက်ကြကုန်သော နတ်တို့သည်လည်း မိမိတို့မျက်နှာမူရာအရပ်ဖြင့် ပြေးလေကုန်၍ မာရ်နတ်၏အန္တရာယ်စက်ကွင်းမှ ကင်းလွတ်ရာ စကြဝဠာမျက်နှာအဝနားမှ အလောင်းတော်ကို အစဉ်သနားကြသဖြင့် ...

''အလွန် သနား ချစ်ခင်ဖွယ်ရှိသော သိဒ္ဓတ္ထ အလောင်းတော်သည် မသေပါစေနှင့်၊ ကျန်းမာချမ်းသာပါစေ'' ဟု ဆုတောင်းကာ ကြည့်နေကြကုန်သည်။

**သတိထား၍ ခဉ်းစားဖွယ်**

ယခု မာရ်နတ်သည် ကြမ်းတမ်းယုတ်မာကုန်သောသူတို့ကို လက်နက်အမျိုးမျိုးတို့ကို ကိုင်ဆောင်၍ ကြောက်မက်

ဖွယ်အသံကြီးများ မြည်ဟိန်းလျက် ချီတက်လာသောအခါ သိကြား ဗြဟ္မာ များစွာသောနတ်တို့အနက် တစ်ဦး တစ်ယောက်မျှ မကျန်အောင် ထွက်ပြေးကြကြောင်းကို အဋ္ဌကထာများ၌ ဖော်ပြသော စကားအတိုင်း ကြည့်ပါ။

*''တေသံသက္ကဒီနံ ဧကောပိ ဌာတုံ နာသက္ခိ''*

တေသံသက္ကာဒီနံ–ထိုသိကြားစသော ပရိသတ်တို့တွင်၊ ဧကောပိ–တစ်ယောက်သောနတ် စသော သတ္တဝါသည်လည်း၊ ဌာတုံ–အလောင်းတော်နားတွင် ရပ်တည်နေနိုင်ခြင်းငှာ၊ နာသက္ခိ–မတတ်နိုင်ဟူ၍ လည်းကောင်း၊

*''ကေဒေဝတာပိ တတ္ထ ဌာတုံ သမတ္ထာနာမ နာဟောသိ၊ မဟာပုရိသော ပနသုညပိမာနေ မဟာဗြဟ္မာဝိယ ဧကကော၀ နိသီဒိ''*

(ဗုဒ္ဓဝံသဋ္ဌကထာ–၃၃၈၊ အပဒါနဋ္ဌကထာ–ပ–၈၆ တွင် ကြည့်ပါ။)

တတ္ထ–သိကြား ဗြဟ္မာ နတ်ဒေဝါတို့ ဆည်းကပ် နေရာ ဗောဓိမဏ္ဍိုင်ရိပ်သာ၌၊ ကေဒေဝတာပိ–တစ်ဦး တစ်ယောက်သော သိကြား ဗြဟ္မာ နတ်ဒေဝါသည်၊ ဌာတုံ–မာရ်နတ်ရှေ့၌ စေ့စေ့ကြည့်၍ ရပ်တည်ခြင်းငှာ၊ သမတ္ထာနာမ–သတ္တိကောင်းနှင့်စွမ်းဆောင်နိုင်ခြင်း

မည်သည်၊ နာဟောသိ–မဖြစ်၊ မဟာပုရိသောပန–
အလောင်းတော် ယောက်ျားမြတ်သည်ကား၊
သုညဝိမာနေ–ဆိတ်ငြိမ်သော ဗိမာန်အတွင်း၌၊ မဟာ
ဗြဟ္မာဝိယ–ဗြဟ္မာမင်းကြီးတစ်ဦးတည်းသာ နေသကဲ့
သို့၊ ကေကော၀–တစ်ယောက်တည်းသာ၊ နိသီဒိ–
ထိုင်နေ(တော်မူပြီ။

ယခုအခြေအနေသည် တိုက်ပွဲမစသေး၊ မာရ်နတ်
တပ်ကြီး ချီလာကာစ ဖြစ်သည်။ နတ် သိကြား ဗြဟ္မာတို့
မည်မျှ မာရ်နတ်ကို ကြောက်ရွံ့နေကြသည်ကို အဋ္ဌကထာ
များ ဖော်ပြကြသည်။ ဘယ်အဋ္ဌကထာတစ်ခုခုကမှ ဝသုန္ဓရေ
ဟူသော သတ္တိကောင်းသော နတ်တစ်ဦးတစ်ယောက်တော့
ကျန်နေပါသည် ရှိနေပါသည်ဟု မဖော်ပြ။ အဋ္ဌကထာများကို
ပရိယတ်တတ်ကျွမ်းသော သံဃာတော် (သို့မဟုတ်) လူ
ဓမ္မာစရိယဆရာများကို ဆည်းကပ်၍ ဝသုန္ဓရေကို ရှာခိုင်းပါ။
အလွယ်တကူ သိလိုပါက နိုင်ငံတော်သံဃနာယကအဖွဲ့ကြီး
၏ အကျိုးတော်ဆောင် တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ
**အဘိဓဇမဟာရဋ္ဌဂုရု**ဘွဲ့တော်အမျိုးမျိုးရ ဆရာတော်အရှင်
ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော် ပြုစီရင်တော်မူသော
မဟာဗုဒ္ဓဝင် (ဒုတိယတွဲ–နံပါတ်–၂၈၅)တွင် ကြည့်ပါ။
ဘုရားအလောင်းတော်နားတွင် ဘယ်သူမျှ မရှိကြောင်း ဖော်ပြ
ထားပါသည်။ ကျွန်ုပ်တို့ ရေးသားလိုချက်မှာ မြတ်စွာဘုရား၏

မာရ်နတ်ကို အောင်မြင်ရခြင်းမှာ ဝသုန္ဓရေကြောင့် မဟုတ် ကြောင်းသာဖြစ်ရာ နိုင်ငံတော်တွင် ပန်းချီဆေးရေးခြင်း၊ ပန်းပု ထုလုပ်ခြင်း၊ အလှူဒါန ပြုလုပ်ရာတွင် သက်သေအဖြစ် အထင်အရှား ပြုလုပ်နေကြသဖြင့် နဂိုကပင် ဝသုန္ဓရေ ဆိုသောနတ် လုံးဝမရှိခြင်း၊ အကယ်၍ ရှိပါကလည်း မာရ်နတ် လာသောအခါ ထွက်ပြေးကြသည့်အထဲ ပါသွားသဖြင့်သာ အလောင်းတော် တစ်ပါးတည်းသာ ကျန်တော့သော အချိန်တွင် ...

ဤမျှများပြားသော မာရ်စစ်သည်များတို့သည် ငါတစ်ဦးတည်းကိုသာ ရည်စူး၍ တိုက်ခိုက်မည် ဖြစ်၏။ သို့ဖြစ်၍ ဤအရပ်၌ ငါ၏အဖသော် လည်းကောင်း၊ အမိသော်လည်းကောင်း၊ ညီအစ်ကို သော်လည်းကောင်း၊ ဆွေမျိုးသားချင်းသော် လည်းကောင်း၊ အခြားသူစိမ်းသော်လည်းကောင်း တိုင်ပင်အားကိုးစရာ ပုဂ္ဂိုလ် သတ္တဝါ တစ်ဦး တစ်ယောက်မျှမရှိ၊ ငါသည် ဖြည့်ဆည်းခဲ့သော ကုသိုလ် ပါရမီတို့သာလျှင် ငါ၏မှီခိုရာ အားထားရာ ဖြစ်၍ ထိုပါရမီဆယ်ပါး ငါ၏ရဲမက်များနှင့်သာ ခုခံ တော့အံ့ ...

ဟူ၍ စဉ်းစားဆင်ခြင်ကာ နေလေသည်။

## တိုက်ပွဲခပြီ

အလောင်းတော်သည် ပြုလုပ်ဆည်းပူးခဲ့သော ပါရမီကုသိုလ်တော်တို့ကို နှလုံးသွင်း ဆင်ခြင်၍ နေလေသောအခါ မာရ်နတ်သည် ''ဤသိဒ္ဓတ္ထမင်းသားကို လက်နက်ကြီး ကိုးပါးဖြင့် ပစ်လွှတ်တိုက်ဖျက်၍ ပြေးစေမည်'' ဟု အကြံပြု၍...

၁။ လေပွေမုန်တိုင်းဖြင့်တိုက်ခိုက်၏။ မရသော် ...
၂။ မိုးကြီးရွာ၍တိုက်ခိုက်၏။ မရသော် ...
၃။ ကျောက်ခဲမိုးဖြင့်တိုက်ခိုက်၏။ မရသော် ...
၄။ ဓားလှံလက်နက်မိုးဖြင့်တိုက်ခိုက်၏။ မရသော် ...
၅။ မီးကျီးမီးခဲမိုးဖြင့်တိုက်ခိုက်၏။ မရသော် ...
၆။ ပြာပူမိုးဖြင့်တိုက်ခိုက်၏။ မရသော် ...
၇။ သဲပူမိုးဖြင့်တိုက်ခိုက်၏။ မရသော် ...
၈။ ရွှံ့ညွန်ပူမိုးဖြင့်တိုက်ခိုက်၏။ မရသော် ...
၉။ အမိုက်မှောင်ကြီးဖြင့်တိုက်ခိုက်၏။

အားလုံး ပစ်လွှတ်သမျှသည် အလောင်းတော်၏ ပလ္လင်တော်ခြေရင်းတွင် မုလေးပန်း၊ စံပယ်ပန်း စသော ပန်းများအသွင်သို့ ပြောင်းကုန်သည်။ မည်ကဲ့သို့မျှ တိုက်ခိုက်၍ မရသောအခါ ''အနုနည်းဖြင့် သိဒ္ဓတ္ထကို ဤပလ္လင်မှ ပြေးစေအံ့'' ဟုကြံ၍ ...

``အို့ သိဒ္ဓတ္ထ၊ သင်သည် ငါ၏ဥစ္စာဖြစ်သော အပရာဇိတပလ္လင်၌ အဘယ်ကြောင့် နေသနည်း'' ဟုမေး၏။

``ပလ္လင်တော်သည် သင်၏ဥစ္စာဖြစ်ကြောင်း သက်သေကား အဘယ်နည်း'' ဟု အလောင်းတော်က မေးလေလျှင်...

``ယခု သင့်မျက်မှောက်ရှိ စစ်သည် ဗိုလ်ပါ အားလုံးသည် ငါ၏သက်သေတည်း'' ဟု ဆိုလိုက်ရာ

နောက်လိုက်စစ်သည်အားလုံးသည် ...

``ငါကား သက်သေ၊ ငါကားသက်သေ'' ဟု ဆိုကြရာ ...

မြေကြီးပြိုမတတ်ဖြစ်၍ မာရ်နတ်က အလောင်းတော်အား သက်သေပြပါ ဆိုသည်တွင် ...

``ငါကား သက်ရှိသက်သေ တစ်ဦးတစ်ယောက်မျှ မပြနိုင်သော်လည်း ဤဘဝနှင့် အနီးကပ်ဆုံး ဝေသန္တရာမင်းဘဝက ပြုခဲ့သော ကောင်းမှုကို ဤအသက်မရှိသော မြေကြီး သိပါသည်'' ဟု

လက်ညှိုးညွှန်လိုက်ရာ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်သကဲ့သို့ သည်းထန်စွာလည်၍ မြည်ဟည်းလေသည်၊ ကောင်းကင်တစ်ပြင်လုံး မိုးချုန်းသံတို့ အဆက်မပြတ်

မြည်လေသည်၊ စသည်အားဖြင့် ကြောက်မက်ဖွယ်မျိုးစုံ (အဋ္ဌကထာတွင် ဖော်ပြသည်) မာရ်နတ်သည် အားထား အားကိုးရာ မရှိတော့သဖြင့် စိတ်အားငယ်ကာ ဂီရိမေခလာ ဆင်ပေါ်မှ ကျ၏။ နောက် စစ်တံခွန်အလံကြီးကို လှဲကာ သူ၏ လက်နက်တစ်ထောင်တို့ကိုလည်း စွန့်ပစ်၍ ဂီရိမေခလာ ဆင်ကိုပင် ပြန်မကြည့်နိုင်ဘဲ မျက်နှာမူရာအရပ်သို့ ပြေး၍ ဝသဝတ္တီနတ်ပြည်သို့ ပြန်ပြေးလေသည်။ နောက်ပါ စစ်တပ်ကြီးလည်း ဖရိုဖရဲပြိုကွဲကာ ခလေမုန်တိုင်း တိုက်ခတ်သောပြာကဲ့သို့ ရောက်မိရောက်ရာသို့ ထွက်ပြေးကြလေသည်။

ငင်းနောက် နဂါး၊ ဂဠုန်၊ နတ်၊ ဗြဟ္မာတို့ လာရောက်၍ အောင်ဆုကြွေးကြော်ကြ၊ ပူဇော်ကြပုံနှင့်တကွ ဘုရားဖြစ်တော်မူသည့် အကြောင်းစုံကို (ဗုဒ္ဓဝံသဋ္ဌကထာ၊ အပဒါနဋ္ဌကထာ၊ သုတ္တနိပါတဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာတို့မှ ထုတ်နုတ်) ဖော်ပြလိုက်ပါသည်။

## သတိထားပါ ကြောက်စရာ

ဤမေးခွန်းပြဿနာ (ဒေဝပုတ္တမာရ်) မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ မာရ်နတ်ကို အောင်နိုင်ရာ၌ ဝသုန္ဒရေ အကူအညီပါ မပါ ဖြစ်သည် ...

၁။ အပြင်အောင်ခြင်း ပထမပိုဒ်တွင် ''ဒါနာ–ဒိဓမ္မဝါဝိနာ–ဒါနပါရမီ အစရှိသော တရားတည်းဟူသော အစီအရင်ဖြင့်၊ ဇိတဝါ–အောင်တော်မူလေပြီ ဆိုသဖြင့် ဝသုန္ဓရေ မပါ။

၂။ အပရာဇိတပလ္လင်တော်ပေါ်ရောက်စတွင် လာရောက်ပူဇော်ကြသော သိကြား၊ ဗြဟ္မာ၊ နတ်၊ နဂါး စသည်များစွာတို့ မာရ်နတ်စစ်တပ် ချီလာသည်နှင့် ထွက်ပြေးကြသည်မှာ အလောင်းတော်မှ လွဲ၍ ဘယ်သူ တစ်စုံတစ်ဦးမှ မကျန်သဖြင့် ဝသုန္ဓရေ မပါ။

၃။ မန်လည်ဆရာတော်၏ အမေးကို မင်းကွန်းဆရာတော်ကြီး ဖြေကြားသော သတပဒိက ပုစ္ဆာ ဝိသဇ္ဇနာကျမ်း၊ စတုတ္ထပုစ္ဆာအဖြေ၌ –

*လဇိမာန် ရွှေယုန်ရုပ်ကိုလ၊ ကျမ်းထုတ်လို့ ထင်ရှားစွာ၊ ကမ္ဘာလုံ့မော်ကွန်း၊ ရွှေဇိမာန် နေဝန်း သူရကန်၌၊ ဘယ်ပုရဏ် ဘယ်စာဟောင်းကမှ ဒေါင်းရုပ် မညွှန်း ...*

ဟု ဖြေထားပြီးလျှင် သင်္ဂါယနာတင်ကျမ်း၊ သင်္ဂါယနာ မတင်သော လောကပညတ်၊ မဟာဝင်၊ ဒီပဝင် စသော ပုရဏ်ကျမ်း စသည်တို့တွင် နေဇိမာန်တွင် ဒေါင်းရုပ်ရှိသည်ဟု ဘယ်ကျမ်းကမှ မညွှန်း၊ မရှိပါ။ မဟုတ်ပါဟု ဖြေသည်။

သို့မရှိပါဘဲလျက် အဘယ်ကြောင့် ''*ရှေ့ပြဗ္ဗာဝိဒေစွန်းဆီက၊ ဒေါင်းဗိမာန် တက်လာထွန်းပါပေ့*'' စသည်ဖြင့် အများအပြား နေ၌ဒေါင်းရုပ်ရှိကြောင်းကို ပြောဆိုရေးသားသီကုံးကြသနည်း ဟူငြားအံ့၊ ကျမ်းဂန်မရှိဘဲလျက် ပြောဆိုခေါ်ဝေါ်ရေးသားကြသည်ကား လောက၌ အများပင် ...

(က) ရွှေယုန်နှင့်ရွှေကျား သက်ကယ်ရိပ်သွားသည်ဟု နိုင်ငံအနှံ့အပြား ဝတ္ထုပြောဆိုလင်္ကာတချို့ သီကုန်းကြ၏။ ကျမ်းဂန်မရှိ။

(ခ) မွေးသူငယ်ကို အနဝရတ်ရေစင် ချိုးလျှင် တစ်ဆယ့်ငါးနှစ် တစ်ဆယ့်ခြောက်နှစ်အရွယ် ဖြစ်သည်ဟု အများပြောဆိုကြ၏။ ကျမ်းဂန်မရှိ။

(ဂ) တာဝတိံသာဝယ် သိကြားမင်း၏ ဝေဇယန္တာပြာသာဒ်ဖျား၌ ရုဝံကြယ်စိုက်ထားသည်ဟု အများ ပြောဆိုကြသည်။ ကျမ်းဂန်မရှိ။

(ဃ) ဗောဓိမဏ္ဍိုင်၌ ဘုရားအလောင်းကို မာရ်နတ်တိုက်လာသောအခါ ဝသုန္ဓရေမြေစောင့်နတ်သည် မြေမှ ထွက်ပေါ်လာ၍ ဆံပင်ရေလက်ညှစ်သဖြင့် မာရ်စစ်သည် ရေမျော ပျက်စီးကြောင်းကို များစွာ ပြောဆိုရေးသား ပုံထုလုပ်လာကြ၏။ ကျမ်းဂန်မရှိ။

ဤအဖြေ ရေးသားသော မင်းကွန်းဆရာတော် ဆိုသည်မှာ နှယ်နှယ်ရရမဟုတ်။ ဘုရင်၏မိဖုရားခေါင်ကြီးက ''မဏိရတနာမြဲတောင်တိုက်''ကို တင်လှူတော်မူ၍ ''ပဏ္ဏာဝံသာဘိဝေ ဓိပတိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု'' ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဖြစ်သည်။

၄။ ''ဤပလ္လင်သည် သင်၏ပလ္လင်ဖြစ်ကြောင်း သက်သေပြပါ''ဟု မာရ်နတ်က ပြောသောအခါ အလောင်းတော်က ''*မယှံ ပန ဣမသ္မိံ ဌာနေ သစေ တနော ကောစိ သက္ခိနာမ နတ္ထိ*'' ''*သစေ တနာ ဝိအယံဃန မဟာပထဝီသက္ခိ* ''

''ငါ့အား ဤနေရာ၌ သက်ရှိသက်သေမရှိ၊ သက်မဲ့ ဤမြေကြီးသာ ငါ၏သက်သေ'' ဟုဆိုသောကြောင့် မည်သည့်အသက်နှင့် ဝသုန္ဒရေ လုံးဝမရှိဖြစ်သည်။ ကျွန်ုပ်တို့ စိစစ်ကြည့်ရာတွင် ကြောက်စရာကား အလောင်းတော်သည် ဝသုန္ဒရေ အကူအညီရ၍သာ မရလျှင် သံသယဖြစ်တော့မည်။ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုပင် ထိခိုက်ပေတော့မည်။ သံဂါယနာတင် ဓမ္မက္ခန္ဓာတို့တွင် မပါသော၊ ဘုရားကိုပင် ထိခိုက်စေနိုင်သော ဝသုန္ဒရေကိစ္စကို သက်ဆိုင်ရာမှ ကြည့်ရှုစိစစ်သင့်သည်။

၅။ အလှူအတန်းလုပ်ရာ၌ ဝသုန္ဓရေကို ရေစက်ချရာ သက်သေထားမှုကိစ္စမှာ ရေးသားဖော်ပြခဲ့သည့်အတိုင်း ဝသုန္ဓရေမှာ နဂိုက ရှိပင်မရှိသည့်အတွက် သက်သေထားစရာ မလိုပေ။ အကယ်၍ မိမိက ဒါနတစ်ခုလုပ်ပြီး ရေစက်ချသောအခါ သက်သေကို မထည့်မနေ ထည့်ချင်ပါသည် ဆိုအံ့၊ ဥပရိပဏ္ဏာသဋ္ဌကထာ ဒေဝဒူတသုတ်အဖွင့် (သံဂါယနာတင်ကျမ်း) မှာ လာသည့် ''ငရဲ သေဌ်နင်း ယမမင်း'' ဟူသော သက်ရှိပုဂ္ဂိုလ်ကို တိုင်တည်သက်သေထားခြင်းသည် အကောင်းဆုံး ဖြစ်သည်။ ထိုယမမင်းကို သက်သေထားဖူးသော သီဟိုဠ်မှ (၂)ဝတ္ထုလောက် ထုတ်ပြထားသည်။ စာများသွား၍ တော်လောက်ပြီ။

သစ္စဝါဒီ

(အနုဒ္ဒီပနီပြာမဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၂)

~ ❋ ~ ❋ ~ ❋ ~

# ရေစက်ချခြင်း မချခြင်း

(၁၈-၃-၉၃)နေ့က စာတိုက်မှ စာတစ်စောင် ရောက်လာသည်။ စာတွင် ...

ဆရာကြီးခင်ဗျား ...

ကျွန်တော်တို့ ဗုဒ္ဓဘာသာထုံးစံအရ မိမိတို့ တတ်အား သမျှ ကုသိုလ်ကောင်းမှု တစ်ခုခု ပြုလုပ်ရာဝယ် အဆုံး၌ ရေစက်ချမှုများ အများအပြား ရှိခဲ့ကြပါသည်။ အချို့က ရေစက်ချမှ အလှူပြီးမြောက်သည်ဟု ပြောကြသည်ကို ကျွန်တော်တို့လည်း အစဉ်တစိုက် မှတ်သားဆောင်ရွက်ခဲ့ကြ ပါသည်။ အချို့ကလည်း ကုသိုလ်ပြုလျှင် ပြုဆဲခဏ စေတနာ

မှန်ဖို့သော လိုရင်းဖြစ်သည်။ ထိုစေတနာက ကောင်းလျှင် ကောင်းသောကံဖြစ်၍ ကောင်းကျိုးပေးသည်။ စိတ် စေတနာ ညံ့လျှင် ညံ့သည့်အတိုင်း ကံဖြစ်၍ အကျိုးမကြီးကြောင်း ရေစက်ချချ မချချ လိုရင်းမဟုတ်ကြောင်း ပြောဆို ဆွေးနွေး ကြပါသည်။

ကျွန်တော်တို့မှာ အတိအကျ ဂေဖန်ဆုံးဖြတ်နိုင်သော အရည်အခြင်းမရှိပါသော်လည်း ရေစက်ချအလုပ်သည် မလို အပ်သော အပိုကိစ္စများ ဖြစ်ပါက ရှေးဆရာတော်ကြီးများ ပညာရှိကြီးများသည် သာသနာတော်၌ အကျိုးမရှိသော ကိစ္စများ မဆောင်ရွက်ခဲ့တန်ရာ မုချအကျိုးထူးများ ရှိမည် ဖြစ်သော ဤကိစ္စကို အထောက်အထားခိုင်ခိုင်မာမာနှင့် သိလို ကြပါသည် ။သို့ပါ၍ ဤရေစက်ချမှုသည် မည်သို့ အကျိုးရှိ သည်၊ မည်သို့အစဉ်အလာရှိခဲ့သည်ကို မှီရာ အနန္တငါးဖြာ စာစောင်တွင် ရေးသားဖော်ပြပေးပါရန် လက်ဆယ်ဖြာ ထိပ်မှာ မိုး၍ ရှိခိုးတောင်းပန်အပ်ပါသည် ဆရာကြီးခင်ဗျား ...

မောင်တင်ခိုင်
သုံးဆယ်မြို့၊ သာယာဝတီခရိုင်။

အထက်ပါစာအရ ကျွန်ုပ်တို့ ဉာဏ်သက်ဝင်သမျှ ဝေဖန်ရသော် ဒါန သီလစသော ကုသိုလ်ကောင်းမှု တစ်ခုခု ပြုရာတွင် သံသရာနောင်ရေး အကျိုးပေးမှုမှာ ကုသိုလ်ပြုဆဲ အခါ၌ဖြစ်သော ကာမာဝစရကုသိုလ်ကံတွင် အသိဉာဏ်ပညာ ပါမှု၊ ဉာဏသမ္ပယုတ် ဖြစ်ဖို့သာလိုသည်။ စေတနာမှန်ဖို့သာ အရေးကြီးသည်။ ဤကုသိုလ်ပြုဆဲ စေဒနာသည် '*စေတနာ ဟံ ဘိက္ခဝေ ကမ္မံဝဒါမိ*' ဘုရားဟောရှိသဖြင့် ထိုကုသိုလ် စေတနာကံသည် ...

*သစေဝင္ကသမ္ပတ္တိံ ပတ္တွေတွာ ဝဋ္ဋနိဿိတ ဝသေန်*' စသော သံယုတ်အဋ္ဌကထာအရ လူ့ဘဝ နတ်ဘဝ စသော ခန္ဓာရမှု၊ ဝဋ်ဆင်းရဲဖြစ်မှု စသည်ကို အာရုံပြုဆုတောင်းကာ မှားယွင်းသော စေတနာထားမှု ညံ့ပါက ထိုကံညံ့သည် မိမိ စိတ်စေတနာထားရင်းအတိုင်း ကံညံ့ဖြစ်၍ ထိုကံ၏ အကျိုးပေးရာ လူ့ဘဝ နတ်ဘဝတို့သို့သာ အကျိုးပေးကြောင်း ထိုလူနတ်ဘဝဟူသော ဝဋ်ဆင်းရဲပြတ်ရာကို အကျိုးမပေး နိုင်ကြောင်း ဖော်ပြပြီး အကယ်၍ ...

*က္ကဒံမေဒါနံ အာသဝက္ခယာဝဟံ ဟောတူတိ ဝေံ* 'ပုတ္တွန္တေန' စသည်ဖြင့် အဋ္ဌကထာက ဆက်ပြရာဝယ် ဤ ကောင်းမှုကြောင့် အာသဝေါလေးတန် ကုန်ရာမှန်သော ဝဋ် ပြတ်ရာနိဗ္ဗာန်ကို စိတ်ညွတ်၍ ဉာဏသမ္ပယုတ် လှူဆဲတွင်

ဉာဏ်ယှဉ်၍ စေတနာမှန်က မိမိတို့အလိုရှိရာ ဝဋ်မြှုပ်ခြင်း ကောင်းကျိုးကိုရနိုင်ကြောင်း – ထိုနိဗ္ဗာန်သို့ မရောက်ဘဲ ဤစေတနာအကျိုး မပြီးဆုံးကြောင်း ဖော်ပြသည်။ အတိုချုပ်မှာ ကုသိုလ်ပြုဆဲတွင် ဉာဏ်ပါအောင် စိတ်စေတနာကောင်းဖို့သာ အရေးကြီးကြောင်းသာ ဆိုသည်။ ရေစက်ချစရာ မလိုကြောင်း ဆွေးနွေးကြသော ပုဂ္ဂိုလ်တို့၏ စကားသည်လည်း မှန်ပါသည်။ တချို့သူများကလည်း ရေစက်ချမှ အကျိုးရှိသည်ဆိုက မုဆိုး–တံငါလုပ်သူတို့ ပြုလုပ်သော အကုသိုလ်ကံသည် ဘယ်သူမှ ရေစက်ချမပေးဘဲနှင့် အပါယ်အကျိုးပေးသည်ကို ကြည့်ပါဆိုရာ၌လည်း မှန်ပါသည် ကောင်းကျိုး မကောင်းကျိုးပေးရာတွင် ရေစက်ချခြင်းနှင့် လုံးဝမဆိုင်ပေ။

သို့ဆိုလျှင် *'ရေစက်ချခြင်းသည် အပိုဖြစ်၍ လုံးဝမလိုအပ်ပြီလော'* ဟု မေးကြအံ့၊ လိုအပ်ပါသည် ကုသိုလ်ကောင်းမှုအကျိုး ဖွံ့ဖြိုးစေလိုသော စေတနာရှင်တို့အတွက် အထူးပင် လိုအပ်ပါသည်။

အကြောင်းကား မိမိပြုအပ်သော စေတနာကံ၏ အကျိုးပေးကား သူ၏ဉာဏ်အတိုင်းအတာအရ အကျိုးပေးသည်ကား မှန်ပါသည်။ ကုသိုလ်ကောင်းမှုပြုသူတစ်ဦး အနေနှင့် ထိုကုသိုလ်၏အကျိုးမူရင်းကို သူတော်ကောင်းတို့ ပြုအပ်သော ပုညကြိယာဝတ္ထုဆယ်ပါးတွင် 'ပတ္တိဒါန' ဟူသော

မိမိရသောကုသိုလ်အတိုင်း မိမိ၏ကျေးဇူးရှင် မိဘဆရာသမား ကစ၍ သုံးဆယ့်တစ်ဘုံအတွင်း ကျင်လည်နေရသော သုခိတ ဒုက္ခိတ သတ္တဝါအားလုံး မိမိရသောကုသိုလ်နှင့် ထပ်တူထပ်မျှ ရကြပါစေ၊ အမျှရ၍ ချမ်းသာကြပါစေ ဟု ထပ်ဆင့်ကုသိုလ် ပြန့်ပွားအောင် ပြုလုပ်ခြင်းဖြစ်၍ အလွန်ကောင်းပါသည်။ ယင်းသို့ အမျှပေးဝေသဖြင့် သာဓုခေါ်နိုင်သူတို့ကလည်း 'ပတ္တာအနုမောဒနာ' ဝမ်းမြောက်နုမော် သာဓုခေါ်က ဤ ကုသိုလ်အကျိုးရကြောင်း ဟောကြားထားသည်။

ဗိမ္ဗိသာရမင်းကြီး၏ အမျိုး ပြိတ္တာပေါင်းများစွာပင် ဗိမ္ဗိသာရမင်းကြီးအား မြတ်စွာဘုရားလမ်းညွှန်ချက်နှင့် ကုသိုလ်ဒါနပြု၍ အမျှဝေသောကြောင့် ထိုပြိတ္တာဘဝမျိုးမှ လွတ်သွားကြောင်း ကျွန်ုပ်တို့ ရေးသားဖော်ပြခဲ့ဖူးသည်။

လူသေ၍ ဆွမ်းသွတ်ရာ၌လည်း သေသူသည် အကယ်၍ ဂတိချွတ်ယွင်းမှုကြောင့် ဝေမာနိကပြိတ္တာဘဝ ရောက်ခဲ့သော် သူ့အား ရည်မှန်း၍ လှူဒါန်းအမျှဝေ၍ သာဓု ခေါ်နိုင်က ထိုဘဝမှ ကျွတ်လွတ်ကြောင်း ကျွန်ုပ်တို့ ဗုဒ္ဓ ဘာသာများ သက်ဝင်ယုံကြည်စွာနှင့် ပြုလုပ်နေကြသည် ကိုပင် ကြည့်ပါ။ ကျွန်ုပ်တို့မှာ ပြုလုပ်မှုကုသိုလ်၏ ပြန့်ပွားမှု ကို အလိုရှိကြ၍ ပြုလုပ်ကြရိုး ဖြစ်ပါသည်။

## ရေစက်ချမှု

အချို့ကလည်း ဆိုပါသေးသည်။ ကုသိုလ်ပွားများမှု အမျှဝေသည်ကား မှန်ပါသည်။ ''*ရေစက်ချ မှုသည် မြတ်စွာဘုရားလက်ထက်တော်က ရှိပါသလား၊ အစဉ် အလာရှိသော လုပ်ငန်းတစ်ရပ် ဟုတ်ပါသလား*'' ဟူသော ပြဿနာကို ရှင်းရန်ကား မြတ်စွာဘုရားလက်ထက်တော် ကပင် ရှိပါသည်။ အနာထပိဏ်သူဌေးကြီးသည် ဇေတဝန် ကျောင်းတော်ကြီးကို ဆောက်၍ ပြီးစီးသောအခါ ရေစက်ချ ရာတွင်

> *'မဟာသေဋ္ဌီ သုဝဏ္ဏဘိင်္ဂါရံ အာဒါယ ဒသဗ-*
> *လဿ ဟတ္ထေ ဥဒကံ ပါတေတွာ' ဣမံဇေတဝန*
> *ဝိဟာရံ အာဂတာနာဂတဿ စာတုဒ္ဒိသဿ*
> *ဗုဒ္ဓပ္ပမုခဿ ဘိက္ခုသံဃဿ ဒမ္မိ တိအဒါသိ'*

(အပါဒါနဋ္ဌကထာ ပ-၁၀၉)

မဟာသေဋ္ဌီ၊ အနာထပိဏ်သူဌေးကြီးသည်။ သုဝဏ္ဏ- ဘိင်္ဂါရံ၊ ရေထည့်ထားသော ရွှေကရားကို။ အာဒါယ၊ ယူ၍။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ ဟတ္ထေ၊ လက်တော်၌။ ဥဒကံ၊ ရေကို။ ပါတေတွာ၊ ကျစေ၍။ ဣမံဇေတဝနံ၊ ဤ ဇေတဝန်ရွှေကျောင်းတော်ကို။ စာတုဒ္ဒိသဿ၊ အရပ် လေးမျက်နှာမှ။ အာဂတာနာဂတဿ၊ ကြွလာပြီး ကြွလာဆဲ

ဖြစ်သော။ ဗုဒ္ဓပ္ပမုခဿ၊ မြတ်စွာဘုရားအမှူးရှိသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ဒမ္မိ၊ လှူဒါန်းပါ၏။ ဣတိ၊ ဤသို့။ အဒါသိ၊ ရေစက်ချကာ ပေးလှူဒါန်းပါ၏။

ဤကဲ့သို့ ရေစက်ချကြောင်း ဖော်ပြပါသည်။

ငင်းပြင် ဝေဠုဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးစီးသောအခါ ဗိမ္ဗိသာရမင်းကြီး ရေစက်ချပုံကိုလည်း ...

*'သုဝဏ္ဏဘိင်္ဂါရေန ပုပ္ဖဂန္ဓဝါသိတံ မဏိဝဏ္ဏံ ဥဒက မာဒါယ ဝေဠုဝနုယျာနံ ပရိစ္စဇန္တော ဒသဗလဿ ဟတ္ထေဥဒကံပါတေသိ'*

(အပါဒါနဋ္ဌကထာ ပ-၁၀၀)

ဗိမ္ဗိသာရမင်းကြီးသည် ရွှေကရားဖြင့် အမွှေးနံ့သာတို့ဖြင့် ထုံအပ်သော မြအဆင်းရှိသောရေကို ယူ၍ မြတ်စွာဘုရား၏လက်တော်၌ ရေစက်ချလှူကြောင်း ဖော်ပြသည်။

ထို့ပြင် ...

မဟာနာမ်မထေရ်အား စိတ္တသူကြွယ်က အမ္ဗဋ္ဌက ဥယျာဉ်ကို လှူရာ၌လည်း ...

*အတ္တနောဥယျာနံ သံဃာရာမံ ကတ္တု ကာမော ထေရဿ ဟတ္ထေ ဥဒကံ ပါတေတွာ နိယျာဒေသိ*

(ဓမ္မပဒဋ္ဌကထာ ပ-၃၂၇)

ငင်းနောက် ...

နန္ဒိယသူကြွယ်သည် ဣသိပတနတောရှ် တိုက်ခန်းကြီးလေးခုတို့ဖြင့် တန်ဆာဆင်အပ်သော ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းရာ၌လည်း ...

*ဇုဋ္ဌပ္ပမုခဿ ဘိက္ခုသံဃဿ မဟာဒါနံဒတွာ*
*တထာဂတဿ ဟတ္ထေ ဒိက္ခိဏောဒကံ ပါတေတွာ*
*နိယျာဒေသိ*

(ဝိမာနဝတ္ထုအဋ္ဌကထာ-၂၀၄)

ဤကား မြတ်စွာဘုရား လက်ထက်တော်တွင် ကျောင်းတော်ကြီးများ လှူဒါန်းရာ၌ ရေစက်ချပုံများတည်း။ သို့ရာတွင် ကောသလမင်းကြီး၏ မဟာအသဒိသ အလှူတော်ကြီးနှင့် ဝိသာခါ၏ ပုဗ္ဗာရုံကျောင်းတော်ကြီး လှူရာတွင် ၎င်းရေစက်ချကြောင်း မတွေ့ရှိရပေ။ သို့ရာတွင် ရေစက်ချသည် မချသည်မှာ အဓိကမဟုတ်ဘဲ စေတနာ ဒါနဖြစ်သည်သာ ပဓာနဖြစ်ကြောင်း သိရမည် ဖြစ်၏။

ယင်းသို့ ရေစက်ချသည်မှာ မြတ်စွာဘုရား၏ အလောင်းတော်ဘဝကပင် အစဉ်အလာရှိခဲ့ကြောင်းကို ...

''အလောင်းတော်ဘဝ'' ကုရုတိုင်း ဣန္ဒပတ္ထနမြို့၌ အလောင်းတော် ဓနဥ္စယမင်းသည် ကာလိင်္ဂတိုင်းမှ လာရောက်အလှူခံသော ပုဏ္ဏားရှစ်ယောက်တို့အား တန်ဆာဆင်ထားအပ်သော မင်္ဂလာဆင်တော်ကို လှူရာ၌ ...

*သောဏ္ဍာယန် ဂဟေတွာ ဖြာဟ္မဏာန်*
*ဟတ္ထေသု ဌပေတွာ ရတနဘိင်္ဂါရေန ပုပ္ဖဂန္ဓဝါသိတံ*
*ဥဒကံ ပါတေတွာ အဒါသိ*

(စရိယာပိဋကဋ္ဌကထာ-၃၈)

ရှင်းပြင် ...

ဝေဿန္တရာအလောင်းတော်ဘဝ၌ သားတော် သမီးတော်တို့အား ဇူဇကာပုဏ္ဏားကို လှူသောအခါတွင် ...

*ကမဏ္ဍလုနာ ဥဒကံ ဂဟေတွာ သဗ္ဗညုတ ဉာဏဿ ပစ္စယံကတွာ ဖြာဟ္မဏဿဟတ္ထေ ဥဒကံ ပါတေတွာ အတိဝိယ ပီတိသောမနဿ ဇာတော ဟုတွာ ပထဝိံ ဥန္နာဒေန္တော ပိယပုတ္တဒါနံ အဒါသိ*

(စရိယာပိဋကဋ္ဌကထာ-၉၃)

ပုဏ္ဏားအယောင်ဆောင်လာသော သိကြားအား မဒ္ဒီဒေဝီကို လှူရာ၌လည်း ....

*သီဃမေဝ ကမဏ္ဍလုနာ ဥဒကံ အာဟရိတွာ ဖြာဟ္မဏဿ ဟတ္ထေ ဥဒကံ ပါတေတွာ အရိယ မဒါသိ*

(စရိယာပိဋကဋ္ဌကထာ-၉၆)

ဤသည်တို့ကား အလောင်းတော်ဘဝက အစဉ်အလာ ရှိခဲ့ကြောင်းကို အထောက်အထားပြခဲ့ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ ယခုပြခဲ့သော ရေစက်ချနည်းမှာ အလှူခံပုဂ္ဂိုလ်၏လက်၌ ရေလောင်း၍ ''*ဒက္ခိဏောဒကံ၊ မြတ်သောအလှူရေစက်ကို၊ ပါတေတွာ၊ သွန်းလောင်းကျစေ၍ဟု* ဆိုသည်။'' ယခု ကျွန်ုပ်တို့ ရေစက်ချရာတွင်လည်း ''*ဒက္ခိဏောဒကံ ပါတေတွာ*'' ဆို ရေခံခွက်ထဲသို့ ရေလောင်းချသည်သာ ခြားနားသည်။ ရည်မှန်းချက်ကား အတူတူပင်ဖြစ်သည်။

**အမျှဝေခြင်း**

အားလုံးခြုံ၍ သုံးသပ်ရာတွင် ရေစက်ချခြင်း ရည်ရွယ်ချက်မှာ အမျှဝေခြင်းသာ အဓိကဖြစ်ရာ မိမိပြုအပ်သော ကုသိုလ်ကောင်းမှုအား မိမိနည်းတူ ကုသိုလ်အကျိုးကို မျှဝေခံစားရပါစေဟု ကောင်းမြတ်သော စိတ်စေတနာဖြင့် ပတ္တိဒါန ကုသိုလ်ထပ်ရ၍ ထိုကုသိုလ်ကို ကောင်းစွာ သာဓုခေါ်နိုင်သူတို့မှာလည်း ပတ္တာနုမောဒနာ ကုသိုလ်ရကြလေသောကြောင့် ကောင်းသော အစီအစဉ်ဖြစ်ရုံမက အမျှပေးဝေသူတို့မှာ အမျှပေးဝေလိုက်သဖြင့် မိမိကုသိုလ် လျော့မသွား

သည့်ပြင် မီးတိုင်တစ်ခုမှ မီးကို အခြားမီးတိုင်အများအပြား က ကူးယူသော်လည်း ပင်ကိုယ်မီးတိုင်မှ မီးသည် လျော့မသွားသည့်ပြင် မီးအလင်းရောင်ပင် များပြား လင်းကျင်းသည်ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာ အဆို အတိုင်း ကုသိုလ် ပြုခြင်းတူလျှင် ရေစက်ချ အမျှဝေခြင်း သည် မိမိ ပြုသော ကုသိုလ် တိုးတက်ပွားစည်းခြင်းဖြစ်၍ အလွန် ကောင်းမြတ်သော အလုပ်ဖြစ်ကြောင်း သဘောပေါက် နားလည်နိုင်ပါစေသတည်း။

**သစ္စဝါဒီ**

**(အနန္တငါးပြာမဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၇)**

# ရုပ်ပြသာသနာမဟုတ်ပါ

ကျွန်ုပ်သည် ၁၉၅၉–ခုနှစ်၊ ရန်ကုန်၊ ပြည်လမ်း၊ လယ်တီမူကမ္မဋ္ဌာန်းတိုက်တွင် ရောက်ရှိနေခိုက် ၎င်းဌာနတွင် တရားအားထုတ်နေသော လက္ခဏာဆရာကြီး ဆရာစန္ဒြနှင့် တရားစကား ပြောကြားဆွေးနွေးမိရာတွင် ဆရာစန္ဒြက သူ၏ တရားအားထုတ်သည့် ရည်ရွယ်ချက်ကို ဤသို့ ပွင့်ပွင့် လင်းလင်း ပြောကြားပုံမှာ ...

''ကျွန်တော် အခု တရားအားထုတ်တဲ့ ရည်မှန်းချက်ကတော့ နိဗ္ဗာန် မဟုတ်ပါဘူး။ တကယ် တရားပေါက်ပြီး အကြား၊ အမြင်၊ အထင် သုံးမျိုးမှာ တစ်မျိုးမျိုးရရင် ကျေနပ်ပြီ '' ဟု ဆိုလေရာ ကျွန်ုပ်က အံ့ဩစွာနှင့် –

''ဆရာ–ဒီတရားရဲ့အနှစ်သာရဟာ သာသနာရဲ့ ဃိပ်ဆုံး အကျိုးပေးနိဗ္ဗာန်ပါ။ ခုန ဆရာပြောတဲ့ အမြင်၊ အကြား၊ အထင်ဆိုတဲ့ သာသနာရဲ့ အနှစ်သာရမဟုတ်တဲ့ လောကီအောက်တန်း အကျိုး ပေးတဲ့ သမထမျိုးနဲ့ လုံးဝအပ်စပ်တဲ့ကိစ္စ မဟုတ် ပါဘူး။ ဒါ ဆရာ ရည်မှန်းချက်တစ်မျိုး ရှိမယ် ထင်တယ်'' ဟု ဆိုရာ –

''ရှိပါတယ်၊ ကျွန်တော်က ဒီလောကီသမာဓိ အကျိုးကလေးရအောင် ဝိပဿနာဘက် မတက်ဘဲ အာနာပါနသာ ဖိလုပ်နေပါတယ်'' ဟုပြောပြီး သူ၏ အစီအစဉ်ကို ဆက်ပြောရာတွင် –

''ဆရာတို့လဲ ကြားပါလိမ့်မယ်။ နိုင်ငံခြားမဂ္ဂဇင်း ကြီးတွေမှာ ကမ္ဘာကြီးဟာ ဘယ်နှစ်ခုနှစ်ရောက်ရင် ဘယ်လို ဖြစ်လိမ့်မယ်၊ ဥက္ကာခဲကြီး ဘယ်တော့ ကျလိမ့်မယ်၊ ဘယ်နှစ်မှာ ဘယ်တိုင်းပြည်နဲ့ ဘယ် တိုင်းပြည်တို့ စစ်ဖြစ်မယ် စသည်ဖြင့် ပရော်ဖက်ဆာ ကြီးတွေ ဟောကိန်းထုတ်ထားကြတယ်။

ဒါတွေဟာ မှန်ချင်လဲ မှန်မယ်၊ လွဲချင်လဲ လွဲမယ်၊ အတိအကျ အာမခံချက်မရှိပါဘူး။ အခု ကျွန်တော်တို့ အားထုတ်တဲ့သမထကတော့ အကြား၊ အမြင်သာ ရရင် တကယ့်ကိုမှန်ရမယ်လို့ ယုံကြည်ပြီး ကျွန်တော် အာနာပါနကနေ အားထုတ်လာတာ ခုနစ်ရက်ရှိသွားပြီ။ ဘာမှတော့ မဖြစ်သေးဘူး။ ကျွန်တော် ခုနပြောတဲ့ အကြားအမြင်သာရရင် ကျွန်တော် ကမ္ဘာကို ပတ်မယ်။ ကျွန်တော့်လက္ခဏာ ပညာနဲ့ သမထအမြင်အကြားနဲ့ ဟောပြောလိုက်ရင် ကမ္ဘာမှာ မြန်မာကွ လို့ ပြောနိုင်အောင် ဖြစ်စေရမယ်'' ဟု ပြောလေသည်။

သူ၏မြင့်မားသောရည်ရွယ်ချက်နှင့် စိတ်ဓာတ်ကို ချီးကျူးမိပါသည်။ တကယ်ပင် မျိုးချစ်စိတ်ဓာတ်နှင့် မြန်မာတို့၏ ဘာသာတရား၏စွမ်းပကားကို ကမ္ဘာသို့ တင်ပြချင်သည်။ သူ နေ့စဉ် ဝင်ငွေရလုပ်ငန်းကြီးကို ပိတ်ပြီး အမြင်အကြားရဖို့ လာရောက် ကြိုးပမ်းပညာရှာနေသည်မှာ ခုနစ်ရက်ပင် ရှိသွားပြီဟု ဆိုလေသည်။ ကျွန်ုပ်လည်း သူနှင့် စကားပြောဆိုပြီး နှစ်ရက်မျှ အကြာတွင် ရှမ်းပြည်နယ်သို့ တောင်တန်းသာသနာပြုကိစ္စနှင့် ထွက်ခွာသွားရလေရာ ဆရာစန္ဒြနှင့် အဆက်အသွယ် ပြတ်ခဲ့ရလေသည်။

## ရှုပ်ပြသာသနာမဟုတ်ပါ

ယခု ၁၃၅၄–ခုနှစ်၊ သင်္ကြန်မတိုင်ခင် တန်ခူးလဆန်းက လူချင်း အလွန်ခင်မင်ရင်းနှီးပြီး အနှစ်နှစ်ဆယ်ခန့် ကွဲကွာနေခဲ့သော မိတ်ဆွေကြီးတစ်ယောက် ကျွန်ုပ်အိမ်သို့ ရောက်ရှိလာရာ ဝမ်းသာအားရ နှုတ်ဆက်စကားပြော၊ နံနက်စာ အတူစားသောက်ကြပြီး စပ်မိစပ်ရာ စကားပြောကြရင်း မိတ်ဆွေက ...

''ဒီမှာဆရာ –– အခု နိုင်ငံတော် အစိုးရက ဘာသာရေး၊ သာသနာရေး အင်မတန်အားပေးနေတယ်နော်၊ ဒီလို ဒကာဘက်က တာဝန်ကျေအောင် အစိုးရနဲ့လူထုက အားပေးသလို ရဟန်းသံဃာများကလဲ ကိုယ့်ဘက် ကိုယ့်တာဝန် ကျေပွန်အောင် ဆောင်ရွက်နိုင်ရင် ကျုပ်တို့သာသနာဟာ ကမ္ဘာမှာ ထိပ်တန်းကို ရောက်သွားနိုင်တာ သေချာတယ်နော်''

''နိုင်ငံတော်ကလဲ အားပေး၊ သာသနာဘက်ကလဲ ပရိယတ္တိသာသနာဝန်ဆောင်တဲ့ ဆရာတော်သံဃာတော်များကလဲ သာသနာ့တက္ကသိုလ်ကြီးတွေတောင် ထင်ထင်ရှားရှားရှိနေပြီပဲ။ ပဋိပတ္တိဘက်ကလဲ ကမ္မဋ္ဌာန်းဌာနတွေ အများအပြား နိုင်ငံတော်အစိုးရက အားပေးနေပြီပဲ။ အေး ...ပဋိဝေဒဆိုတဲ့ အကျိုးရမှုသာ မမြင်နိုင်တာကိုး''

''အဲဒီ အကျိုးတရား ထင်ရှားရဖို့ ပြောတာပေါ့''

''ခင်ဗျားဆိုလိုတဲ့ အဓိပ္ပာယ် ပြောပြစမ်းပါ''

''ဒီလိုလေ၊ ပရိယတ်ဘက်ကလဲ ပါဠိတက္ကသိုလ်တွေ၊ သာသနာ့တက္ကသိုလ်တွေကလဲ သူ့ဟာနဲ့သူ တာဝန်ကျေအောင် ဆောင်ရွက်နေကြသလို ကမ္မဋ္ဌာန်းတရား အားထုတ်တဲ့ ပဋိပတ်ဘက်က ပုဂ္ဂိုလ်တွေကြတော့ အနည်းဆုံး တစ်မိုက်တစ်ထွာတောင်မှ ကြွမပြနိုင်တာ၊ ဒီလိုသာ ကြွပြနိုင်မယ်ဆိုရင် ဒီသာသနာဟာ ကမ္ဘာမှာ အထက်တန်းကိုကျမှာ ပြောတာပါ''

ဟု ဆိုသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဆရာစန္ဒြကို ရှင်းပြချက်၊ ယခု မိတ်ဆွေကြီးကို ရှင်းပြချက်တို့ကို အများစာဖတ်သူတို့ သိမှတ်နိုင်ကြစေရန် တင်ပြပါအံ့။

မြတ်စွာဘုရားသည် ဘုရားဖြစ်ရန် ဆုထူးပန်ဆင်စဉ်ကပင်လျှင်...

- ငါ သစ္စာလေးပါး အမှန်တရားကို သိရလျှင် ဝေနေယျ သတ္တဝါတွေ သိစေမယ်။
- ငါ သံသရာမှ လွတ်မြောက်ရလျှင် ဝေနေယျ သတ္တဝါတွေ လွတ်မြောက်စေမယ်။

✦ ငါ သံသရာမှ ကူးမြောက်ရလျှင် ဝေနေယျ သတ္တဝါတွေ ကူးမြောက်စေမယ်။

ဟူသော ရည်ရွယ်ချက်ထားကာ ဘုရားဆုပန်ခဲ့သည်။ သံသရာခန္ဓာရပြီဆိုလျှင် လူ့ခန္ဓာဒုက္ခ၊ နတ်ခန္ဓာဒုက္ခ၊ ဗြဟ္မာခန္ဓာဒုက္ခ၊ မည်သည့်ခန္ဓာဒုက္ခရရ ဒုက္ခရမှုသာ ဖြစ်သည်။ ထိုခန္ဓာမှ မလွတ်မချင်း သံသရာကမလွတ်၊ ဒုက္ခကမလွတ်၊ သတ္တဝါတို့မှာ လူ့ခန္ဓာရချင်သည်။ ဒုက္ခဟု မသိ၍ နတ်ခန္ဓာရချင်သည်။ ဒုက္ခဟု မသိ၍ ဗြဟ္မာခန္ဓာ ရချင်သည်။ ဒုက္ခဟု မသိ၍။

တရားအားထုတ်ကြသည်။ သတိပဋ္ဌာန်အလုပ်ကို လုပ်သည်။ ဝိပဿနာအလုပ် တရားရှုကြသည်ဆိုခြင်းမှာ မိမိခန္ဓာ၏ ပင်ရင်းသဘာဝဒုက္ခကိုသိရန် လေ့လာ လေ့ကျင့်ခြင်းသာ ဖြစ်လေရာ (ဤခန္ဓာ၏ ပင်ရင်းအမှန်တရားဒုက္ခကို မသိ၍ လူထင်၊ နတ်ထင်၊ ဗြဟ္မာထင်ဖြစ်ကာ လိုချင်မှုတဏှာနှင့် ဥပါဒါန်ကံတို့ အဆင့်ဆင့်ဖြစ်ကာ ပဋိစ္စသမုပ္ပါဒ် သံသရာလည်ခြင်းဖြစ်၍) ခန္ဓာသဘာဝဒုက္ခကို ဒုက္ခဟုသိမှ လိုချင်မှုတဏှာပြတ်ကာ အဆင့်ဆင့်သော ကိလေသာသံယောဇဉ်တို့ ကင်းပြတ်ချုပ်ငြိမ်းစေရန် ဗုဒ္ဓ၏ဉာဏ်တော်နှင့် သတိပဋ္ဌာန်တရားလေးပါးကို ဝေနေယျသတ္တဝါအစားစားတို့အတွက် သံသရာပြတ်ရေး ချမှတ်ပေးတော်မူရာ သာသနာပင် ဖြစ်ပေသည်။

## အသိပညာ သာသနာ

မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော် ဟူသည်မှာ အသိဉာဏ်၊ ပညာနှင့်သာ ရင်းနှီးရပါသည်။ သံသရာဒုက္ခ၊ ခန္ဓာဒုက္ခကို သူ၏ ပင်ကိုယ်ပင်ရင်းအတိုင်း လေ့လာနေသော အားထုတ်နေသော ကိုယ်တိုင်သိသောဉာဏ်သည် ယထာဘူတဉာဏ်၊ ၎င်းဉာဏ် ကြိမ်ဖန်များစွာ ရှုကြည့်ပွားများ၍ အသိဉာဏ်ရင့်လာလျှင် ဝိပဿနာဉာဏ်၊ ၎င်းမှဆက်၍ ခန္ဓာအရှိ သဘာဝကို အမှန်သိလာသောအခါ သစ္စာဉာဏ်ဖြစ်ပြီး မဂ်သို့ရောက်လျှင် ဖိုလ်ဉာဏ်ဖြစ်ကာ နိဗ္ဗာန်သို့ မျက်မှောက်ပြုရသောဉာဏ် ဖြစ်လေရကား ဗုဒ္ဓသာသနာတော်သည် တစ်လျှောက်လုံး ဉာဏ်လုပ်ငန်း၊ ပညာလုပ်ငန်းဖြစ်လေသည်။ အပြင်အပ ရုပ်ဝတ္ထုမျှ ဟန်ပြရသော အလုပ်မဟုတ်ပေ။

## တန်ခိုးပြခြင်းသုံးမျိုး

အခါတစ်ပါး၌ မြတ်စွာဘုရားသည် နာဠန္ဒမြို့၊ ပါဝါရိကသရက်ဥယျာဉ်၌ သီတင်းသုံးနေတော်မူသောအခါ ကေဝဋ္ဋအမည်ရှိသော သူကြွယ်၏သားသည် သာသနာတော်ကိုအလွန်တိုးတက်ကြီးပွားစေလိုသော ဆန္ဒရှိသည်ဖြစ်၍ မြတ်စွာဘုရားရှိတော်မူရာသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို

အလွန်ရှိသေစွာ ရှိခိုးလျက် ဤသို့စကားကို လျှောက်ထားလေသည်။

''မြတ်စွာဘုရား–ဤနာဠန္ဒမြို့သည် ပြည့်စုံကြွယ်ဝပါ၏။ လူဦးရေလည်း များပြားပါ၏။ မြတ်စွာဘုရားကိုလည်း အလွန်ကြည်ညိုကြပါ၏။ အရှင်ဘုရား တပည့် တောင်းပန်ပါ၏။ မြတ်စွာဘုရားသည် လူတို့၏ ကာယိလ်တရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို ပြရန်အလို့ငှာ ရဟန်းတစ်ပါးအား အမိန့်ပေးထားတော်မူပါ။ ဤသို့ တန်ခိုးပြာဋိဟာ ပြသည်ရှိသော် ဤနာဠန္ဒမြို့သည် မြတ်စွာဘုရား၌ အတိုင်းထက်အလွန် ကြည်ညိုကြပါလိမ့်မည်''

ဟု လျှောက်ထားသောအခါ မြတ်စွာဘုရားက –

''ကေဝဋ္ဋ–ငါသည် ရဟန်းတို့အား သင်တို့သည် လူတို့၏ ကာယိလ်တရားဆယ်ပါးထက် လွန်မြတ်သော တန်ခိုးပြာဋိဟာကို အဝတ်ဖြူကို ဝတ်ကုန်သော လူတို့အား ပြကြလော့ဟု ဤသို့မဟော၊ ခွင့်မပြု''

ဟု မိန့်တော်မူလေသည်။

ကေဝဋ္ဋသူကြွယ်သားသည်လည်း ဒုတိယအကြိမ်၊ တတိယအကြိမ်အားဖြင့် သုံးကြိမ်တိုင် လျှောက်ထားသည်တွင် မြတ်စွာဘုရားသည် သုံးကြိမ်တိုင် ငြင်းပယ်တော်မူပြီးလျှင် ...

ကေဝဋ္ဋ - ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ငါဘုရားဟောကြားထားသော ဤပြာဋိဟာတို့သည် သုံးပါး ရှိကုန်၏။ အဘယ်သုံးပါးတို့နည်းဟူသော် ...

၁။ ဣဒ္ဓိပါဋိဟာရိယ – တန်ခိုးပြခြင်း ပြာဋိဟာ

၂။ အာဒေသနာပါဋိဟာရိယ – အတတ်ဟောခြင်း ပြာဋိဟာ

၃။ အနုသာသနီပါဋိဟာရိယ – ဆုံးမခြင်းပြာဋိဟာ

တို့ ပေတည်း။

## ၁။ ဣဒ္ဓိပါဋိဟာရိယ

ကေဝဋ္ဋ–တန်ခိုးပြခြင်းပြာဋိဟာ ဟူသည်မှာ ...

ဤသာသနာတော်၌ ရဟန်းသည် များပြားသော တန်ခိုးဖန်ဆင်းခြင်းကို ပြီးစေ၏။ တစ်ယောက်တည်းက အများဖြစ်အောင် ပြုတတ်၏။ အများက တစ်ယောက်တည်း ဖြစ်အောင်လည်း လုပ်နိုင်၏။

ကိုယ်ကိုလည်း ပျောက်အောင် ဖျောက်တတ်၏။ မြေ၌ လည်း ရေကဲ့သို့ ငုပ်လျှိုးနိုင်၏။ ရေပြင်ကိုလည်း မြေပြင် ကဲ့သို့ အခိုင်အမာပြု၍ ရပ်သွားနိုင်၏။ ကောင်းကင် လေဟာနယ်၌လည်း ထက်ဝယ်ဖွဲ့ခွေလျက် အတောင်ရှိသော ငှက်ကဲ့သို့ သွားနိုင်၏။ တန်ခိုးအာနုဘော်ကြီးကုန်သော လနှင့်

နေတို့ကိုလည်း လက်နှင့်သုံးသပ်နိုင်၏။ ဆုပ်ကိုင်နိုင်၏။ ဗြဟ္မာပြည်တိုင်အောင်လည်း မိမိအလိုတိုင်း ဖြစ်စေ၏။

ဤသို့ တန်ခိုးဖန်ဆင်းခြင်း၊ ဣဒ္ဓိဝိဓ တန်ခိုးပြာဋိဟာပြသည်ကို သဒ္ဓါတရားရှိသောသူက သဒ္ဓါတရားမရှိ၍ မယုံကြည်သောသူအား ဤရဟန်း၏ တန်ခိုးကြီးသော ဤအကြောင်းကို ပြောဆိုချီးကျူးသည်ရှိသော် မယုံကြည်သောသူက (လောက၌ ဂန္ဓာရီဝိဇ္ဇာ၊ မဏိကာဝိဇ္ဇာဟု လောကီအတတ်ပညာအမျိုးမျိုးရှိရာ ဤဣဒ္ဓိဝိဓအဘိညာဏ်ကဲ့သို့ တန်ခိုးအမျိုးမျိုး ဖန်ဆင်းနိုင်ခြင်းသည် ဂန္ဓာရီဝိဇ္ဇာ မည်ပါသည်။ ရဟန်းတော်များသည် လောကီဂန္ဓာရီဝိဇ္ဇာမျိုးဖြင့်သာ စွမ်းနိုင်ကြ၍ လောကုတ္တရာတရားဖြင့် လူကြည်ညိုအောင် မတတ်နိုင်ကြပါ။) တု ကဲ့ရဲ့ကြမည်ဖြစ်၍ ဤ ဣဒ္ဓိပါဋိဟာရိယ တန်ခိုးပြခြင်းသည် ဤကဲ့သို့သော အပြစ်ရှိ၍ ငါဘုရား ခွင့်မပြုဟု မိန့်တော်မူသည်။

## ၂။ အာဒေသနာပါဋိဟာရိယ

ကေဝဋ္ဋ–နောက်တစ်မျိုးဖြစ်သော အာဒေသနာပါဋိဟာရိယ ဟူသော အတတ်ဟောခြင်းပြာဋိဟာ ဟူသည်မှာ–

ဤသာသနာတော်ထမ်း ရဟန်းသည် (သင်၏စိတ်သည် ဤသို့သဘောရှိသည်။ ဤသို့ အချင်းအရာရှိသည်။ ယခု သင်၏စိတ်သည် မည်သို့ဖြစ်နေသည်) စသည်ဖြင့်

ပြောဟောခြင်း စေတောပရိညာဏ်ကဲ့သို့ သူတစ်ပါး၏ စိတ်အကြံကိုသိ၍ ဟောပြောသည်ကို သဒ္ဓါတရားဖြင့် ယုံကြည်သူက ပြောသည်ကို သဒ္ဓါတရားမရှိ၍ မယုံကြည် သောသူက (ရဟန်းတော်များသည် လောကီစိန္တာမဏိက ဝိဇ္ဇာများသာတည်း။ ဤသို့ သူတစ်ပါးစိတ်အကြံကို အတတ် ဟောပြောပြခြင်းသည် ဝိဇ္ဇာမယ်ဒ္ဓိ အသင်းအပင်း လောကီ ဂိုဏ်းဂဏများ၏ အပာတ်ပညာ) ဟု အယူမှောက်မှားဖွယ်ရာ အပြစ်များသာ ဖြစ်နိုင်၍ ဤအာဒေသနာပါဋိဟာရိယ အတတ်ဟော တန်ခိုးပြခြင်းမျိုးကို မြတ်စွာဘုရားက ခွင့်မပြု ခြင်း ဖြစ်သည်။

## ၃။ အနုသာသနီပါဋိဟာရိယ

ကေဝဍ္ဍ – နောက်တစ်မျိုးကား အနုသာသနီပါဋိ ဟာရိယာ ဟူသော ဆုံးမခြင်းပြာဋိဟာ ဟူသည်မှာ –

ဤသာသနာတော်၌ ရဟန်းသည် (ဤသို့ ကြံကြကုန် လော့၊ ဤသို့ မကြံကြကုန်လင့်၊ ဤသီလကို စောင့်ထိန်းကြ လော့၊ ဤသမာဓိပညာမျိုး တိုးပွားအောင် အားထုတ်ကြ ကုန်လော့၊ ဤသို့ နှလုံးသွင်းကြကုန်လော့၊ ဤသို့ နှလုံး မသွင်းကြကုန်လင့်၊ ဤတရားမျိုးကို ဖယ်ကြကုန်လော့။) စသည်ဖြင့် ဆုံးမခြင်းသည် အနုသာသနီပါဋိဟာရိယ မည်၏။ တရားတော် အားလျော်စွာ ကြည်ညိုဖွယ်ဖြစ်အောင် ဆွဲဆောင်

ရန်၊ ကျင့်ကြံအားထုတ်ရန် ဟောပြော ဆုံးမ လမ်းညွှန်တော်မူသော အနုသာသနီပါဋိဟာရိယကိုသာ မြတ်စွာဘုရား ခွင့်ပြုတော်မူရာ သာသနာအစစ် အပြစ်မရှိသော အနှစ်သာရကို မြင်နိုင်ပေသည်။ တန်ခိုးပြ၍ စည်းရုံးယူရသော သာသနာ မဟုတ်ပေ။

စသည်ဖြင့် ကေဝဋ္ဋသူကြွယ်၏ သားကို ဆုံးမတော်မူလေသည်။

မှန်၏။ မြတ်စွာဘုရားတို့၏ ဗုဒ္ဓကိစ္စမှာ သတ္တဝါတို့ ကျွတ်လွတ်ထွက်မြောက်ရန် လမ်းညွှန်ရာ၌ ထိုသတ္တဝါတို့၏ ဣန္ဒြေအနုအရင့်၊ အကျင့်စရိုက်အခြေအနေ၊ ကိန်းအောင်းနေသော ကိလေသာ၏ အတိမ်အနက်၊ ထိုသတ္တဝါ၏ နားလည်နိုင်မှုအဆင့်အတန်းတို့ကို အာသယာနုသယဉာဏ်တော်နှင့် စိစစ် လမ်းညွှန် ဆုံးမတော်မူခဲ့သဖြင့် အချို့လူ၊ နတ်၊ ဗြဟ္မာတို့ ခုနစ်ရက်ဖြင့်လည်းကောင်း၊ အချို့ကို ခုနစ်လ စသည်ဖြင့်လည်းကောင်း၊ အချို့ကို ခုနစ်နှစ် စသည့်အားဖြင့် သတ္တဝါတို့၏ ကိလေသာ အတိမ်အနက်အလိုက် အဆုံးအမအမျိုးမျိုး ပေး၍ ချေချွတ်တော်မူရသော အနု-သာသနီပါဋိဟာရိယသည် ဤမျှအရေးကြီးသည်ကို စဉ်းစားနိုင်ပါလျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ဝင်စံချုပ်ငြိမ်းပြီးမှ တရားရကြသော ဝေနေယျများစွာတို့နှင့် ယခု ကျွန်ုပ်တို့ မျက်မှောက်

ခေတ်တွင် ပရိယတ္တိသာသနာ ထွန်းကားနေသေးသမျှ အနု-သာသနီပါဋိဟာရိယရှိနေသဖြင့် ပဋိပတ္တိလမ်းမှန် အားထုတ်နိုင်ကြသည်။

## အနုသာသနီပါဋိဟာရိယအတွက်သာ

မြတ်စွာဘုရားအလောင်းတော် ဘုရားဖြစ်ရန် ဗျာဒိတ်တော်ခံယူစဉ်ကပင်လျှင် ...

- ❖ ငါ သစ္စာလေးပါး သိရလျှင် သတ္တဝါတွေ သိရစေမယ်။
- ❖ ငါ သံသရာမှ လွတ်မြောက်ရလျှင် သတ္တဝါတွေ လွတ်မြောက်ရစေမယ်။
- ❖ ငါ သံသရာမှ ကူးမြောက်ရလျှင် သတ္တဝါတွေ ကူးမြောက်ရစေမယ်။

ဟူသော ဦးတည်ကြိုးဝါးချက်များနှင့် ပါရမီ ဖြည့်ကျင့်လာသော မြတ်စွာဘုရားသည် ၄၅ ဝါ ကာလပတ်လုံး ဟောကြားသော တရားတော်များသည် ''အနုသာသနီပါဋိဟာရိယ'' များသာတည်း။

မှန်၏။ လောကလူတို့ ထူးဆန်းအံ့ဩဖွယ် ဖြစ်အောင် တန်ခိုးပြခြင်း၊ ဣဒ္ဓိပါဋိဟာရိယမျိုးနှင့် သူတစ်ပါးတို့၏ စိတ်အကြံကို သိ၍ အတတ်ပြောနိုင်ခြင်း၊ အာဒေသနာ-ပါဋိဟာရိယမျိုးတို့သည် မြတ်စွာဘုရားတို့၏ သံသရာ

ပြတ်ကြောင်း အဓိကလုပ်ငန်း မဟုတ်သဖြင့်လည်းကောင်း၊ သာသနာပြင်ပ လောကီဝိဇ္ဇာ အတတ်မျိုးဖြစ်သဖြင့် သည်းကောင်း မြတ်စွာဘုရားတို့ ဖယ်ရှား တားမြစ်တော်မူလေသည်။

## အရှင်ပိဏ္ဍောလတန်ခိုးပြ

တစ်ချိန်က ရာဇဂြိုဟ်ပြည်တွင် ဘာသာမဲ့သော သူဌေးတစ်ဦးသည် ဂင်္ဂါမြစ်၌ ပိုက်ကွန်ကာ၍ ရေချိုးနေစဉ် ပိုက်ကွန်၌ လာငြိသော သစ်တုံးတစ်တုံးအား ကြည့်ရှုရာ စန္ဒကူးသားဖြစ်နေသဖြင့် သယ်ယူကာ သပိတ်တစ်လုံးသဏ္ဌာန် ထွင်းထုလျက် ဆွမ်း၊ ဆွမ်းဟင်း အပြည့်အစုံထည့်ကာ ...

*''လောက၌ ဘုရား၊ ရဟန္တာအမည်ခံသူများ ကောင်းကင်သို့ ပျံတက်၍ ဤသပိတ်ကို ယူနိုင်က ငါတို့တစ်ဆွေလုံး တစ်မျိုးလုံး ကိုးကွယ်မည်''* ဟု-

ကြေငြာကာ အတောင်ခြောက်ဆယ် မြင့်သော တိုင်ထိပ်တွင် သပိတ်ကို ချိတ်ဆွဲလျက် သတင်း ကြေညာလေသည်။ ဤသို့ ကြေညာထားသည်မှာ ခုနစ်ရက်ပင်ရှိသော်လည်း မည်သူမှ တန်ခိုးပြ၍ မယူကြသဖြင့် ...

*''အလကားပါ လောကမှာ ငါကသာ ဘုရား၊ ဘုရားလို့ ပြောနေကြပေမယ့် တကယ်တမ်း ဘယ်သူ*

*တစ်စုံတစ်ဦးက တန်ခိုးပြနိုင်လို့လဲ၊ အလကားညာနေကြတာပါ''* ဟု -

အရက်သမားတစ်စုတို့ ပြောဆိုနေကြသံကို ဆွမ်းခံကြွရန် သင်္ကန်းရုံနေသော အရှင်မဟာမောဂ္ဂလာန် ကြားလေ၏။ ထိုအခါ အရှင်ပိဏ္ဍောလဘာရဒွါဇ အား

*''ငါ့ရှင်–ဒီအရက်သမားတွေဟာ အားလုံးကို သိမ်းကျုံးပြီး လူညာတွေလို့ ပြောနေကြတယ်။ ငါ့ရှင် ကောင်းကင်ခရီးက ပျံပြီး ဒီသပိတ်ကို ယူလိုက်ပါ''*

ဟု -

တိုက်တွန်းသဖြင့် အရှင်ပိဏ္ဍောလသည် သုံးဂါဝုတ်မျှရှိသော ကျောက်ဖျာကြီးကို ခြေမဖြင့် ညှပ်ယူ၍ ရာဇဂြိုဟ်မြို့ပေါ်တွင် ပျံဝဲပြပြီး ကျောက်ဖျာကို ဘေးကင်းရာသို့ ခပ်ထုတ်လိုက်ကာ သူဌေး၏အိမ်ခေါင် ကောင်းကင်၌ ရပ်ပြတော်မူရာ သူဌေးက *''ဆင်းတော်မူပါ''* ဟု လျှောက်ထားပြီးလျှင် သပိတ်တွင်းသို့ စတုမဓုများ လောင်းထည့်ကာ လှူလိုက်သဖြင့် ကျောင်းသို့ ပြန်ကြွလာလေသည်။ ဝမ်းသာအားရဖြင့် သတင်းကြားရသူတို့က *''အရှင်ဘုရား တန်ခိုးနည်းနည်းပြတော်မူပါဦးဘုရား''* စသည်ဖြင့် ဆူဆူညံညံ အထူးတဆန်း အုတ်အော်သောင်းတင်း ဖြစ်နေကြကြောင်းကို မြတ်စွာဘုရားကြားသိတော်မူလေလျှင် အရှင်ပိဏ္ဍောလဘာရဒွါဇ အား

ခေါ်တော်မူ၍ ဤတန်ခိုးပြခြင်း၌ များစွာသောအပြစ်ရှိကြောင်း ဆုံးမတော်မူလျက် "မည်သူမှ တန်ခိုးမပြရ" ဟု ပညတ်တော် မူလေသည်။

မှန်ပါသည် ။ တန်ခိုးရခြင်း၊ တန်ခိုးပြခြင်းသည် မြတ်စွာဘုရား၏ တစ်ခုတည်းသောမူဝါဒဖြစ်သည့် သံသရာမှ လွတ်မြောက်ရေး၊ ကိလေသာပြတ်ရေးနှင့် လုံးဝဆန့်ကျင်လေ သည်။ တန်ခိုးပြခြင်းသည် မျက်လှည့်ပြခြင်းသာလျှင်ဖြစ်၍ အကျိုးမရှိ၊ တရားထူးရနိုင်သော သဘောလည်း မရှိရကား မြတ်စွာဘုရား တားမြစ်တော်မူခြင်း ဖြစ်လေသည်။

## ကျွတ်လွတ်ကြပြီ အနုသာသနီ

မြတ်စွာဘုရားသည် သတ္တဝါတို့အား သံသရာပြတ် ကြောင်း တရားများ ဟောကြားတော်မူခြင်းအဆုံး၌ –

"*အယံဝေါ အမှာကံ အနုသာသနီ*"

ဤသည်ကား သင်ချစ်သားတို့အား ငါဘုရား၏ သံသရာပြတ်ကြောင်း ကောင်းမြတ်သော အဆုံးအမတော် ပေတည်း ဟူ၍လည်းကောင်း၊

"*ဗျာယထာနန္ဒ မာပမာဒတ္တ အယံဝေါ အမှာကံ အနုသာသနီ*"

ချစ်သားအာနန္ဒာ သတိပြု၍ ရှုကြည့်ကုန်လော့။ မမေ့မလျော့ကုန်လင့်၊ နောက်၌ နှလုံးမသာမယာ မဖြစ်ကြကုန်လင့်၊ ဤသည်ကား သင်ချစ်သားတို့အတွက် ငါဘုရား၏ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော အဆုံးအမပေတည်းဟူ၍ ဟောကြားသတိပေးရခြင်းတို့သည် အပြင်အပ ရုပ်ပြအတွက် မဟုတ်။ အသိပညာသာသနာသည် သတိပဋ္ဌာန်ဉာဏ်ပညာဖြင့်သာလျှင်ကိလေသာကို ပယ်ခွာဖြတ်တောက်နိုင်သော သာသနာတော်ဖြစ်၍ မြတ်စွာဘုရား ညွှန်ပြသော 'အနုသာသနီပါဋိဟာရိယ' သည်သာလျှင် ဆင်းရဲသံသရာပြတ်သော အဆုံးအမဖြစ်ကြောင်းနှင့် ရုပ်ပြသာသနာမဟုတ်ကြောင်း သတိပြုနိုင်ကြပါကုန်။

သစ္စဝါဒီ

(အနန္တငါးဖြာမဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၈)

~*~*~*~

# ဘုရားအလောင်းနှင့် ဝိပဿနာ

ဆရာကြီးခင်ဗျား ...

ကျွန်တော်တို့ ဥက္ကံမြို့တွင် တရားရိပ်သာတစ်ခု ရှိပါသည်။ ကျွန်တော်တို့မှာ အစိုးရဝန်ထမ်း ဆင်းရဲသားများ ဖြစ်၍ စနေ၊ တနင်္ဂနွေ ရုံးအားရက်မှ တရားရိပ်သာသို့ သွားကာ တတ်အားသမျှ တရားနာအားထုတ်ကြပါသည်။

တစ်နေ့တွင် ကျွန်တော်တို့ တရားအားထုတ်ပြီးချိန်၌ ဦးဘတင်ဆိုသူ ကျွန်တော်တို့နှင့် ရင်းနှီးသော ဆေးဆရာကြီး တစ်ဦး ရောက်လာသဖြင့် ကျွန်တော်တို့က

``ဟာ ... ဦးဘတင် လာတာ နည်းနည်း နောက်ကျသွားတယ်။ အခုပဲ ကျွန်တော်တို့ အားထုတ်ပြီးကြပါတယ်''ဟု ပြောရာ ...

ဦးဘတင် က ''*ကိစ္စမရှိပါဘူး။ ကျွန်တော်က ဘုရားဆုပန်ထားတာပါ။ တရားအားထုတ်ဖို့ မလိုပါဘူး*'' ဟု ဆိုပါသည်။

ဆေးဆရာကြီးဦးဘတင်မှာ စာပေတွင် အတော်ကလေး နှံ့စပ်သည်ဟူသော သတင်းစကားကြောင့် ကျွန်တော်တို့ ဘယ်လိုမှ ပြန်လည်မဆွေးနွေးဝံ့သော်လည်း တစ်ချိန်က တရားပွဲတစ်ခုတွင် ဆရာတော်တစ်ပါးက

''*တကာတို့ -တရား အားထုတ်ကြနော်။ ဝိပဿနာတရားဆိုတာ ကတိမြဲဖို့ရယ်၊ ပညာပါရမီဖြည့်ရာမှာ ကြီးစွာသော အထောက်အကူဖြစ်လို့ ဘုရားအလောင်းတော်များတောင်မှ ဝိပဿနာ အားထုတ်ရတယ်*''

ဆိုသောစကား ကြားယောင်မိသော်လည်း ဘယ်တရားပွဲ၊ ဘယ်ဆရာတော်ရယ်လို့ မမှတ်မိသည့်အပြင် တရားစကားအငြင်းအခုံလည်း ကျွန်တော်တို့ ဝါသနာမပါသောကြောင့် သစ္စဝါဒီဆရာကြီးထံမှ ကျမ်းဂန်အထောက်အထားများ ရရှိလိမ့်မည်ဟု မျှော်လင့်ပါသောကြောင့် အနန္တငါးဖြာစာစောင်မှ ရှိခိုးပန်ကြားပါသည်ခင်ဗျား။

မောင်သောင်းတင်နှင့်ဓမ္မမိတ်ဆွေများ
ဥက္ကံမြို့

ဤစာ (၂၀-၅-၉၃)နေ့ ကျွန်ုပ်ထံ ရောက်လာသည်။ ဤပြဿနာမျိုး ကျွန်ုပ်တို့ ပြောကြ၊ ဆိုကြ ဆွေးနွေးကြဖူး ပါသည်။ ဘုရားဆုပန်သူ ဘုရားအလောင်းဆိုသူတို့မှာ သူတို့ ကိစ္စများသာ ဖြစ်၍ ကျွန်ုပ်တို့ ဆွေးနွေးရန် မလိုပေ။ သို့ရာတွင် ယခု မောင်သောင်းတင်တို့စာမှာက သူတို့က ရိုးရိုးတရား အားထုတ်သူများဖြစ်၍ ဘုရားအလောင်း မဟုတ်ကြပေ။ အကယ်၍ ဘုရားအလောင်းသည်ပင် ဤသို့အားထုတ်သွား ကြကြောင်းကို ခိုင်လုံသော ခမ္ဘက္ခန္ဓာ အထောက်အထားများ ရရှိပါက မောင်သောင်းတင်နှင့် သိလိုသူများအတွက် အလွန် အားတက် ဝမ်းမြောက်စွာ တိုးတက်အားထုတ်သွားနိုင်ကြ ပါစေရန် မိမိသိမီသမျှ ရေးသားဖြေကြားပေးလိုက်ပါသည်။

မြတ်စွာဘုရားအလောင်းတော်တို့သည် ဘုရားဖြစ်မည့် နောက်ဆုံးဘဝ မရောက်မီဘဝတို့၌ တစ်ခါတစ်ရံ ဘုရား တစ်ဆူဆူ၏ လက်ထက်တော်တွင် ရဟန်းပြု၍ ဝိပဿနာ တရားကို အားထုတ်ကြကြောင်း ...

*''တထော ပုရိမ ပုရိမေသု ပန ဘဝေသု သဗ္ဗညု ဗောဓိသတ္တာ ဗုဒ္ဓသာသနေ ပဗ္ဗဇိတွာ တီဏိပိဋ္ဋကာနိ ဥဂ္ဂဏှိတွာ ဂတပစ္စာဂတဝတ္တံ အာရုယှ ကမ္မဋ္ဌာနံ အနုလောမဂေါတြဘုံ အာဟစ္စဌပေန္တိ'*

(ပုဂ္ဂလပညတ်အဋ္ဌကထာ ၄၀)

တထော၊ ထိုပစ္ဆိမဘာဝိကာဘာဝမှ။ ပုရိမ ပုရိမေသု၊ ရှေးရှေး၌ဖြစ်ကုန်သော။ ဘဝေသု၊ ဘဝတို့၌။ သဗ္ဗညု၊ ဘုရား အလောင်းတော်တို့သည်။ ဗုဒ္ဓသာသနေ၊ တွေ့ကြုံဆဲ မြတ်စွာ ဘုရား၏ သာသနာတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ တီဏိပိဋကာနိ၊ ပိဋကတ်သုံးပုံတို့ကို။ ဥဂ္ဂဏှိတွာ၊ သင်ယူ၍။ ဂတပစ္စာဂတဝတ္တံ၊ အသွားအပြန် ဆင်ခြင်ရသော ဝတ်ကို။ အာရုယှ၊ တက်ရောက်၍။ ကမ္မဋ္ဌာနံ၊ ဝိပဿနာကမ္မဋ္ဌာန်းကို။ အနုလောမဂေါတြဘုံ၊ အနုလောမဉာဏ် ဂေါတြဘုဉာဏ်သို့။ အာဟစ္စ၊ ဆိုက်ထိ၍။ ဌပေန္တိ၊ ထားကုန်၏။

ဘုရားအလောင်းတော်တို့၏ တစ်ဆူသော ဘုရား၏ သာသနာတော်တွင် ရဟန်းပြု၍ ပိဋကတ်သုံးပုံကို သင်ယူပြီး ရဟန်းတို့၏ ပြုကျင့်ရာ ဂတပစ္စာဂတဝတ်ကို ဆောင်၍ ဝိပဿနာအားထုတ်လေရာ၊ ဝိပဿနာ၏ မဂ္ဂသဘာဝ လမ်းစဉ်အတိုင်း အသိဉာဏ်အဆင့်ဆင့် ရင့်ကျက်ကာ တက်ပါသော်လည်း ဗောဓိသတ္တသဘာဝအရ အနုလောမ ဂေါတြဘုဉာဏ်အရောက်တွင် ပုထုဇ္ဇန်အနွယ်မပြတ်မီ ဝိပဿနာဉာဏ်ရပ်သွားကြောင်း အဋ္ဌကထာက ဖော်ပြသည်။

မှန်၏။ ရုပ်နာမ်ပရမတ်ကို ဝိပဿနာရှုရာတွင် ရုပ်ပရမတ်တို့၏ ဖောက်ပြန်ပျက်စီးနေမှု သဘာဝလက္ခဏာ ၏ အပျက်ကိုသော်လည်းကောင်း၊ နာမ်ပရမတ်တို့၏ အာရုံကို သိပြီး ပျက်စီးနေမှု သဘာဝအပျက်ကိုသော်လည်းကောင်း

ရှုရ၊ သိနေရခြင်းဖြစ်ရာ ရှုဉာဏ်သည် ဤခန္ဓာ၏ အပျက်ကို သာ လေ့လာသောဉာဏ် ရင့်ကျက်လာသမျှ အသိဉာဏ် တက်တက်သွားခြင်းမှာ ဓမ္မသဘာဝအတိုင်းဖြစ်သော်လည်း နိယတဗျာဒိတ်ရပြီး ကျိန်းသေရင့်ကျက်ပြီးသော ဘုရား အလောင်းတော်တို့၏ တစ်ပါးသော ဆရာသမား၏ တရားနှင့် မဂ်မရထိုက်သော ဗောဓိသတ္တသဘာဝအရ အနုလောမ ဂေါတြဘူဉာဏ်တွင် ရပ်သွားသည်။ ဤသို့ မဂ် မရောက်ဘဲ ရပ်သွားခြင်းကိုသိသော အလောင်းတော်အား ဆက်၍ အားမထုတ်တော့ကြောင်း ...

*စတုပါရိသုဒ္ဓိသီလေ ပန သုပတိဋ္ဌာယ တေ ပိဋ္ဌကံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတွာ တေရသဓုတင်္ဂါနိ သမာ-ဒါယ အရညံ ပဝိသိတွာ ဂတပစ္စာဂတဝတ္တံ ပူရယမာနာ သမဏဓမ္မံ ကရောန္တာ ဝိပဿနံ ဝဍ္ဎေတွာ ယာဝ အနုလောမဉာဏံ အာဟစ္စ တိဋ္ဌန္တိ မဂ္ဂဖလတ္တံ ဝါယာမံ နကရောန္တိ*

(မဇ္ဈိမပဏ္ဏာသဋ္ဌကထာ-၁၉၅)

စတုပါရိသုဒ္ဓိသီလေ၊ စတုပါရိသုဒ္ဓိသီလ၌။ သုပတိ-ဋ္ဌာယ၊ ကောင်းစွာတည်စေ၍။ တေပိဋ္ဌကံ၊ ပိဋကတ်သုံးပုံဟု ဆိုအပ်သော။ ဗုဒ္ဓဝစနံ၊ ဘုရားစကားတော်ကို။ ဥဂ္ဂဏှိတွာ၊ ကောင်းစွာသင်ယူ၍။ တေရသဓုတင်္ဂါနိ၊ တစ်ဆယ့်သုံးပါးသော

ဓုတင်တို့ကို။ သမာဒါယ၊ ကောင်းစွာဆောက်တည်လျက်။ အရညံ၊ တောအရပ်သို့၊ ပဝိသိတွာ၊ ဝင်၍။ ဂတပစ္စာဂတဝတ္တံ၊ အသွားအပြန် ဆင်ခြင်ရသော ဂတပစ္စာ ဂတဝတ်ကို။ ပူရယမာနာ၊ ဖြည့်ကျင့်လျက်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တာ၊ အားထုတ်ကုန်၍။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွား၍။ ယာဝအနုလောမဉာဏံ၊ အနုလောမဉာဏ် တိုင်အောင်။ အာဟစ္စ၊ ဆိုက်ထိ၍ တိဋ္ဌန္တိ၊ တည်ကုန်၏။ မဂ္ဂဖလတ္တံ၊ မဂ်ရခြင်း, ဖိုလ်ရခြင်းအကျိုးငှာ။ ဝါယာမံ၊ အားထုတ်မှုကို။ နကရောန္တိ၊ မပြုကြကုန်။

အလားတူ ဇိနာလင်္ကာရဋီကာ၌လည်း –

(ပါဠိချွင်းခဲ့အံ့)

ပန၊ အထူးကို ဆိုဦးအံ့။ တာနိအဋ္ဌဉာဏာနိ၊ ဥဒယဗ္ဗ ဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် ရှစ်ပါးသော ထိုဝိပဿနာဉာဏ်တို့ကို။ တေန၊ ထိုဘုရားအလောင်းတော် သည်။ သဗ္ဗဗုဒ္ဓါနံ၊ အလုံးစုံသောမြတ်စွာဘုရားတို့၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ ပိဋကတ္တယံ၊ သုံးပုံပိဋကတ်ပရိယတ်ကို။ ဥဂ္ဂဟေတွာ၊ လေ့လာသင်ကြား၍။ ဝိပဿနာမဂ္ဂံ၊ ပုဗ္ဗဘာဂသတိပဋ္ဌာန်မဂ်သို့။ ဩဂါဟေတွာ၊ သက်စေ၍။ ပဋိလဒ္ဓါနိ၊ ရအပ်သော သတိပဋ္ဌာန်တရားတို့ကို။ ဘာဝိတာနိ၊ ပွားအပ်ကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ကုဋိယဗ္ဘန္တရ၊

တိုက်ခန်းအတွင်း၌။ ဇလမာနပဒီပံဝိယ၊ ထွန်းထားအပ်သော ဆီမီးတိုင်ကဲ့သို့။ ဌိတာနိ၊ တည်ကုန်သည်။ အပေဟသုံ၊ ဖြစ်ကုန်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ခိပ္ပမေဝ၊ လျင်မြန်စွာ သာလျှင်။ ဉာဏာနိ၊ ဉာဏ်တို့သည်။ အာဂတာနိ၊ ဖြစ်လာ ရကုန်၏။ နဝမံ၊ ကိုးခုမြောက်သော။ သစ္စာနုလောမိကမေဝ၊ သစ္စာနုလောမိက ဉာဏ်တစ်ခုသာလျှင်။ အပ္ပဋိလဒ္ဓပုဗ္ဗံ။ မရစဖူးသည်။ ဟုတွာ၊ ဖြစ်၍။ ဌိတ၊ တည်၏။

ရှင်းပြင် ...

*ပုဗ္ဗဧယာဂေါပန ပုဗ္ဗဗုဒ္ဓါနံ သာသနေ ယောဂါဝစရတာ ဂတပစ္စာဂတိက ဘာဝေန ယာဝ အနုလောမ ဂေါတြဘုသမီပံ ပတ္တ ဝိပဿနာ နုယောဂေါ*

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ–၆)

*အပစ္ဆိမဘဝိကာပန ဝိပဿနံသခ်ါရုပေက္ခံ ပါပေတွာ ဌပေန္တိ*

(ပဋိသမ္ဘိဒါမဂ္ဂဋ္ဌကထာ–၂၅၁)

*အနုလောမ ဂေါတြဘူ သမိပန္တိ အနုလောမ ဂေါတြဘူနံ သမိပေ အာသန္နေ သခ်ါရုပေက္ခ*

(ပဋိသမ္ဘိဒါမဂ်ဂဏ္ဌိပုဒ်)

ဤကိုးကားပြဆိုချက်များကား ဘုရားအလောင်းတော်သည် နိယတဗျာဒိတ်ရပြီးဖြစ်ပါသော်လည်း နက်နဲသော ပညာပါရမီ တက်သန်တော်မူခြင်းအလို့ငှာ အားထုတ်ဆည်းပူးတော်မူခြင်းဖြစ်သည်။ သို့ရာတွင် ဝိပဿနာဉာဏ်၏ လမ်းစဉ်ကား ...

*ပရိပက္ကာ ကမေနေဝံ၊ ပရိဘာဝိတ ဘာဝနာ၊*
*ပရိစ္စဇန္တိ သင်္ခါရေ၊ ပက္ခန္ဒန္တိ အသင်္ခတေ*

(နာမရူပပရိစ္ဆေဒဋ္ဌကထာ–၁၅၂)

ဝေံ၊ ဤဆိုခဲ့သောအတိုင်း။ ပရိဘာဝိတ၊ ဘာဝနာပွားများလေ့လာအပ်သော ဘာဝနာဉာဏ်သည်။ ကမေန၊ အစဉ်အတိုင်း။ ပရိပက္ကာ၊ ရင့်ကျက်ခြင်းသို့ရောက်လတ်သော်။ သင်္ခါရေ၊ ပြုခြင်းပြင်ခြင်း မကင်းသဖြင့် ဖြစ်ခြင်းပျက်ခြင်း ရှိသော ရုပ်နာမ်သင်္ခါရ သင်္ခတသဘောတို့ကို။ ပရိစ္စဇန္တိ၊ စွန့်လွှတ်ကုန်၏။ အသင်္ခတေ၊ ပြုပြင်ခြင်းကင်းသော အသင်္ခတဓာတ်တို့။ ပက္ခန္ဒန္တိ၊ ပြေးဝင်ကုန်တော့၏။

ဤကား ဝိပဿနာလမ်းစဉ်သဘာဝဖြစ်သည်။ အခြေခံရုပ်နာမ်ပရမတ်အမှန်တည်ပြီး ရုပ်ပရမတ်၏ ဖောက်ပြန်မှု သဘောတရားတို့၏ အနိစ္စလက္ခဏာ အပျက်ကိုဖြစ်စေ၊ နာမ်ပရမတ်၏ သိမှုသဘောတရားတို့၏ အနိစ္စလက္ခဏာအပျက်ကိုဖြစ်စေ အမှန်အတိုင်းသိသော ယထာ–

ဘူတ ဉာဏ်ဖြင့် ဘာဝိတာ ဗဟုလီကတာအရ ထပ်ကာ ရှုသိနေသောပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်သည် အရှုအသိများ၍ ရင့်ကျက်လာသည်ရှိသော် ထိုရှုဉာဏ်သည် ရှုနေသိနေသော ရုပ်နာမ်သင်္ခါရတို့အပေါ်တွင် သာယာခင်မင် နှစ်သက်စွဲလန်းခြင်းမှ လွန်မြောက်ပြီး ဖြစ်ခြင်း ပျက်ခြင်းကင်းသော အသင်္ခတဘက်သို့ ပြေးဝင်သည့်မှာ ဝိပဿနာမဂ်ဘက်စဉ်၏ သဘာဝလမ်းကြောင်းအတိုင်း လက်တွေ့ကျကျ အားထုတ်က အမှန်သိလာပေလိမ့်မည်။

ဘုရားအလောင်းတော်တို့ကား ဤပရမတ်ရုပ်နာမ်သဘောတရားအမှန်ကို ယထာဘူတဉာဏ်ဖြင့် လေ့လာရှုကြည့်ပါသော်လည်း ဝိပဿနာရှုဉာဏ်အဆုံးဖြစ်သော သင်္ခါရုပေက္ခာ သို့မဟုတ် အနုလောမဉာဏ်သို့သာ ရောက်၍ ပုထုဇ္ဇန်အနွယ်ကိုဖြတ်သော ဂေါတြဘူမှ အရိယာဖြစ်သော လောကုတ္တရာမဂ်သို့ ဘုရားဆုရပြီးသော နိယတဗျာဒိတ်ကျိန်းသေပြီးသော အလောင်းတော်တို့အား ဗျာဒိတ်တော်က တားထားသည်။

မှန်၏။ နိယတဗျာဒိတ်ရှင် အလောင်းတော်အား 'ပရတောဃောသ' သူတစ်ပါးပေးသောတရားနှင့် အရိယာဖြစ်ရိုးမရှိသောကြောင့် ဖြစ်၏။

## အလောင်းတော်၏ရဟန်းကိုးဘဝ

ဤအကြောင်းနှင့်စပ်၍ ဗဟုသုတအလို့ငှာ ဘုရားအလောင်း၏ ရဟန်းကိုးဘဝနှင့် တရားအားထုတ်ခဲ့ပုံကို ဗုဒ္ဓဝင်ပါဠိတော် လာသည့်အတိုင်း ဖော်ပြအံ့။

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလအတွင်း တကျော်ကရာအစ အရိမေတ္တယျအဆုံး ဘုရားပေါင်း ၂၈ဆူ ပွင့်တော်မူရာ ဂေါတမဘုရားအလောင်းတော်သည် ဒီပင်္ကရာအစ ကဿပအဆုံးရှိသော ၂၃ ဆူသော မြတ်စွာဘုရားတို့၏ အထံတော်၌ နိယာတဗျာဒိတ် ခံတော်မူသည်။

ကောဏ္ဍည၊ မင်္ဂလ၊ သုမေဓ၊ သုဇာတ၊ ဖုဿ၊ ဝေဿဘူ၊ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ ဤဘုရားကိုးဆူတို့၏အထံ၌ ရဟန်းပြုသည်။

၁။ သာရကမ္ဘာ၌ ကောဏ္ဍညဘုရား လက်ထက် တွင် ဝိဇိတာဝီ စကြာမင်းဘဝမှ ရဟန်းပြုသည်။

၂။ သာရမဏ္ဍကမ္ဘာ၌ မင်္ဂလာဘုရားလက်ထက် တွင် သုရုစိပုဏ္ဏားဘဝမှ ရဟန်းပြုသည်။

၃။ မဏ္ဍကမ္ဘာ၌ သုမေဓာဘုရားလက်ထက်တွင် ဥတ္တရလုလင်ဘဝမှ ရဟန်းပြုသည်။

၄။ ယင်းမဏ္ဍကမ္ဘာ၌ပင် သုဇာတဘုရား လက်ထက် တွင် စကြာမင်းဘဝမှ ရဟန်းပြုသည်။

၅။ မဏ္ဍကမ္ဘာ၌ ဖုဿဘုရား လက်ထက်တွင် ဝိဇိတာဝီမင်းအဖြစ်မှ ရဟန်းပြုသည်။

၆။ မဏ္ဍကမ္ဘာ၌ ဝေဿဘူဘုရား လက်ထက် သုဒဿနမင်းအဖြစ်မှ ရဟန်းပြုသည်။

၇။ ယခုဘဒ္ဒကမ္ဘာ၌ ကကုသန်ဘုရား လက်ထက်တွင် ခေမမင်းဘဝမှ ရဟန်းပြုသည်။

၈။ ယခုဘဒ္ဒကမ္ဘာ၌ပင် ကောဏာဂုံဘုရား လက်ထက်တွင် ပဗ္ဗတမင်းဘဝမှ ရဟန်းပြုသည်။

၉။ ယခုဘဒ္ဒကမ္ဘာ၌ပင် ကဿပဘုရားလက်ထက်တွင် ဇောတိပါလလုလင်ဘဝမှ ရဟန်းပြုလေသည်။

သည်ကို ရည်၍ မန်လည်ဆရာတော်ဘုရားကြီး၏ မဃဒေဝလင်္ကာသစ် သံဝေဂခန်း၌ ...

*နှစ်ကျိပ်သုံးပါး၊ ရှင်တော်များတွင်၊ ရှေးဖျားနာမ၊ ကောဏ္ဍညနှင့်၊ မင်္ဂလမြတ်စွာ သုမေဓာ သုဇာတ ဖုဿ ဝေဿဘူ၊ သုံးဆူတစ်ဖန်၊ ကကုသန် ကောဏာဂမန ကဿပတို့၊ လောကသုံးပါး၊ ပွင့်ထင်ရှားစဉ်၊ ပယ်ရှားအိမ်ရာ၊ သာသနာသမယ၊ ဒုလ္လဘ၌၊ အရတော်လစ်၊ ရဟန်းဖြစ်၍၊ ရှင်ချစ်ဘုရား၊*

*မြတ်ကိုးပါး၏၊ ထံပါးကပ်ဆည်း၊ ခယမ်းပည်း ဘူးလျက်၊ ခံနည်းရယူ၊ ဂေါတြဘူနှင့်၊ အတူရှေးရှို၊ နှလုံးထိအောင်၊ ဝိပဿနာ၊ မဟာဝဇီရ၊ ဉာဏအထူး၊ လေ့လာဖူးသား ...*

စသည်ဖြင့် စပ်ဆိုတော်မူထားရာ ဝိပဿနာတရား ဟူသည်မှာ ခန္ဓာဇာတ်သိမ်း မငြိမ်းသေးသော ခန္ဓာရသူတိုင်း အားထုတ်အပ်သောလုပ်ငန်း ဖြစ်လေသည်။

**သံဝေဂနှင့်တိုက်တွန်းချက်**

ဤဖော်ပြခဲ့သော သဘောတရားအရ ဘုရားဆုပန်ဟု မိမိကိုယ်မိမိ ယူဆယုံကြည်ထားသော ပုဂ္ဂိုလ်တို့မှာ သံသရာ တွင် ကျင်လည်နေကြရသော ဒုက္ခသည်တို့အား ထိုသံသရာ ဝဋ်ဒုက္ခမှ ကျွတ်လွတ်ထွက်မြောက်စေလိုသော အလွန်မွန်မြတ် လှသော ခိုင်မာသည့်စိတ်ဓာတ်ကြီးနှင့် ဘုရားဆုကို ပန်ခြင်း ဖြစ်ရာ မိမိ၏ဗျာဒိတ်ခံမှုသည် ဘုရားဆုဗျာဒိတ်ရရာ အဘနီဟာရရှစ်ပါးတွင် 'သတ္ထာရဒဿနံ' အရ ဘုရား တစ်ဆူဆူ၏အထံမှ ဗျာဒိတ်ရမှ (နိယတ) ကျိန်းသေဖြစ်၍ ဝိပဿနာအားထုတ်ရာတွင် အနုလောမဉာဏ်ရောက်လျှင် ရပ်သွားမည်။ သို့ဖြစ်လျှင် ကျိန်းသေသော ဘုရားအလောင်း

ဖြစ်ပေလိမ့်မည်။ ဤသို့ ဝိပဿနာနှင့် မစမ်းသပ်ဘဲ မိမိ၏ စိတ်စေတနာအတိုင်း စိတ်ကူးနှင့် ဘုရားဖြစ်ချင်သူများဆိုက "*စိန္တိတံ သဇ္ဈတိ ဗုဒ္ဓါဘိဗျ*" ဆိုသောကြောင့်လည်းကောင်း၊ "*နဝသင်္ချေယျဝါစကံ*" ဆိုသောကြောင့်လည်းကောင်း၊ စိတ်ကူးနှင့်ခုနစ်သင်္ချေ၊ နှုတ်နှင့်ကိုးသင်္ချေတိုင်အောင် သွားနိုင်ရကား ဤလို အများဒုက္ခကို မိမိတို့ကိုယ်နှင့် ရင်းနှီး၍ ဒုက္ခခံကာ ပါရမီဖြည့်၍ ဘုရားဖြစ်လိုသော ဘုရားအလောင်းတို့အား ကျွန်ုပ်တို့ များစွာချီးကျူးပါသည်။ အကယ်၍ ဘုရားဆုပန်သော နိယတကျိန်းသေ ဗျာဒိတ်ရပြီးသူများသည် ပင်လျှင် ဝိပဿနာအလုပ် အားထုတ်ကြသည်ဖြစ်၍ မိမိက ကျိန်းသေ/မသေ မသိရပါဘဲလျက် 'ကျုပ်က ဘုရားဆုပန်ထားလို့ ဝိပဿနာ အားမထုတ်ပါ' ဆိုသော ပုဂ္ဂိုလ်များမှာ မိမိတို့ ရမည်, မရမည်၊ ဖြစ်မည်, မဖြစ်မည်ကို မသိဘဲနှင့် ဝိပဿနာအားမထုတ်၍ အရိယာမဖြစ်သော ပုထုဇ္ဇန်ဘဝနှင့် သေရခြင်းသည် လားရာဘဝ ဂတိတစ်ခု အတွက် အလွန်စိတ်မချရသဖြင့် မည်သည့်ကမ္ဘာမှာ ပွင့်မည့် ဘုရားတွင် နိယတဗျာဒိတ်ရဖို့မှာ အလွန်ဖသေချာသောကြောင့် ယခု ဝိပဿနာအမှန်တရားပြနေသော တရားဌာနတစ်ခုခုတွင် တစ်လမျှ ဝင်ရောက်၍ လုံ့လဝီရိယထား၍ အားထုတ်ကြည့်ပါ။ ယင်းသို့ အားထုတ်သဖြင့် မဂ်မရဘဲ

ရပ်သွားလျှင် ကျိန်းသေဘုရားအလောင်းဖြစ်၍ အလွန်ဝမ်းမြောက်ဖို့ကောင်းပါသည်။ အကယ်၍ မဂ်ဉာဏ်အထိ ရောက်သွားပါကလည်း မိမိ၏ဘုရားဆုပန်မှုသည် အနိယတ ကျိန်းမသေသဖြင့် ပုထုဇ္ဇန်ဘဝမှ လွတ်သော အရိယာအဖြစ်သို့ ရောက်သောကြောင့် ဘုရားဆုပင် မရသော်လည်း သံသရာရေး စိတ်အေးရသော ဝိပဿနာအလုပ်ကို ဘုရားအလောင်းမှစ၍ မိမိသံသရာဆင်းရဲ၊ ခန္ဓာဆင်းရဲ ကြောက်သူတိုင်း ကြိုးစားအားထုတ်ကြပါရန်။

**သစ္စဝါဒီ**

**(အနန္တငါးဖြာမဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၉)**

# ပါရမီရှိသူတိုင်း တရားရသလား

အယ်ဒီတာခင်ဗျား ...

အနန္တငါးဖြာမဂ္ဂဇင်း အမှတ် (၆) ဖွန်လထုတ် ဗုဒ္ဓဘာသာသိစရာအခန်းတွင် ရွှေဂုံတိုင်ရပ်ကွက် မောင်ထွန်းဦး၏အမေးကို ဖြေရာ၌ သစ္စဝါဒီဆရာကြီးက ပါရမီမရှိသူတို့ မရကြောင်းကို ဖြေရှင်းထားသည်မှာ အလွန်ဝမ်းမြောက်ကျေနပ်ရပါသည်။ သို့ရာတွင် မဟာဝနသူဌေးသား ပါရမီရှိပါလျက်နှင့် တရားမရပုံကိုတော့ ကျွန်တော်တို့ ဘဝင်မကျကြပါ။ ဖြစ်နိုင်သော အကြောင်း အထောက်အပံ့များနှင့် စွမ်းနိုင်သမျှ ရှင်းလင်းပေးပါရန် ဆရာကြီးသို့ အယ်ဒီတာမှ တစ်ဆင့် ပန်ကြားပေးပါခင်ဗျား၊ ကြိုတင်ဂါရဝပြုလျက် ...

သန်းထွန်း (တကက)

ဤစာကို ကျွန်ုပ် လက်ခံရရှိစဉ်မှာ အလွန်ကြည်နူး ဝမ်းမြောက်ရပါသည်။ အကြောင်းမှာ တိုင်းပြည်လုံခြုံရေး၊ နိုင်ငံတော်တာဝန်ထမ်းဆောင်ရင်း မိမိ၏ယုံကြည်ကိုးကွယ်မှုကိုလည်း အလေးဂရုပြု၍ လိုက်စား လေ့လာသော တပ်မတော်သား တပ်ကြပ်ကြီး မောင်သန်းထွန်းအား နားလည် ဘဝင်ကျစေရန် အခိုင်အမာ ပြန်ကြားလိုက်မည်။

## လူနာသုံးမျိုးနှင့် ပုဂ္ဂိုလ်သုံးမျိုး

မြတ်စွာဘုရားသည် လူနာသုံးမျိုးနှင့် တူစွာ ပုဂ္ဂိုလ်သုံးမျိုးကို တိကနိပါတ်၊ အံဂုတ္တရပါဠိတော်၌ ဤသို့ ဟောထားသည်။

၁။ အချို့သော လူနာသည် သင့်လျော်သော ဆေးဝါး၊ ခတ်စာ၊ သူနာပြုစုမှု ရသည်ဖြစ်စေ မရသည်ဖြစ်စေ ထိုရောဂါဝေဒနာမှ မထမြောက်သော လူနာ

၂။ အချို့သောလူနာသည် သင့်လျော်သော ဆေးဝါး၊ ခတ်စာ၊ သူနာပြုစုမှု ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ထိုရောဂါဝေဒနာမှ ထမြောက်သောလူနာ

၃။ အချို့သောလူနာများသည် သင့်လျော်သော ဆေးဝါး၊ ခတ်စာ၊ သူနာပြုစုမှုရလျှင်

ပျောက်ကင်းထမြောက်၏။ သင့်သော ဆေးဝါး၊
ခါတ်စာ၊ ပြုစုမှုမရလျှင် မထမြောက် သေမည့်
လူနာမျိုးတို့ ဖြစ်ရာ …

ပထမလူနာမျိုးနှင့် ပဒပရမပုဂ္ဂိုလ်မျိုး တူ၏။ ပဒပရမ ပုဂ္ဂိုလ်သည် ဤကိုယ်ဤဘဝ၌ မည်မျှပင် တရားအလုပ် အားထုတ်ပါသော်လည်း ကျွတ်လွတ်ခွင့်မရှိ။ သို့ရာတွင် ဤ အားထုတ်မှုအကြောင်းခံကြောင့် ''အနာဂတေ ပစ္စယော ဘဝိဿတိ'' အရ ဒုတိယဘဝ ဤဘုရားသာသနာမှာပင် ကျွတ်လွတ်နိုင်ပါသည်။

(ဝိမာနဝတ္ထုမှဆတ္တမာဏဝလုလင်ဝတ္ထု၊ ဖားနတ်သား ဝတ္ထုနှင့် မူလပဏ္ဏာသမှ သစ္စကပရိဗိုဇ်တို့တည်း။) ဒုတိယ လူနာမျိုးနှင့် ရှေးရှေးဘုရားတို့ အထံတော်တွင် နိယတဗျာဒိတ် ရပြီးသော ကျိန်းသေ အကျွတ်ရမည့်ပုဂ္ဂိုလ်မျိုး ဖြစ်သည်။

တတိယလူနာမျိုးနှင့် နေယျပုဂ္ဂိုလ်မျိုးတူသည်။ ယင်း တတိယလူနာသည် သင့်လျော်သော ဆေးဝါး ခါတ်စာ အပြုအစုကောင်းက ရောဂါပျောက်ကင်း၍၊ မသင့်သော ဆေးဝါး ခါတ်စာ အပြုအစုမကောင်းပါက သေရမည့်သူ နည်းတူ နေယျပုဂ္ဂိုလ်ဖြစ်သော ပုဂ္ဂိုလ်သည် ပါရမီလည်း ပါမည်။ မဟာသတိပဋ္ဌာန်နည်းမှန်လည်း ရမည်။ ရသည့် နည်းအတိုင်းလည်း သမ္မပ္ပခါန် လုံ့လဝီရိယနှင့် အားထုတ်

ပါက ထမြောက် ရောဂါပျောက်ကင်းသော လူနာကဲ့သို့ တရား ရမည်။ ဤတတိယလူနာသည် သင့်လျော်သော ဆေးဝါး ဓာတ်စာကိုလည်း မမှီဝဲ အပြုအစုလည်းမကောင်းက ထိုလူနာ သေသကဲ့သို့ ဤဘဝကျွတ်မည့် ပစ္ဆိမဘဝိကပါရမီပင် ပါသော်လည်း တရားကို နည်းမှန်လမ်းကျ မလေ့လာ။ အားထုတ်မှု လုံ့လဝီရိယလည်း မရှိက ထိုတတိယလူမမာ သေသူနှင့်တူသည်။

အနန္တငါးဖြာမဂ္ဂဇင်းအမှတ် (၆) တွင် ကျွန်ုပ်တို့ ဖော်ပြ ခဲ့သော မဟာနေသူဌေးသားကို ဓမ္မပဒကထာလာသော အတိုင်း အကျဉ်းချုပ် လေ့လာကြည့်ပါ။ သူသည် ...

၁။ သူ့ဘက်မှ ဥစ္စာပစ္စည်းကုဋေ (၈၀)၊ မယားဘက်မှ ကုဋေ (၈၀)၊ ပေါင်း (၁၆၀) ပိုင်ဆိုင်သော သူဌေးကြီး

၂။ ဘုရင်၏ ဘဏ္ဍာရေးအတိုင်အပင်ခံဖြစ်၍ နန်းတော်သို့ တစ်နေ့သုံးကြိမ် သွားရောက်၍ ခစား ရခြင်း

၃။ အရက်သမားတို့၏ စည်းရုံးမှုအရ အရက်သမား ဘဝရောက်၍ ပစ္စည်းဥစ္စာ ကုန်ခမ်းရခြင်း

၄။ နောက်ဆုံး စားစရာပင်မရှိ၍ ခွက်လက်ဆွဲကာ တောင်းစားရခြင်းတို့ကြောင့် မြတ်စွာဘုရားက ...

''အာနန္ဒာ–ဤမဟာဓနသူဌေးသားကို ကြည့်လော့။ သူသည် ပထမအရွယ်က ကောင်းသော ပစ္စည်းဥစ္စာ ရှာဖွေ ရင်းနှီးအံ့၊ ဤဗာရာဏသီပြည်တွင် ထိပ်တန်းသူဌေးကြီး ဖြစ်မည်။ အကယ်၍ လူ့ဘောင်ကို စွန့်ခွာ၍ ရဟန်းဝတ်ကာ တရားအားထုတ်ပါက ရဟန္တာဖြစ်မည်။ မယားကား အနာဂါမ် ဖြစ်မည်။ ဒုတိယအရွယ်ကျမှ ရှိသမျှပစ္စည်းနှင့် ရင်းနှီးပါက ဒုတိယတန်းသူဌေးဖြစ်မည်။ တရားအားထုတ်ပါက အနာဂါမ် ဖြစ်ပြီး မယားကား သကဒါဂါမ်ဖြစ်မည်။ တတိယအရွယ်ကျမှ သတိတရားရပြီး ကျန်ရှိသမျှ ပစ္စည်းကလေးနှင့် ရင်းနှီးပါက တတိယတန်းသူဌေး တော့ ဖြစ်နိုင်၍ တရားအားထုတ်ပါက သကဒါဂါမ် ဖြစ်ကာ မယားက သောတာပန် ဖြစ်လိမ့်ဦးမည်။ ဣဒါနိပန၊ ယခုတော့ကား။ ဂိဟိဘောဂတောပိ၊ လူ့ဥစ္စာ စီးပွားချမ်းသာမှလည်း။ ပရိဟီနော၊ ပျက်စီးဆုတ်ယုတ်ပြီး။ သာမညတောပိ၊ ရဟန်းဘဝ အရဟတ္တဖိုလ်မှလည်း။ ပရိဟီနော၊ ပျက်စီးဆုတ်ယုတ်ပြီး။ ပရိဟာယိတွာစ၊ လောကီဥစ္စာ လူ့ချမ်းသာ လောကုတ္တရာချမ်းသာ ရဟန်းတရားတို့မှ ပျက်စီးဆုတ်ယုတ်ပြီးရမှာကား။ သုက္ခပလ္လလေ၊ ရေခြောက်ခမ်းနေသော ရွံ့အိုင်နခမ်း၌။ ကောဉ္စသကုဏောဝိယ၊

*အတောင်ကျိုးကာ ဘယ်မှမသွားနိုင်၊ မပျံနိုင်သော ကြိုးကြာအိုကြီးကဲ့သို့။ ဇာတော၊ ဖြစ်၏'' ဟု -*

ဟောတော်မူကြောင်း ဓမ္မပဒဋ္ဌကထာတွင် ဖော်ပြသည်။ ဤဖော်ပြချက်အရ ပါရမီပါခဲ့ပါလျက် ဘာကြောင့် တရားမရသည်ကို မြင်သာပြီ။

**တရားမရ ကြောင်းနှစ်ဝ**

တရားမရသော အကြောင်းတရားလည်း နှစ်ပါး ရှိသေးသည်။ မြတ်စွာဘုရား၏ မျက်မှောက်တော်တွင် တရားနာနေစေကာမူ ...

၁။ ကိရိယပရိဟာနိယာ (တရားနည်း ခံယူရာ၌ မပြီးမဆုံး ချွတ်ယွင်းမှု)·

၂။ ပါပမိတ္တတာယ (မကောင်းသောသူနှင့် ပေါင်းမိမှု)

၁။ အရှင်သာရိပုတ္တရာသည် ဓနဉ္စာနိပုဏ္ဏားကြီးအား တရားသွားဟောရာ၌ ပုဏ္ဏားကြီး ခံယူနိုင်သော ပရမတ္ထသဘာဝကို ဟောညွှန်ပေး ပါက ပုဏ္ဏားကြီး သောတာပန်ဖြစ်မည်။ ထိုအာသယကို မဆင်ခြင်ဘဲ ဗြဟ္မာဖြစ်ကြောင်း သမထမျိုးသာ ဟောမိ၍ သောတာပန်မဖြစ်ဘဲ သေပြီးနောက် ဗြဟ္မာပြည်သို့ ရောက်သွားရခြင်းသည် ကိရိယ-ပရိဟာနိအပြစ် ဖြစ်သည်။

၂။ အဇာတသတ်မင်းသားသည် ပေါင်းမှားသော ဒေဝဒတ်၏ စကားကို နားထောင်၍ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား မသတ်မိငြားအံ့။ သာမညဖလသုတ်ကို မြတ်စွာဘုရားအထံတော်မှ ကြားနာပြီး အဆုံး၌ သောတာပန်ဖြစ်ရာ၏။ ယခု အဖသတ်ကံကို မကောင်းသော မိတ်ဆွေနှင့် ပေါင်းမိ၍ ကျူးလွန်မိသဖြင့် တရားမရသော ပါပမိတ္တတာအပြစ် ဖြစ်သည်။

(မဇ္ဈိမပဏ္ဏာသဋ္ဌကထာ–၇)

ယခု မဟာနေသူဌေးသားလည်း 'ပါပမိတ္တသာယ' ဟူသော အရက်သမားအပေါင်းအသင်းများကာ ဥစ္စာပစ္စည်း ကုဋေ (၁၆၀) လုံးဝကုန်သွားသည့်အပြင် အိမ်၊ ခြံ၊ လယ်ယာ၊ ပရိဘောဂအသုံးအဆောင်၊ စောင်၊ ခြင်ထောင်၊ အိုးခွက်၊ ပန်းကန် ဘာမှမကျန်အောင် ရောင်းစားရသည့်အဖြစ်ကား 'အပေါင်းမှားလို့ သူတောင်းစားဖြစ်ရခြင်း' ထက် ဘဝများစွာ ဆည်းပူးခဲ့ရသည့် ရဟန္တာဖြစ်လောက်သည့် ပါရမီကားတော်ရုံတန်ရုံမဟုတ်၊ လောကီဥစ္စာလို တစ်ဘဝ နှစ်ဘဝမျိုးနှင့် ရှာဖွေ၍ ရခဲ့သည်မဟုတ်။ ဘဝများစွာ ဒါန၊ သီလ စသော ကောင်းမှုမျိုး ဝဋ်မြတ်သော ဝိဝဋ္ဋမျိုးတို့နှင့် ရင်းနှီးမြှုပ်နှံ၍ ပြတ်ပြတ်သားသား ဖြည့်ကျင့်ဆည်းပူးခဲ့ရသည် များကား နှမြောဖို့ ကောင်းလှသည်။

မဟာဓနသူဌေးသား၏ ယခုအခြေအနေသည် ပစ္စည်းဆုံး၊ ပါရမီရှုံးရုံတင်မက ယခုဘဝပြုသော မကောင်းမှုကံစုအတွက် အပါယ်၌ ဘဝရှည်လျား၍ နေပြန်လျှင် အရိမေတ္တေယျဘုရားရှင်သာသနာ၌လည်း ပေါ်လာဦးမည် မဟုတ်။ နောက်၌လည်း သုညကမ္ဘာတွေသာ များစွာရှိတော့သည်။ အနီးအပါး၌ ဘုရားပွင့်သော ကမ္ဘာပင် မရှိပြီ။ ရင့်ပြီးသော ပါရမီရှိသော ပစ္စိမဘဝိကဖြစ်သူ ထိုသူဌေးသားသည် ကျွတ်ခွင့် လွတ်ခွင့် ဟွာလှမ်းလျက် ရှိ၏။

## အထင်လွဲကြ ခုကာလ

ယခုကာလ၌ အများတို့ ထင်မှတ်နေကြသည်ကား ပါရမီပြည့်လျှင် ဘုရားသာသနာနှင့် မတွေ့ချင်သော်လည်း မနေရ၊ တွေ့ရမည်မုချ။ မကျွတ်ချင်သော်လည်း မနေရ၊ ကျွတ်ရမည်မုချဟု မှတ်ထင်ကြကုန်၏။ နိယတ၊ အနိယတ ရှိသည်ကို သတိမမူကြကုန်။ ဤသို့ပြဆိုခဲ့ပြီးသော ပါဠိ၊ အဋ္ဌကထာတို့ကိုလည်းကောင်း၊ မဟာဓနသူဌေးသား ဝတ္ထုများကိုလည်းကောင်း ထောက်မြော်၍ ကျွတ်ထိုက်သော ပါရမီရှိကြကုန်သော်လည်း အနိယတနေယျပုဂ္ဂိုလ်မျိုးတို့မှာ ကျွတ်လောက်အောင် လုံ့လဝီရိယထား၍ အားထုတ်ကုန်ကြမှသာ ဤဘုရားသာသနာတော်၌ မဂ်ဖိုလ်ကို ရနိုင်ကြရာ၏။ ကျွတ်ထိုက်သော ပါရမီရှိကြပါကုန်သော်လည်း အားထုတ်မှု

လုံ့လဝီရိယ ယုတ်လျော့၍ နေခဲ့လျှင် ဤဘုရား သာသနာတော်၌ မဂ်ဖိုလ်ကို မရကြကုန် ဟူသောသဘောကို ယုံကြည်စွာ သိအပ်၊ မှတ်အပ်၏။ အာဠရ ရသေ့၊ ဥဒကရသေ့ တို့ကဲ့သို့ ကျွတ်ထိုက်သော ပါရမီရှိကြပါလျက် လောက၌ ဘုရားပွင့်ဆဲအခါတွင် မိမိတို့က အရပ်ပြစ်ရှစ်ပါးသို့ ရောက်၍ နေခိုက်ကြုံသည်နှင့် ဘုရားအပေါင်း တစ်ရာ၊ တစ်ထောင်မက ပွင့်သော်လည်း ကျွတ်ခွင့်မရရှိနေကြကုန်သော သတ္တဝါ အနန္တတို့သည်ကား ဤဒေသနာမှ အလွတ်ဖြစ်ကုန်၏။

(ဤစကားစု – ကျေးဖူးရှင်လယ်တီဆရာတော်**ကြီး၏**
ဗောဓိပက္ခိယ ဒီပနီမှ)

ကျွန်ုပ်တို့ဆိုလိုသော အဓိပ္ပာယ်မှာလည်း ဤအတိုင်း ပင် ဖြစ်ပေသည်။ ၁၉၉၂ ခုနှစ်တွင် ဓနုဖြူမှ ကျွန်ုပ်တို့၏ ဓမ္မမိတ်ဆွေကြီး ဦးမြစိန် က *'မဟာဓနေသူဌေးသားသည် "ပစ္ဆိမဘဝိက" ဖြစ်၍ ဤဘဝတွင် ကျွတ်ရမည့် ပါရမီရှိရိုး မှန်ပါက မုချ ကျွတ်လွတ်ရမည်ဟု ယုံကြည်ကြောင်း* ပြောရာ ဤသဘောအတိုင်း ရှင်းပြရဖူးသည်။ မိမိ၌ အောင်မြင်သော မျိုးစေ့ မည်မျှပင်ရှိစေဦးတော့ ထိုမျိုးစေ့အား အပင်ပေါက်ရာ ပေါက်ကြောင်း မြေဥတု၊ ရေဥတုတို့နှင့် ပေါင်းဆုံတွေ့ထိခွင့် မရပါက တစ်နည်း မြေသို့ချခြင်း၊ ရေလောင်းခြင်း စသည် ပြုလုပ်ဆောင်ရွက်မပေးပါက ထိုမျိုးစေ့တို့ အပင်မဖြစ်ရဲ့ သာမက ပုပ်ဆွေးပျက်စီးသွားမည်သာဖြစ်ကြောင်း၊ စင်စစ်

ပါရမီရှိသူတို့မှာ ထိုပါရမီတို့ ရင့်သန်ပွားစီးရန် မြတ်စွာဘုရား သာသနာတော်နှင့် တွေ့၍ တရားတော်ကို ကျွန်ုပ်တို့ စိတ်ပါ ဝင်စားခြင်းသည်ပင်လျှင် ကျွန်ုပ်တို့ ပါရမီရှိကြ၍သာ ဖြစ်ကြောင်း လက်တွေ့ကျကျ ယုံကြည်ရပေသည်။ မျက်မှောက် ကျွန်ုပ်တို့ခေတ်တွင် ဗုဒ္ဓဘာသာဆိုသူတို့ ဝိပဿနာတရား၌ စိတ်မဝင်စားသူတို့ကို ထောက်မြော်ပါလေ။

ယခု မဟာဓနသူဌေးသားမှာ ပါရမီရှိ၍ ဘုရားနှင့် တွေ့ပါသည်။ အောင်မြင်သော မျိုးစေ့ကို မြေရေတို့နှင့် မတွေ့ စေဘဲ မကောင်းသော အပေါင်းအသင်းဟူသော မီးထဲသို့ ထည့်ကာ ဖျက်ဆီးပစ်လိုက်သကဲ့သို့ ဖြစ်ရသည်။

အပေါင်းမကောင်းမှုသည် 'မဟတော အနတ္ထာယ သံဝတ္တတိ' ဟု ဟောတော်မူသောအတိုင်း ကြီးစွာသော အကျိုးစီးပွားမဲ့ဖြစ်ကြောင်း အဇာတသတ်သည် ဒေဝဒတ်နှင့် အပေါင်းမှားသောကြောင့် ကြီးစွာသောငရဲ၌ ခံရပြီးနောက် ကမ္ဘာပေါင်းနှစ်သချေ်တိုင်တိုင် သံသရာ၌ မျောလေ၍ ပစ္စေက ဗုဒ္ဓဖြစ်လတ္တံ့ဟူ၏။ လောကတွင် အပေါင်းမှားမှုတွေ အများ အပြားတွေ့နေရသည်။ ကျွန်ုပ်တို့တွေ့နေရသော အပေါင်းမှား ကြောင့် ပျက်စီးမှုတွေသည် ကျွန်ုပ်တို့ မမြင်မတွေ့ရသော သံသရာဘဝ ပျက်စီးဆုံးပါးမှုများအား မြင်တော်မူ၊ သိတော်မူ သော မြတ်စွာဘုရားတို့၏ ဉာဏ်တော်အရာသာဖြစ်၍ မသိ

မမြင်တတ်သော ကျွန်ုပ်တို့အတွက် ကြောက်ဖွယ်ကောင်းလှသည်။

## ကြောက်ဖွယ်အမှား

မြန်မာစကားပုံတွင် 'တစ်ချက်မှားလျှင် တစ်သက်သွားရော့၊ တစ်ခါမှားတော့ တစ်ကမ္ဘာသွားမည်' စသော မြန်မာတို့၏ မှတ်သားစရာ ကာရန်နဘောစကားပုံများမှာ ချစ်စရာကောင်းသလောက် အဓိပ္ပါယ်လည်းရှိပေသည်။ ယခု အခါ အပဒါန်အဋ္ဌကထာလာ 'တစ်ခါအပေါင်းမှားသဖြင့် ကမ္ဘာ ပေါင်းများစွာ ဒုက္ခတွေ့ရပုံကိုလည်း ကြောက်လန့်စရာ အသွင်နှင့် ဖြစ်ရပုံကား ...

အလောင်းတော် သုမေဓာအရှင်ရသေ့သည် ရမ္မာဝတီပြည်သို့ ဒီပင်္ကရာမြတ်စွာဘုရားသည် သံဃာနှစ်သောင်းနှင့် ကြွလာတော်မူစဉ် လမ်းပြင်နေသော သုမေဓာရှင်ရသေ့သည် မြတ်စွာဘုရားနှင့် သံဃာတော်တို့အား လွန်မင်းစွာ ကြည်ညိုအားကျလှသဖြင့် ဤဒီပင်္ကရာဘုရားကဲ့သို့ ဘုရားဖြစ်ချင်သော ဆန္ဒဓာတ်အားကြီးစွာနှင့် နောင်တစ်ချိန်တွင် ဘုရားဖြစ်လိုပါ၏ဟု ဗျာဒိတ်ခံယူသောအခါ ဘုရားဆုရရန် အဘိနီဟာရ ရှစ်ပါးနှင့်ပြည့်စုံသော အလောင်းတော်ကို မြင်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရားသည် ဤကမ္ဘာမှစ၍ရေလျှင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းလွန်သော တစ်ခုသော ဘဒ္ဒကမ္ဘာ၌ ...

'ဂေါတမေ ာနာမ ဗုဒ္ဓေါ ဘဝိဿတိ''

ဂေါတမမည်သော ဘုရားဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးသောအခါ အုန်းအုန်းကျွက်ကျွက် ကောင်းချီးသာဓုပြုကြသည့် ပရိသတ်ထဲမှ 'မေဃ' မည်သော လုလင်ပျို လူငယ်တစ်ယောက်သည် ဗျာဒိတ်ရသော အလောင်းတော်ရသေ့အား ကြည်ညို ပူဇော်ဖြင့် 'ရှင်ရသေ့ ဘုရားဖြစ်လျှင် ငါလည်း အတူပါရအောင်' ဟူ၍ ပါရမီဖြည့်ရန် ရသေ့တောသို့အသွားတွင် နောက်ကလိုက်ပါ၍ ဝတ်ကြီးဝတ်ငယ် ပြုစုလေသည်။

တစ်နေ့သောအခါ သစ်သီးရှာရန် တောထဲအရောက်တွင် လမ်းသွားလမ်းလာတို့ကို လုယက်တိုက်ခိုက်သည့် လူဆိုးအဖွဲ့နှင့်တွေ့၍ အတင်းဖမ်းဆီး ခေါ်ဆောင်သွားပြီး လုယက်တိုက်ခိုက်သည့် လူဆိုးအဖွဲ့တွင်းသို့ စာရင်းသွင်းကာ လုယက်တိုက်ခိုက်နည်း သင်ကြားပေးကာ တိုက်ခိုက်သတ်ဖြတ်နိုင်းရာမှ တကယ့်လူသတ်သမားလူဆိုးကြီးဘဝသို့ရောက်၍ မိဘများကိုပင် တိုက်ခိုက်လာလေသည်။

မေဃလုလင်သည် ပင်ကိုက လိမ္မာယဉ်ကျေးသောသူငယ်၊ ရသေ့သူတော်ကောင်းကို လုပ်ကျွေးပြုစုနေသည့်သူငယ်မှာ လူဆိုးများနှင့် ပေါင်းမိရာမှ ထိပ်တန်းလူဆိုးကြီးဖြစ်၍ အကုသိုလ်အပြစ်ကြီးများချည်းသာ ကျူးလွန်ရကားငင်းဘဝမှ စုတေသေလွန်သောအခါ မဟာအဝီစိငရဲ၌ ကျခံ

ရလျက် ကျူးလွန်ခဲ့သော အကုသိုလ်တို့၏ အကျိုးပေးအတိုင်း အပါယ်လေးပါး ဒုဂ္ဂတိဘဝချည်းသာ ကျင်လည်ခဲ့၍ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းလွန်၍ ဗျာဒိတ်ရလာသော သုမေဓာရသေ့ ဂေါတမဗုဒ္ဓဖြစ်ပြီးချိန်တွင် သူကား မဟာ သမုဒ္ဒရာအတွင်း၌ 'တိမိင်္ဂလ' ငါးကြီးဖြစ်၍ သမုဒ္ဒရာသို့ သွားသော သင်္ဘောတို့ကို ဖျက်ဆီးကာ လူတွေကို စားပစ် တတ်လေသည်။ ယခု သင်္ဘောနှင့်လာသော ကုန်သည်တို့ကို ငါးကြီးက တိုက်ခိုက်ဖျက်ဆီးရန် လိုက်လာသောအခါ သင်္ဘောပေါ်ပါသူများက 'ဂေါတမဗုဒ္ဓေါ၊ ဂေါတမဗုဒ္ဓေါ' ဟု ရွတ်ဆိုဘုရားတသောအသံ ကြားရသောအခါ ငါးကြီးမှာ ရုတ်တရက် ကုသိုလ်ဆက်၍ သတိရကာ 'ငါ့ဆရာရသေ့ ဘုရားတောင် ဖြစ်နေပါပေါ့လား'ဟု သတိရပြီး သင်္ဘောကို လည်းမလိုက်၊ အစာလည်း မစားဘဲ သေလေသောအခါ သာဝတ္ထိပြည်တွင် ပစ္စည်းဥစ္စာကြွယ်ဝသော ပုဏ္ဏားမျိုး၌ ဖြစ်၍ ဘုရားအထံတော်သို့ အလွန်သွားချင်၊ ဖူးမြော်ချင်သည့် အတိုင်း သွားရောက်ကာ တရားနာလျက် မြတ်စွာဘုရားက 'စိရံဓမ္မရုစိ၊ ဓမ္မရုစိ၊ ငါဘုရားနှင့် မတွေ့တာ အလွန်ကြာ သွားပြီ' ဟု မိန့်လျက် ဝိပဿနာတရား အားထုတ်စေရာ ပဋိသမ္ဘိဒါမဂ် နှင့် ရဟန္တာဖြစ်သောအခါမှ မြတ်စွာဘုရားနှင့် မတွေ့ရ ကြာသွားပုံကို သိတော်မူသည်။

(အပဒါနာဋ္ဌကထာ ၂၁၀ မှ မူယူ၍ ဖော်ပြသည်။)

ဤမေးခွန်းအဖြေကို ထုတ်ကြည့်လျှင် ပါရမီလည်း ရှိပါမှ၊ လုံ့လဝီရိယလည်း စိုက်ထုတ်၍ လွတ်လို ကျွတ်လိုသော ဆန္ဒဓာတ်နှင့် ပါရမီရှိကြ၍ တွေ့ကြုံကြည်ညိုတတ်သော နိုင်ငံ့သားကောင်း တပ်ကြပ်ကြီးသန်းထွန်းနှင့် အားလုံးသော ဗုဒ္ဓဝါဒီ သူတော်ကောင်းတို့ လုံ့လမယုတ် ကြိုးစားအားထုတ်နိုင်ကြပါစေ။

**သစ္စဝါဒီ**

**(အနန္တငါးဖြာမဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၁၀)**

~※~※~※~

# အပါယ်ကလွတ်သောတရား

ဆရာကြီးခင်ဗျား ...

ကျွန်တော်ကတော့ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ပါ။ ဘာသာတရားကို အလွန်တရာ ယုံကြည်ပါသော်လည်း မည်သည့်တရားရိပ်သာတစ်ခုခုတွင်မှ တရားစခန်း မဝင်ဘူးပါ။ ဝိပဿနာတရားတွေ အကြားအနာများတော့ သိတန်သလောက်တော့ သိပါတယ်။ တရားစာအုပ်တွေ ခပ်စုံစုံ လေ့လာမိတော့လည်း ဗဟုသုတတော့ ဖြစ်ပါသည်။ ခန္ဓာမှာ ဉာဏ်ရောက်အောင်တော့ မသိဘူး ထင်ပါသည်။

ဆရာကြီးခင်ဗျား ...

ကျွန်တော်ရဲ့ကိုယ်ရေးကိုယ်တာ သံသရာအကျိုး အတွက် ရှင်းရှင်းနဲ့ဘွင်းဘွင်းပဲ ပြောလိုပါသည်။ ဆရာကြီးကို ကျွန်တော် မသိပါ။ အနန္တငါးဖြာမဂ္ဂဇင်း မေလထုတ်မှာ ဆရာကြီးရဲ့ 'ဗုဒ္ဓဘာသာဖြစ်လျှင် သက္ကာယဒိဋ္ဌိပြုတ်သလား' ဟူသော အမေးအဖြေကို တွေ့၍ ဝမ်းသာအားရ အားကိုး တကြီး ဖတ်ကြည့်ရာ ဆုံးသာသွားရော သက္ကာယဒိဋ္ဌိ ပြုတ်အောင် ဖြုတ်နည်း မတွေ့ရပါ။

ဆရာကြီးခင်ဗျား ...

တရားစာအုပ်တွေ ကျွန်တော် လေ့လာသည့်အခါ သက္ကာယဒိဋ္ဌိမပြုတ်လျှင် အပါယ်ကမလွတ်နိုင်ကြောင်းသာ တွေ့ရပြီး သက္ကာယဒိဋ္ဌိခွာနည်း၊ ဖြုတ်နည်းကိုသာလျှင် ကျွန်တော့အနေဖြင့် အပူတပြင်း လိုချင်နေပါသည်။ ဆရာကြီး စွမ်းနိုင်က လက်တွေ့ကျကျ ကျွန်တော်သိနိုင်မည့်နည်းကို ညွှန်ပြပေးပါရန် ဂါရဝတရားနှင့် ရှိခိုးပန်ကြားအပ်ပါသည် ခင်ဗျား။

ဦးထွန်းနိုင်
တိုက်ကြီးမြို့၊ ပဲခူးတိုင်း။

ဤစာ ကျွန်ုပ်အိမ်သို့ (၂၇-၅-၉၃)နေ့က ရောက်လာရာ အထက်မြန်မာပြည်သို့ ခရီးထွက်နေသော ကျွန်ုပ်မှာ (၁၅-၆-၉၃)နေ့ကမှ ဖတ်ရပြီး အခြားရေးလက်စစာများ အပြီးသတ်ကာ ယခုမှ ပြန်စာရေးရတော့သည်။ သူ့စာ မိတ်ဆက် ပထမပိုင်းတွင် သူသည် နိဗ္ဗာန်ကိုလိုချင်လွန်း၍ မဟုတ်ကြောင်း၊ လယ်တီဆရာတော်ဘုရားကြီး၏ ဆုံးမချက်တွင် အပါယ်မကျအောင် အားထုတ်ထားမှုမရှိက ဝီနိပါတဘေးသင့်ကာ ဘယ်တော့မှ သံသရာကမလွတ်တော့ကြောင်း၊ လက်တွေ့သဘောတွေနှင့် လေ့လာသိရှိရပြီး အပါယ်လွတ်ကြောင်းတရားသာ အဓိကလိုအပ်ချက်ဟု သဘောပေါက်လိုက်သောကြောင့် စိတ်ချလောက်သော ဉာဏ်အသိဖြစ်အောင် ညွှန်ပြပေးပါဟု ဆိုလာသည်။

ဦးထွန်းနိုင်၏ မိတ်ဆက်သည့်စိတ်ထားနှင့် ကျွန်ုပ်၏ သဘောမှာ ထပ်တူကျ၏။ ကျွန်ုပ်တို့ တရားရှာခဲ့စဉ်ကလည်း နိဗ္ဗာန်ရမှုထက် သံသရာပြတ်မှုက အရေးကြီးကြောင်း သံသရာအဆင့်ဆင့် ပြတ်မှုမှာလည်း အောက်ဆုံးသံသရာဖြစ်သော အပါယ်ကျမှု မရှိခဲ့၍ဖြစ်ကြောင်း အပါယ်မကျမှုမှာလည်း သက္ကာယဒိဋ္ဌိပြုတ်မှ ယထာဘူတကျမည်ဖြစ်ရာ နိဗ္ဗာန်ရသည်ဆိုရာတွင် မည်သည့်ပုထုဇ္ဇန်မှမရ၊ အရိယာဖြစ်မှ ရသည်။ အရိယာဟူသည်မှာလည်း အငယ်ဆုံ အညံ့ဆုံး သောတာပန်သည် အပါယ်တံခါးပိတ်အောင် သက္ကာယဒိဋ္ဌိ

ပြုတ်မှုဖြစ်တော့လေရာ နိဗ္ဗာန်ရဖို့ထက် သက္ကာယဒိဋ္ဌိပြုတ်ဖို့သာ အဓိကထား၍ ရှာဖွေအားထုတ်ခဲ့သည်။ သို့အတွက် ကျွန်ုပ်တို့ သဘောပေါက် အားထုတ်သောအတိုင်း ဖော်ပြပါမည်။

## ပညတ်နှင့်ပရမတ်

ဝိပဿနာ သတိပဋ္ဌာန်တရား အားထုတ်သည် ဆိုရာ၌ ရှေးဦးစွာ ပညတ်၊ ပရမတ်တွဲထားဖို့ လိုပါလိမ့်မည်။ အကြောင်းမှာ ဝိပဿနာရှုမည်ဆိုလျှင် အမှန်တရား၊ အရှိတရား ပရမတ်ကိုသာလျှင် အမှန်အတိုင်း၊ အရှိအတိုင်း ယထာဘူတကျကျသိအောင် လေ့ကျင့်ရသောကြောင့် ဖြစ်သည်။ အဘယ်ကြောင့် အမှန်တရားကို မှန်သည့်အတိုင်း လေ့ကျင့်ရပါသနည်းဆိုသော် ကျွန်ုပ်တို့၏ခန္ဓာကိုယ်သည် အမိဝမ်းတွင်းတွင် ကလလရေကြည်ဟူသော အမှန်တရား၊ ပဋိသန္ဓေဝိညာဏ်ဟူသော အမှန်တရားတို့နှင့် စတင်ဖွဲ့စည်းကာ အဆင့်ဆင့် ရင့်ကျက်ဖွံ့ဖြိုး ကြီးပွားကာ ရက်သတ္တ(၄၂)ပတ် အတွင်း အမိဝမ်းတွင်းမှ ဖွဲ့စည်းလာခဲ့သော အမှန်တရား ပရမတ်တရား အစုပေါင်းကို အမိဝမ်းက ကျွတ်မှ လူ့လောက အတွင်း ရောက်လာသည်နှင့် လူဟူ၍လည်းကောင်း၊ ယောက်ျား–မိန်းမဟူ၍လည်းကောင်း၊ ခေါင်း–ကိုယ်–ခြေ–လက်–နားရွက်–မျက်စိ ဟူ၍လည်းကောင်း ပညတ်အမည်

တပ်ကာ မှားယွင်းမှုအဆင့်ဆင့် ဖြစ်လာခဲ့ရာ ငါကောင် လူကောင် အထည်ဒြပ် အနိုင်အမာစွဲယူမှုအမျိုးမျိုး ဖြစ်လာ တော့သည်။ ဤတွင် ပင်ကိုယ်အရှိဖြစ်သော ရုပ်ပရမတ်နှင့် နာမ်ပရမတ်တို့မှာ ရှိပါလျက် မှန်ပါလျက်နှင့် လောကပညတ် နယ်က အမည်ပေးထားသော လူဟူ၍ မိန်းမ–ယောက်ျား ဟူ၍သာ မှတ်ခဲ့ရလေရာ ...

*ရူပံ အတ္တတော သမနုပဿတိ*

''ခန္ဓာသဘာဝတို့၏ ပင်ကိုယ်အရှိတရား၊ အမှန် တရားကို အမှန်အတိုင်း မသိသော ပုထုဇ္ဇန်သည် ငါပဲ၊ အနိုင်အမာပဲ ဟု ရှုမြင်၏။''

ဤသည်ပင်လျှင် မှတ်မှား၊ သိမှားရာမှ စွဲမှားသော သက္ကာယဒိဋ္ဌိ ဖြစ်လေပြီ။ သက္ကာယဒိဋ္ဌိဆိုသည်မှာ ...

*သန္တော သံဝိဇ္ဇမာနော သက္ကာယော*

''ခန္ဓာ၏ ထင်ရှားရှိနေသော အရှိတရားကို သက္ကာယ ဟု ခေါ်ကြောင်း'' ဟောသည်။

၎င်းအရှိကိုမျှ မသိဘဲ၊ သိအောင် မလေ့လာဘဲ လောကပညတ်အားဖြင့် ...

*မိစ္ဆာ ပဿတီတိဒိဋ္ဌိ*

''အမှန်အပေါ်မှာ မှားယွင်းသောအမြင် ဒိဋ္ဌိ ခေါ် ကြောင်း''

သက္ကာ့ယဟူသော ခန္ဓာအမှန်တရား ပရမတ်ကို မိန်းမ–ယောက်ျားဟု လောကပညတ်နှင့် မှားယွင်းစွာ စွဲယူမှုကို ...

သက္ကာယေ ဒိဋ္ဌိ သက္ကာယဒိဋ္ဌိ

''သက္ကာယေ၊ မုချဆတ်ဆတ် ပရမတ်အားဖြင့် ထင်ရှား ကေန် တကယ်ရှိ တကယ်ဟုတ်မှန်သည့် ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးခု အပေါင်းစုဌ်၌။ ဒိဋ္ဌိ၊ ငါ သူ လူ နတ် မိန်းမ ယောက်ျား ဟူသည့် မပါမရှိပါပဲလျက် ရှိ၏ဟု အထင်အမြင်မှားနေခြင်း သည်။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိမည်၏'' ဟူသော

ဓမ္မသင်္ဂဏီ မူလဋီကာမှာ အဆိုရှိသည်။ ရှင်းလှသည်။ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းသိချင်သော ဦးထွန်းနိုင် စသော ယောဂီသူတော်စင်တို့ အလုပ်ဖြစ်ပြီ ထင်သည်။

## အရှုခံနှင့်ရှုဉာဏ်

အရှုခံဟူသည် သူသူ၊ ငါငါ ကျွန်ုပ်တို့ လက်ရှိခန္ဓာ ဖြစ်သည်။ ဤခန္ဓာ၏ မူလသဘာဝသည် အမှန်တရား ပရမတ်၊ ပင်ကိုယ်ရှိပြီး အမှန်တရားပရမတ်။ ၎င်းသည် အရှု၊ အကြည့်၊ အသိခံရမည့် အမှန်ရှုကွက်ကို ဤခန္ဓာ၏ သဘာဝအမှန် ပရမတ်ကို ခန္ဓာ၏ သဘာဝအမှန်ကို အမှန်

အတိုင်း သိနေ၊ ကြည့်နေ၊ ရှုနေ၊ အကဲခတ်နေသော အသိသည် ရှုဉာဏ်ဖြစ်သည်။ ဤသည်ပင်လျှင် ကျွန်ုပ်တို့ တရားအားထုတ်နေခြင်းဖြစ်သည်။ မြတ်စွာဘုရားသည် မဟာဝဂ္ဂပါဠိတော်၌ ...

*''သမာဓိံ ဘိက္ခဝေဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခုယထာဘူတံ ပဇာနာတိ''*

(သမာဓိသုတ်၊ ၃၆၃)

''ချစ်သားတို့-သင်တို့စိတ်ကို ငြိမ်သက်စွာထားပါ။ ငြိမ်သက်စွာထားသော သင်ချစ်သားတို့သည် ခန္ဓာ၏ အမှန်သဘောတို့ကို အမှန်အတိုင်း သိပေလိမ့်မည်။'' ဟူ၏။

ဝိပဿနာလုပ်ငန်းဟူသည် သမထကသိုဏ်းများကဲ့သို့ ပြုပြင်လုပ်ဆောင် ရှုရသည်မဟုတ်။ အရှုခံဖြစ်သော ခန္ဓာ၏ ရှိပြီးသားသဘောတို့ကို အရှိအတိုင်း ရှုနေ သိနေသော ယောဂီ၏ ကိုယ်တိုင်သိရသော ဉာဏ်ဖြစ်သည်။ ရှုရမည့် ကျွန်ုပ်တို့ခန္ဓာကာယသည် ...

*ကာယောတိ စေတ္တခန္ဓပဉ္စတံ*

(ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ)

*သတိဝိဇ္ဇမာနေ ခန္ဓပဉ္စကသခ်ါတေကာယေ*

(သံယုတ်ဋီကာ)

*ဘူတတ္တိ ခန္ဓပဥ္စက*

(ဣတိဝုတ္တကဋ္ဌကထာ)

စသော အဋ္ဌကထာ၊ ဋီကာတို့ လမ်းညွှန်ချက်အရ ဤကျွန်ုပ်တို့၏ ခန္ဓာကာယသည် အရှိတရား၊ အမှန်တရား၊ ပရမတ်တရားတို့ ပင်ကိုကပင် စုပေါင်းထားပြီးဖြစ်၍ ပရမတ် အမှန်ကို အမှန်အတိုင်း ရှုလိုသိလို၍ အကဲခတ်လိုသော ယောဂီသည် ဤခန္ဓာ၏ ပင်ကိုအရှိကို အရှိအတိုင်း သိရန် မည်သို့ ကြောင့်ကြစိုက်ကာ ပြုပြင်ဖန်တီးဖို့ လိုပါသေးသနည်း။

## တရားထိုင်မည်

ကျွန်ုပ်တို့ တရားသိအောင် အားထုတ်ရာ၌ ...

*ပစ္စုပ္ပန္နမိ ဝေါဟာရေ သကေကာယမှိ ဝိန္ဒထ*

ဟူသော မိလိန္ဒပဉှာလမ်းညွှန်အချက်အတိုင်း မိမိကိုယ် ကို သိရန်အတွက် ...

*သတော ဘိက္ခဝေ ဘိက္ခု*

"ချစ်သားတို့ - မိမိခန္ဓာကို မိမိ ဂရုစိုက်ပြီး ကြည့်ပါ" ဟု

မြတ်စွာဘုရားက လမ်းညွှန်နေပြီ၊ ကျွန်ုပ်တို့ စိတ်သည် ခန္ဓာမှာ သတိက တံခါးဝကစောင့်ပြီး ပိတ်ဆို့ထားမှုကြောင့် အပြင်မထွက်ဝံ့။ ကိုယ်တွင်းမှာသာ သိနေရသည်မှာ ခန္ဓာ

အဖွဲ့အစည်းထဲမှာ ပါသော ရူပက္ခန္ဓာသည် သူ့သဘာဝ လမ်းစဉ်အတိုင်း မသွေမဖည် ဆောင်ရွက်နေသည်။ ဝေဒနာ-က္ခန္ဓာသည် သူ့သဘာဝလမ်းစဉ်အတိုင်း ခံစားမှုကို ဆောင်ရွက်နေသည်။ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏ-က္ခန္ဓာတို့သည် ၎င်းတို့၏ကိစ္စသာ ဆောင်ရွက်နေသော ပရမတ်တို့ ဖြစ်သည်။ တရားအားထုတ်မည့် ယောဂီသည် မိမိရှုကြည့်မည့် ခန္ဓာ၏ ပရမတ္ထသဘာဝ ကို လေ့လာ ထားသောအတိုင်း ငြိမ်ငြိမ်သက်သက် စောင့်ကြည့်ရာ ရူပက္ခန္ဓာ၏ ...

တောင့်တင်းခက်မာမှု .စသော ပထဝီဓာတ်၏ ဖောက်ပြန်မှု၊ ပူ အေး နွေး ရှိန် စသော တေဇောဓာတ်၏ ဖောက်ပြန်မှု။

လှုပ်ရှား တွန်းကန် ရွ မွ စသော ဝါယောဓာတ်၏ ဖောက်ပြန်မှု။

ယိုစီး ဖွဲ့စည်း စသော အာပေါဓာတ်၏ ဖောက်ပြန်မှု။

စသော ခန္ဓာ၏ ပြောင်းလဲဖောက်ပြန် တည်ငြိမ်မှု မရှိသော ပင်ကိုသဘာဝကို တွေ့လိမ့်မည်။

ဤသည်တို့ကား - ခန္ဓာအဖွဲ့အစည်းတွင် ပါဝင်နေ သော ရူပက္ခန္ဓာ၏ မငြိမ်မသက်သော ပင်ကိုသဘာဝတို့

ဖြစ်သည်။ ခန္ဓာကို ငြိမ်ငြိမ်သက်သက် ရှုကြည့်နေသော ဉာဏ်သည် မိမိခန္ဓာ၏ သဘာဝကို သဘာဝအတိုင်း သိနေသည်။ အရှိကို အရှိအတိုင်း သိနေသည်။ ခန္ဓာ၏သဘာဝမှာ တည်ငြိမ် နိုင်မာမှုမရှိသော ပင်ကိုယ်သဘာဝ ဖြစ်သည့်အတိုင်း ...

*နသယံကတ*

''မိမိက ပြုလုပ်သည်မဟုတ်''

*နပရံကတ*

''အခြားအတစ်စုံတစ်ယောက်က ပြုလုပ်သည်လည်း မဟုတ်။''

*နက္ကာဿရနိမ္မာန*

''တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းသည်လည်း မဟုတ်ဘဲ အကြောင်း အထောက်အပံ့မကင်းသော သဘောတရားတို့၏ လမ်းကြောင်းသာ ဖြစ်ကြောင်း'' သိလာသည်။ ထိုသဘောတရားတို့သည် ...

*နဒီသောတောဝိယ*

''မြစ်များ၊ ချောင်းများ ရေစီးမပြတ်သလို''

*ဒီပဇာလာဝိယ*

''ဆီမီးတောက်နှင့် အလျှင်မပြတ်သလို''

ငြိမ်သက်စွာရှုနေသော ယောဂီအတွက် သိနေပေလိမ့်မည်။ ထိုသိချက်သည် ''သမ္မာဟိတော ယထာဘူတံ ပဇာနာတိ'' အရ ခန္ဓာကိုယ်မှ စိတ်အပြင်မသွားရန် သတိနှင့် စောင့်စားမှုကြောင့် ရုပ်ပရမတ်တို့၏ အမှန်ဖောက်ပြန်မှုကို အမှန်အတိုင်းသိသော ''ယထာဘူတဉာဏ်'' ဖြစ်လေသည်။ ခန္ဓာအဖွဲ့အစည်း ရုပ်ဓာတ်ကြီးလေးပါးတို့၏ ရွေ့လျားလှုပ်ရှားသော သဘောတရားတို့ကို ဤကား ပထဝီ၏ ဖောက်ပြန်မှု၊ တေဇောဓာတ်၏ ဖောက်ပြန်မှု စသည်ဖြင့် တစ်ခုစီ တစ်ခုစီ အမည်တပ်စရာ မလို။

''တံအတီတာဒီဟိ၊ ထိုအတိတ်အစရှိကုန်သော။ ပဒေဟိ၊ ပုဒ်တို့ဖြင့်။ ဝိသုံဝိသုံ၊ အသီးအသီး။ နိဒ္ဒိဋ္ဌံ၊ ညွှန်ပြအပ်သော။ သဗ္ဗံရူပံ၊ အလုံးစုံနည်းအမျိုးမျိုး ပုံစံအသီးသီးတို့နှင့် ဖောက်ပြန်မှုကို။ ရုပ္ပနလက္ခဏာ သခ်ါတေ၊ ဖောက်ပြန်မှုလက္ခဏာဟုဆိုအပ်သော။ ဧကဝိဓဘာဝေ၊ တစ်ခုတည်းသောအဖြစ်၌။ ပညာယ ရာသိံကတွာ၊ ပညာဖြင့် အစုပြု၍။ ရူပက္ခန္ဓောတိ၊ ဖောက်ပြန်မှုအစုဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။''

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ−၁၀၄)

အဋ္ဌကထာ၏ လမ်းညွှန်ချက်အရ မိမိခန္ဓာ၏ သဘာဝကို ရှုနေသော မိမိ၏အသိသည် မိမိခန္ဓာ၌ ပုံစံအမျိုးမျိုးတို့ဖြင့်

တလှုပ်လှုပ် တရွရွ တမွမွ၊ အေးခနဲ နွေးခနဲ စသည်တို့ကို တွေ့သိရလျှင် ပူတယ် အေးတယ် စသော ပညတ်နာမည် မတပ်မိအောင် သဘာဝကို သိသည့် အနေဖြင့် ''ဖောက်ပြန်တဲ့သဘော'' ''ဖောက်ပြန်နေတယ်'' ဟု သိနေခြင်းသည် ခန္ဓာ၏ အရင်းခံပရမတ်ကို သိနေခြင်း၊ ခန္ဓာ၏ ပင်ရင်းအမှန်သဘောဝကို သိနေခြင်း ဖြစ်သည်။

## ကြိမ်ဖန်များစွာ ပွားများပါ

ယောဂီသည် မိမိ၏ခန္ဓာကိုယ်ကို ငြိမ်သက်စွာ ထားပြီး တရားသဖြင့် ဉာဏ်နှင့်ကြည့်ပါ။ မိမိရှုကြည့်နေသော ခန္ဓာသည် အပြင်ဘက်က ငြိမ်သက်စွာ ထားနေသော်လည်း ခန္ဓာဖွဲ့စည်းထားသော အတွင်းသဘာဝတရားတို့တွင် ရူပက္ခန္ဓာသည် သူ့သဘာဝလမ်းစဉ်အတိုင်း မငြိမ်မသက် ပြောင်းလဲဖောက်ပြန် ရွေ့လျားနေသော သဘောတို့ကိုသာ တွေ့နေသိနေပေလိမ့်မည်။ ဤသိနေမှုသည် ရူပက္ခန္ဓာ၏ ''သဘာဝတော''အရ သိနေခြင်းတည်း။ ''သလက္ခဏာတော'' အရ ရူပက္ခန္ဓာ၏ ''ရူပ္ပနလက္ခဏာ''ကို သိနေခြင်းတည်း။ ဤသဘောတို့ကိုသာ မြတ်စွာဘုရားလမ်းညွှန်ချက်အရ ''ဘာဝိတာ'' ပွားနေပါ။ ''ဗဟုလီကတာ'' ကြိမ်ဖန်များစွာ ခဏခဏ သိနေပါက ဤခန္ဓာ၏ ပင်ကိုယ်သဘာဝကို ကြိမ်ဖန်များစွာ သိနေခြင်းဖြင့် ယုံကြည်ချက် ရလာပေလိမ့်မည်။

## မိမိအစွဲ အတ္တာပဲ

တရားအားထုတ်နေသော ယောဂီမှာ ယုံကြည်မှုရခြင်းသည် အဓိကဖြစ်သည်။ ပဓာနိယတရားငါးပါးတွင် ''သဒ္ဓါ'' ယုံကြည်မှုကို ရှေးဦးစွာထားပြီးလျှင် အားထုတ်သောအခါ၌လည်း ယခုတွေ့ရှိနေရသော ဤခန္ဓာ၏အမှန်တရား ပရမတ်သည် တည်တံ့ခိုင်မာမှုမရှိသော ဖောက်ပြန်မှုတို့သာ အမှန်ရှိသည်ဟု ယုံကြည်မှု ခိုင်မာစေရန် မိမိခန္ဓာ၏ ဆံဖျားမှ ခြေဖျားနေရာနှံ့အောင် ဉာဏ်နှင့် သိနေပါလျှင် ...

''နာမရူပမတ္တတော၊ သိတတ်သောသဘော ဖောက်ပြန်တတ်သောသဘောမှ။ ဥဒ္ဓံ၊ အလွန့်အထက်။ အညော၊ တစ်ပါးသော။ ပုဂ္ဂလောဝါ၊ ပုဂ္ဂိုလ်သည်လည်းကောင်း။ သတ္တောဝါ၊ သတ္တဝါသည်လည်းကောင်း။ ဣတ္ထိဝါ၊ မိန်းမသည်လည်းကောင်း။ ပုရိသောဝါ၊ ယောကျ်ားသည်လည်းကောင်း။ ဒေဝေါဝါ၊ နတ်သည်လည်းကောင်း။ ဗြဟ္မာဝါ၊ ဗြဟ္မာသည်လည်းကောင်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ နိဋ္ဌံ၊ ဆုံးဖြတ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏'' ဟု

ဝိသုဒ္ဓိမဂ်အညွှန်းအတိုင်း ခန္ဓာအနှံ့ ရှုကြည့်သော ယောဂီ၏ နည်းမျိုးစုံ ဖောက်ပြန်မှုသဘောတရားတို့မှ လွဲ၍ အခြား ဘာမှ မရှိသည်ကို ထပ်ကာ ထပ်ကာ သိရသော ယောဂီ၏ ယုံကြည်ချက်ခိုင်မာလာပါက ...

''ငါပဲ၊ လူပဲ၊ ယောက်ျားပဲ၊ မိန်းမပဲ၊ ငါကျန်းမာသည်၊ ငါမသေသေး၊ ငါနိုင်မြဲသည်''

စသော အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့သည် မရှိတရားပိပိ ခန္ဓာမှာ လုံးဝမတွေ့ဘဲ သဘာဝအရှိ ဖောက်ပြန်မှုတို့ကိုသာ တွေ့နေသိနေရတော့သည်။ ယင်းသို့ ခန္ဓာကိုရှုကြည့်ရာ၌ ဉာဏ်၏အမြင်မှ အရှိတရား၊ အမှန်တရားဟည်းဟူသော ရုပ်ပရမတ်တို့သည် သူ့သဘော သူ့ကိစ္စကို ဆောင်ရွက်နေရသော ဖောက်ပြန်မှုကို ပြနေပါလျက် မိမိအသိဉာဏ်တွင် လက်တွေ့ကျကျ ကိုယ်တိုင်သိနေပါလျက်၊ ထိုအမှန်သဘာဝကို အမှန်အတိုင်း အသိဉာဏ် ယုံကြည်မှုရလျှင် အပါယ်တံခါး ပိတ်မည်ကို ကြားနာထားပါသော်လည်း ယုံကြည်မှုမရသည်မှာ အဘယ်ကြောင့်နည်းဆိုသော် ...

မြတ်စွာဘုရားသည် ဤကား ''ဖောက်ပြန်မှု၊ ဤကား ဖောက်ပြန်မှု၏ဖြစ်ခြင်း၊ ဤကား ဖောက်ပြန်မှု၏ချုပ်ခြင်း၊ ပျက်ခြင်း'' ဟူသော သိရမည့်တရားကို ညွှန်ပြပြီးနောက် ထိုတရားတို့၌ ယုံကြည်မှုရရန်အတွက် (ဘာဝိတာ-ဗဟုလီကတာ) ထပ်ကာ ထပ်ကာ ကြိမ်ဖန်များစွာ ရှုကြည့်ပါဟု တိုက်တွန်းခြင်းသည် ယုံကြည်မှုခိုင်မာသည်မှ ခန္ဓာဒုက္ခမှ လွတ်မြောက်မှု ချမ်းသာရရန် တိုက်တွန်းတော်မူခြင်း ဖြစ်သည်။

## ကိုယ့်အခွဲက အပါယ်ချ

''အကုသိုလ် ဒုစရိုက်ကံဟောင်း အနန္တတို့သည် အတ္တဒိဋ္ဌိ၌ တွယ်တာ၍ အစဉ်ပါရှိကာ နေကြကုန်၏။ အံတ္တဒိဋ္ဌိ ချုပ်ဆုံးခဲ့လျှင် ဒုစရိုက်ကံဟောင်း အနန္တ တို့သည် တစ်ပြိုင်နက် တစ်ချက်တည်း ချုပ်ဆုံး ကွယ်ပျောက်ကုန်၏'' ဟူ၍

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဆုံးမချက်အရ အပါယ်ကျရခြင်း အံရင်းခံသည်။ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတို့ မပြုတ်မချင်း အပါယ်လေးပါး စိတ်မချ ရသဖြင့် ခန္ဓာ၏ သဘာဝရုပ်ပရမတ် ဖောက်ပြန်မှုကို ယုံကြည် လောက်သော ခိုင်မာသော လက်ခံမှုရှိက ပညတ်အာရုံကြောင့် ဖြစ်သော သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိသည် ...

*န ရူပံ အတ္တတောသမနုပဿတိ*

''ဖောက်ပြန်မှုကို ငါဟူ၍ မရှုမမြင်'' ဟူသော

အညွှန်းအတိုင်း ခန္ဓာအရှိသဘော ပရမတ်အမှန်ကို သာ ရုပ်ပရမတ်တို့၏ ဖောက်ပြန်မှု သဘောတရားအတိုင်း ရှုမြင်တတ်အောင် သင်ကြား နာယူထားပြီးလျှင် မိမိ၏ ခန္ဓာတွင် လက်တွေ့သိရှိမှုမှသည် ခိုင်မာသော လက်ခံ ယုံကြည်မှုအထိ ရသွားပါက ဦးထွန်းနိုင်တို့ ကြောက်လန့် စိုးရွံ့နေသော အပါယ်လေးပါးသို့ ပို့ဆောင်တတ်သော အတ္တ

ဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကို မိမိခန္ဓာအတွင်း အမှန်ရှိနေသော ဖောက်ပြန်မှုကို ဖောက်ပြန်မှုတို့သာ အမှန်ရှိသည်။ အခြား ပုဂ္ဂိုလ်သတ္တဝါ ဘာမျှမရှိဟူသော ယုံကြည်ချက် ခိုင်မာသွားလျှင် ''ငါကား သောတာပန်ဖြစ်သည်'' ဟု မပြောနိုင်သောလည်း အမှန်တရားပရမတ်၌ မမေ့မလျော့သိနေသော အသိဉာဏ် (ယထာဘူတ)သည် ကိုယ့်ကို ဒုက္ခတွင်းသို့ ရောက်အောင် ပို့သွင်းမည့် ဒိဋ္ဌိကို ဖြုတ်ပေးမည်ဖြစ်၍ ထိုရုပ်ပရမတ်၊ ဖောက်ပြန်မှုအသိကစပြီး ယုံကြည်မှုရအောင် အားထုတ်နိုင်ကြပါစေကုန်သတည်း။

**သစ္စဝါဒီ**

**(အနန္တငါးပြာမဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၁၁)**

# ဖြတ်စွာဘုရားသည် တစ်ကမ္ဘာတည်နေနိုင်သလော

ဆရာကြီးခင်ဗျား ...

လွန်ခဲ့သော ဝါခေါင်လဆန်း (၆) ရက်နေ့က အင်းစိန်မှ ကိုလှတင်ဆိုသော တပည့်တစ်ယောက် ကျွန်ုပ်နေအိမ်သို့ ရောက်လာသဖြင့် နှုတ်ဆက်စကားပြောရင်းမှ ကိုလှတင်က...

''ဆရာ–ကျွန်တော်တို့နှင့် ရင်းနှီးသော မိတ်ဆွေ တစ်ယောက် ဝါဆိုလကွယ်နေ့ ကျွန်တော်တို့ အင်းစိန်မှာ ဥပုသ်လာစောင့်ရင်း ဘုရား တရား စကား ပြောကြ ဆွေးနွေးကြရာမှ သူက အခု ဒီစာထဲမှာ ပါတဲ့ ပြဿနာကို ပြောပါလေရော။ ကျွန်တော်တို့မှာ ဖြေဆိုဖို့မပြောနဲ့ ကြားတောင်မကြားဖူးတဲ့အတွက် ဒီပြဿနာဟာ ကျွန်တော်တို့ ကြားတောင်မကြားဖူးပါ။ ဒါကို ကျွန်တော်တို့လည်း ကြားရသိရအောင်

ကျွန်တော်တို့ ဆရာကြီးကို မေးပေးပါမည်။ စာနှင့် ရေးပေးပါဟု ဆို၍ ဆရာ ဖြေရှင်းပေးပါ'' ဟု ပြောကာ စာအိတ်ကို ပေး၍ ဖွင့်ကြည့်ရာ …

''ကျွန်တော်တို့ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်မစံမီ ၃-လလောက်အလိုတွင် အရှင်အာနန္ဒာအား … ချစ်သား အာနန္ဒာ ငါဘုရားကို မြတ်စွာဘုရားသည် လောကကြီးကို သနားတော်မူသောအားဖြင့် တစ်ကမ္ဘာပတ်လုံး နေတော်မူပါ၊ တရားဟောတော်မူပါဟု လျှောက်ထားတောင်းပန်သူများ ရှိလျှင် ငါဘုရားသည် ကြွဒ္ဓိပါဒ်လေးပါးကို ပွားများပြီးနေက တစ်ကမ္ဘာပတ်လုံး နေနိုင်သည်'' ဟူသော စကားအမှန် ဖြစ်ပါက ပွင့်တော်မူပြီးကြသော ဘုရားပေါင်းများစွာတို့တွင် ဤကဲ့သို့ တစ်ကမ္ဘာပတ်လုံး နေသွားကြပါသလော (သို့မဟုတ်) မည်သည့်ကမ္ဘာတွင်ပွင့်သည့် မည်သည့်ဘုရား များ နေသွားတော်မူပါသနည်း''

(ရွှေပေါက်ကံမြို့သစ်)

ဤပြဿနာမျိုး အတော်ရှားပါသည်။ ကျွန်ုပ်တို့ တစ်ခါမျှ မဆွေးနွေးဘူးသော ပြဿနာဖြစ်သည်။ မေးသူမှာလည်း ရွှေပေါက်ကံမြို့သစ် ဟူ၍သာ ဖော်ပြပြီး လူအမည် မပါရှိပေ။ သို့သော် တစ်ဆင့်မေးပေးသော ကိုလှတင်က သူတို့ပါ သိချင်၊ မှတ်ချင်ပါသည် ဆို၍ ကြုံရာ ''အနန္တငါးဖြာ မင်္ဂဇင်း''တွင် ထည့်သွင်းရေးလိုက်မည်ဟု ကိုလှတင်အား ပြောလိုက်ရသည်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်မပြုမီ ၃ လအလို စာပါလစေတီ၌ မာရ်နတ်သည် ရောက်လာ၍ ငါ့အား ...

*ပရိနိဗ္ဗာတု ဒါနိဘန္တေ ဘဂဝါ၊ ပရိနိဗ္ဗာတု သုဂတော''*

(မဟာပရိနိဗ္ဗာနသုတ်–၉၅)

''ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ပရိနိဗ္ဗာန် ပြုတော်မူပါလော့''

စသည်အားဖြင့် အခွင့်သင့်တိုင်း လျှောက်လျှောက်နေသဖြင့် ငါဘုရားသည် မာရ်နတ်အား ....

*''အပေါသုက္ကော တွံ ပါပိမဟောတိ၊ နစိရံ တထာဂတဿ ပရိနိဗ္ဗာနံ ဘဝိဿတိ''*

(အဋ္ဌကထာ)

''မာရ်နတ်ယုတ် – မင်း ဘာမှ မပူပါနှင့်၊ ငါ မကြာမီ သုံးလကျော်လျှင် ပရိနိဗ္ဗာန်ပြုမည်'' ဟု

အာယုသင်္ခါရ လွှတ်ကာ ကတိပေးလိုက်ပြီး၊ ထိုတွင် တစ်စုံတစ်ယောက်သောသူက *(မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မမူပါနှင့်၊ သတ္တဝါတို့ အကျိုးအတွက် တရားဟော တော်မူပါ)* ဟု လျှောက်ခဲ့သော် ငါဘုရားသည် ''*ကပ္ပဒ္ဓိပါဒ် လေးပါးကို ပွားများပြီးနေက ကမ္ဘာအပြည့်သော်လည်းကောင်း အနည်းငယ်မျှ ပိုလွန်၍သော်လည်းကောင်း တည်နေနိုင်ရာ၏ အာနန္ဒာ*'' ဟု သုံးကြိမ်သုံးခါ မိန့်ကြားသော်လည်း အရှင် အာနန္ဒာ၏ စိတ်ကို မလျှောက်ဖြစ်အောင် မာရ်နတ် နှောင့်ယှက်ပြီး မေ့လျော့အောင် ပြုလုပ်ထားသဖြင့် အရှင် အာနန္ဒာ မလျှောက်ဖြစ်လေသောကြောင့် နောက်သုံးလ ကျော်လျှင် ငါဘုရားသည် ပရိနိဗ္ဗာန်ပြုမည်ဟု မာရ်နတ်ကို ကတိပေးပြီး အာယုသင်္ခါရလွှတ်လိုက်ကြောင်း မြတ်စွာဘုရား မိန့်တော်မူမှ အရှင်အာနန္ဒာ သတိရကာ ငိုကြွေးတော့သည်။ ယခုမှ ငိုကြွေးနေခြင်းသည် အပိုဖြစ်၍ လျှောက်သင့်သော အချိန်၌ မလျှောက်ခဲ့သည်ကား ...

*တုယှေ ဝေတံဒုက္ကဋံ၊ တုယှေဝေတံ အပရဒ္ဓံ*

''သင့်အပြစ် သင့်ချွတ်ယွင်းချက် ဟု အပြစ်တင် ခံရသည်။

ဤဖော်ပြချက်မှာ အဆိုပြုထားသော ပြဿနာ၏ အဖြေမဟုတ်သေး။ ဤပြဿနာဖြစ်စေသော အကြောင်း

ဖြစ်သည်။ ပြဿနာအချုပ်မှာ ''မြတ်စွာဘုရားသည် တင်ကျမ္မာပတ်လုံး နေနိုင်သလော'' ဖြစ်သည်။

**မြတ်စွာဘုရားတို့၏ ထုံးစံမှာ ...**

- ❖ ဝိပဿီ မြတ်စွာဘုရား၏ ထုံးစံ သက်တော်မှာ ရှစ်သောင်း ဖြစ်သည်။
- ❖ သိခီ မြတ်စွာဘုရား၏ ထုံးစံ သက်တော်မှာ ခုနစ်သောင်း ဖြစ်သည်။
- ❖ ဝေဿ မြတ်စွာဘုရား၏ ထုံးစံ သက်တော်မှာ ခြောက်သောင်း ဖြစ်သည်။

**ဤဘဒ္ဒကမ္ဘာ၌ ...**

- ❖ ကကုသန် မြတ်စွာဘုရား၏ သက်တော်မှာ လေးသောင်း ဖြစ်သည်။
- ❖ ကောဏာဂုံ မြတ်စွာဘုရား၏ သက်တော်မှာ သုံးသောင်း ဖြစ်သည်။
- ❖ ကဿပမြတ်စွာဘုရား၏ သက်တော်မှာ နှစ်သောင်း ဖြစ်သည်။

ကျွန်ုပ်တို့ မြတ်စွာဘုရား၏ သက်တော်မှာ ...

*မယှံ ဘိက္ခဝေ ဧတရဟိ အပ္ပကံ အာယုပ္ပမာဏံ ပရိတ္တံ လဟုကံ၊ ယော စိရံ ဇီဝတိ သော ဝဿသတံ အပ္ပံ ဝါ ဘိယျော*

(မဟာဝဂ္ဂ-မဟာပဒါနသုတ်ပါဠိတော်-၃၊
နိဒါနဝဂ္ဂဝေပုလ္လပဗ္ဗတသုတ်-၃၉၀)

''ဘိက္ခဝေ-ချစ်သားတို့၊ ဧတရဟိ၊ ယခုအခါ၌။ မယှံ၊ ငါဘုရား၏။ အာယုပ္ပမာဏံ၊ အသက်အတိုင်းအရှည်သည်၊ အပ္ပကံ၊ နည်း၏။ ပရိတ္တံ၊ တို၏။ လဟုကံ၊ လျှင်မြန်၏။ ယော၊ အကြင် တစ်စုံတစ်ယောက်သည်။ စိရံ၊ ကြာရှည်လေးမြင့်။ ဇီဝတိ၊ အသက်ရှည်ပါသည်ဆိုအံ့။ သော၊ ထိုအသက်ရှည်ပါသည်ဆိုသူသည်၊ ဝဿသတံဝါ၊ အနှစ်တစ်ရာသော်လည်းကောင်း။ ဘိယျော၊ သည့်ထက်ပိုလွန်ပါသည်ဆိုလျှင်။ အပ္ပံဝါ၊ နှစ်ဆယ်သုံးဆယ် စသည်ဖြင့်လည်းကောင်း၊ ဟောတိ၊ ဖြစ်၏'' ဆိုရကား ...

## ကျွန်ုပ်တို့ဘုရား

ကျွန်ုပ်တို့ ဘဒ္ဒကမ္ဘာမတိုင်မီ ပွင့်တော်မူသော မြတ်စွာဘုရားတို့ကိုထား၍ ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူသော ကကုသန္ဓ မြတ်စွာဘုရား သက်တော် လေးသောင်း၊

ကောဏာဂမန မြတ်စွာဘုရား သက်တော်သုံးသောင်း၊ ကဿပမြတ်စွာဘုရားသက်တော် နှစ်သောင်းဟူ၍ အဆင့်ဆင့် သက်တမ်းလျော့ကျလာရာ ဤဘဒ္ဒကမ္ဘာ၏ လေးဆူမြောက် ကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရား၏ သက်တော်သည် တစ်သောင်းဖြစ်သင့်ပါလျက် ဘုရားပွင့်နိုင်သောသက်တမ်းတွင် အနိမ့်ဆုံး၊ အောက်ဆုံးအဆင့် တစ်ရာတမ်းတွင် ပွင့်တော်မူရာ ...

*ဝဿသတတော ဦနအာယုကာလေပါကာ လော နဟောတိ*

(မဟာဝဂ္ဂဋ္ဌကထာ၊ ၂၂)

''အနှစ်တစ်ရာတမ်းမှ အောက်သက်တမ်းသည် ဘုရားပွင့်နိုင်သောကာလ မဟုတ်သဖြင့်'' ဘုရားပွင့်နိုင်သော အဆင့်ကုန်သောကာလတွင် ပွင့်သောဘုရားမှာ ကျွတ်ထိုက်သော သတ္တဝါတို့အတွက် ဆောင်ရွက်ရန် အချိန်များစွာ ယူခဲ့ရလေသည်။ မြတ်စွာဘုရားသည် ကမ္ဘာတည်အောင် နေနိုင်မည်ဟူသည်မှာ အဋ္ဌကထာ၌ ...

*ကပ္ပန္တိ အာယုကပ္ပံ၊ တသ္မိံ တသ္မိံ ကာလေ ယံ မနုဿာနံ အာယုပ္ပမာဏံ ဟောတိ၊ တံ ပရိပုဏ္ဏံ ကရောန္တောတိဒွေယျ*

(မဟာဝဂ္ဂဋ္ဌကထာ၊ ၁၄၄)

''ကပ္ပန္တိ ကပ္ပံဟူသည်ကား။ ဧတ္တ၊ ဤနေရာ၌။ အာယုကပ္ပံ၊ အသက်တစ်ရာတမ်းဟု ဆိုအပ်သော အာယုကပ္ပ်ပတ်လုံး။ တိဋ္ဌေယျ၊ တည်နိုင်ရာ၏။ တသ္မိံ တသ္မိံ ကာလေ၊ ထိုထိုအခါ၌။ မနုဿာနံ၊ လူတို့၏။ ယံအာယုပ္ပမာဏံ၊ အကြင်အသက်အတိုင်းအရှည် သည်။ ဝါ၊ အကြင်သက်တမ်းသည်။ ဟောတိ၊ ဖြစ်၏။ တံအာယုပ္ပမာဏံ၊ ထိုအသက်တမ်းကို။ ပရိပုဏ္ဏံ၊ ပြည့်စုံသည်ကို။ ကရောန္တော၊ ပြုလျက်။ တိဋ္ဌေယျ၊ တည်ရာ၏။''

ဤနေရာ၌ သုံးစွဲထားသော ကပ္ပာဟူသည်မှာ ပါဠိ၌ ''ကပ္ပ''ဟု ဆိုသည်။ ထိုကပ္ပဟူသော စကား စသည်လည်း အာယုကပ္ပဟူသော လူတို့၏အသက်တမ်းဖြစ်ရာ တစ်ရာတမ်း၌ အာယုကပ်သည် အနှစ်တစ်ရာဖြစ်သည်။ မြတ်စွာဘုရားတို့ မည်သည် ...

*ပဉ္စကောဋ္ဌာသေကတွာ စတ္တာရောဌတွာ*
*ပဉ္စမေဝိဇမာနေယေဝ ပရိနိဗ္ဗုတော*

(နိဒါနဝဂ္ဂဋ္ဌကထာ၊ ၁၄၉)

လူတို့သက်တမ်း ငါးပုံလေးပုံသာ နေရ၍ သက်တော်ရှစ်ဆယ် (ငါးပုံလေးပုံ) တွင် ပရိနိဗ္ဗာန်ပြု ရသည်။ သို့ဖြစ်ရာ မြတ်စွာဘုရားတိုင်းသည် ဤ

ဓမ္မတာလမ်းစဉ်ကို ဆန့်ကျင်သွေဖည်သွားခြင်း မရှိပေ။ ယင်းသို့မရှိလျှင် အာနန္ဒာ-ငါဘုရားသည် ကလ္ပ်ပါဒ် လေးပါးကို ကြိမ်ဖန်များစွာ လေ့လာပွားများနေကာ တစ်ကမ္ဘာလုံး နေနိုင်သည်ဟု အဘယ်ကြောင့် မိန့်တော်မူပါသနည်း။

## မမှန်တာမပြော

မြတ်စွာဘုရားတို့ မိန့်ကြားသောစကားမည်သည် မမှန်သည်ကို ဘယ်အခါမှ မပြောကြောင်း သုဂတဂုဏ်တော် အဖွင့်အတိုင်းတွင် ရှိသည်။ မြတ်စွာဘုရားသည် ...

ဗုဒ္ဓါနံ အဋ္ဌာနေ ဂဇ္ဇိတံ နာမနတ္ထိ

''ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့အား။ ဝါ၊ မြတ်စွာဘုရားတို့၏။ အဋ္ဌာနေ၊ အရာမဟုတ်သည်၌။ ဂဇ္ဇိတံနာမ၊ ကြုံးဝါးခြင်းမည်သည်။ ဝါ ကြုံးဝါးအပ်သော စကားမည်သည်။ နတ္ထိ၊ မရှိ။''

(မဟာဝဂ္ဂဋ္ဌကထာ-၁၄၄၊ အဋ္ဌကနိပါတ် အင်္ဂုတ္တရဋ္ဌကထာ-၂၄၇၊ ဥဒါနဋ္ဌကထာ-၂၉၄)

ရှေ့သို့ဆက်၍ အဋ္ဌကထာများ ဖော်ပြချက် ပါဠိကို ချန်ခဲ့၍ အနက်ကိုသာ ဖော်ပြအံ့။

"ဝေဠုဝဂါမကော၊ ဝေဠုဝရွာ၌။ ဥပ္ပန္နံ၊ ဖြစ်သော။
မာရဏန္တိကံ၊ သေခြင်းအနီးသို့ ရောက်ကပ်နေသော။
ဝေဒနံ၊ ဆင်းရဲခံစားချက်ကို။ ဒသမာသေ၊ ဆယ်လ
တို့ပတ်လုံး။ ဝိက္ခမ္ဘေတိယထေဝ၊ ခွာတော်မူနိုင်သကဲ့
သို့သာလျှင်။ ဇဝံ၊ ဤအထူး။ ပုနပ္ပုနံ၊ ကြိမ်ဖန်များစွာ
ထပ်ကာထပ်ကာ။ တံသမာပတ္တိံ၊ ထိုဖလသမာပတ်
သို့။ သမာပဇ္ဇိတွာ၊ ကောင်းစွာရောက်၍။ ဒသမာသေ၊
ဆယ်လတို့ပတ်လုံး။ ဝိက္ခမ္ဘေန္တော၊ ခွာလျက်။ ကပ္ပံဘဒ္ဒ
ကပ္ပမေဝ၊ ဤဘဒ္ဒကမ္ဘာကပ် ပတ်လုံးသာလျှင်။
တိဋ္ဌေယျ၊ တည်ရာ၏။

ဤအဋ္ဌကထာများ ပြသောစကားတို့ဖြင့်ပင် အတော်
လုံလောက်ပေပြီ။

## ဖြစ်နိုင်သည်၊ ဖြစ်အောင်ကားမလုပ်

ကပ္ပဒ္ဒီပ္ပါဒ်လေးပါး ပွားများ၍ ဤဘဒ္ဒကပ်တစ်ကပ်လုံး
နေနိုင်သည်ဟူသော မြတ်စွာဘုရား မိန့်တော်မူချက်သည်
ဖြစ်နိုင်ကြောင်း၊ ကပ္ပဒ္ဒိပါရိဟာရိယ၊ တန်ခိုးဖန်ဆင်းမှုတို့၏
ဖြစ်နိုင် ရှိနိုင်ကြောင်းသာ ဖော်ပြ၍ ရှိအောင်၊ ဖြစ်အောင်
ကား မြတ်စွာ ဘုရားအနေနှင့် လုံးဝမလုပ်ပေ။ အဘယ်ကြောင့်
မလုပ်သနည်းဆိုသော် မြတ်စွာဘုရား၏ ဝါဒတော်သည်
အကျိုးစီးပွားမဖြစ်သော စကားမျိုးကားမပြော၊ အလုပ်ကို

မလုပ်၊ သတ္တဝါတို့အတွက် အကျိုးစီးပွားဖြစ်စေသော စကားမျိုးကို ပြောလည်းပြောသည်။ လုပ်လည်းလုပ်သည်။

**သာဓကတစ်ခု**

မြတ်စွာဘုရားသည် ကောသမ္ဗီပြည်၊ ယင်းတိုက်တော၌ သီတင်းသုံးချိန်က ယင်းတိုက်ပင်တစ်ပင်မှ ယင်းရွက်အနည်းငယ်ကို လက်တော်နှင့်ကိုင်၍ ချစ်သားတို့ - ယခုငါဘုရား၏ လက်တော်နှင့်ကိုင်ထားသော ယင်းတိုက်ရွက်နှင့် ဤယင်းတိုက်တောအတွင်းရှိ ယင်းတိုက်ရွက်တို့သည် အဘယ်မျှ များပြားသနည်းဟု မေးတော်မူရာ ရဟန်းများက မြတ်စွာဘုရားလက်တော်နှင့် ကိုင်ထားသော ယင်းတိုက်တောရွက်တို့မှာ ဤတောတစ်တောလုံးရှိ ယင်းတိုက်ပင်များမှ အရွက်နှင့် လုံးဝနှိုင်းယှဉ်၍ မရအောင်ပင် အလွန်နည်းပါးပါသည်ဟု လျှောက်ကြရာ ချစ်သားတို့ အတူပင် ငါသည် ထူးသောဉာဏ်ဖြင့်သိ၍ မဟောအပ်သည်ကို ဤယင်းတိုက်တောတစ်ခုလုံးရှိ ယင်းတိုက်ရွက်များနည်းတူ အလွန်များကုန်၏၊ အဘယ်ကြောင့်ဆိုသော် သိပြီးပါလျက် မဟောပါသနည်းဆိုသော် ထိုတရားတို့သည် အကျိုးစီးပွားနှင့်မစပ်၊ မဂ်၏အစ အကျင့်လည်းမဟုတ်၊ ငြီးငွေ့ရန် တပ်မက်ကင်းရန်လည်းမဖြစ်၊ ချုပ်ငြိမ်းလည်းမဖြစ်၊ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်သိရန်လည်းမဖြစ်၊ တဏှာမှ လွတ်မြောက်ရန်လည်းမဖြစ်၊

ယင်းတို့ကြောင့် ငါမဟော။ အဘယ်တရားကို ငါဟောအပ်သနည်းဟူမူ ချစ်သားတို့ ...

ဤကား ဒုက္ခသစ္စာ (ဆင်းရဲအမှန်)။ ဤကား ဒုက္ခနိရောဓသစ္စာ (ဆင်းရဲချုပ်ခြင်းအမှန်)။ ဤကား မဂ္ဂသစ္စာ (ဆင်းရဲချုပ်ရာလမ်းကြောင်းအမှန်)ဟု ဟော၏။ အဘယ်ကြောင့် ဟောပါသနည်းဟူမူ ထိုတရားသည် အကျိုးစီးပွားနှင့်စပ်၏။ မဂ်၏အစလည်းဖြစ်၏။ ငြီးငွေ့ကင်းရန်၊ တပ်မက်ကင်းရန်လည်းဖြစ်၏။ ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်သိရန်လည်းဖြစ်၏။ တဏှာမှ လွတ်မြောက်ရန်လည်း ဖြစ်၏။

ထို့ကြောင့် ဤတရားကို ငါဟော၏ဟု (မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ သီသပါဝနသုတ်-၃၈၃) တွင် ဟောသည်။

သတ္တဝါတို့ အကျိုးအတွက် ဖြစ်တော်မူသောဘုရားသည် သတ္တဝါတို့ သံသရာဝဋ်ဆင်းရဲမှ ကျွတ်လွတ်ထွက်မြောက်ရာဖြစ်သော အကျိုးစီးပွားအရှိဆုံးဖြစ်သောတရားကိုသာ ဟောကြားတော်မူလေ့ရှိသော မြတ်စွာဘုရားသည် ကွဒ္ဒိပါဒ်လေးပါးကို ပွားပြီး ဘဒ္ဒကပ်ကုန်အောင် နေနိုင်သည်ကား မှန်၏။ ခဏခဏ ဝင်စားပွားများမှ နေနိုင်သောသဘောကို အဋ္ဌကထာများပြရာ၌ ''သမာပတ် တစ်ကြိမ်ဝင်စားလျှင် ဆယ်လ်နေနိုင်သည်။ ဆယ်လကျော်မှ အနာရောဂါဖြစ်လာကာ သမာပတ် တစ်ကြိမ်ဝင်စားရပြန်ကြောင်း''

ဖော်ပြသည်။ သမထကမ္မဋ္ဌာန်းမျိုးသည် အားကိုးလောက်သည့် ခိုင်မာမှုမျိုးမဟုတ်။ ယာယီဟန်ပြသဘောမျိုးဖြစ်၍ မြတ်စွာ ဘုရား ခေတ္တအသုံးပြုတော်မူဖူးသည်။

## ဂိလာနသုတ်

တစ်ချိန်သောအခါက မြတ်စွာဘုရားသည် ဝေဠုဝ ရွာငယ်တွင် အရှင်အာနန္ဒာနှင့်အတူ ဝါဆိုတော်မူသည်။ ဝါကပ်ပြီး၍ မကြာမီပင် မြတ်စွာဘုရား၌ ကြမ်းတမ်းသော ရောဂါဝေဒနာသည် သေလုမျှောပါး ပြင်းထန်လှသဖြင့် အရှင်အာနန္ဒာသည် အလွန်စိုးရိမ်ပူဆွေးလျက် မကြည့်ရက် နိုင်အောင် စိုးရိမ်နေသည်။ မြတ်စွာဘုရားသည်လည်း ဝေသာလီပြည်တွင် ဝါဆိုခိုင်းထားသော ရဟန်းသံဃာကို အသိမပေးဘဲ ပရိနိဗ္ဗာန်ပြု၍မသင့်။ ငါသည် ထိုရောဂါဝေဒနာ ကို အာယုပါလသမာပတ်ဖြင့် ပယ်ခွာထားဦးမှဟု နှလုံးသွင်း ကာ သမာပတ်ကျားကန်မှုဖြင့် အနာရောဂါ ပျောက်ကင်းခြင်း ကို ကျန်းမာခြင်းသို့ ရောက်ရှိပြီး ကျောင်း၏အနောက်ဘက် အရိပ်ဝယ် သီတင်းသုံးတော်မူရာ အရှင်အာနန္ဒာ မြင်သော အခါ အလွန်ဝမ်းမြောက်ခြင်းဖြစ်လျက် မြတ်စွာဘုရား ယခု ကဲ့သို့ ကျန်းမာတော်မူလာသည်မှာ အလွန်ဝမ်းသာရပါသည် ဘုရားဟု လျှောက်တင်လေလျှင် မြတ်စွာဘုရားက ...

အာနန္ဒာ … ဤခန္ဓာ ဖွဲ့စည်းထားသော အမှန်တရား ရုပ်နာမ်ပရမတ်တို့သည် သူတို့၏ အဘာဝလမ်းကြောင်းအတိုင်း အို နာ သေကို တွန့်ဆုတ်ရပ်ဆိုင်းထားခြင်းမရှိဘဲ ပုံမှန်ချီတက်လျက် ရှိနေသည်။ အာနန္ဒာ … ယခုသော်ကား အိုမင်းရင့်ရော်ခဲ့ပြီ။ ငါနေဖို့အဆုံးအရွယ်သို့ရောက်ခဲ့ပြီ။ ငါ၏ အသက်ရှစ်ဆယ်ရှိခဲ့ပြီ။ အာနန္ဒာ…ထင်းခုတ်သမားတစ်ယောက်သည် တောထဲတွင် ထင်းတင်ပြီးကာမှ လှည်းဘီးကျိုးပျက်သွားသောအခါ ထင်းတွေပြန်ချ၊ ကျိုးပျက်သွားသော လှည်းဘီးအား အနီးအနားရှိနွယ်တို့ဖြင့်လည်းကောင်း၊ ကြိမ်တို့လည်းကောင်း ရစ်ပတ်ချည်နှောင်ပြီး အိမ်ရောက်အောင် လိမ့်ရုံလေး မောင်းနှင်လာရသကဲ့သို့ ငါဘုရား၏ ပြိုကွဲပျက်စီးနေသော ဤခန္ဓာကိုယ်ကို နွယ်ကြိမ်တို့ဖြင့် တူသော သမာပတ်နှင့် ထူနိုင်၊ ထနိုင်အောင်ထိန်းထားရုံသာဖြစ်သည်။ အမှန်ကျန်းမာလာသည်မဟုတ်သေး'' ဟု မိန့်တော်မူသည်။

(မဟာဝဂ္ဂသံယုတ်၊ ဂိလာနသုတ်-၁၃၂)

ဂိလာနသုတ်ကို လိုအပ်သမျှသာ ဖော်ပြခဲ့သည်။ ဤသုတ်တွင် မြတ်စွာဘုရား၌ အလွန်လိုအပ်လျက်ရှိနေသဖြင့်သာ ယာယီအနေနှင့် သမာပတ်ဝင်စားလျက် ထိန်းထားရုံသာ ဤခန္ဓာ၏ အမှန်တရားကား ရုပ်ပရမတ်တို့ ဖောက်ပြန်

ပျက်စီးမှု၊ နာမ်ပရမတ်တို့ သိပျက်စီးမှု၊ ပင်ကိုယ်သဘော တရားအမှန်ကို မြတ်စွာဘုရားတန်ခိုးတော်တို့က ခန္ဓာ၏ အိုမှု၊ နာမှု၊ သေမှုတို့ကို လုံးဝတားဆီးကန့်ကွက် မရသော အနတ္တ သဘာဝ ခန္ဓာကို တန်ခိုးဖြင့် ဣဒ္ဓိပါဒ်ဖြင့် ဖန်တီးမှုကို မလုပ်လိုပေ။

တသ္မာ၊ အဘယ်ကြောင့်။ ဣမံဘဒ္ဒကပ္ပမေဝ၊ ဤဘဒ္ဒအားလုံးသာလျှင်။ နဋ္ဌိတော၊ ဣဒ္ဓိပါဒ်ပွားကာ မတည်လိုပါသနည်းဟူမူ။ ယသ္မာ၊ အကြင်ကြောင့်။ ဥပါဒိဏ္ဏကသရီရံနာမ၊ ဥပါဒိဏ္ဏက ကိုယ်မည်သည်ကို၊ ခဏ္ဍိစ္စာဒီဟိ၊ သွားကျိုးသည်၏အဖြစ် အစရှိသည် တို့သည်။ အဘိဘုယျတိ၊ လွှမ်းမိုး နှိပ်စက်အပ်၏။ စသည်သာမကသေး။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ခဏ္ဍိစ္စာဒိဘာဝံ၊ သွားကျိုးခြင်း အစရှိသော အဖြစ်သို့၊ အပတွာ၊ မရောက်ကြကုန်မူ၍။ ဝါ ဆံဖြူ သွားကျိုး စသည်မဖြစ်မီ။ ပဉ္စမေ၊ ငါးပုံငါးစုဖြစ်သော။ အာဘာကောဋ္ဌာသေ၊ အသက်အဖို့အစု၌။ ဗဟုဇနဿ၊ များစွာသော လူအပေါင်းသည်။ ပိယမနာပကာ- လေယေ၊ ချစ်ခင်ကြည်ညိုစိတ်တို့ ရောက်အပ်သော အခါ၌သာလျှင်။ ပရိနိဗ္ဗာယန္တိ၊ ပရိနိဗ္ဗာန်ဝင်စံတော်မူ ကြကုန်၏။

အဌကထာများ ရှေ့ဆက်ဆိုရာတွင် …

မြတ်စွာဘုရားတို့၏ တရားသို့ အတုလိုက်၍ လေ့ကျင့်အားထုတ်သော အဂ္ဂသာဝကကြီးများ၊ မဟာသာဝကကြီးများ ပရိနိဗ္ဗာန်ပြုကြကုန်သည်ရှိသော် မြတ်စွာဘုရားသည် အခြံအရံမဲ့သဖြင့် တစ်ပါးတည်း အထီးကျန် သစ်ငုတ်တိုကဲ့သို့ တည်နေရလိမ့်မည်။ ရဟာန်းငယ်၊ သာမဏေငယ်တို့နှင့်သာ အခြံအရံပြု လျက် လှည့်လည်နေရကား …

ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ပရိသာ၊ အခြံအရံ ပရိသတ်သည်။ အဟော၊ သြော် အံ့သြဖွယ်ရှိပါပေစွ။ ဣတိ၊ ဤသို့။ ဟိဋ္ဌေတဗ္ဗတံ၊ ကဲ့ရဲ့ ရှုတ်ချ ပြောင်လှောင် စက်ဆုပ်အပ်သည်၏အဖြစ်သို့၊ အာပဇ္ဇေယျ၊ ရောက်ခဲ့ရာ၏။ တသာ၊ ထိုသို့ အပြစ်များစွာ ရှိသည်၏ အဖြစ်ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ ဝေဠုဝဂါမကေ၊ ဝေဠုဝရွာ၌။ ဥပ္ပန္နံ၊ ဖြစ်သော။ ဝေဒနံ၊ ရောဂါဝေဒနာကို၊ ဝိက္ခမ္ဘေတွာ၊ ဖယ်ခွာလျက်၊ ကမ္မံဘဒ္ဒကပ္ပမေဝ၊ ဤဘဒ္ဒကပ် ပတ်လုံးသာလျှင်။ နဋ္ဌတော၊ တည်တော်မမူ'' တဲ့။

## အသက်ရှည်သူများ

မြတ်စွာဘုရားတိုင်းသည် ပွင့်တော်မူပြီးချိန် လူတို့၏ သက်တမ်း အာယုကပ်၏ ငါးပုံလေးပုံ အသက်ရှည်ခြင်းသည် မြတ်စွာဘုရားတို့၏ ထုံးစံတံထွာ ဓမ္မတာဖြစ်၍ မည်သည့် ကမ္ဘာမှာ ပွင့်သောဘုရားတစ်ဆူမျှ ဤငါးပုံလေးပုံထုံးစံကို ကျော်လွန်၍ နေသွားရသော ဘုရားဟူ၍ မရှိချေ။ မြတ်စွာ ဘုရားသာလျှင် သက်တမ်းတစ်ရာတွင်း၌ ပွင့်၍ ငါးပုံလေးပုံ သက်တော်ရှစ်ဆယ် နေသော်လည်း ...

၁။ ဝိသာခါ အသက် - ၁၂၀

ပေါက္ခရသာတိပုဏ္ဏား၊ ဗြဟ္မာယုပုဏ္ဏား၊ သေလ ပုဏ္ဏား၊ ဗာဝရိပုဏ္ဏား၊ အရှင်အာနန္ဒာ၊ အရှင် မဟာကဿပ အားလုံးက အသက်-၁၂၀ ရှည်ကြသည်။

၂။ အရှင်အနုရုဒ္ဓထေရ် အသက် - ၁၅၀

၃။ အရှင်ဗာကုလထေရ် အသက် - ၁၆၀

အသက်တစ်ရာတမ်းမှာ တစ်ရာကျော်ပြီး လေးဆယ်၊ ငါးဆယ်၊ ခြောက်ဆယ်ခန့် ပို၍ရှည်သူတွေ ရှိကြပါသည်။

*ဝေံဒီဃာယုကော ပန အတိဒုလ္လဘော*

ဤကဲ့သို့ အသက်ရှည်သူတွေကိုပင် တွေ့ရခဲပါသည်။

ထိုသူတို့သည် ...

ဒွေ ဝဿသတာနိ နဇီဝတိ

အသက်တစ်ရာတမ်းတွင် နှစ်ရာအထိ အသက်ရှည်သူမရှိ။

(မဟာဝဂ္ဂဋ္ဌကထာ-၆)

## နိဂုံးချုပ်ရသော်

ယခုမေးသော မည်သည့်ကမ္ဘာတွင် ပွင့်သောဘုရားတစ်ဆူမျှ သက်တမ်းအာယုကပ်ကုန်အောင် နေသွားသောဘုရားဟူ၍ မရှိပါ။ ကြဒ္ဒိပါဒ် တန်ခိုးပြခြင်းမျှလောက် ယာယီသာ တတ်နိုင်၍ ယခုခေတ်တွင် သေကာနီးလူမမာအား နာရီပိုင်းမျှ အချိန်ရရန် အသက်ကယ်ဆေး ထိုးသည်နှင့် တူသည်။ ခိုင်မာမှုမရှိ လုံးဝစိတ်မချရပေ။ မြတ်စွာဘုရား၏ ဗုဒ္ဓကိစ္စသည် ဝေနေယျတို့အတွက် ကျွတ်လွတ် ထွက်မြောက်ရန် သစ္စာပြရန်သာဖြစ်သည်။ တန်ခိုးပြခြင်းနှင့် ပတ်သက်၍ ရဟန်းများအားပင် သိက္ခာပုဒ်နှင့် တားမြစ်ထားသည်။

မြတ်စွာဘုရားသည် ဤခန္ဓာ၏ ဒုက္ခသစ္စာလည်း အကျုံးဝင်သော ရင့်အိုမှု၊ ရောဂါနှိပ်စက်မှု သေမှုတည်း

ဟူသော သဘောတရားတို့ အမြဲမပြတ် ကပ်၍ နှိပ်စက်အပ်သော သဘောတို့ကို ဉာဏ်ဖြင့် မိမိရယူစရာမဟုတ်ဟု တကယ်သိလျှင် ကြိမ်ဖန်များစွာ ရှုသိ၍ ငြီးငွေ့ခြင်းများလျှင် ခန္ဓာကို တွယ်တာသော တဏှာတို့ လုံးဝ ချုပ်ငြိမ်း ရုပ်သိမ်းသည့် နိဗ္ဗာနဓာတ် ရရှိအောင် ဆောင်ရွက်သော ဘုရားသည် ခန္ဓာကို အမွန်းတင်လုပ်ငန်းဖြစ်သော တန်ခိုးပြခြင်းတို့အား အပြစ်အနေသဘော ထားတော်မူသည်။

## တိုက်တွန်းခြင်း

သဂါထာဝဂ္ဂမာရသံယုတ်၊ ပဌမအာယုသုတ်တွင် မာရ်နတ်၏ အနှောက်အယှက်ကို ခံနေရသော ရဟန်းတို့အား မြတ်စွာဘုရားက ...

''ချစ်သားတို့ - လူတို့၏အသက်သည် အလွန်နည်းလှသည်။ ဤကိုယ်ခန္ဓာသည် တမလွန်ဘဝသို့ သွားရသည်။ ကုသိုလ်ကောင်းမှုကို ပြုအပ်၏။ မြတ်သောအကျင့်ကို ကျင့်ပါ။''

ဇာတသ၊ ပဋိသန္ဓေ ဇာတိဖြစ်လာသောသူအား။ အမရဏံ၊ မသေမပျက်ခြင်းမည်သည်။ နတ္ထိ၊

မရှိပေ။ ဂါထာတွင် ''နတ္ထိမစ္စုသဿနာဂမော'' ခန္ဓာရသောသူအား သေမင်းမလာခြင်းသည် မရှိ။ ခန္ဓာရသူမှာ အသေနှင့်ကျိန်းသေ တွေ့မည်ဖြစ်၍ သေမင်းမတွေ့၍ မခေါ်နိုင်ရန် ဝိပဿနာလုပ်ငန်းကိုသာ ကြိုးစားအားထုတ်သင့်ကြပါသတည်း။

**သစ္စဝါဒီ**

**(အနန္တငါးပြာမဂ္ဂဇင်း အတွဲ ၁၊ အမှတ် ၁၂ / အတွဲ ၂၊ အမှတ် ၁)**

# အမှန်ဆုံးအဖြောင့်ဆုံးသောတရား

ကျွန်ုပ်တို့တရားအားထုတ်သည်ဆိုရာ၌ အမှန်ဆုံးသော သဘောတရားကို တရားသောအသိနှင့် သိနေခြင်း ဖြစ်သည်။ ကျွန်ုပ်တို့၏ခန္ဓာ ပင်ကိုယ်သဘာဝသည် ဇာတိဟူ၍ စတင်ဖြစ်လာသည်ကစ၍ ဇရာဟူသော အရင့်သို့၊ ဗျာဓိဟူသော အနာသို့၊ မရဏဟူသော အသေသို့ မည်သူ မည်သို့မှ ကန့်ကွက်တားမြစ်၍မရဘဲ သူ၏ သွားရာလမ်းကြောင်း မဆုံးမချင်း နှောင့်နှေးရပ်ဆိုင်းမှုမရှိဘဲ ပုံမှန်ချီတက်လျက် ရှိသည်။

ဤသည်မှာ ဝိပဿနာရှုရာဖြစ်သော ကျွန်ုပ်တို့ ရုပ်နာမ်ခန္ဓာ၏ အမှန်တရား ပရမတ္ထသစ္စာ ဖြစ်သည်။ ဝိပဿနာသည် ခန္ဓာ၏ ပင်ကိုယ်အမှန် ပရမတ်ရုပ်နာမ်ကို ရှုရသော အလုပ်ဖြစ်သောကြောင့် ဤခန္ဓာ၏ မူလပရမတ်ကို ပင်ကိုယ်မူလသဘာဝအတိုင်း သိအောင် လေ့လာ လေ့ကျင့်ရသော သမ္မာဒိဋ္ဌိမဂ္ဂင်ဉာဏ်သည် ...

''ဘိက္ခဝေ၊ ချစ်သားတို့၊ အနိစ္စညေဝ၊ ပင်ကိုယ်က ပျက်နေသည်သာလျှင်ဖြစ်သော။ ရူပံ၊ ဖောက်ပြန်မှုကို၊ အနိစ္စံရူပန္တိ၊ ပျက်နေသော ဖောက်ပြန်မှုတို့ဟူ၍။ ပဿတိ၊ ပင်ကိုယ်အတိုင်းရှုမြင်၍။ သာ၊ ထိုအမြင်သည်။ အဿ၊ တရားသဖြင့်သိအောင် ရှုကြည့်နေသော ယောဂီအား။ သမ္မာဒိဋ္ဌိ၊ မှန်သောအမြင်သည်။ ဟောတိ၊ ဖြစ်၏။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ နန္ဒိက္ခယသုတ်)

ဤသို့ဖြင့် (ဝေဒနာကို၊ သညာကို၊ သင်္ခါရကို၊ ဝိညာဉ်ကို) ခန္ဓာငါးပါးတို့၏ ပင်ကိုအမှန်ကို ပင်ကိုအမှန်အတိုင်း သိမြင်အောင်ရှုရပုံကို ဟောထားရာ အဆင့်ဆင့်လေ့ကျင့်သွားရာ၌ ''သုဝိမုတ္တန္တိ ဝုစ္စတိ'' လုံးဝကိလေသာမှ လွတ်အောင် အရဟတ္တဖိုလ်ထိ ဟောထား၏။ ထို့အတူ ခန္ဓာငါးပါး အကြောင်းကို ခန္ဓဝဂ္ဂသံယုတ် အာယတနအကြောင်းကို သဠာယတနဝဂ္ဂသံယုတ် ပါဠိတော်ဆိုင်ရာ သုတ်အားလုံးသည် ဤခန္ဓာအာယတနတို့၏ ပင်ကို ပင်ရင်း သဘောတရား အရှိတရားတို့ကိုသာ ရှိသည့်အတိုင်းသိရန် ဟောထားသည်ချည်း ဖြစ်၏။

## ပညတ်နှင့် ပရမတ်

သတိပဋ္ဌာန်ဟူသည် သတိထားပြီး ကာလ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မက္ခန္ဓာ၏ အရှိတရားတို့ကို မိမိတို့ သဘောပေါက်သော ရှုထောင့်က ကာယဟူသော ဖောက်ပြန်မှု အပေါင်းအစုက ပင်ရင်းပရမတ်သဘောတရားကို ရှုရသောနည်း၊ ခံစားမှုသဘောတရားတို့ကို ပင်ရင်းသဘာဝကို ရှုရသောနည်း၊ အာရုံကို သိတတ်သော သဘောတရားတို့ကို ပင်ရင်းသဘာဝကို ရှုရသောနည်း၊ ခန္ဓာ၏အရင်းခံသဘာဝ ပရမတ်တို့ကို ပင်ရင်းသဘာဝအတိုင်း ရှုရသောနည်းတို့ဖြစ်ရာ ခန္ဓာ၏ ပင်ရင်း သဘောတရားပရမတ်ကို မိမိသဘောပေါက်သော ရုပ် နာမ် သဘာဝအမှန်ကို သမ္မာဒိဋ္ဌိ မဂ္ဂင်ဉာဏ်သည် ခန္ဓာ ပရမတ်ရှိသည့်အတိုင်း သတိထားပြီး သိရုံသာ ဖြစ်သည်။ ခန္ဓာအရှိကို ရှုသောဉာဏ်သည် သိရမည့် သိစရာ ခန္ဓာ သဘာဝမှတစ်ပါး အခြားသဘာဝမှ လွတ်သောအသိ မဖြစ်ရန် သတိထားရလေသည်။

မြတ်စွာဘုရား၏ လမ်းညွှန်ချက်သည် ခန္ဓာအရှိ ''ဘူတံ'' ကို ရှိသည့်အတိုင်း ''ဘူတတော'' အလိုက်သင့် သိဖို့သာ လိုသည်။ မိမိတို့စိတ်အထင်နှင့် လုပ်ကြံရှုသိရသည် မဟုတ်။

အရှုခံဖြစ်သော ခန္ဓာသည် မိမိအနေဖြင့် ပြုပြင်လုပ်ဆောင်မှု မပြုရသော အနတ္တပရမတ်။

ရှုဉာဏ်သည် ခန္ဓာ၏ အရှိသဘာဝကို အရှိအတိုင်း စောင့်သိနေရသော အနတ္တပရမတ်။

ဤဥပဒေသအတိုင်း လေ့လာကြည့်ပါ။ အလွန် သက်သာပါသည်။ အလွန် လွယ်ကူပါသည်။ ဤမျှ သက်သာလွယ်ကူသဖြင့် ကျွန်ုပ်တို့ တရားကြေပါပြီလားဟု မေးလျှင်ကား တော်တော်ပင် အဖြေရခက်ပါသည်။

အဘယ်ကြောင့်ဆိုသော် အရှုခံခန္ဓာကတော့ ပင်ကို ပရမတ် အမှန်တရားဖြစ်၍ ရုပ်ပရမတ်က ဖောက်ပြန်လျက် ပျက်လျက် ပုံမှန်ရှိနေသည်။ နာမ်ပရမတ်ကလည်း သိလျက်၊ ပျက်လျက် ပုံမှန်သာ။ သူတို့ကိစ္စ သူတို့ဆောင်ရွက်လျက် ရှိနေကြသော်လည်း ဤခန္ဓာကို အကဲခတ်ကြည့်ရှုနေသော အသိဉာဏ်သည် သတိလွတ်ကာ ခန္ဓာပရမတ်ကိုလွှတ်၍ ပရမတ်၏ဆန့်ကျင်ဘက် ပညတ်အာရုံဆီသို့ ရောက်ရောက် သွားသောကြောင့် ''ကမ္မဋ္ဌာနံ ပတိပတတ'' ပရမတ်ရှု ကမ္မဋ္ဌာန်းမှ ပညတ်ဘက်သို့ လည်ကျသွားရကား ''ဝိသေသံ နာဓိဂ္ဂတိ'' မဂ်ဖိုလ်တရားထူးမရဟုဆိုရာ ခန္ဓာ၏သဘာဝ အမှန်ကို သိရမည့် အသိဉာဏ်သည် ခန္ဓာပရမတ်မှ လွတ်သော ပညတ်ကိုလေသာဘက်သို့ ကျသွားရသည်မှာ အဆန်းမဟုတ်ပါ။

အဘယ်ကြောင့်ဆိုသော် ဤခန္ဓာကို လူဟူ၍ ပုဂ္ဂိုလ်သတ္တဝါဟူ၍ ပညတ်နှင့်စွဲယူလာမှုမှာ ...

*ဒီဃရတ္တံ မိဒံ စိတ္တံ သံကိလိဋ္ဌံ ရာဂေန ဒေါသေန*

*မောဟေန*

ဟူသော ခန္ဓဝဂ္ဂဂဒ္ဒုလဗဒ္ဓသုတ်တွင် မြတ်စွာဘုရားက

''ချစ်သားတို့–မိမိတို့၏ သိတတ်သောစိတ်သည် ပညတ်အာရုံကို ရာဂဟူသော စွဲမက်မှုဖြင့်၊ ဒေါသဟူသော ဖျက်ဆီးမှုဖြင့်၊ မောဟဟူသော တွေဝေမှုဖြင့် ညစ်နွမ်းစေခဲ့သည်မှာ အလွန်ကြာမြင့်ခဲ့ပြီ'' ဟု

ဟောတော်မူရာ တစ်သံသရာလုံး ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တို့ဖြစ်သော ပညတ်အာရုံနှင့် ရင်းနှီးပြီး ပဋိစ္စသမုပ္ပါဒ်သံသရာလည်ခဲ့ရသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ရာ ခန္ဓာအရှိ သဘာဝပရမတ်မှာ သတိနှင့် ဂရုတစိုက်ကြည့်ရာ၌ ပညတ်ကဲ့သို့ အကောင်အထည် ဒြပ်သဏ္ဌာန် မရှိသဖြင့် သိနေကျ ပညတ်အာရုံကိုသာ ရှာဖွေရောက်ရှိသွားကြသောကြောင့် ကိုယ့်ခန္ဓာ၏ အမှန်သဘောဖြစ်ပါလျက် ယုံကြည်ချက်မရနိုင်သော အခြေအနေပင် ဖြစ်ပါသည်။

## ဝိပဿနာသည် ခန္ဓာမှာမဖြစ်–ဉာဏ်မှာဖြစ်သည်

ဝိပဿနာရှုရမည့် ခန္ဓာသည် ပင်ကိုအမှန် ပရမတ် ဖြစ်သည်။ ထိုပရမတ်ဖြစ်သော ''ဖောက်ပြန်မှု၊ သိမှု'' ကို သိသဘော ဖောက်ပြန်မှုသဘောတို့ဖြင့် ဖွဲ့စည်းတည်ဆောက် ထားသော သဘာဝတရား ပရမတ်တရားတို့သာ အမှန်ဟု ရှုက သိက ထိုအသိ ထိုဉာဏ်သည် ခန္ဓာ၏အမှန်သဘာဝ ကို အမှန်သိသည့်အတွက် ''ယထာဘူတဉာဏ်'' ဖြစ်သည်။

ထိုအသိ၊ ထိုဉာဏ်သည် ခန္ဓာသဘာဝ ''ဖောက်ပြန် မှုကိုဖြစ်စေ၊ သိမှုကိုဖြစ်စေ'' ဆက်ကာဆက်ကာ လေ့လာ ကြည့်ရှုက သမ္မာသနဉာဏ်မှစ၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိ ရောက်မည်ဖြစ်ရာ ဉာဏ်၏အလုပ်သာလျှင်ဖြစ်၍ ရှုကြည့် သည့်ဉာဏ် သမ္မာဒိဋ္ဌိ ဖြစ်ရန် အရေးကြီးသည်။

က္လတိဝုတ်ပါဠိတော်၊ ဒိဋ္ဌိဂတသုတ်တွင် မြတ်စွာဘုရား သည် တရားသိရန် တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို ဟောဖော် ထား၏။

*ဘူတံ ဘူတတော ပဿတိ*

''ဘူတံ'' ဟူသည်မှာ – ခန္ဓာ၏ ဖြစ်ရှိနေသော ခန္ဓာ ငါးပါး အရှုခံတရား။

''ဘူတတော ပဿတိ'' ဟူသည်မှာ – ဤခန္ဓာ

၏ ဖြစ်ရှိနေသော သဘာဝပင်ကိုယ်ကို ပင်ကိုယ် အတိုင်း သိနေရန်။

(ကတိဝုတ်ပါဠိတော်၊ ဒိဋ္ဌိဂတသုတ်)

မြတ်စွာဘုရားက …

"ချစ်သားတို့ ဤသာသနာတော်၌ ဉာဏ်မျက်စိ ပညာမျက်စိအမြင်ရှိသောသူသည် ခန္ဓာ၏ ဟုတ်မှန်သော သဘာဝတရားကို ဟုတ်မှန်သော သဘာဝ အတိုင်း ရှုမြင်၏။

ခန္ဓာကို သတိပဋ္ဌာနအတိုင်း ရှုကြည့်သောယောဂီ သည် ခန္ဓာသဘာဝကို မိမိတာဝန်အရ သဘာဝအရှိကိုသာ အရှိအတိုင်း၊ အမှန်အတိုင်း သိဖို့သာ လိုသည်။ မိမိစိတ်ကူး အကြံဉာဏ်နှင့် သိရမည့် တရားမဟုတ်ပေ။

မိမိတို့၏ နဂိုစိတ်သည် ပညတ်အာရုံနှင့် ကိလေသာ ဖြစ်တတ်သည်သာရှိ၍ အဋ္ဌကထာတွင် …

*ဘူတန္တိခန္ဓပဉ္စကံ။ ဘူတန္တိ ဝုတ္တိ။ ဘူတတော အဝိပရိတ သဘာဝတော … စသည်ဖြင့်*

ခန္ဓာသည် သူ၏ပင်ကိုသဘာဝက အဖြောင့် တရား၊ အမှန်တရား၊ ထိုခန္ဓာ၏ ဖြောင့်မှန်သော သဘာဝကိုသာလျှင် လေ့လာသောဉာဏ်သည် ခန္ဓာ ၏ အရှိအတိုင်း၊ ပင်ကိုအတိုင်း မပြောင်းမလဲသော အသိဖြင့် သိနေပါ" ဆိုသဖြင့် …

ဤခန္ဓာကို ကျွန်ုပ်တို့ ဝိပဿနာရှုရာတွင် မည်သည့် အခက်အခဲမှ မရှိနိုင်ပေ။ သို့ဖြစ်၍ ကျွန်ုပ်တို့ တရားရပြီးလား ဟု မေးလျှင် မရသေးပါဟု အမှန်အတိုင်း ဖြေရပါမည်။ အဘယ်ကြောင့် မရသေးပါသနည်း။ အရှုခံတရားသည် ခန္ဓာ မှာရှိပြီးသား အမှန်တရား၊ ထိုအရှိတရား အမှန်တရားကို အရှိအတိုင်း အမှန်အတိုင်း သိရသောဉာဏ်နှင့် ရှုနေသိနေ လျက် မရသည်မှာ ခန္ဓာသဘာဝတရားသည် ပင်ကို အရှိတရား မှန်သည်။ သိတတ်သောအသိသည် ဉာဏ်ဖြစ် မည့် အမှန်တရားကိုမသိ။ ထိုအမှန်တရား၏ ဆန့်ကျင်ဘက် ဖြစ်သည့် မမှန်၊ မရှိသည့်ကိလေသာဖြစ်မည့် ပညတ်အာရုံ ကို မခွာနိုင် မဖြတ်နိုင်အောင် အစွဲများကို လက်ခံထားမှု ကြောင့် ဖြစ်၏။

## ပရမတ်ဝိပဿနာ

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာအားဖြင့် ရှုနိုင်မှု၊ ရှုနေမှုသည် ပရမတ် ဝိပဿနာ ဖြစ်သည်။ သမထကဲ့သို့ မရှိကို အရှိလုပ် ရှုနေရသည်မဟုတ်။ သို့ရာတွင် ပင်ရင်း ခန္ဓာအရှိသည် မိမိတဲ့သိလောက်သည့် မည်သည့်အရှိမျိုး ဖြစ်ပါသနည်း။ အရှိသဘော၊ အမှန် သဘောသည် မည်ကဲ့သို့ရှိ၍ မည်သို့မှန်ကန်နေပါသနည်း။

*နာမဉ္စ ရူပဉ္စ ဣဓတ္ထိ သစ္စတော*

''ဤခန္ဓာ၌ သိသဘော၊ ဖောက်ပြန်သဘော သာ အမှန်ရှိ၏။''

လက်ရှိ ကျွန်ုပ်တို့၏ခန္ဓာ၌ အာရုံကိုညွတ်တတ် သိတတ်သော သဘောသည် အမှန်ရှိပါသည်။ ထို ညွတ်တတ် သိတတ်သော သဘောသည် အာရုံကို ညွတ်ရာ အာရုံပြုရာ၌ ဖြစ်ပေါ်လာသည်။

ဥပမာ - မြင်သိ၊ ကြားသိ စသည် အာရုံနှင့် ဝတ္ထု တိုက်တွေ့မှုကြောင့် ဖြစ်ပေါ်လာသော အာဂန္တုကဓာတ်မျိုး၊ မီးခြစ်ဆံနှင့် ယမ်းသဘောမျိုး တိုက်တွေ့သောအခါမှ မီးဟူ၍ ဖြစ်ပေါ်လာသည်။ နဂိုက မီးရှိနေသည်မဟုတ်။ ထို့အတူ ကြည့်စရာ၊ မြင်စရာအဆင်းနှင့် မျက်စိ တိုက်တွေ့ရာတွင် မြင်သိစိတ် ပေါ်လာသည်။ နဂိုကရှိနေသည်မဟုတ်။ ယင်းသို့ အာရုံနှင့် ဝတ္ထု တိုက်ဆုံမှ မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ၊ ကြံသိအားဖြင့် သူ့အာရုံနှင့်သူ ဝတ္ထုတို့တွေ့မှ တိုက်မှ ဖြစ်ပေါ်လာသော အာဂန္တုကဓာတ်မျိုး၊ ခဏဓာတ်မျိုးသာ ဖြစ်၍ သူသူ ငါငါ ကျွန်ုပ်တို့ ထင်သော သတ္တဝါပုဂ္ဂိုလ်၊ မိန်းမ၊ ယောကျ်ား အခိုင်အမာ မဟုတ်ပါ။

တစ်ဖန် - ရူပဥ္စဟူသော ဖောက်ပြန်မှုသဘောတရား ကို လေ့လာပါ။ ဝိပဿနာရှုရာတွင် မိမိခန္ဓာ၏ ပင်ကို သဘာဝကို ပင်ကိုအတိုင်း ကိုယ်တိုင်သိဖြစ်အောင် လေ့လာ ကြည့်ပါ။ ပရမတ်ဟူသည် ပညတ်ကဲ့သို့ အကောင်အထည်

ဒြပ်သဏ္ဍာန်မရှိသောကြောင့် အမှန်တရား ပရမတ်ဟူ၍ သိရာသိကြောင်း လက္ခဏာကိုသာ သိရသည်။ မြတ်စွာဘုရား သည် အကောင်အထည်မဟုတ်သော ပရမတ်သဘောတရား ကိုပါ သိစေရန် ...

*ကိဉ္စ ဘိက္ခဝေ ရူပံ ဝဒေထ*

''ချစ်သားတို့ ရူပံ ဟူသည် အဘယ်သဘောကို ဆိုသနည်း။''

*ရုပ္ပတီတိ ခေါ ဘိက္ခဝေ တသ္မာ ရူပန္တိဝုစ္စတိ*

''ချစ်သားတို့–အကြင်သဘောတရားသည် ဖောက်ပြန်၏။ ထို့ကြောင့် ထိုဖောက်ပြန်မှုသဘောကို ရူပံဟု ခေါ်ဆိုအပ်၏။''

*ကေန ရုပ္ပတိ*

''အဘယ်အကြောင်းကြောင့် ဖောက်ပြန်သနည်း''

*သီတေနပိ ရုပ္ပတိ။ပ။ ရုပ္ပတိ*

''အအေးကြောင့်လည်း ဖောက်ပြန်၏။ အပူကြောင့်လည်း ဖောက်ပြန်၏။ ဆာလောင်ခြင်းကြောင့်လည်း။ပ။ထို့ကြောင့် ဖောက်ပြန်မှုကို ရူပံဟုဆိုအပ်၏။

(ဤကား ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခဇ္ဇနီယသုတ်မှ ဖော်ပြချက်တည်း။)

ကျွန်ုပ်တို့ ဝိပဿနာရှုနေသော ရုပ်နာမ် ပရမတ် ဟူသည်မှာ မြန်မာပြန်လျှင် ဖောက်ပြန်မှုသဘောတရား၊ သိမှု သဘောတရားတို့သာတည်း။ ဤသဘောတရားတို့သည် ဤခန္ဓာဖြစ်အောင် ဖွဲ့စည်းထားသော အရှိတရား၊ အမှန်တရား၊ ပင်ကိုတရား၊ မူလတရား၊ သဘာဝတရားများတို့သာတည်း။ ဝိပဿနာရှုသည် - သတိပဋ္ဌာန်တရား အားထုတ်သည် ဆိုရာ၌ ယင်းမူလအရှိ ပင်ကိုသဘာဝတရားတို့ကို သိတတ်သော စိတ်သည် သတိကြပ်မတ်မှုနှင့် အပြင်လောက ပညတ်အာရုံသို့ မရောက်စေဘဲ ...

*သမာဟိတော ယထာဘူတံ ပဇာနာတိ*

"စိတ်ငြိမ်လျှင် ခန္ဓာအရှိကို အမှန်သိမည်"

ဤလမ်းညွှန်ချက်အတိုင်း ခန္ဓာမှာ စိတ်ငြိမ်သက်စွာထားလျှင် မိမိတို့အလိုနှင့် စိတ်ကူးရှာဖွေမယူရဘဲ အရှိသဘာဝတရား၊ ဖောက်ပြန်သဘောတို့ကိုလည်းကောင်း၊ သိသဘောတို့ကိုလည်းကောင်း သိလာရမည်။ ယင်းသို့ ရှုရာသိရာတွင် ရုပ်ပရမတ်တို့၏ သဘောတရား၊ ဖောက်ပြန်ပြောင်းလဲသော သဘာဝတို့ကို ရှုသော ယောဂီအတွက် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုသိသောအားဖြင့် ဤခန္ဓာ၏ ရုပ်ပရမတ်တို့၏သဘာဝ၊ ဖောက်ပြန်ပြောင်းလဲမှုကို

လက်ခံယုံကြည်မှု ရနိုင်ပေသည်။ နာမ်ပရမတ်တို့၏ သဘော တရားအာရုံကို သိမှုရှိသော ယောဂီအား သိတတ်သော သဘောတရားတို့၏ လက္ခဏာကို ကြိမ်ဖန်များစွာ ရှုသိဖန် များလာသောအခါ ဤခန္ဓာသည် ပညတ်အနေဖြင့် မိန်းမ, ယောကျ်ား ထင်မှားစရာ လုံးဝမရှိပါဟု လက်ခံယုံကြည်မှု ယထာဘူတဉာဏ် ဖြစ်လာရသည်ကား အဖြောင့်ဆုံး အမှန်ဆုံးသော တရားပင် ဖြစ်ပါသတည်း။

**သစ္စဝါဒီ**

(အနန္တငါးပြာမဂ္ဂဇင်း အတွဲ ၂၊ အမှတ် ၁)

## ခန္ဓာအကြောင်းသိမှ တရားကျေးဇူးရှိသည်

ကျွန်ုပ်တို့ တရားအားထုတ်သည်ဆိုခြင်းမှာ မိမိ ရထား သောခန္ဓာ၏ အကြောင်းအရာ သဘာဝအမှန်ကို အမှန်အတိုင်း သိရန်၊ အမှန်ကိုသိတတ်သောဉာဏ်၊ အလေ့အကျင့် လုပ် သောအလုပ်ဖြစ်သည်။ သတ္တဝါတို့ သံသရာတွင် ကျင်လည်ရ သည်မှာ ကိုယ်ခန္ဓာ၏ အမှန်သဘာဝ (သဘာ)ကို မသိသော (အဝိဇ္ဇာ)ကြောင့်ဟု သိတော်မူ မြင်တော်မူသော မြတ်စွာ ဘုရားသည် ဘုရားဖြစ်ရန် ဗျာဒိတ်ခံယူစဉ်ကပင်လျှင် ...

*ဗုဒ္ဓေါ ဗောဓေယျ*

''ငါ အမှန်တရား သိရလျှင် ဝေနေယျသတ္တဝါ တွေ သိရစေမယ်'' ဟု ...

ကြွေးကြော်ကာ ပါရမီတော်များ ဖြည့်ကျင့်ခဲ့ပြီး အမှန် တရား သစ္စာကို ဂေါ ါ်ဆုံးခါ (၁၂)ဖြာသော အချင်းအရာ

အာကာရမြူမှုန်မျှ မကျန်ရအောင် သိတော်မူသည့်အတိုင်း ကိုယ်ခန္ဓာ၏ အမှန်သဘောကို ကိုယ့်အသိ၊ ကိုယ့်ဉာဏ်နှင့် အမှန်အကန် သိစေတော်မူလိုသော မြတ်စွာဘုရားသည်...

*ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ*

*အယံ ရူပဿ အာဒီနဝေါ*

ယံရူပံ၊ အကြင်တည်တန့်မှုမရှိသော ဖောက်ပြန်သဘောသည်။ အနိစ္စံ၊ မမြဲသဖြင့် ပျက်နေ၏။ ဒုက္ခံ၊ ဖောက်ပြန်ပျက်စီးနေသဖြင့်လည်း ဆင်းရဲ၏။ ဝိပရိဏာမဓမ္မံ၊ ခိုင်မာမှုမရှိသော ဖောက်ပြန်ပြောင်းလဲသောသဘော ရှိ၏။ အယံ၊ ဤဖောက်ပြန်မှုသည် ခိုင်မာမှုမရှိ၍ ပျက်နေ၏။ ဖောက်ပြန်ပျက်စီး၍ချည်းသာ ဖြစ်နေ၍ ဆင်းရဲ၏။ ဤသို့ တည်တန့်မှုမရှိ၊ မငြိမ်မသက် ပြောင်းလဲ ဖောက်ပြန်ပျက်စီးမှုသည်။ ရူပဿ၊ ရုပ်ဟုခေါ်ဘိ ဖောက်ပြန်မှုသဘောတရား၏။ အာဒီနဝေါ၊ ခန္ဓာစ၍ ဖွဲ့စည်းစဉ်က ဖြစ်နေ ရှိနေသည့် အပြစ်တည်း။

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ သတ္တဋ္ဌာနသုတ်)

မြတ်စွာဘုရားသည် ကိုယ်ခန္ဓာ၏ အမှန်သဘာဝ ပရမတ်ကို သစ္စာကိုမသိ၍ သံသရာလည်ခြင်း ဖြစ်ကြောင်း၊ အမှန်တရားသစ္စာကို အပိုင်အနိုင်သိက သံသရာပြတ်ကြောင်း

ကိုယ်တော်တိုင် လက်တွေ့ကျကျ သိတော်မူပြီးသည့်အတိုင်း သိရမည့် ဤခန္ဓာအကြောင်း ညွှန်ပြတော်မူသည်။ ဤသို့ဖြင့် သိရမည့်၊ ရှုရမည့် ခန္ဓာအကြောင်း သုတ်ပေါင်း ရာဝဗသုတ်၊ အာယတနအကြောင်း သုတ်ပေါင်း ၄၂၀ အားလုံးသည် ခန္ဓာ၏ သဘာဝအမှန်ကိုပင် ဟောပြသော လမ်းညွှန်ချက် ချည်းသာ ဖြစ်သည်။

**ရှုဉာဏ်**

ခန္ဓာ၏ သဘာဝအမှန်ကို ရှုရမည့်ဉာဏ်ဟူသည်မှာ မိမိ၏ခန္ဓာအကြောင်းအမှန်ကို မှန်သည့်အတိုင်းသာ မိမိတို့၏ လုပ်ကြံဖန်တီးမှုမပါသော အသိသည် ခန္ဓာ၏ အရှိပရမတ်ကို အရှိအတိုင်း ကိလေသာလွတ်သောအသိ ယထာဘူတဉာဏ် ဖြစ်လေသည်။ ဖော်ပြခဲ့သော သတ္တဋ္ဌာနသုတ်တွင် ခန္ဓာ၏ ပင်ကိုယ်အရှိသည် လိုချင်တပ်မက်စရာ မရှိသော အပြစ် အာဒီနဝဟု ပြောဟော လမ်းညွှန်ခဲ့၏။ ရှုဉာဏ်သည် အမှန်ကိုသာ အမှန်ကျကျ သိရာ၌ ...

ယော ရူပသ္မိံ ဆန္ဒရာဂဝိနယော

ဆန္ဒရာဂပ္ပဟာနံ၊ ဣဒံ ရူပဿ နိဿရဏံ

ယော၊ အကြင်ယောဂီသည်။ ရူပသ္မိံ၊ ပြောင်းလဲ ဖောက်ပြန်သောသဘော၌။ ဆန္ဒရာဂဝိနယော၊ ဆန္ဒ ရာဂ မဖြစ်ရန် ဆုံးမခြင်း။ ဆန္ဒရာဂပ္ပဟာနံ၊ ဆန္ဒရာဂ

ကို ပယ်နိုင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ က္လာဒံ၊ ခန္ဓာ၏ သဘာဝကို လေ့လာခြင်းဖြင့် ဖောက်ပြန်တတ်သော ရူပက္ခန္ဓာ သဘောစု၏ အမှန်သဘောအားဖြင့် တွယ်တာတပ်မက်မှုမဖြစ်ရန် ဆုံးမခြင်း၊ မဖြစ်ခြင်း၊ ပယ်နိုင်ခြင်းသည်။ ရူပဿ၊ အရှုခံဖြစ်သော ရူပက္ခန္ဓာ ဖောက်ပြန်မှုအစု၏။ နိဿရဏံ၊ ထွက်မြောက်ရာ တည်း။ (သစ္စဝိဘင်္ဂ ဥဒ္ဒေသသုတ်)

ခန္ဓာငါးပါး အပေါင်းအစုသည် မကောင်းပါ။ ပင်ကို သဘောကိုက မကောင်းပါ။ ခန္ဓာအကြောင်း အကုန်အစင် လေ့လာသိရှိတော်မူပြီးဖြစ်သော မြတ်စွာဘုရားက ပြောပါ သည်။ ကျွန်ုပ်တို့ကား မကောင်းသည်ကို မသိခဲ့။ ကောင်းသည်ဟုပင် ထင်နေသည်။ အဘယ်ကြောင့်ပါနည်း။ ကိုယ့်ခန္ဓာအကြောင်းကို ကိုယ်မလေ့လာ၍ မသိသောကြောင့် ပင် ဖြစ်သည်။ ထို့ကြောင့် မြတ်စွာဘုရားသည် ကိုယ့်ခန္ဓာ အကြောင်း ကိုယ်တိုင်သိမှ ခန္ဓာသည် မိမိတို့ခန္ဓာအကြောင်း မသိလို့ အကောင်းထင်သလို လုံးဝတွယ်တာစရာ၊ ခင်မင်စရာ၊ လိုချင်စရာသည်မရှိကြောင်း အမှန်အတိုင်း သိလာက ချမ်းသာကိုသာ လိုချင်သော၊ ဆင်းရဲကိုစက်ဆုပ်တတ်သော သတ္တဝါတို့၏ သဘာဝအတိုင်း ဒုက္ခသစ္စာ ဆင်းရဲလှစွာသော ခန္ဓာ၏ ပင်ကိုအမှန်ကို သိရသောဉာဏ်က ခန္ဓာအပေါ်မှာ နှစ်သက်တွယ်တာမှု ကိလေသာမဖြစ်အောင် ဆုံးမမှု (ဆန္ဒ

ရာဂဝိနယ)၊ နှစ်သက်တွယ်တာတတ်သော ကိလေသာကို အပြတ်ပယ်နိုင်မှု (ဆန္ဒရာဂပ္ပဟာန) ဖြစ်၍ လွတ်မြောက်လေတော့သည်။

**သုပ္ပဝါသာမင်းသမီး**

မြတ်စွာဘုရား၏လက်ထက်တော်တွင် လာဘ်လာဘများစွာ အမြဲမပြတ် ရရှိအပူဇော်ခံရသော အရှင်သီဝလိ ပဋိသန္ဓေနေသော မယ်တော်သည် ကောလိယ သာကီဝင် သုပ္ပဝါသာ မင်းသမီး ဖြစ်သည်။ တစ်ချိန်တွင် မြတ်စွာဘုရားသည် ကောလိယ သာကီဝင်မင်းသားတစ်ဦးအိမ်တွင် တရားဟောရာ၌ အရွယ်ရောက်ပြီးသော သုပ္ပဝါသာမင်းသမီးသည် တရားသဘောပေါက်ပြီး သောတာပန်တည်လေသည်။ နောင်တချိန်တွင် အိမ်ထောင်ကျပြီး သုပ္ပဝါသာမင်းသမီး၌ အရှင်သီဝလိမထေရ်အလောင်း ပဋိသန္ဓေနေသောအခါ သားအမိနှစ်ယောက်၏ အကုသိုလ်ကံအကျိုးပေး ဆုံစည်းမှုကြောင့် ခုနစ်နှစ်တိုင်တိုင် ကိုယ်ဝန်ဆောင်ရခြင်း ဂဗ္ဘဝါသဒုက္ခ၊ မီးဖွားရမည့်အချိန်တွင် မီးမဖွားနိုင်ဘဲ ကိုယ်ဝန်ကြောင့် ကြီးစွာသော ဆင်းရဲဒုက္ခနှင့် တွေ့ဝေရခြင်း ဂဗ္ဘမူဠဒုက္ခ ကို သုပ္ပဝါသာမင်းသမီး ကြီးစွာ ဆင်းရဲဖြစ်ရလေသည်။

ဤနေရာတွင် စကားအလျဉ်းသင့်၍ အကုသိုလ်အကျိုးပေးကို (ဥဒါနဋ္ဌကထာ-၁၀၈)တွင် လာပုံမှာ ...

*အယဋ္ဌ ကဗ္ဗော သီဝလိတ္ထေရော။လ။*

*ဒုက္ခာ နုဘဝံဇာတံ*

မြတ်စွာဘုရား၏ သာသနာတော်တွင် လာဘ်လာဘ ရမှု၌ ထူးချွန်ဘွဲ့ရမည့် မဟာသာဝကရဟန္တာလောင်း ကိုယ်ဝန်လွယ်သူ မယ်တော်သုပ္ပဝါသာမှာလည်း မြတ်စွာ ဘုရားအား မွန်မြတ်သော အာဟာရဖြင့် ပြုစုလုပ်ကျွေးရာ၌ ထူးချွန်ဘွဲ့ရ မဟာသောတာပန်တို့ ဖြစ်ပါလျက် အဘယ်ကြောင့် ဤကဲ့သို့ ဒုက္ခမျိုး တွေ့ကြုံခံစားရပုံကို အကျဉ်းချုပ် ဖော်ပြရသော် ...

ထိုအရှင်နှင့်ထိုမယ်တော်တို့သည် တစ်ခုသော အတိတ် ဘဝက ဗာရာဏသီမင်း၏ မိဖုရားကြီးနှင့် သားတော်တို့ ဖြစ်ခဲ့ကြ၍ တစ်ချိန်တွင် ကောသလမင်းက စစ်တပ် အလုံးအရင်းဖြင့် ဗာရာဏသီမင်းကို လုပ်ကြံတိုက်ဖျက်၍ ထိုမင်း၏မိဖုရားကြီးကို သိမ်းပိုက်ကာ မိဖုရားကြီးရာထူး၌ ထားလေသည်။

ဗာရာဏသီမင်းသားသည် ခမည်းတော် စစ်ရှုံး၍ နတ်ရွာစံသောအခါ ရေထုတ်ပြွန်မှ တိတ်တဆိတ် ဖောက် ထွက်ပြေး၍ ဗိုလ်ပါအလုံးအရင်းကို စုရုံးပြီး ဗာရာဏသီပြည် သို့ ပြန်လာ၍ ထီးနန်းပြန်အပ်ရန် (သို့မဟုတ်) စစ်တိုက်ရန် ရာဇသံပေးကာ အရေးဆိုလေလျှင် အတွင်း၌ရှိနေသော

မယ်တော်မိဖုရားကြီးက စစ်တိုက်လျှင် လူအများ ပျက်စီး ဆင်းရဲကြမည်ဖြစ်၍ မြို့ကို ပိတ်ဆို့ဝန်းရံထားရန် အကြံ ပေးလေသည်။ ထိုပေးသည့်အကြံအတိုင်း မင်းသားသည် မြို့တံခါးကြီးလေးပေါက်တို့ကို အထွက်အဝင်မရှိရအောင် ပိတ်ဆို့ စောင့်ရှောက်လျက် ခုနစ်နှစ်ကြာ မြို့ကို ဝန်းရံ ပိတ်ဆို့ထားသော်လည်း မြို့သူမြို့သားတို့သည် တံခါးငယ် များမှ ထွက်၍ မြက်၊ ထင်း စသည်တို့ကို သယ်ဆောင်ယူသွင်း ကြသဖြင့် မည်သို့မျှ အကြောင်းမထူးဘဲ ရှိနေလေရာ ထို သတင်းကို မယ်တော်မိဖုရားကြီး ကြားသိရ၍ တစ်ဖန်ထပ်ပြီး တံခါးငယ်များကိုပါ ပိတ်ဆို့ရန် အကြံပေး ပြန်လေသည်။

ထိုအကြံပေးချက်အတိုင်း တံခါးငယ်များကိုပါ ပိတ်ဆို့ ဝန်းရံသဖြင့် ခုနစ်ရက်ရှိသောအခါ မြို့သူမြို့သားတို့ အနေကြပ် သဖြင့် ကောသလမင်း၏ ဦးခေါင်းကိုဖြတ်၍ မင်းသားအား ဆက်သကြလေသည်။ မင်းသားသည် မြို့တွင်းဝင်၍ မင်း အဖြစ်ကို ခံယူသိမ်းပိုက်လေသည်။

ဤသို့သော အကုသိုလ်ကံကြောင့် ထိုအရှင်မြတ် သားအမိတို့သည် ခုနစ်နှစ်ကြာ ကိုယ်ဝန်သားကို ဆောင်ရခြင်း ဆင်းရဲ၊ သားသန္ဓေကို လွယ်ထားရသော မယ်တော်မှာ ကိုယ်ဝန်ကြောင့် ခုနစ်ရက်ကြာ မိန်းမောတွေဝေနေရခြင်း ဆင်းရဲဒုက္ခတို့ကို ဥဒါနကထာဖော်ပြချက် ဖြစ်သည်။

**ခန္ဓာအကြောင်း**

သုပ္ပဝါသာသည် ''သောတာပန္နာ အရိယာသာဝိကာ'' ဖြစ်၍ ရုပ်နာမ်ခန္ဓာသည် ပဋ္ဌပါဒါနက္ခန္ဓာ ဒုက္ခာ၊ ခန္ဓာငါးပါး သဘာဝတရားသည် ပင်ကိုမူလသဘာဝကိုက ဆင်းရဲအစစ် အမှန်ဖြစ်သည်ကို အရိယာသာဝိကာဖြစ်သော သုပ္ပဝါသာ သည် တရားဝင်မပယ်နိုင်သေးသော်လည်း ဆင်းရဲဒုက္ခဟူ၍ ကား ကောင်းကောင်းသိထားသည်။

ဤခန္ဓာ၏ မူလသဘာဝဒုက္ခကို အမှန်သိထားသော သောတာပန် သုပ္ပဝါသာသည် ခုနစ်နှစ် ကိုယ်ဝန်ဆောင်ထား ရသော ဆင်းရဲဒုက္ခ၊ မွေးဖွားချိန်ကျ၍ မွေးဖွားမည့်ဆဲဆဲ တွင်ပင် တွေဝေမိန်းမော၍ နေရသည်မှာ ခုနစ်ရက်တိုင်ဖြစ်၍ ဆင်းရဲဒုက္ခတွေ ထပ်ဆင့် ကြုံတွေ့ရသောအခါ ...

*သမ္မာသမ္ဗုဒ္ဓေါဝတ ဘဂဝါ၊ ယော ဣမဿ ဝေရူပဿဒုက္ခဿ ပဟာနာယဓမ္မံ- ဒေသေတိ''*

အလုံးစုံသော တရားအပေါင်းကို သိတော်မူ သော မြတ်စွာဘုရားသည် ဤလိုခန္ဓာဒုက္ခမျိုး၊ သံသရာဒုက္ခမျိုးတို့ကို ပယ်ဖြတ်တော်မူနိုင်ရန် တရား ဟောတော်မူပါပေစွတကား။

*သုပ္ပဋိပန္နော ဝတတဿ ဘဂဝတော သာဝက- သံဃော၊ ယော ဣမဿ ဝေ ရူပဿ ပဟာနာယ ပဋိပန္နော*

အကြင်မြတ်စွာဘုရား၏ တပည့်သားသာဝက သံဃာတော်သည်၊ ဤသို့သဘောရှိသော ဆင်းရဲ ဒုက္ခအမျိုးမျိုးတို့ကို ပယ်စွန့်နိုင်ရန် ကျင့်ကြံအားထုတ် တော်မူကြပါပေကုန်၏။

ထိုသာဝကသံဃာတို့၏ ကျင့်ကြံအားထုတ်မှု သည် ဤလိုဒုက္ခမျိုး ပယ်စွန့်နိုင်တော်မူပါပေစွတကား။

*သုသုခံဝတ တံ နိဗ္ဗာနံ၊ ပတ္တိဒံ ဝေရူပံ ဒုက္ခံ- နသံ ဝိဇ္ဇတိ*

အကြင်တရားတော်မြတ်၌ ဤသို့ သဘောရှိ သော ဆင်းရဲဒုက္ခမျိုး နည်းနည်းမှ မရှိပေ။ ထိုနိဗ္ဗာန် တရားတော်မြတ်သည် အလွန်တရာ ချမ်းသာပေစွ တကား။

(ဥဒါနပါဠိတော်-၉၃)

သောတာပန် အရိယာ သုပ္ပဝါသာသည် ခန္ဓာ အကြောင်း ကောင်းကောင်းသိထားသူ ဖြစ်သောကြောင့် ဤကဲ့သို့သော ဆင်းရဲဒုက္ခကို သည်းခံနိုင်သည်။

ဤခန္ဓာကို ယထာဘူတကျကျ သတိပဋ္ဌာန်နည်းလမ်း မှန်နှင့် လေ့လာလျှင် ရစရာ ယူစရာမရှိသော သဘာဝတရား တို့ကိုသာ တွေ့ရမည့်အပြင် ဖြစ်ခြင်း ပျက်ခြင်းတို့သည် အဆက်မပြတ် နှိပ်စက်တတ်သော အိုမှု၊ အိုမင်းယိုယွင်းကာ

နှိပ်စက်နေသော နာမှု၊ အသေသို့မရောက်မချင်း နှိပ်စက်သော သေမှုတို့ကား ခန္ဓာဟူ၍ ရလာသော ကျိန်းသေဆင်းရဲမှုတို့ပင် ဖြစ်သည်။

## သေကာနီးဝယ် အားကိုးဖွယ်

ကျွန်ုပ်တို့ ဝိပဿနာအားထုတ်သူတို့မှာ ကျွန်ုပ်တို့လက်ဝယ်ရှိ ဤခန္ဓာသည် သူ၏လမ်းစဉ်အတိုင်း အသေသို့သာ ချီတက်နေလေရာ ခန္ဓာသည် သူ၏နိယတပန်းတိုင်သို့ ဖောက်ပြန်လျက် ပျက်လျက် သိလျက် ပျက်လျက် ချီတက်သွားနေသည်ကို သိနေရသည်ဖြစ်၍ ...

ဤခန္ဓာသည် တွယ်တာစရာ နှစ်သက်စရာ လုံးဝမရှိသော သဘောတရားစုပင်ဖြစ်ကြောင်း သိရသည်မှာ ဘာဝိတာ-ဗဟုလီကတာ ထပ်ကာထပ်ကာ သိနေရန် မြတ်စွာဘုရား၏ တိုက်တွန်းချက်အတိုင်း ဆက်ကာ ဆက်ကာ သိနေရကား ဤသို့အားထုတ်နေသူ ကျွန်ုပ်တို့အတွက် အဖြေမှာ – ''ငါငါ သူသူ လူလူ နတ်နတ် စွဲယူရန်ဝေးစွ၊ ကြည့်ပင်မကြည့်ချင်တော့ပေ။'' ဤသည်မှာ သတိပဋ္ဌာန်လုပ်ငန်း ခန္ဓာလေ့ကျင့်ခန်း အားထုတ်သည့်အတွက် ခန္ဓာ၏ပင်ကိုယ်သဘာဝအတိုင်း သာယာစရာ တွယ်တာစရာ ကိလေသာတို့ ဖြစ်ခွင့်မရဘဲ ကိလေသာအပူအလောင်တို့ လွတ်နေချိန်ဖြစ်သည်။

ကျွန်ုပ်တို့သည် ခန္ဓာကို ရှုကြည့်တိုင်း အကဲခပ်တိုင်း ခန္ဓာ၏ အရှိသဘာဝကို ကိုယ်တိုင်ကြည့် အမှန်သိ သိရာ ခန္ဓာသည် သူ၏အဖြစ်မှ အိုမင်းယိုယွင်းခြင်းသို့ အအိုမှ အနာရောဂါမျိုးစုံတို့၊ „အနာမှ အသေသို့ သူ့လမ်းစဉ်အတိုင်း နှောင့်နှေး ရပ်ဆိုင်းခြင်းမရှိ ချီတက်နေရာ နောက်ဆုံး အနာမှ အသေသို့ ချီတက်နေသော ဤခန္ဓာ၏ နောက်ဆုံးအချိန်တွင် ကျွန်ုပ်တို့သည် ''ဒါ–ငါ့ကိုယ်၊ ဒါ–ငါ့ဥစ္စာ၊ ဒါ–ငါ့ရဲ့ခိုင်မာမှုအတ္တ'' ဟု ဘာကို စွဲယူမည်နည်း။ ဒရစပ် ပျက်ပျက်နေသဖြင့် ရစရာ ယူစရာ မရှိသော ဤမြင်ကွင်းကို ခိုင်မာသော တည်တံ့သော မြဲသော ငါဟု ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်းနှင့် သေကာနီးတွင် ကျွန်ုပ်တို့၏ ပြောင်ပြောင် စွဲမှားမှုဒဏ်ဘဝတိုင်း ခံခဲ့ရပြီ။

ယခု ကျွန်ုပ်တို့ ဘုရားသာသနာနှင့် တွေ့ရပြီ။ အတွင်းကျကျ လေ့လာကြည့်ရာတွင် မြတ်စွာဘုရား၏ သာသနာတော် တည်ဆောက်ရာ၌ အရေအတွက်ရရန် တည်ဆောက်ထားခြင်းမဟုတ်။ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်မည့် ဝေနေယျအတွက် သီလ၊ သမာဓိ၊ ပညာအရည်အချင်း ပြည့်မီစေရန် ဝေနေယျတို့ အသိဉာဏ် အတိုင်းအတာအရ သိနိုင်ဖို့ ဟောထားသော လမ်းညွှန်ချက်များသာ ဖြစ်သည်။

ကျွန်ုပ်တို့ ဉာဏ်မီသည့် လေ့လာချက်သည် ပင်ကိုသဘာဝ အစုအပေါင်းဖြစ်သော ခန္ဓာကို ပင်ကို သဘော

သဘာဝအတိုင်း ရှုကြည့်သောအခါ ဤဖောက်ပြန်မှု-ပျက်မှု၊ သိမှု-ပျက်မှု တို့သည် ခန္ဓာ၏ မူလသဘာဝ ပင်ကိုတရားများ သာရှိ၍ ကျွန်ုပ်တို့ထင်သော မိန်းမ ယောကျ်ား ပုဂ္ဂိုလ် သတ္တဝါ ဘာမျှမရှိသော ဘာမှမဟုတ်ဆိုသည်မှာ ခန္ဓာ၏ အမှန် သဘောသိရန် လေ့လာထားသော ဉာဏ်က ပြောခြင်းပင် ဖြစ်သည်။

ယခု ကျွန်ုပ်တို့ သိခဲ့ပါပြီ။ ဤခန္ဓာကို ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါ့ရဲ့အနှစ်သာရအခိုင်အမာပဲဟု ထင်မြင်စွဲယူခြင်းသည် ခန္ဓာမှာ မရှိသော တရားကို မမှန်သော မတရားသော စွဲယူမှု တို့နှင့် စွဲယူမှားခြင်းသာဖြစ်၍ ဉာဏ်နှင့် လေ့လာတွေ့ရှိရသော ဉာဏ်အမြင်၌ ထိုအစွဲမှားမျိုး မဖြစ်တော့ပေ။ မရှိတော့ပေ။

ယခု လေ့လာသဖြင့် တွေ့ရှိရသော ဖောက်ပြန်မှု-ပျက်မှု၊ သိမှု-ပျက်မှု တို့သည် အမိဝမ်းတွင်း၌ ကလလ ရေကြည် တည်စ ရုပ်ဝတ္ထုဖြစ်စမှ ဒီခန္ဓာနိဂုံးအဆုံး အသေ အထိ မြစ်ချောင်းတို့တွင် ရေစီးမှု မပြတ်သလို အသေအထိ သွားရမည်ဖြစ်ရာ ဤဖောက်ပြန်ပျက်-သိပျက်သာ ရှိသော ခန္ဓာတွင် ခန္ဓာအရှိဖောက်ပြန်မှု၊ ပျက်မှုကို အပျက်တွေချည်း ပါပဲဟု သိနေရသည်ကလွှဲ၍ ရှုဉာဏ်က တွေ့ရှိ တွေ့သိ သိရန် ဘာရှိမည်နည်း။

## ကျွန်ုပ်တို့မျှော်လင့်ချက်

ဝိပဿနာမှု ရှုသည်ဆိုရာတွင် ခန္ဓာအရှိကိုသာ အရှိအတိုင်း မှန်မှန်သိနေရပါသည်။ ဘာတွေရှိသလဲ - 'ဖောက်ပြန်မှု (ရုပ်ပရမတ်)၊ သိမှု (နာမ်ပရမတ်) တို့ရှိသည်။ ထိုဖောက်ပြန်မှု၊ သိမှုအရှိတရားတို့ ဆိုရာတွင်လည်း အခိုင်အမာ ရပ်တည်နေကြသည်မဟုတ်။ ဖောက်ပြန်သဘောက ပျက်လျက်၊ သိသဘောက ပျက်လျက်သာ ရှိနေကြသည်။ ယင်းသဘာဝကို လေ့လာသော ဉာဏ်သည် 'ယထာဘူတံ ပဇာနာတိ' ဤအရှိအတိုင်း သိနေရသည်။

ဤသို့ဖြင့် သေကာနီးလေလေ နှိပ်စက်မှုများလာလေလေပင်။ သိသာသိထားပါ။ နှိပ်စက်နာကျင်မှုများကား ဤခန္ဓာ၏ အာတုရကာယ ပင်ကိုသဘောခန္ဓာဖွဲ့စည်းထား၍ ခန္ဓာအနှိပ်စက်ကို ခံရခြင်းသည် ဤခန္ဓာအကြောင်းကို အရင်းကျကျသိအောင် လေ့လာသောဉာဏ်သည် ကြာကြာရှုလေ တွယ်တာစရာမကောင်းလေ။

ဤခန္ဓာ၏မကောင်းပုံ၊ နှိပ်စက်နာကျင်ပုံ၊ သာယာစရာမရှုံပုံကို အမှန်အတိုင်း ဉာဏ်ဖြင့် သိနေစဉ် ခန္ဓာ၏ အသေပန်းတိုင်သို့ ရောက်သည်အထိ ဤအသိပဲ ဆက်ကာဆက်ကာ သိနေသော ယောဂီ၏ ဉာဏ်သည် အလွန်အားကိုးရာအားထားရာပါတကားဟု သိက သာသနာ၏ အနှစ်သာရကို သင်ရပေပြီ။

ကျွန်ုပ်တို့သည် သေရမည့်ခန္ဓာ လက်ရှိရထားသဖြင့် သေရမည့်အချိန်ကို စောင့်နေရသည်။ ဝိပဿနာအလုပ်သည် ကိုယ့်ခန္ဓာ၏သွားရာလမ်းကြောင်းအမှန်ကို သိအောင် နှလုံးသွင်းမှန်အောင် လေ့ကျင့်ရသော အလုပ်ဖြစ်သဖြင့် အနာကို၊ အသေကို သွားနေသော ခန္ဓာ သဘာဝအမှန်ကို လက်တွေ့ကျကျ တွယ်တာစွဲလမ်းမှုမရှိအောင် ပြနေသော ရစရာမရှိ စွဲယူစရာအကြောင်းမရှိကြောင်း ပြနေသော ခန္ဓာ၏ သဘောတရားဒုက္ခသစ္စာကို အထူးစိတ်ကူးရှာဖွေမယူရဘဲ သေလောက်အောင် နှိပ်စက်နေသော မူလပင်ကို သဘောတရားဟူ၍ တွေ့သည့်အတိုင်း ရှိသည့်အတိုင်း ခန္ဓာ၏ ကျိန်းသေတွေ့ရမည့် (ဗျာဓိ)၊ အနာနှိပ်စက်မှုသည် (မရဏ) အသေကို ရောက်အောင် ပို့ဆောင်ပေးနေသည့် ခန္ဓာပါ တကားဟု ကိုယ်ကိုယ်တိုင် လေ့လာသဖြင့် ကိုယ်တိုင်သိသော ဉာဏ်ဖြင့် ပဋိစ္စသမုပ္ပါဒ် သံသရာစက်ကို ချိုးဖြတ်နိုင်သော တရားအလုပ် အားထုတ်နိုင်ကြပါစေ။

**သစ္စာဝါဒီ**

**(အနန္တငါးဖြာမဂ္ဂဇင်း အတွဲ ၂၊ အမှတ် ၂)**

~*~*~*~

# သီလရှိသူသည် သေမှာမကြောက်

အခါတစ်ပါး၌ ဇာဏုသောဏိ ပုဏ္ဏားကြီးသည် မေးလျှောက်အပ်သည်ဖြစ်၍ မြတ်စွာဘုရားသည် သေရမှာကြောက်သော ပုဂ္ဂိုလ်လေးမျိုးနှင့် သေရမှာမကြောက်သော ပုဂ္ဂိုလ်လေးမျိုးစီရှိကြောင်း စတုတ္ထအင်္ဂုတ္တရပါဠိတော် အဘယသုတ်၌ ဟောတော်မူထားသည်။

ယင်းသို့ ဟောတော်မူရာ၌ သေရမှာ မကြောက်သော ပုဂ္ဂိုလ်လေးမျိုး ရှိသည်တွင် ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သော ကျွန်ုပ်တို့အတွက် သတိပဋ္ဌာန်တရား၊ ဝိပဿနာတရား အားထုတ်ကြသော ပုဂ္ဂိုလ်များအတွက် ဟောထားသည်မှာ ...

ပုဏ္ဏား – နောက်တစ်မျိုးကား ဤလောက၌ တချို့သောသူသည် မကောင်းမှုကိုမပြု၊ ကြမ်းကြုတ်မှု

ကိုမပြု၊ ညစ်နွမ်းမှုအကုသိုလ်ကိုမပြု၊ ကောင်းမှုကို ပြု၏။

ကြောက်မက်ဖွယ်သော အကုသိုလ် ဒုစရိုက် တို့ကို သီလဖြင့် တားမြစ်ပြီး ဖြစ်၏။

ထိုသူကို ပြင်းထန်သော ရောဂါဝေဒနာသည် သေကာနီးအချိန် ရောက်အောင် ကပ်ရောက်လာ၏။ ပြင်းထန် ၍ သေချိန်ရောက်အောင် ကပ်ရောက်လာသော ထိုသူအား...

ငါသည် မကောင်းမှုကိုမပြု၊ ညစ်နွမ်းမှု အကုသိုလ်ကို မပြု၊ ကောင်းမှုကို ပြုခဲ့၏။

ကုသိုလ်ကို ပြုခဲ့ပြီ။ ကြောက်မက်ဖွယ်သော အကုသိုလ်ဒုစရိုက်တို့ကို သီလဖြင့် တားမြစ်ပြီး ဖြစ်၏။

ထိုကဲ့သို့သော ငါ့အား ကောင်းသော လားရာ ဘဝဂတိဟူသမျှသို့သာ ငါသည် လားရတော့မည်။

ဟု စိတ်၌ဖြစ်၍ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်း သို့မရောက်။

''ပုဏ္ဏား – သေခြင်းသဘော ရှိသည်ဖြစ်လျက် သေခြင်းမှ မကြောက်သော ထိတ်လန့်ခြင်းသို့ မရောက်သော သူသည်လည်း ဤသူပင်တည်း''ဟု မိန့်တော်မူသည်။

မှန်ပါသည်။

ကျွန်ုပ်တို့ ရုပ်နာမ်ခန္ဓာသည် အနာ၊ အသေသို့ ရှေးရှု ချီတက်နေ၏။

နာတတ်၊ သေတတ်သော ခန္ဓာကို လက်ဝယ်ရထား သော ကျွန်ုပ်တို့အတွက် အထက်တန်းပြင်ဆင်မှုဟူသော သတိပဋ္ဌာန်လုပ်ငန်း၊ ဝိပဿနာလုပ်ငန်းနှင့် အသေပြင်ဆင်မှု ကြိုတင်ပြုလုပ်ထားရသည်။

ဝိပဿနာလုပ်ငန်းနှင့် ပြင်ဆင်မှုမပြုနိုင်သော သူအတွက် ယခုဖော်ပြခဲ့သော ပြင်ဆင်မှုကား မလွဲမသွေ ပြုလုပ်ထားသင့်လေသည်။

အကြောင်းမူ ...

ဤခန္ဓာ၏ ဤဘဝ၊ ဤနောက်ဆုံးစာရင်း ရှင်းရမည့် အချိန်တွင် မည်သူမဆို အားကိုးအားထားရာ ရှာမြဲဖြစ်၏။

ဤဘဝ ဤခန္ဓာနှင့်နေလာခဲ့ရာတွင် မိမိ ပြုလုပ်ခဲ့ သော အလုပ်တို့တွင် အားကိုးရာအားထားရာဟူ၍ အမှန် အတိုင်း တွေ့မြင်သိရှိလာသောသူအား စိုးရိမ်ပူဆွေး ငိုကြွေး ၍သာ သေရမှာကြောက်သော်လည်း ကြောက်ကြောက်နှင့် သေရသောကြောင့် အပါယ်သို့ သွားရလေသည်။

ယခု သီလအကျင့်ရှိသည်ကို မြင်သိရသော သူအား ငါ့အား တမလွန်သို့သွားရန် အားကိုးရာ၊ အားထားရာ ရှိသည်

ဟု သိရသဖြင့် သေကာနီးကာလတွင် စိုးရိမ်မှု၊ ပူဆွေးမှု၊ ငိုကြွေးမှု မရှိဘဲ မတွေမဝေ သေရသောကြောင့် အပါယ်မှ ကင်းလွတ်လေသည်။

သေတတ်သောခန္ဓာရှိသူတိုင်းသည် အသေပြင်ဆင်မှုကို မလုပ်မနေ ပြုလုပ်ထားသင့်လေသည်။

**သမုဒ္ဒဝါဏိဇဝတ္ထု**

ရှေးလွန်လေပြီးသောအခါက ကုန်သည်ခုနစ်ရာတို့သည် သင်္ဘောဖြင့် သမုဒ္ဒရာ၌ သွားကြလေသည်။

ထိုသို့ သင်္ဘောလွှင့်၍ သွားကြရာ၌ သင်္ဘောသည် အလွန်လျှင်မြန်စွာ သွားလျက်ရှိရာ ခုနစ်ရက်မြောက်သောနေ့၌ သမုဒ္ဒရာ၌ သွားနေစဉ် သင်္ဘောသည် ကွဲ၍ ရေဝင်လာသည်။

ထိုအခါ သင်္ဘောတွင်ပါသော ကုန်သည်တို့သည် မိမိတို့အားထားရာ၊ အားကိုးရာနတ်တို့ကို ပူဇော်ပသကာ ငိုကြွေးကြကုန်သည်။

အချို့သူတို့သည်လည်း တောင်းပန်ခြင်း၊ မြည်တမ်းခြင်း စသည်အားဖြင့် ဆူညံစွာ ဟစ်အော်ကြလေသည်။

ထိုကုန်သည်တို့အထဲတွင် တစ်ယောက်သောယောကျ်ားသည် သင်္ဘောထွက်မည့်နေ့တွင် ရဟန်းသံဃာ

အား မိမိသည် လှူအပ်သောအလှူ၊ ဆောက်တည်သော သရဏဂုံသီလကို ဆင်ခြင်နှလုံးသွင်းလျက် ကြောက်ရွံ့ခြင်း ကင်းလျက်နေ၏။

အခြားသောကုန်သည်တို့သည် ထိုမကြောက်သော ကုန်သည်ကို မြင်၍ မကြောက်သောအကြောင်းကို မေးကုန်၏။

ထိုမကြောက်သော ကုန်သည်သည် ထိုမေးသူတို့အား...

ငါသည် သေရမည့်ခန္ဓာ ရှိနေသည့်အတွက် အသေပြင်ဆင်မှုကို ကြိုတင်၍သာလျှင် ပြုခဲ့လေသည် ...

သဘောထွက်သည့်နေ့ကပင်လျှင် ပြုနေကျ အလှူဝတ်ကို ပြုလျက် သရဏဂုံသီလကို ဆောက်တည်ခဲ့သောကြောင့် ငါမကြောက် ...

ဟု ဟုတ်မှန်တိုင်း ပြောကြား၏။

ထိုအခါ မေးသောသူတို့က သင်၏အားကိုးရာ အားထားရာ ငါတို့အားလည်း ပေးအပ်ပါ၏လောဟု မေးကုန်၏။

ပေးပို့လို့လည်း ရပါ၏ဟု ဆိုလေသော် ...

ထိုသီတင်းသည်, သည့် ခုနစ်ရာသော ကုန်သည်တို့အား တစ်ရာစီ၊ တစ်ရာစီ ခုနစ်စုဖွဲ့၍ သရဏဂုံနှင့် ငါးပါးသီလကို ပေးလေ၏။

ခုနစ်ရာကုန်သော သဘောသားတို့တွင် ရှေးဦးစွာ တစ်ရာသော သဘောသားတို့သည် ခြေမျက်စိ အတိုင်းအရှည်ရှိသော ရေ၌တည်လျက် ငါးပါးသီလကိုယူ၏။

နှစ်ကြိမ်မြောက် တစ်ရာသော သဘောသားတို့သည် ဒူးဆစ်မျှလောက်သောရေ၌ တည်လျက် ...

သုံးကြိမ်မြောက် တစ်ရာသော သဘောသားတို့သည် ခါးအတိုင်းအရှည်ရှိသော ရေ၌တည်လျက် ...

လေးကြိမ်မြောက် တစ်ရာသော သဘောသားတို့သည် ချက်အတိုင်းအရှည်ရှိသော ရေ၌ တည်လျက် ...

ငါးကြိမ်မြောက်သော သဘောသားတို့သည် ရင်အတိုင်း အရှည်ရှိသော ရေ၌တည်လျက် ...

ခြောက်ကြိမ်မြောက်သော သဘောသားတို့သည် လည်အတိုင်းအရှည်ရှိသော ရေ၌ တည်လျက် ...

ခုနစ်ကြိမ်မြောက်သော သဘောသားတို့သည် ခံတွင်းသို့ ဆားငန်ရေဝင်လျက် ငါးပါးသီလကို ယူ၏။

ထိုသီတင်းသည် ဖြစ်သော ခုနစ်ရာကုန်သော သဘောသားတို့သည် ပဉ္စသီလ ငါးပါးသောသီလကို ခံယူဆောက်တည်ပြီးသောအခါ သီတင်းသည်ကြီးက ...

သင်တို့အား အခြားတစ်ပါးသော အားထားရာ၊
ကိုးကွယ်ရာသည်မရှိပြီ။

ဤ ခံယူဆောက်တည်ထားပြီးသော သရဏဂုံ
သီလတို့ကိုသာလျှင် ဆင်ခြင်နှလုံးသွင်းကြကုန်လော့

ဟူ၍ တိုက်တွန်းကြွေးကြော်၍ စုတေ သေလွန်သည့်
အခါ တာဝတိံသာနတ်ပြည်၌ ဖြစ်ကြလေကုန်၏။

ထိုအလုံးစုံ တာဝတိံသာနတ်ပြည်၌ ဖြစ်ကြကုန်သော
နတ်သားတို့ကို သူတော်ကောင်းတို့၏ တရားကို
ဆောက်တည်သည်၏ အစွမ်းအားဖြင့် ကိုယ်ကိုဖော်၍
နတ်ပြည်၌ ဖြစ်ခြင်းကြောင့် ''အတုလ္လပကာရိနတ်သား''
မည်ကြကုန်၏။

ထိုနတ်သားတို့သည် နတ်ဖြစ်သော ခဏ၌ပင်လျှင်
မိမိတို့ပြုခဲ့သော ကုသိုလ်ကံကို ဆင်ခြင်လတ်သော် ဆရာကို
အမှီပြု၍ နတ်စည်းစိမ်ကို ရသောအဖြစ်ကို သိမြင်ကြသဖြင့်
ထိုအကြောင်းခြင်းရာကို မြတ်စွာဘုရား အထံတော်၌
ဆရာ့ကျေးဇူးကို ချီးမွမ်းလျှောက်ထားလိုရကား သန်းခေါင်ယံ
အခါ မြတ်စွာဘုရား သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်သို့
ချဉ်းကပ်၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် သင့်တင့်သော
အရပ်၌ ရပ်ကာ ...

*သတ္တိရေဝ သမာသေထ၊ သတ္တိကုဗ္ဗေထ၊ သဒ္ဓံ၊*
*သတံသဒ္ဓမ္မ မညာယ၊ သေယျော ဟောတိ*
*နပါပိယော။*

အစရှိသည့် ခြောက်ဂါထာတို့ကို နတ်သား ခြောက်ယောက်တို့က တစ်ဂါထာစီ လျှောက်ထားကြလေသည်။

သတ္တိရေဝ၊ ပညာရှိသူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ ပေါင်းဖော်တန်ရာ၏။

သတ္တိ သူတော်ကောင်းတို့နှင့်။ သဒ္ဓံ၊ ပေါင်းဖော်ဆည်းကပ်ခြင်းကို။ ကုဗ္ဗေထ၊ ပြုကုန်ရာ၏။

သတံ၊ ဘုရားအစရှိသော သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ငါးပါးသောသီလ ဆယ်ပါးသောသီလ လေးပါးသောသတိပဋ္ဌာန် အစရှိသောအားဖြင့် ပြားသော ချီးမွမ်းအပ်သော တရားကို။ အညာယ၊ သိ၍။ သေယျော၊ မြတ်၏။ ဟောတိ၊ ဖြစ်၏။

ပါပိယော၊ ယုတ်မာသည်။ နဟောတိ၊ မဖြစ်။

ဤကား သဂါထာဝဂ္ဂ၊ ဒေဝတာသံယုတ် အဋ္ဌကထာ၊ သမ္ဗိသုတ်အဖွင့်မှ ဖော်ထုတ်ပြချက် ဖြစ်သည်။

## သတိပြုရန်

မိမိတို့သည် ဤ မခိုင်မြဲသော ရုပ်နာမ်ခန္ဓာမျိုးနှင့် သံသရာခရီးကို သွားလျက်ရှိနေသည်။

တစ်ဘဝမှသည် တစ်ဘဝသို့ အသွားမရပ် နောက်ဆုတ်ခြင်းမရှိ။ မိမိပြုခဲ့သောကံက ပို့ဆောင်နေခြင်း ဖြစ်ရာ ပုထုဇ္ဇန်အတွက် ဤဘဝမှ သေပြီးနောက် လားရောက် ရမည့် သွားရောက်ရမည့်ဘဝသည် ကျိန်းသေ စိတ်ချရမည့် ဘဝကို သိရန် လွယ်ကူသောကိစ္စ မဟုတ်ပေ။

သေကာနီးမှ မိမိတို့ မမျှော်လင့်သော အကုသိုလ်ကံ တစ်ခုက အာသန္နကံအနေနှင့် ဝင်လာပါက မိမိအတွက် လုံးဝ ပြုပြင်၍မရသော အနေရောက်သဖြင့် ကံပြုသမျှ ခံရပေ တော့မည်။

ထို့ကြောင့် ...

ကျွန်ုပ်တို့သည် သေရမည့်ခန္ဓာ ရရှိထားသဖြင့် စိတ်မချ ရခြင်း၊ လားရမည့်၊ သွားရမည့်ဘဝအတွက် စိတ်မချရခြင်း မဖြစ်စေရန် အသေမရောက်မီ ပြင်ဆင်နိုင်ရန် မြတ်စွာဘုရား ၏ အသေပြင်ဆင်နိုင်မည့် လမ်းညွှန်ချက်ကား သာသနာ တော်တွင် ရရှိနိုင်မည့် ဒါန၊ သီလ စသော အနိမ့်စားပြင်ဆင်မှု မှအစ အမြင့်ဆုံးပြင်ဆင်မှုအထိ မိမိ၏သံသရာခရီးသွားမှု မဂ်ခရီးသွားအထိ ပြင်ဆင်သွားကြပါရန် တိုက်တွန်းနှိုးဆော် လိုက်ရပါသည်။

**(အနန္တငါးဖြာမဂ္ဂဇင်း အတွဲ ၂၊ အမှတ် ၃) သစ္စာဝါဒီ**

~*~*~*~

# အမေးနှစ်ဖြာ ဖြေပေးပါ

ဆရာကြီးသစ္စဝါဒီ ခင်ဗျား ...

ကျွန်တော် ရိုသေစွာ စာရေးသားပေးပို့အပ်ပါသည်။ ကျွန်တော် မေးခွန်းနှစ်မျိုး မေးလိုပါသည်။ သည်းခံသောအားဖြင့် မေတ္တာအလျှောက် ဖြေကြားပေးပါခင်ဗျား။

## ၁။ ဖြစ်ပျက်ကို မှန်းအောင် ရှုရမှာလား။

ကမ္မဋ္ဌာန်းဆရာအချို့က ရုပ်နာမ်တို့၏ ဖြစ်ပျက်ကို မြင်လျှင် သိလျှင် မှန်းအောင်ရှု၊ မှန်းလျှင် ဆုံးသွားမည်။ ဆုံးလျှင် မဂ်ပဲတဲ့။ အဲဒီလို ဟောတာ ပြောတာကို ကြားရ သိရပါ၍ ကျွန်တော် မနှစ်မြို့ပါ။ အကြောင်းကတော့ မုန်းအောင်ကြည့် မုန်းအောင်ရှု ဆိုတဲ့ အသုံးအနှုန်းပါပဲ။

မုန်းတယ်ဆိုရင် ဒေါသကိလေသာ ဖြစ်တာပဲ။ ဒီလို ဒေါသစိတ် ဖြစ်ပေါ်နေတဲ့ ယောဂီမှာ မဂ်ရဖို့ မဂ်ဝင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ ကျွန်တော် ခံယူထားပါတယ်။ အဲဒီခံယူချက်အတိုင်းလည်း ကျွန်တော် ကျင့်သုံးပါတယ်။ ဒီ (မုန်း) ဆိုတဲ့ အသုံးအနှုန်းဟာ ကျွန်တော့်အယူအဆမှ တရားမထိုင်မီ အချိန်ကာလများစွာကပင် ရုပ်၊ နာမ်တို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတွေကို သိလို့ မြင်လို့ နောက်ထပ်တစ်ဖန် ဒီလို ရုပ်နာမ်မျိုးကို မလိုချင်တော့လို့ မနှစ်မြို့တော့လို့ နိဗ္ဗာန်ကို ရရာရကြောင်း မဂ်ပေါက်ဖိုလ်ပေါက်အတွက် တရားထိုင်တာ၊ တရားနှလုံးသွင်း ကျင့်သုံးတာပဲလို့ ယူဆထားပါတယ်။ အဲဒီလောက်နဲ့ မပြည့်စုံဘူးလား ဆရာကြီးခင်ဗျား ပြန်ကြားပေးပါ။

## ၂။ ဘုရားရှေ့မှာ တင်ပလ္လင်ခွေပြီး တရားထိုင်နိုင်ပါသလား

ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အများစု တရားထိုင်လျှင် ဘုရား၏မျက်မှောက်တော်ရှေ့မှာ ထိုင်နေကြပါတယ်။ (တရားစခန်းကို မဆိုလိုပါ)။ အဲဒါကိုလည်း ကျွန်တော် မနှစ်မြို့

ပါ၍ မကျင့်သုံးပါ။ ဘုရားရှေ့မှာ မဆိုထားနှင့် သမုတိသံဃာတော်များ ရှေ့မှောက်မှာပင် တင်ပလ္လင်ခွေထိုင်ဝံ့လို့လား။ ထိုင်လို့ကော သင့်လျော်ပါသလား။ ထိုင်ကောထိုင်ကြပါသလား။ (ဘုန်းတော်ကြီးကျောင်းများနှင့် အလှူအိမ်မှာ ဆိုလိုပါသည်) အဲဒီလို ဘုရားရှေ့မှာ တရားထိုင်ခြင်းကို သက်တော် ထင်ရှားရှိစဉ်ကတည်းက မြတ်စွာဘုရားပင် ခွင့်မပြုခဲ့ပါဘူး။ ကျွန်တော်လက်လှမ်းမီသလောက် ဖတ်ရှုလေ့လာဖူးတဲ့ ဘာသာရေးကျမ်းစာအုပ်များမှာလည်း ခွင့်ပြုတာ မတွေ့ခဲ့ရပါဘူး။ ကျွန်တော့်စိတ်ထဲမှာ ဒီလို ဘုရားရှေ့မှာ တင်ပလ္လင်ခွေထိုင်ခြင်းဟာ မရိုသေရာ အံတုရာကျလို့ တရားမရနိုင်ဘူးလို့ယူဆပါတယ်။ ကျွန်တော်တော့ မထိုင်ဝံ့ပါဘူး။ ကျွန်တော်၏ အဲဒီအယူအဆ မှန်မမှန် ဖြေကြားပေးပါ ဆရာကြီးခင်ဗျား။

ဆရာကြီး ကျန်းမာပါစေ။

ဦးမြစိန် (ရွှေစွန်ညို)
ဓနုဖြူမြို့။
(၂၁-၁၂-၉၃)

ဤစာ ကျွန်ုပ်ထံသို့ (၂၁-၂-၉၄) နေ့မှ အနန္တငါးဖြာမဂ္ဂဇင်းတိုက်မှ လာပို့ပါသည်။ မှတ်ပုံတင်စာဖြစ်ပါလျက် မည်သို့သောအကြောင်းကြောင့် လမ်းတွင် ဤမျှကြာနေရသည် မသိ။ မေးခွန်းမေးသော ဦးမြစိန်မှာ တရားသမားဖြစ်သည်။ သူသိလိုသော မေးခွန်း(၁)၏ သဘောမှာ ဝိပဿနာ အားထုတ်ခြင်း၌ မြတ်စွာဘုရား၏ ကိလေသာအစွန်း ဘက်မလိုက်သော မဇ္ဈိမပဋိပဒါလမ်းစဉ်ဟူသော မဂ္ဂင်ရှစ်ပါးဝါဒသည် မည်သည့် ဘာသာမှာမှ မရှိသော အစွန်းထွက်ဝါဒအရ ဤသာသနာတော်ကို စတင်တည်ထောင်စဉ်ကပင် ...

*ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ*

ချစ်သားတို့ - ကိလေသာအယုတ်ကို နှင်ထုတ်လိုသောသူသည် လောဘဟူသော ကာမသုခလ္လိကအစွန်း၊ ဒေါသဟူသော အတ္တကိလမထအစွန်း၊ ဤအစွန်းတရားနှစ်ပါးကို မမှီဝဲအပ်၊ မသုံးဆောင်အပ်...

ဟူ၍ သာသနာ၏မူ၊ တရားတော်၏မူကို ချမှတ်ခဲ့သည်။

## သံဓိတ္တာယုတ်

အခါတစ်ပါး၌ မဟာပဇာပတိဂေါတမီသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်လျက် တရားတစ်ပုဒ် အကျဉ်းချုပ်ဟော ပေးရန် တောင်းပန်သောအခါ မြတ်စွာဘုရားက ...

ဂေါတမီ – အကြင်တရားတို့ကို ဤတရားတို့ကား တပ်မက်မှု ရာဂကင်းရန်သာ ဖြစ်ကုန်၏။ ရာဂဖြစ်ခြင်းငှာ မဟုတ်ကုန်။ ဝဋ်မှကင်းရန်သာ ဖြစ်ကုန်၏။ ဝဋ်၌ယှဉ်ရန် မဖြစ်ကုန်။ ဝဋ်ဆင်းရဲကို ဖျက်ဆီးရန်သာ ဖြစ်ကုန်၏။ ဝဋ်ဆင်းရဲ ပွားစီးရန်မဖြစ်ကုန်။ အလိုနည်းရန်သာ ဖြစ်ကုန်၏။ အလိုကြီးရန် မဖြစ်ကုန်။ ရောင့်ရဲရန်သာ ဖြစ်ကုန်၏။ မရောင့်ရဲရန် မဖြစ်ကုန်။ ဆိတ်ငြိမ်ရန်သာ ဖြစ်ကုန်၏။ အပေါင်းအဖော်နှင့်နေရန် မဖြစ်ကုန်။ ကြိုးစားအားထုတ်ရန်သာ ဖြစ်ကုန်၏။ ပျင်းရိရန် မဖြစ်ကုန်။ မွေးမြူလွယ်ရန်သာ ဖြစ်ကုန်၏။ မွေးမြူခက်ရန် မဖြစ်ကုန်ဟု သိငြားအံ့။ ဂေါတမီ ထိုတရားတို့ကို စင်စစ်အားဖြင့် ဤတရားကား တရားတည်း။ ဤကား ဝိနည်းတည်း။ ဤကား မြတ်စွာဘုရား၏ အဆုံးအမတည်းဟု မှတ်လေလော့ဟု မိန့်တော်မူ၏။

ဤကား အင်္ဂုတ္တရ၊ အဋ္ဌကသံခိတ္တသုတ်အကျဉ်းချုပ်တည်း။ ထို့အတူ သတ္တကနိပါတ်၊ သတ္တသာသနသုတ်၊ ဥပါလိ ကို ဟောရာ၌လည်း ဤသဘောမျိုးပင်။ ဆိုလိုသည်မှာ မြတ်စွာဘုရား၏ သံသရာပြတ်ရေးတရားတော်မှာ သံသရာကို ကျယ်စေသော ချဲ့တတ်သော ကိလေသာကို ကွာအောင် ပြတ်အောင် ပြုကျင့်အားထုတ်ရသော အလုပ်ကို သတိပဋ္ဌာန်အလုပ်၊ ဝိပဿနာအလုပ်ဟု ခေါ်စေရာ မြတ်စွာဘုရား၏ အနတ္တလက္ခဏာသုတ် နိဂုံးချုပ်ပုံကို ကြည့်ပါ။

*ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ*

*အရိယသာဝကော ရူပသ္မိံ ပိ နိဗ္ဗန္ဒတိ*

*နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတိ*

''ချစ်သားတို့ - အရိယာ၏ အဆုံးအမကို လိုက်နာ လေ့ကျင့်သော အရိယာ၏တပည့်သည် ဤ ရုပ်နာမ်သဘာဝတို့ကို အမှန်အတိုင်း ရှုကြည့်ဖန်များလတ်သော် ရုပ်ဟူသော ဖောက်ပြန်မှုတို့၌လည်း ငြီးငွေ့၏။ ငြီးငွေ့ခြင်းကြောသော် တပ်မက်မှုကင်းမည်။ တပ်မက်မှုမရှိသော် ကိလေသာမှ လွတ်၏'' ဟု ဟောတော်မူသည်။

## ငြီးငွေ့ခြင်း

ကျွန်ုပ်တို့ခန္ဓာကို ဝိပဿနာရှုရာတွင် ရုပက္ခန္ဓာဟူသော ဖောက်ပြန်မှုအစုကို ခန္ဓာတစ်ကိုယ်လုံး၌ အဆက်မပြတ် သတိကပ်ကာ ရှုကြည့်ကြသောအခါ တစ်ကိုယ်လုံးရှိ ရုပ်ပရမတ်တို့သည် တစ်ဖြုတ်ဖြုတ် တစ်သုတ်သုတ် စသည်ဖြင့် စိတ်ငြိမ်လျှင် ငြိမ်သလောက် ကြာကြာရှုကြည့်မိသောအခါ မိမိအလွန်တွယ်တာသောခန္ဓာကို တွယ်တာမှု အားနည်းကာ ငြီးငွေ့လာပါသည်။ ဤငြီးငွေ့မှုကြောင့် တပ်မက်ခြင်းကင်းမှုစသော သူ့ဉာဏ်လမ်းစဉ်အရ သွားမည်သာတည်း။

ဤနေရာတွင် ဦးမြစိန်အမေး၌ ရုပ်နာမ်ဖြစ်ပျက်ကို မုန်းအောင်၊ ဆုံးအောင်ရှုဟူသော လမ်းညွှန်ချက်ကို မကျေနပ်၍ မေးခြင်းဖြစ်ရာ ''မုန်း''ဟူသော စကားလုံးသည် ''ဒေါသ'' ကိလေသာဖြစ်၍ သူမနှစ်မြို့ကြောင်း ဖော်ပြရာ သဘာဝတရားသဘောက ဤတည်ငြိမ် ခိုင်မာမှုမရှိသော ရုပ်နာမ်ခန္ဓာသည် လိုချင်တွယ်တာစရာမဟုတ်သော ငြီးငွေ့စရာဖြစ်သည်ကို အချို့ဆရာတို့က နာယူသူတပည့်များ သိလွယ်စေလိုသောသဘောနှင့် လောက၌ သုံးသကဲ့သို့ ရွံရှာခြင်း၊ စက်ဆုပ်ခြင်း၊ ဖျက်ဆီးခြင်း၊ ရွံ့မုန်းခြင်း အဓိပ္ပါယ်မျိုးအတွက် ''ဒေါသကိလေသာ'' အသုံးမျိုးမဟုတ်ပါ။ သို့ရာတွင် ကျွန်ုပ်တို့အနေနှင့်လည်း ဤ ''မုန်း'' ဟူသောစကားလုံးကို လုံးဝမသုံးပါ။

ငြီးငွေ့ခြင်းဟူသော စကားမှာ စာလိုသုံးခြင်းဖြစ်၍ အဋ္ဌကထာများ ဖော်ပြရာ၌ ...

သော၊ ရုပ်ပရမတ်တို့၏ ဖောက်ပြန်ပျက်စီးခြင်း။ နာမ်ပရမတ်တို့၏ သိပျက်စီးခြင်းကို တစ်ရှုတည်းရှု တစ်သိတည်း သိ၍ ခန္ဓာ၏အပြစ်ချည်းသာ သိမြင်နေသော ယောဂီသည်။ ဝံ၊ ဤသို့။ သဗ္ဗသင်္ခါရေ၊ အလုံးစုံသော သင်္ခါရတို့၌။ အာဒီနဝတော၊ အပြစ်ဟူ။ ပဿန္တော၊ တစ်ရှုတည်းရှုသည်ဖြစ်၍။ သဗ္ဗဘဝ ယောနိ ဂတိ ဝိညာဏဋ္ဌိတိ သတ္တာဝါသဂတေ၊ အလုံးစုံသောဘဝ အလုံးစုံသောယောနိ အလုံးစုံသော ရတိ၊ အလုံးစုံသောဝိညာဏဋ္ဌိတိ အလုံးစုံသော သတ္တဝါသသို့ ကျရောက်သော။ သဘေဒကေ၊ ပျက်စီးသောသဘောရှိသော။ သင်္ခါရဂတေ၊ ရုပ်နာမ် သင်္ခါရအပေါင်း၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဥက္ကဏ္ဌတိ၊ ပျင်းရိ၏။ နာဘိရမတိ၊ မမွေ့လျော် မပျော်။

(ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ–၂၁၊
ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ–၂၈၇)

စင်စစ် ငြီးငွေ့ခြင်းနှင့် မုန်းခြင်းမှာ အလွန်ခြားနားပါသည်။ ဝေဒနာ–ခံစားချက်အားဖြင့်လည်း ငြီးငွေ့ခြင်းသဘောသည် ဥပေက္ခာဝေဒနာသဘောသာဖြစ်၍ မုန်းခြင်းသဘောသည် ဒေါမနဿဝေဒနာ ဖြစ်လေသည်။ မည်သို့ဖြစ်စေ

''ငြီးငွေ့ခြင်း၊ မုန်းခြင်း'' စကားလုံး အသုံးအစွဲကိုသာ ကျွန်ုပ်တို့ စိစစ် ဝေဖန်နေခြင်းဖြစ်၍ ရုပ်နာမ်ခန္ဓာတို့၌ အာဒီနဝါ နုပဿနာဉာဏ်သည် ခန္ဓာ၌ တကယ်အပျက်ချည်း ဒလစပ် မြင်နေသောအချိန် ယောဂီ၏ဉာဏ်တွင် ...

နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဥက္ကဏ္ဌတိ၊ ပျင်းရိ၏။ နာဘိရမတိ မမွေ့မလျော်။ စိတ္တံ၊ စိတ်သည်။ နသဇ္ဇတိ၊ မကပ်။ နလဂ္ဂတိ၊ မငြိ။ နဗဇ္ဈတိ၊ မမိမဖွဲ့။ ဟု အဋ္ဌကထာ ပြ၏။

ယောဂီ၏ အဘယ်ကြောင့် ဤခန္ဓာပေါ်၌ မမွေ့လျော်၊ မပျော်ပိုက်ဘဲ ငြီးငွေ့ပါသနည်း ဆိုသော် နန်းတော်တွင် ရွှေလှောင်ချိုင့်အတွင်း သွင်းထားသော ခြင်္သေ့မင်းသည် ထိုရွှေချိုင့်၌ မမွေ့မလျော်၊ မပျော်၊ တောသုံးတောင်၌သာ လျှင် ပျော်ပိုက်သော ခြင်္သေ့မင်းကဲ့သို့

''ဝေံတထာ၊ ထို့အတူ။ အယံ ယောဂီသီဟော၊ ဤယောဂီပုဂ္ဂိုလ် ခြင်္သေ့မင်းသည်လည်း။ တိဝိဓေ၊ သုံးပါး အပြားရှိကုန်သော။ သုဂတိဘဝေပိ သုဂတိ ဘဝ၊ ဘုံ၌သာနေ၌လည်း။ နဘိရမတိ၊ မမွေ့မလျော် မပျော်။ တိသုပန အနုပဿနာသုယေဝ၊ သုံးပါးသော အနုပဿနာတို့၌သာလျှင်။ ရမတိ၊ မွေ့လျော်၏။'' ဟူ၍ ...

အဋ္ဌကထာတို့၌ ဥပမာများနှင့် ပြပေသည်။ အချုပ်မှာ–

"ငြိုးငွေ့ခြင်း" ဆိုသည်မှာ ခန္ဓာ၏အပြစ်ကို ကိုယ်တိုင်ဉာဏ်ဖြင့် သိမြင်နေရသော ယောဂီအား မိမိ ခင်မင်တွယ်တာခဲ့သော ခန္ဓာသည် သူ့အကြောင်း အမှန် သိသဖြင့် တွယ်တာမှု ကင်းဝေးသော သံဝေဂဖြင့် ငြိုးငွေ့ခြင်း။

"မုန်း" ဆိုသည်မှာ ခန္ဓာ၏သဘာဝအမှန်သည် ယူစရာ၊ ရစရာမရှိအောင် ပျက်စီးနေသည်ကို မြင်သော ယောဂီ၏ဉာဏ်သည် အမှန်ငြိုးငွေ့နေသည်ကို ကိုယ့်ဘာသာ နှင့် ညွှန်ပြသော ဆရာက ယောဂီ နားလည်စေလိုသော စေတနာဖြင့် အရပ်သုံးစကားနှင့်သုံးခြင်းသာ ဖြစ်ပါလိမ့်မည်။

မေးခွန်းမေးသော ဦးမြစိန်လည်း "မုန်း" ဆိုသော စကားလုံးကိုသာ မကြိုက်ခြင်းဖြစ်၍ တရားတော်သဘော သဘာဝကား ခန္ဓာကို သံဝေဂဉာဏ်ဖြင့်သာ သိနေပါဟု တိုက်တွန်းလိုက်ပါသည်။

နံပါတ် (၂) မေးခွန်းအတွက် –

မြတ်စွာဘုရားရှေ့တော်တွင် တင်ပလ္လင်ခွေ တရား မထိုင်သင့်ကြောင်းဖြစ်၍ အဖြေမှာ မဟာသတိပဋ္ဌာန်၊ ကာယာနုပဿနာအစ အာနာပါနပိုင်းတွင် တရားအားထုတ် မည့် ယောဂီသည် –

အရညာတောဝါ - တောမှာဖြစ်ဖြစ်
ရုက္ခမူလဂတောဝါ - သစ်ပင်ရင်းမှာဖြစ်ဖြစ်
သုညာဂါရဝတောဝါ - တိတ်ဆိတ်ရာမှာဖြစ်ဖြစ်
ပလ္လင်္ကံအာဘုဇိတွာ - တင်ပလ္လင်ခွေထိုင်၍
ဥဇုံကာယံပဏိဓာယ- ကိုယ်ကိုဖြောင့်ဖြောင့်မတ်မတ်
ထား၍ ဟု ဆိုသည်။

ဝိပဿနာရှုရာတွင် ဣရိယာပုတ်ကို ကန့်သတ်ထားဖို့ မြတ်စွာဘုရား လုံးဝမဟော။

ဣရိယာပထ ပမ္ဗဇ္ဇပိုင်းများတွင် လေ့လာကြည့်ပါက မြတ်စွာဘုရား သိစေလိုသည်မှာ ဤခန္ဓာသည် မည်သည့် ဣရိယာပုတ်အနေအထားတွင်ပင်ရှိရှိ အညံ့ဆုံးအားဖြင့် ဥစ္စာရပဿဝက ဓမ္မသမ္ဗဇာနကာရိဟောတိ "ကျင်ကြီး ကျင်ငယ်စွန့်ရာ အိမ်သာထဲ၌ပင် ခန္ဓာ၏အမှန်တရားကို အမှန် အတိုင်း သိစေလိုသည်။

တရားအားထုတ်မည့် ယောဂီသည် တရားအား မထုတ်မီ မြတ်စွာဘုရား၏ ဂုဏ်တော်များကို အာရုံမိစွာ ရှိခိုး ပူဇော်ပြီးမှ မြတ်စွာဘုရား အလိုတော်ကျ တစ်ခုခုသော ဣရိယာပုတ်ဖြင့် တရားအားထုတ်ရာတွင် မိမိကိုယ်ကို သက်သာသော အထိုင်ဖြင့် ထိုင်ရာတွင် တင်ပလ္လင်ခွေလည်း ထိုင်ဖြစ်မည်။ အခြားသော သွား-ရပ်-ထိုင်-လျောင်းလည်း ဖြစ်ချင်ဖြစ်မည်။

ထိုအချိန်တွင် ဘုရားရှိခိုးသော အချိန်မဟုတ်၊ မြတ်စွာဘုရားလောင်းညွှန်ချက်ကို အလေးစားဆုံး (သမာဓိစိပ္ပဋ္ဌိပ္ပန္န) ဦးခေါင်းဖြင့်ခံယူပြီး လိုက်နာအားထုတ်နေချိန် ဖြစ်သည်။

သို့ရာတွင် အရိုအသေပြုထိုင်ခြင်းကား ကောင်းပါသည်။ (ဤနေရာတွင် ယထာဘူတကျအောင် အတိအကျဆွေးနွေးလျှင်ကား တစ်ဖက်စွန်းရောက်မည်ကို စိုးရိမ်ပါသည်)

သို့ရာတွင် ရတနာသုံးပါးကို ဆည်းကပ်သောအခါတို့၌ "ဥက္ကုဋိကံ နိသိဒိတွာ အဉ္ဇလိံ ပဂ္ဂဟေတွာ" ဆိုသောကြောင့် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီရသည်။

မြတ်စွာဘုရားနှင့် သံဃာတော်၊ ဆရာသမား၊ မိမိဆရာသမားများထံ ဆည်းကပ်သော အခါမျိုး၌ "ဇဏ္ဏုကာနိပတိတွာ တသာတိမုခံကရိတွာ" ဆိုသောကြောင့် ပုဆစ်ဒူးချ၍ အမျိုးသမီးများ ထိုင်သကဲ့သို့ ထိုင်သင့်ကြောင်း ပြဆိုထားသဖြင့် တရားအားထုတ်သူများအတွက် ဣရိယာပုတ်မရွေး ထိုင်နိုင်ကြောင်းနှင့် တရားထိုင်သည်ဆိုခြင်းမှာ ခန္ဓာပေါ်တွင် ဉာဏ်ထိုင်ဖို့လိုကြောင်း ဖြေကြားလိုက်ပါသည်။ သဘောပေါက်ပါစေ။

(အနန္တငါးပြာမဂ္ဂဇင်း အတွဲ ၂၊ အမှတ် ၄) **သစ္စဝါဒီ**

~*~*~*~

# သောတပန္န မကြောက်ရ ဝေသာရဇ္ဇ မည်သို့နည်း

လွန်ခဲ့သော တော်သလင်းလကွယ်နေ့က ရှေး ဆယ်နှစ်ကျော်ကျော်အချိန်က ရင်းရင်းနှီးနှီး တပည့်ဖြစ်ခဲ့ဖူး သော ယခု အင်းစိန်ဖော့ကန်တွင်နေသူ ကိုကျော်မြင့်က ကျွန်ုပ်နေအိမ်သို့ ရောက်လာပြီး –

''ကျွန်တော်တို့ ရပ်ကွက်ဓမ္မာရုံတွင် ဝါတွင်းတိုင်း အလှည့်ကျ ဓမ္မစကြာရွတ်ကျရာမှ ကျွန်တော်တို့ အလှည့်ကျသော ဝါခေါင်လဆန်း (၁၄)ရက်နေ့ည ဓမ္မစကြာရွတ်အပြီးတွင် ဦးထိုက်လှ ဆိုသော အထက်တန်းရှေ့နေကြီးတစ်ဦးက ကျွန်တော်တို့ အဖွဲ့သားအားလုံးကို ချီးကျူးပြီး ခင်ဗျားတို့ ဓမ္မစကြာ သုတ်ကို ရွတ်ဖတ်ပူဇော်သလို အလုပ်ဉာဏ်ရအောင် အားထုတ်ရင်း ဓမ္မစကြာမှာ အရှင်ကောဏ္ဍညကြီး

သောတာပန်ဖြစ်လို့ ဝေသာရဇ္ဇဉာဏ် ရဲရဲရင့်ရင့် ရသွားသလို ခင်ဗျားတို့လည်း ရကြမှာပါ။ ကြိုးစားအားထုတ်ကြပါ'' ဟု တိုက်တွန်းသွားပါသည်။

ကျွန်တော်တို့ အဖွဲ့သားအားလုံးမှာ ဝမ်းသာကြပါသော်လည်း ဝေသာရဇ္ဇဉာဏ်ဆိုတာ ဘုရားမှသာရှိတဲ့ဉာဏ်၊ သို့ရာတွင် ဒိဋ္ဌမ္မစကြာမှာလည်း အရှင်ကောဏ္ဍညသည် ဒိဋ္ဌဓမ္မော၊ ပတ္တဓမ္မော၊ ဝိဒိတဓမ္မော၊ ပရိယောဂါဠ္ဟဓမ္မော၊ တိဏ္ဏဝိစိကိစ္ဆော၊ ဝိဂတကထံကထော၊ ဝေသာရဇ္ဇပတ္တော၊ အပရပ္ပစ္စယော ဆိုတာတွေဟာ သောတာပန်ဖြစ်ပြီးတဲ့ အရှင်ကောဏ္ဍည ရတဲ့ ဂုဏ်ပုဒ်တွေဆိုတော့ ကျွန်တော်တို့က ဓမ္မစကြာအနက် ဖတ်ကြည့်တဲ့အခါ –

ဒိဋ္ဌဓမ္မော – ကိုယ်တိုင်မြင်အပ်ပြီးသောတရားရှိသည်ဖြစ်၍

ပတ္တဓမ္မော – ကိုယ်တိုင် ဆိုက်ရောက်အပ်ပြီးသောတရားရှိသည်ဖြစ်၍

ဝိဒိတဓမ္မော – ကိုယ်တိုင်ကို သိအပ်ပြီးသော တရားရှိသည်ဖြစ်၍

ပရိယောဂါဠ္ဟဓမ္မော– ကိုယ်တိုင်ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော တရားရှိသည်ဖြစ်၍

တိဏ္ဏာဝိစိကိစ္ဆော – ယုံမှားခြင်း၏ တစ်ဖက်ကမ်းသို့ ရောက်အောင် ကူးမြောက်ပြီးသည် ဖြစ်၍

ဝေသာရဇ္ဇပတ္တော – ကြောက်ရွံ့မှုကင်းလျက် ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍

သတ္ထုသာသနေ – မြတ်စွာဘုရား၏ သာသနာတော် အတွင်း၌ အပရပ္ပစ္စယော–သိမြင်ပြီး သော ဉာဏ်အစွမ်းအားဖြင့် သူ တစ်ပါးတို့အား ယုံကြည်အားထားမှု မရှိသောကြောင့် တဲ့။

"အဲဒါ ကျွန်တော်တို့ ဝတ်အဖွဲ့သားတွေက မြတ်စွာဘုရားရဲ့ ဝေသာရဇ္ဇဉာဏ်၊ သောတာပန်ရဲ့ ဝေသာရဇ္ဇဉာဏ် ဘယ်လိုမှန်းမသိလို့ ကျွန်တော်တို့က လူလယ်လုပ်ကာ ငါ တာဝန်ယူတယ်ဆိုပြီး ဆရာ့ အားကိုးနဲ့ အခု လာမေးတာပါ ဆရာ" ဟု

ဓမ္မစကြာဝတ်ရွတ်စဉ် စာအုပ်ကလေးနှင့် လာမေး လေသည်။

သို့အတွက် ကျွန်ုပ်က –

"ဒီလိုဆိုရင် ကိုကျော်မြင့်နှင့်တကွ အခြား သိလိုသူများပါ သိရအောင် မိုရာ အနန္တငါးဖြာ မဂ္ဂဇင်း

မှာ ထည့်ရေးလိုက်မယ်။ စောင့်ဖတ်ကြပေါ့။'' ဟု

ပြောကာ ကျွန်ုပ်လည်း ခရီးထွက်သွားပြီး ယခုအပြန်မှပင် ရေးရသည်။

**စတုဝေသာရဇ္ဇသုတ်**

ဤသုတ်မှာ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ရ၍ ဘုရားဖြစ်တော်မူပြီးနောက် တရားတော်တို့ကို ဆင်ခြင်တော်မူရာ ကိုယ်တော်တိုင် သိတော်မူသော တရားတော်တို့သည် အလွန်နက်နဲ သိမ်မွေ့တော်မူခြင်း၊ ရရှိတော်မူသော အရဟတ္တဖိုလ်၏ ဆန့်ကျင်ဘက်ကိလေသာတို့ တုန်လှုပ်ချောက်ချားအောင် မတတ်နိုင်ခြင်း၊ မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါလမ်းစဉ်သည်သာလျှင် သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်နိုင်သော တရားဖြစ်ခြင်း စသော ခိုင်မာသော တရားတော်ကို သိတော်မူသော မြတ်စွာဘုရားသည် စတုက အင်္ဂုတ္တိုရ်ပါဠိတော် ဝေသာရဇ္ဇသုတ်၌ ...

ချစ်သားတို့ ... ငါဘုရား၏ ရဲရင့်ကြောင်း ဝေသာရဇ္ဇဉာဏ်တို့သည် ဤလေးပါးတို့တည်း ...

၁။ အလုံးစုံသောတရားတို့ကို သိတော်မူသော ငါဘုရားအား ''ဤမည်သောတရားတို့ကို သိရန်ကျန်သေးသည်'' ဟု ငါ့ကို သမဏဖြစ်စေ၊

ဗြဟ္မဏာဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ လောက၌ တစ်စုံတစ်ယောက် ဖြစ်စေ ထောက်ပြပြောဆိုနိုင်သောသူ မည်သူ့မျှ မမြင်ပေ။

၂။ အာသဝေါတရားတို့ကို ကုန်စင်ပြီးသော ငါဘုရားအား "ဤမည်သော အာသဝေါတို့ မကုန်သေး" ဟု "ကျန်သေးသည်" ဟု ထောက်ပြပြောဆိုနိုင်သောသူ မည်သူ့ကိုမျှ မမြင်ပေ။

၃။ ဤတရားတို့ကို ကျူးလွန်လျှင် ဈာန်မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်သည်ဟု ငါ၏ဟောထားချက်ကို အန္တရာယ်မဖြစ်ပါဟု ထောက်ပြပြောဆိုနိုင်သူ မည်သူ့ကိုမျှ မမြင်ပေ။

၄။ ဝဋ္ဋဆင်းရဲမှကုန်ကြောင်း ဟောထားသောတရားကို ကျင့်ကြံအားထုတ်သူတိုင်း ဝဋ္ဋဆင်းရဲမှ မကုန်ပါဟု ထောက်ပြပြောဆိုနိုင်သော သမဏာဖြစ်စေ၊ ဗြဟ္မဏာဖြစ်စေ၊ နတ်ဖြစ်စေ၊ မာရ်နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ၊ လောက၌ တစ်စုံတစ်ယောက်သောသူမှ စောဒကတက်မည့်သူမှ မရှိသဖြင့် ငါသည် ငြိမ်းချမ်းခြင်း၊ ဘေးမရှိခြင်း၊ ရဲရင့်ခြင်းသို့ ရောက်လျက်နေ၏" ဟု မိန့်တော်မူ၏။

ဤကား မြတ်စွာဘုရားသည် တရားတော်၏ ယထာဘူတ သဘာဝကို အစိပ်စိပ်အလီလီ ရဲရဲတောက် မိန့်တော်မူခြင်း ဖြစ်ပေသည်။ မောင်ကျော်မြင့် ယူလာသော မေးခွန်းပြဿနာကား ဤမြတ်စွာဘုရား၏ ဝေသာရဇ္ဇတရားမဟုတ်။ သောတာပန်၏ ဝေသာရဇ္ဇကို သိလိုသော ပြဿနာဖြစ်သည်။

ရွှေအစစ်ကို ကိုင်တွယ်၍ လက်ဝတ်လက်စား အထည်ပေါင်းများစွာ ပြုလုပ်သော ရွှေပန်းထိမ်သည်, သည် မိမိပြုလုပ်ရောင်းချသော ရွှေထည်ပစ္စည်း၏ အရည်အသွေးကို ရဲရဲရင့်ရင့် တာဝန်ခံသကဲ့သို့ သောတာပန်အရိယာသည် မိမိကိုယ်တိုင် လက်တွေ့ကျကျ လေ့ကျင့်ထား၍ သိရသော တရားတော်အပေါ်၌ ...

## သန္ဒိဋ္ဌိက

တရားဂုဏ်တော် ခြောက်ပါးတွင် တရားသိမြင်ရန် အားထုတ်သော ယောဂီပုဂ္ဂိုလ်သည် မိမိခန္ဓာတွင်ရှိသော တရားကို မိမိ၏အသိဉာဏ်ဖြင့် ကိုယ်တိုင်သိရန် အားထုတ်၍ အမှန်တရားကို သိခြင်းသည် ကိုယ်တိုင် သိအပ်သော သန္ဒိဋ္ဌိက မည်၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဓမ္မာနုဿတိပိုင်း၌ ...

*အဝိစနဝဝိခေါဝိ လောကုတ္တရမေ့ွာ ယေန ယေန အမိဂတော ဟောတိ။ တေန တေန ပရသဒ္ဒါယ ဂန္တဗ္ဗတံဟိတွာ ပစ္စဝေက္ခဏာဉာဏေန သယံဒဌဗ္ဗောတိ သန္ဒိဋ္ဌိကော*

တစ်နည်းကား... ``ကိုးပါးအပြား ရှိသော လောကုတ္တရာတရားသည် အကြင် အကြင်သို့သော အရိယာ၏ တပည့်များသည် ရောက်အပ်၏။ ထို အရိယာ၏တပည့်သည် သူတစ်ပါးအား ယုံကြည် သဖြင့် ရောက်အပ် သိအပ်သည်ကိုယ်၍ ပစ္စဝေက္ခ- ဏာဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် မြင်အပ် ရောက် အပ်သောကြောင့် သန္ဒိဋ္ဌိကမည်၏'' ဟု ဖော်ပြထား သည်။

သောတာပန်စသော အရိယာမှန်သမျှသည် သူတစ်ပါး ဟောပြောသော တရားစကားကို ကြားနာရုံဖြင့် အရိယာ ဖြစ်ကြသည်မဟုတ်။ ကိုယ်တိုင်ဉာဏ်ဖြင့် မိမိခန္ဓာ၏ အရှိ သဘာဝကို ကိုယ်တိုင်သိအောင် လေ့ကျင့်ရကြောင်း ဇာတကဋ္ဌကထာ (တ)အုပ်တွင်လည်း

*ကေဝါရံမဂ္ဂဉာဏေန ပဋိဝိဒ္ဓမေ့ွာ အသေ့ွသံ က တေန္တာနမ္ပိ၊ နသဒ္ဒဟန္တိ၊ နဂဏှန္တိ၊ ကသ္မာ အတ္တနော ပစ္စက္ခတ္တာတိ*

ကောဝါရံ၊ တစ်ကြိမ်၊၊ မဂ္ဂညာဏေန၊ မဂ်ဉာဏ်ဖြင့်၊၊
ပဋိဝိဒ္ဓဓမ္မော၊ ထိုးထွင်း၍ သိမြင်ပြီးသော သောတာပန်
သည်၊၊ အညေသံ၊ တစ်ပါးသူတို့၏၊၊ ကတေန္တာနမ္ပိ၊
ဟောအပ်သောတရားတို့ကိုလည်း၊၊ နသဒ္ဒဟန္တိ၊ မယုံ
နိုင်တော့ကုန်၊၊ ကသ္မာ၊ အဘယ်ကြောင့်ဟူမူ၊၊
အတ္တနော၊ မိမိ၏၊၊ ပစ္စက္ခတ္တာတိ၊ ကိုယ်တွေ့သိမြင်
ပြီးသောကြောင့်တည်း၊၊

ကိုယ်တိုင်သိအောင် လေ့ကျင့်အားထုတ်၍ အရိယာ သောတာပန် ဖြစ်သွားပြီးနောက် ဇာတ်မြင့် ဇာတ်နိမ့် အလွန် အစွဲကြီးသေသာ အိန္ဒိယတွင် မြတ်စွာဘုရားလက်ထက်တော် ၌ ...

## ကျွန်မပုဏ္ဏာ

မြတ်စွာဘုရား၏ ကျောင်းဒကာ အနာထပိဏ်သေဌေး ကြီး၏အိမ်၌ရှိသော ကျွန်မကြီးမှမွေး၍ အိမ်ပေါက်ကျွန်မ ကလေးသည် ပုဏ္ဏာဟု အမည်ရှိသည်၊၊ ၎င်း၏ ရှေး အကြောင်းကား ''ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ'' တည်းဟူသော ဘုရားခြောက်ဆူ ထံတွင် ဘိက္ခုနီမဖြစ်၍ ပိဋကတ်သုံးပုံ သင်ကြားတတ်မြောက် သဖြင့် စာပေပို့ချ တရားဓမ္မ ဟောတတ်သော ဓမ္မကထိက ဖြစ်လာခဲ့သော်လည်း အလွန်တရာ မာနကြီးသည့်အတွက်၊

ဤ ယခု မြတ်စွာဘုရားလက်ထက်တော်တွင် ကျွန်အောက် သပေါက် လာဖြစ်ရသည်။ ထိတ်လန့်ဖွယ်ပင်။

တစ်ချိန်တွင် မြတ်စွာဘုရားသည် ကျွတ်ချိန်ကို ကြည့်၍ ''သီဟနာဒ'' သုတ္တန်တရားတော် ဟောသည်၏ အဆုံး၌ ပုဏ္ဏာ သောတာပန်ဖြစ်လေသည်။ သူသည် ကျွန်ပင် ဖြစ်သော်လည်း သွက်လက်ဖြတ်လတ်လေသဖြင့် အနာထပိဏ်သေဌေးကြီး၏ အခွင့်အရေးပေးခြင်း ခံရသည့် အပြင် သောတာပန်ပင် ဖြစ်သောအခါ အနာထပိဏ် သေဌေးကြီးက ကျွန်အဖြစ်မှ လွတ်ငြိမ်းချမ်းသာခွင့်ပေးကာ သမီးအနေထား၍ အိမ်သားစာရင်းထဲ ထည့်သွင်းထား လေသည်။

သို့ရာတွင် ပုဏ္ဏာကား အခွင့်အရေးကိုမယူ။ အလုပ် လုပ်ချိန်ကျလျှင် အခြားကျွန်များနည်းတူ လုပ်သည်။ အိမ် အပေါ်တွင် သေဌေးသမီးများကိစ္စတွင်လည်း သူက ဝင်ရောက်ကူညီ လုပ်ကိုင်တတ်သဖြင့် တစ်အိမ်လုံးက ချစ်ခင် ကြသည်။ တစ်နေ့သောအခါ အခြားသော ကျွန်မတို့နှင့်အတူ အစိရဝတီမြစ်ထဲသို့ နံနက်စောစော ရေအိုးကိုယ်စီဖြင့် ရေခပ် ဆင်းကြရာတွင် ချမ်းချမ်းစီးစီး မြစ်ထဲဆင်း၍ ရေစိမ်နေသော ပုဏ္ဏားကြီးတစ်ယောက်ကို ပုဏ္ဏာမြင်လေသော် လွန်ခဲ့သော အချိန်များတွင် ဤကဲ့သို့သော နံနက်စောစော မြစ်ထဲဆင်းပြီး မန္တာန်ရွတ် ခိုက်ခိုက်တုန်နေသော ပုဏ္ဏားတို့ကို မြင်ဖူးသည်။

စကားမပြောဝံ့ မမေးဝံ့။ ''ကျွန်'' ဟူသော ဇာတ်နိမ့်က ခြားကားသည်။ ဇာတ်မတူက ကြမ်းတစ်ပြေးပင် မထိုင်ရချေ။ ယခု ပုဏ္ဏာသည် သောတာပန်ဖြစ်၍ အမှန်တရားကို ခန္ဓာမှာ ကိုယ်တိုင်ဉာဏ်နှင့် သိနှင့်ပြီးဖြစ်၍ ''ဝေသာရဇ္ဇပတ္တော'' ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍ ခိုက်ခိုက်တုန်နေသော ပုဏ္ဏားကြီးအား ...

ကျွန်မ အို ... ပုဏ္ဏားကြီး ကျွန်ုပ်သည် အရှင်သခင်တို့၏ နှုတ်နှင့် ဆဲဆိုကြိမ်းမောင်းမှု၊ တုတ်စသည်တို့ဖြင့် ရိုက်နှက်မှု ဘေးအန္တရာယ်မှ ကြောက်သောကြောင့် ဤမျှ ချမ်းအေးသောဒဏ် အနိုင်စက်ခံ၍ ရေခပ်ရန် လာရပါသည်။ အရှင်ပုဏ္ဏားကြီးမှာ ချမ်း၍ တုန်နေသော ကိုယ်နှင့် အလွန်အေးသော ရေသို့ ဆင်းရသည်မှာ အဘယ်ကိုကြောက်၍ ဤဒုက္ခလာခံ ရပါသလဲ။

ပုဏ္ဏား အို ... ပုဏ္ဏာသူငယ်မ၊ ငါသည် မကောင်းမှု အကုသိုလ်ကံတွေကို ပြုလုပ်နေသော ငါ့ကို သင်သည် သိလျက်သားနှင့် မေး၏။ အသက်ကြီးသူ ဖြစ်စေ၊ ငယ်သူပင်ဖြစ်စေ အကြင်သူသည် မကောင်းမှုကိုပြု၏။ ထိုသူသည် ရေစိမ်ခြင်း၊ ချိုးခြင်း ဖြင့် လွတ်နိုင်၏။

ကျွန်မ   ပုဏ္ဏားကြီး ... ကံ၏အကျိုးကို မသိသောသင့်အား ကံ၏အကျိုးကို အလျင်းမသိသော အဘယ်သူက ရေချိုးခြင်းကြောင့် မကောင်းမှုမှ လွတ်မြောက်ရ၏ ဟု ပြောဖူးသနည်း။ ပုဏ္ဏားကြီး ... သည့်လိုသာ ဖြစ်ငြား ရေဝဲနေသော ဖားတို့သည်လည်းကောင်း၊ လိပ်တို့သည်လည်းကောင်း၊ နဂါးတို့ မိကျောင်းတို့သည်လည်းကောင်း ရေ၌ကျက်စားသော အခြားသော ငါးတို့၊ မကာရ်တို့သည်လည်းကောင်း နတ်ပြည်သို့ ရောက်ကြမည်ထင်၏။ ၎င်းပြင် ဆိတ်သတ်သမား၊ ဝက်သတ်သမားတို့သည်လည်းကောင်း၊ တံငါမုဆိုးတို့သည်လည်းကောင်း၊ သူခိုး သူသတ်သမားတို့သည်လည်းကောင်း၊ အခြားသော မကောင်းမှုပြုလေ့ရှိသူတို့သည်လည်းကောင်း ရေစိမ်ခြင်း၊ ရေချိုးခြင်းကြောင့် မကောင်းမှုမှ လွတ်ကြလိမ့်မည်လား။

ပုဏ္ဏားကြီး ... ဤအစိရဝတီမြစ်သည် မိမိ၏ ယခင်က ပြုခဲ့သော မကောင်းမှုကံကို အကယ်၍ မျှောချနိုင်သည် ဖြစ်အံ့။ ဤမြစ်သည် သင်၏ကုသိုလ်ကောင်းမှုများကိုလည်း မျှောယူသွားခဲ့ပါမူ သင်သည် ထိုကုသိုလ်ကောင်းမှုမှ အပဖြစ်လေရာ၏။

ပုဏ္ဏားကြီး ... သင်သည် အကြင်မကောင်းမှု အကျိုးပေးမှ ကြောက်သည်ဖြစ်၍ ရေသို့ ဆင်း၏။ အမှန်ကား သင်သည် ထိုကြောက်သော မကောင်းမှု သာလျှင် မပြုပါလင့်။ ရေစိမ်ခြင်း၊ ရေချိုးခြင်းဖြင့် သင်၏ကိုယ်ကို မညှင်းဆဲပါနှင့်။

ပုဏ္ဏား အို ... ရှင်မပုဏ္ဏာ ... ရေစိမ်ခြင်း၊ ရေချိုးခြင်းဖြင့် မကောင်းမှုမှ ပယ်နိုင်၏ဟူသော လမ်းမှားသို့ သွားနေသော ငါ့ကို ဘုရားအရိယာတို့ သွားလမ်းအမှန်ကို ယထာဘူတကျကျ သင်သည် ဆောင်ပြခဲ့၏။ ထို့ကြောင့် ငါ၏အပေါ်ရုံပုဆိုးကို သင့်အား ဆရာစားပေးလှူပါ၏။

ကျွန်မ ပုဏ္ဏားကြီး ... ဤပုဆိုးသည် ကျွန်ုပ်မလိုပါ။ သင့်အတွက်သာ ဖြစ်ပါစေ။ အကယ်၍ သင်သည် ဆင်းရဲကို ကြောက်ပါမူ၊ ဆင်းရဲကို မချစ်ခင်ပါမူ မျက်မှောက်၌သော်လည်းကောင်း၊ မျက်ကွယ်၌သော်လည်းကောင်း မကောင်းမှုကို မပြုပါလင့်။ သင်သည် မကောင်းမှုကို အကယ်၍ ယခုပြုပြု နောင်ပြုပြု ဤပြုမှုအတွက် မကောင်းကျိုးကတော့ ကောင်းကင်ပျံတက်ပြေးသော်လည်း လွတ်လိမ့်မည်မဟုတ်။ သင်သည် အမှန်ပင် ဆင်းရဲကိုကြောက်လျှင်၊ ဆင်းရဲ

ကို မချစ်လျှင် မြတ်စွာဘုရားကိုလည်းကောင်း၊ လောကုတ္တရာတရားကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်ပါလေလော့။ ရတနာသုံးပါးကို ဆည်းကပ်ခြင်း၊ သီလဆောက်တည်ခြင်းသည် သင့်အား ဆင်းရဲသံသရာမှ လွတ်ကြောင်း အကျိုးများပါလတ္တံ့ဟု ဆို၏။

ပုဏ္ဏား အို ... ရှင်မ ပုဏ္ဏာ ... ငါသည် ကာဒိဂုဏ်နှင့် ပြည့်စုံသော မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်ပါအံ့၊ သီလတို့ကို ဆောက်တည်ပါအံ့။ ငါသည် လွန်ခဲ့သောအခါက ဗြဟ္မဏဇာတိ ရှိခဲ့၏။ ယခုအခါတော်တွင်ကား မကောင်းမှုမှအပ ပြုပြီးသော တကယ်ဗြဟ္မဏအစစ် ဖြစ်ပြီး ကိလေသာ အညစ်အကြေးမှ ဆေးကြောစင်ကြယ်ပြီးသူ ဖြစ်၏ဟု ဆို၏။

ဤဖော်ပြချက်ကား ထေရီဂါထာအဋ္ဌကထာလာသည့် ပုဏ္ဏာထေရီအကြောင်း အကျဉ်းချုပ်ဖြစ်သည်။ ပုဏ္ဏာသည် ကျွန်မဖြစ်၍ ဇာတ်နိမ့်အောက် သုညအဆင့်ပင် ရောက်နေသူဖြစ်၍ ဗြဟ္မာကြီး၏ အာခံတွင်းမှဖြစ်ပြီး ဇာတ်အဆင့်အတန်း၊ စလွယ်အဆင့်အတန်း အလွန်မြင့်မားလှ၍ အထက်တန်းကျ

သောသူ၊ ဘုရင်စသည်တို့၏ ပရောဟိတ်ထိပ်တန်းမှ ပုဏ္ဏားကြီးတို့ အစိရဝတီမြစ်တွင် နံနက်စောစော ရေဆင်းစိမ်ခြင်း၊ မန္တာန်ရွတ်ခြင်း၊ ရေချိုးခြင်းတို့ကို ယခင်က အကြိမ်ပေါင်းများစွာ တွေ့ဖူး၊ မြင်ဖူးပါသော်လည်း ယခုကဲ့သို့ ပြောဝံ့မည်ဝေးစွ၊ မျှော်ပင်မကြည့်ဝံ့သော အဆင့်အတန်း၊ ဇာတ်ခြားမှုကြောင့်ပင်။

ယခုကား ပုဏ္ဏာသည် အမှန်တရားကို အမှန်ပင် သိထားသော မဟာသောတာပန်ဖြစ်၍ ယထာဘူတ သဘာဝ မကျသည့် ရေစိမ်ခြင်း၊ ရေချိုးခြင်းဖြင့် ပြုလုပ်ခဲ့သော အကုသိုလ်တို့ အကျိုးမပေးဘဲ ရေမျှောခြင်းအလုပ်ကို မေးသဖြင့် ပုဏ္ဏားကြီးက ...

''ဇာနန္တိဝတတွံ ဘောတိ ပုဏ္ဏိကေပရိပုစ္ဆသိ'' ''မင်းသိလျက်သားနှင့် ငါ့ကိုမေးသည်'' ဟု ဆိုပါသည်။ မှန်ပါသည်။ အဓိပ္ပာယ်မရှိသော ကံကံ၏အကျိုးပေးကို မသိသော ပုဏ္ဏားကြီးအား ကမ္မဿကတာ သမ္မာဒိဋ္ဌိကို ပြောလိုသဖြင့် မေးခြင်းဖြစ်ရာ သည်လိုသာ ရေစိမ်တိုင်း အကုသိုလ်တွေ ရေမျှောပါက ...

ရေမှာနေသည့် ငါးတို့၊ ဖားတို့၊ လိပ်တို့၊ မိကျောင်းတို့ သေတော့ နတ်ပြည်ရောက်ကြသလား။ ကြက်သတ်၊ ဝက်သတ်၊ မုဆိုးတံငါတို့ ရေလာချိုးတိုင်း အကုသိုလ်တွေ ရေမျှော

ကုန်သလား။ သည်မြစ်သည် အကုသိုလ် အကုသိုလ်တွေ မျောပါသွားသလို သင်၏ ကုသိုလ်တွေပါ ပါသွားလျှင် မခက်ပါလား – စသော စကားများမှာ ဘယ်သူမှ ပြန်မငြင်းနိုင်သော ယထာဘူတသဘာဝဖြစ်နေသဖြင့် ပုဏ္ဏားကြီး အမြင်မှန်ရလာကာ ရတနာသုံးပါးဆည်းကပ်ဖို့ ရေခပ်ရာမှ အပြန် ပုဏ္ဏာ၏နောက်မှ ပါသွားလေသည်။ အနာထပိဏ် သူဌေးကြီး မြင်၍ အကျိုးအကြောင်း ပြောပြကာ ပုဏ္ဏာက မြတ်စွာဘုရားထံ ပုဏ္ဏားကြီးကို ခေါ်သွားပြီး အပ်သဖြင့် မြတ်စွာဘုရား၏ လမ်းညွှန်ချက်အရ တရားအားထုတ်သဖြင့် ပုဏ္ဏားကြီး ရဟန္တာ ဖြစ်ရလေသည်။ ပုဏ္ဏာသည်လည်း မကြာသောတစ်ချိန်တွင် ဘိက္ခုနီမလုပ်၍ တရားရကာ ပုဏ္ဏာထေရီရဟန္တာမ ဖြစ်လေသည်။

ဤသည်မှာ သောတာပန်အရိယာဖြစ်သော ပုဏ္ဏာ၏ ဝေသာရဇ္ဇပတ္တောအရ ကိုယ်တိုင်အမှန်တရား လေ့ကျင့်မှု ရထားသဖြင့် ရဲရဲရင့်ရင့် ပြောဝံ့ကြောင်း ဖော်ပြခြင်း ဖြစ်ပါသတည်း။။

(အနန္တငါးဖြာမဂ္ဂဇင်း အတွဲ ၂၊ အမှတ် ၅) **သစ္စဝါဒီ**

~*~*~*~

# ဝိပဿနာအလုပ်သည် ကိုယ့်အမှားကိုယ်ပြင်သော အလုပ်ဖြစ်သည်။

ကျွန်ုပ်တို့သည် မိမိယုံကြည်ကိုးကွယ်သော ဗုဒ္ဓ၏ တရားတော်များကို နာကြား၏။ လေ့လာဆည်းပူးခွင့်ကြုံတိုင်း လေ့လာ၏။ မြတ်စွာဘုရား၏ တရားတော်မူရင်းများကို သင်ကြား၏။ ဖတ်ရှု၏။ မြတ်စွာဘုရား၏ ကေသမုတ္တိသုတ်လာ ကထာဆယ်ချက်ကိုလည်း ဝိဘဇ္ဇဝါဒအရ ဝေဖန်ဆန်းစစ်ကြည့်သောအခါ ဝေနေယျသတ္တဝါတို့အား ကျွတ်လွတ် ထွက်မြောက်တော်မူစေလိုသော ရှင်တော်ဘုရားသည် ...

*မယုံ ဟိ ပဋိပတ္တိကာထန မေဝ ဘာရော*

(လွတ်မြောက်ကြောင်းလမ်းညွှန်ပေးဖို့ ငါ့ကိစ္စ၊ ငါ့တာဝန်။)

*ပဋိပတ္တိပူရဏံ ပန ကုလပုတ္တာနံ ဘာရော*

(လွတ်မြောက်မှု ပြည့်စုံအောင်လုပ်ဖို့တော့ လွတ်လိုသည့် အမျိုးကောင်းသားတို့တာဝန်)- ဟု ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာတွင် ပြခဲ့သလို ...

*ပဋိပတ္တိနာမ သာဝကာနံ ကိစ္စံ*

(လေ့ကျင့်အားထုတ်မှုသည် ကျွတ်လိုသော သာဝကတို့ကိစ္စ) - ဟု

သဠာယတနသံယုတ် အဋ္ဌကထာတွင် ဖော်ပြထားသည့်အတိုင်း မြတ်စွာဘုရား၏လမ်းညွှန်ချက်အရ မိမိကိစ္စကို မိမိ ဆောင်ရွက်ရမည်ဖြစ်၏။ ဝိပဿနာလုပ်ငန်းသဘာဝသည် မိမိခန္ဓာ၏ ပင်ရင်းသဘာဝကို ပင်ရင်းအတိုင်း သိရအောင် ဉာဏ်ဖြင့် တရားသဖြင့် သိနေရသောလုပ်ငန်းဖြစ်ရာ ခန္ဓာသဘာဝအမှန်ကားတစ်ခြား၊ ခန္ဓာသဘာဝကို အမှန်မသိသော မိမိ၏မှားယွင်းမှုကား တစ်ခြားဖြစ်နေသည်။

## မည်သူမည်သို့မှားသနည်း

မြတ်စွာဘုရားသည် သတ္တဝါတို့ သံသရာလည်သည်မှာ အမှန်တရားကို အမှန်ဟု မသိသော အဝိဇ္ဇာကြောင့်ဟု

မြင်သည်။ အဝိဇ္ဇာက ခန္ဓာ၏အမှန်တရား ပရမတ်တို့ကို မသိရ၍ လူ၊ နတ်၊ ပုဂ္ဂိုလ်၊ သတ္တဝါဟု ထင်လာသောအခါ တွဲဖက်တဏှာက လွတ်လပ်သောကြောင့် လူဖြစ်ချင်လာသည်။ နတ်ထင်သောကြောင့် နတ်ဖြစ်ချင်လာသည်။ ပုဂ္ဂိုလ်၊ သတ္တဝါထင်မှုကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ ဖြစ်ချင်လာသည်။ ဤသို့အားဖြင့် အဝိဇ္ဇာနှင့် တဏှာစွဲယူချုပ်ကိုင်မှုကြောင့် ...

''အဝိဇ္ဇာ တဏှာ ဝသေန ဒွေမူလာနိ'' ဟူ၍ သံသရာ ဝဋ်မြစ်၊ သံသရာသစ်ငုတ် ဖြစ်လေသည်။ ဤသဘောတရားကို သိတော်မူသော မြတ်စွာဘုရားသည် မည်သို့မှားသည်ကို ညွှန်ပြရာ၌ ...

**အဿုတဝါ ပုထုဇ္ဇနော** မိမိခန္ဓာ၏ အမှန်သဘာဝတရားကို အမှန်အတိုင်း မသိသော၊ သိအောင်လည်း မလေ့လာသောပုထုဇ္ဇန်သည်

**အရိယာနံ အဒဿာဝီ** ခန္ဓာသဘာဝအမှန်ကိုသိပြီးသော အရိယာတို့ကိုလည်း ဖူးမြော် ဆည်းကပ်ခြင်းလည်းမရှိ

**အရိယဓမ္မဿအကောဝိဒေါ** အရိယာတို့သိအပ်သောခန္ဓာ၏ အမှန်တရားတို့ကို နားလည်မှု လိမ္မာမှုမရှိ

**အရိယဓမ္မေ အဝိနီတော** အရိယာတို့ သိအပ်သော ခန္ဓာ၏ သဘာဝအမှန်တရားတို့၌ နီးစပ်မှု၊

ယဉ်ကျေးမှု စသည် မရှိသော
ပုထုဇ္ဇန်သည်

**ရူပံအတ္တတောသမနုပဿတိ** ရူပက္ခန္ဓာ၏ သဘာဝဖောက်ပြန်မှုကို ငါဟူ၍ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ ရှုမြင်၏

ကျွန်ုပ်တို့ပုထုဇ္ဇန်၏များယွင်းမှုသည် မြတ်စွာဘုရား၏ ထောက်ပြ လမ်းညွှန်ချက်နှင့် စမ်းသပ်ကြည့်မှ လုံးဝများယွင်း နေကြောင်း လေ့လာသိရသည်။ ကျွန်ုပ်တို့၏ ခန္ဓာသဘာဝ အမှန်သည် ဖောက်ပြန်မှု၊ သိမှုဟူသော အမှန်တရားတို့နှင့် ဖွဲ့စည်းထားပါလျက် မိမိခန္ဓာ၏ပင်ရင်းသဘာဝအမှန်ကို အမှန် အတိုင်း သိရန် မလေ့လာ၊ မရှာမဖွေ၊ တတ်ဂိုသော အရိယာ သူတော်ကောင်းများကို မဆည်းကပ်လိုသော ကျွန်ုပ်တို့၏ အပြစ် ဖြစ်ပေသည်။

## ခန္ဓာအရှိဉာဏ်သတိ

မြတ်စွာဘုရားသည် ခန္ဓာ၏သဘာဝကိုသိတော်မူပြီး ဖြစ်သောကြောင့် ဤခန္ဓာ မငြိမ်မသက် ရွေ့လျားပြောင်းလဲ သော သဘောတို့ ရှိနေပါလျက် သိတတ်သော အသိစိတ်တို့ ခန္ဓာတွင် သိလောက်အောင် ငြိမ်သက်မနေသောကြောင့်သာ အမှန်ကို မသိရခြင်းဖြစ်ရာ သိလိုသောသူအတွက်

*သမာဓိံ ဘိက္ခဝေ ဘာသေထ*

(မိမိခန္ဓာမှတစ်ပါး အပြင်သွားနေသော စိတ်ကို ခန္ဓာမှာ သတိထား၍ ငြိမ်နေပါ။)

*သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ*

(ချစ်သားတို့၏စိတ် အပြင်မသွားဘဲ ခန္ဓာမှာ ငြိမ်ငြိမ်သက်သက်ရှိနေပါလျှင် ခန္ဓာ၏အမှန်သဘာဝ တို့သည် ဘယ်လိုဟာလဲ) - ဟု

စိတ်ငြိမ်သူတိုင်း သိပေသည်။ မြတ်စွာဘုရား၏ ယထာ ဘူတလမ်းညွှန်ချက် ဖြစ်သည်။

ခန္ဓာအရှိ သဘာဝတို့သည် သိတတ်သော အသိစိတ်၊ အပြင်အာရုံသို့ မသွားမရောက်၊ အာရုံမကျက်စားပဲ့ဘဲ ကိုယ့် ခန္ဓာမှာသာ ငြိမ်ငြိမ်သက်သက် ရှိနေပါလျှင် ခန္ဓာ၏ ပင်ရင်း အရှိတရားတို့ကို ရှိသည့်အတိုင်း ကိုယ်တိုင် သိရပါလိမ့်မည် ဟု မိန့်တော်မူသည့်အတိုင်း ကျွန်ုပ်တို့ စမ်းသပ်ကြည့်၏။ ဘာတွေ သိရပါမည်လဲ။

*ကိဉ္စိ ယထာဘူတံ ပဇာနတိ*

(ဘာတွေ အမှန်အတိုင်း သိရပါမည်လဲ)

*ရူပဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ*

(ဖောက်ပြန်သဘောတို့ဖြစ်ခြင်း၊ ချုပ်ခြင်း)

*ဝေဒနာယ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ*
(ခံစားမှုသဘောတို့ ဖြစ်ခြင်း၊ ချုပ်ခြင်း)

*သညာယ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ*
(မှတ်သဘောတို့ ဖြစ်ခြင်း၊ ချုပ်ခြင်း)

*သင်္ခါရာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ*
(ပြုပြင်သဘောတို့ ဖြစ်ခြင်း၊ ချုပ်ခြင်း)

*ဝိညာဏဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ*
(သိသဘောတို့ ဖြစ်ခြင်း၊ ချုပ်ခြင်း)

ဤသို့ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ၁၂ တွင် လမ်းညွှန်ထားသည်။ မိမိခန္ဓာ၏ သဘာဝအမှန်ကို သိလိုသောသူသည် မိမိ၏သိတတ်သောစိတ်ကို အပြင်အာရုံသို့ မသွားစေရန် သတိဟူသော ဂရုစိုက်မှုထား၍ ခန္ဓာကို နှလုံးသွင်းထားပါ။ မည်သူမျှ စိတ်ကူးကြံစည်မှု၊ လုပ်ကြံဖန်တီးမှု မပြုရပါဘဲ သိစရာရှိတာကိုသာ ရိုးရိုးသိနေပါလျှင် ခန္ဓာ၏ပင်ရင်းသဘာဝ (ရုပ်နာမ်ဟူသော) ဖောက်ပြန်မှု၊ သိမှုကိုသာ လေ့လာ သိလာပေလိမ့်မည်။ လက်တွေ့ကျကျ စမ်းသပ်လေ့လာကြည့်ပါ။ ထပ်ကာထပ်ကာ လေ့လာလေ့ကျင့်ဖို့ မြတ်စွာဘုရား မှာကြားတော်မူသည်။ ခန္ဓာ၏ အမှန်သဘာဝတရားတို့ဟူသည် ''ဤသဘောတို့သာ'' ဟု အခိုင်အမာ သိစေလိုသည်။ ယုံကြည်ချက် ခိုင်မာစေလိုသည်။

## ကျွန်ုပ်တို့၏အခွဲ

ဤညွှန်ပြချက်တို့သည် ခန္ဓာ၏သဘာဝအရှိကို သိတော်မူပြီးသော မြတ်စွာဘုရား၏ လမ်းညွှန်ချက်ဖြစ်၍ ဤသဘာဝအမှန်ကို လုံးဝမသိသော ကျွန်ုပ်တို့က အမိ၏ ဝမ်းတွင်းက ဖွဲ့စည်းပေးလိုက်သော သဘာဝတရား၊ ပရမတ် တရားကို လုံးဝမသိတော့ဘဲ အမှန်တရားမသိ၍ မိမိတို့ မှတ်သားသုံးစွဲသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောက်ျား စသော လောကပညတ်အနေနှင့်သာ မှတ်၍ ...

| | |
|---|---|
| **တဏှာမမ** | တဏှာအစွဲနှင့် ငါ့ဥစ္စာပဲ |
| **မာန ဟမသ္မိ** | မာနအစွဲနှင့် ငါပဲ |
| **မေသော မေအတ္တာ** | ဒိဋ္ဌိအစွဲနှင့် ငါ အခိုင်အမာပဲဟု မှတ်စွဲ၊ သိစွဲ၊ မှားစွဲ၊ ဝိပလ္လာသတို့ ပူးကပ်စွဲယူတော့ရာ |

''အဝိဇ္ဇာ တဏှာ ဝသေန'' ဖြစ်၍ သံသရာသစ်ငုတ် ဖြစ်လေသည်။ မြတ်စွာဘုရား၏ လမ်းညွှန်ချက်ကို ကြည့်ပါ။ မြတ်စွာဘုရား၏ အခြားတစ်ပါးက ယူလာသော တရား မဟုတ်။ သူသူ ငါငါ ခန္ဓာ၏ သဘာဝ ''ကိုယ့်ကို-ကိုယ်ကြည့်-ကိုယ်သိ'' သာဖြစ်၍ ကျွန်ုပ်တို့စမ်းသပ်ချက်အရ ဘုရားစွဲမထားသော ဘာသာမတူသူတို့ သဘာဝအရှိကိုသာ

လေ့လာဖို့ ပြောပေးရာ ထိုဘာသာခြားတို့ ကျွန်ုပ်တို့သိသလို သိသဖြင့် ကျွန်ုပ်တို့ မတိုက်တွန်းရဘဲ ဗုဒ္ဓဘုရားကို သူတို့ အိမ်သူတွေအိပ်ကာမှ ဘုရားရှိခိုးမှု၊ ခန္ဓာလေ့လာမှု အားထုတ်ကြသူ ဆယ်ဂဏာန်းသို့ပင် ရောက်ရှိလာပါသည်။ ဆိုလိုသည်မှာ ဤတရားခန္ဓာ၏ ယထာဘူတအရှိတရားဖြစ်၍ ခန္ဓာရှိသူတိုင်း အသိဉာဏ်လေ့လာက လေ့လာသူတိုင်း သိမည်ပင်။ ထို့ကြောင့် ''သဗ္ဗသာ ဓာရဏော ဝေသော'' ဟု မည်သူ့ကိုမျှ မတားမြစ်ရသောတရား အလွန်မှန်ပါသည်။ ကျွန်ုပ်တို့၏ အမှားကို စစ်ကြည့်သောအခါ ''ပညတ် ပရမတ်''ကိုသာ တွေ့ရသည်။ ကျွန်ုပ်တို့၏ ခန္ဓာသည် ကိလေသာမဖြစ်သော ရုပ် နာမ် ပရမတ်မှန်ပါလျက် ကျွန်ုပ်တို့က သံသရာတွင် ကျင်လည်စေသော ပညတ်နှင့် အစွဲများသည်။ ဤအစွဲအမှားကိုကြည့်က ပရမတ်ကို ပညတ်နှင့် မှားသည်မှာ တော်ရုံတန်ရုံ အသေးအဖွဲအမှားမဟုတ်။

''ပရမတ် – ရုပ်နာမ် သင်္ခါပရမတ်မှ အသင်္ခတ ပရမတ် နိဗ္ဗာန်ထိ သံသရာပြတ်သည်။''

''ပညတ် – ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါတို့ ငါ့ဥစ္စာငါ၊ ငါ၏ခိုင်မာမှုကြောင့် ၃၁–ဘုံ သံသရာတွင် အသေချင်းထပ်၍ မဆုံးအောင် မှားသဖြင့် ဤအမှားကိုး ပြောင်ပြောင်မှားသည် ကြောင်ကြောင်မှားသည်'' ဟု

ကျေးဇူးတော်ရှင် လယ်တီဆရာတော်က ဆိုသည်။ မှန်ပါသည်။ ကျွန်ုပ်တို့သည် ခန္ဓာ၏ အမှန်သဘော ပရမတ်ကို လုံးဝမသိဘဲ မိန်းမ၊ ယောကျာ်းဟု ပညတ်နှင့်ပြောင်းပြန်စွဲမှတ်မှုမှာ ပြောင်ပြောင်မှားခြင်း၊ ကြောင်ကြောင်မှားခြင်းပင်ဖြစ်သည်။ ကိုယ့်အမှား ကိုယ်မြင်လာလျှင် ပြင်စရာရှိလာသည်။ ပြင်ရမှာ ဖြစ်သည်။

## ဗုဒ္ဓသာသနာ ကြုံခိုက်မှာ

ကျွန်ုပ်တို့ ယခု ဗုဒ္ဓဘုရား သာသနာတော်နှင့် ကြုံလည်း ကြုံသည်။ စိတ်ဝင်စားမှုလည်း ရှိသည်။ ငါတို့ မှားနေပါလားဟု သိဖို့သာလိုသည်။ သိမှ အမှားကို ပြင်လို့ရမည်။ မိမိအမှားကိုသိရန် ဆရာသမားကို ရှာဖွေ ဆည်းကပ်ပါ။ လမ်းညွှန်ချက်ကို နာယူပါ။ ဗုဒ္ဓသာသနာဆိုသည်မှာ မြတ်စွာဘုရား၏ လမ်းညွှန်ဆုံးမချက် ဖြစ်သည်။ ၎င်းတို့မှာ သီလ၊ သမာဓိ၊ ပညာ ထိုအဆုံးအမကို ရယူလေ့ကျင့်နိုင်လျှင် ...

ယော၊ အကြွင်သူသည်။ ဗုဒ္ဓေသု၊ မြတ်စွာ
ဘုရားတို့သည်။ ရေန္တေသုပိ၊ မျက်မှောက်ထင်ရှား ရှိနေ
ပါသော်လည်း။ စတ္တာရော၊ လေးပါးကုန်သော။
သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တရားတို့ကို။ နဘာဝေတိ၊
အားမထုတ် မပွားများ။ တဿ၊ ထိုပုဂ္ဂိုလ်အား။

သဒ္ဓမော၊ သူတော်ကောင်းတရားတည်းဟူသော သာသနာတော်သည်။ ဒေဝဒတ္တာ ဒိန်နဝိယ၊ ဒေဝဒတ် အဇာတသတ် စသော သူတို့ကဲ့သို့။ အန္တရဟိတော- နာမ၊ ကွယ်ပျောက်ခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဟု မဟာဝဂ္ဂသံယုတ်၊ အဋ္ဌကထာတွင် ဆိုသည်။

မြတ်စွာဘုရား၏ သာသနာလုပ်ငန်း ဆိုသည်မှာ ခန္ဓာ၏ အရှိသဘာဝအမှန်ကို အမှန်အတိုင်း သတိထား၍ သိရသော သတိပဋ္ဌာန်လုပ်ငန်း ဖြစ်ရကား ကိုယ့်ခန္ဓာဖွဲ့စည်း ထားသော အမှန်တရားပရမတ်ကို မိမိတို့အလိုပညတ် အစွန်း မပါသော (မဇ္ဈိမပဋိပဒါ) အလယ်လမ်းကြောင်း အလေ့အ ကျင့်ဖြင့် ရုပ်ပရမတ်တို့၏ ဖောက်ပြန်မှု၊ နာမ်ပရမတ်တို့၏ အာရုံကိုသိမှုသာ တွေ့လာ သိလာလိမ့်မည်။

ဤတွေ့မြင်မှု၊ ဤသိမှုသည် သတိထား၍ စိတ်ငြိမ် သောပုဂ္ဂိုလ်၏ ခန္ဓာသဘာဝအမှန် ဖြစ်သည်။ မြတ်စွာဘုရား ၏ အဆုံးအမ (သာသနာ) မိမိခန္ဓာမှာ လက်တွေ့ရရှိခြင်း ဖြစ်သည်။ ဤ သတိပဋ္ဌာန်အလုပ်မလုပ်သူ၊ မဇ္ဈိမပဋိပဒါ ဘက် မလိုက် အသိမပါသူများမှာ မြတ်စွာဘုရား၏ လုပ်ငန်း လမ်းညွှန်ချက် (ပဋိပတ္တိ) မရသဖြင့် ထိုလုပ်ငန်းမှ ရအပ်သော အကျိုးခံစားခွင့် (ပဋိဝေဓ) ဆုံးရှုံးလေသည်။ ထို့ကြောင့် မိမိ၏ သံသရာပြတ်မှု၊ မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုနိုင်မှုသည် သံသရာပြတ်လောက်သော မဂ်၊ ဖိုလ်၊ နိဗ္ဗာန် မျက်မှောက်

ပြုလောက်သော မြတ်စွာဘုရား၏ လမ်းညွှန်ချက် သတိပဋ္ဌာန် မှန်လျှင် မဇ္ဈိမပဋိပဒါအသိဉာဏ်မှန်လျှင် သက်တော်ထင်ရှား မြတ်စွာဘုရားကို မှီသည် မမှီသည်ကို လုံးဝမစဉ်းစားဘဲ သာသနာအစစ်–လုပ်ငန်း ယထာဘူတကျဖို့သာ လေ့လာ ရမည်။

## ပညတ် ပရမတ်

သတိပဋ္ဌာန် ဝိပဿနာရှုရာတွင် မိမိလက်ရှိခန္ဓာကို ရှုရမည်။ လက်ရှိခန္ဓာသည် ခန္ဓာငါးပါး ပရမတ်တရား ဖြစ် သည်။ တစ်နည်း–ရုပ်နာမ်နှစ်ပါး၊ ပရမတ်တရားဖြစ်၍ သတိ ထားပြီး ခန္ဓာကို ရှုလျှင် အရှိဖြစ်သော ပရမတ်ကိုသာ တွေ့မည်။ ခန္ဓာ၏ သဘာဝအမှန်ကို လေ့လာအကဲခတ်သော ဘက်မလိုက်အသိ မဇ္ဈိမပဋိပဒါဉာဏ်သည် ရုပ်ပရမတ်တို့၏ ဖောက်ပြန်ပြောင်းလဲမှု၊ မတည်ငြိမ်မှု၊ မတည်တံ့မှု၊ ရွေ့လျား ပျက်စီးမှု စသည်တို့ကိုသော်လည်းကောင်း၊ နာမ်ပရမတ် တို့၏ အာရုံခံစားမှု၊ မှတ်မှု၊ သိမှု စသော သဘောတို့ကို လည်းကောင်း ခန္ဓာ၏ သဘာဝအရှိအနေနှင့် သိနေမည်။

သို့ရာတွင် ကျွန်ုပ်တို့သည် လောကီပညတ်နယ်သား များဖြစ်၍ နေရာတကာတွင် ပညတ်ရှုထောင့်ကချည်း ကြည့် သည်။ ပညတ်အမြင်သာ ဟုတ်သည်၊ မှန်သည်ဟု စွဲယူ ထားသည်။ ယခု ခန္ဓာကို ကိုယ့်အလို ကိုယ့်ယူစွဲမှု မပါသော

ဘက်မလိုက်အသိဖြင့် ကြည့်ရာတွင် ''ဖောက်ပြန်မှု၊ သိမှု သဘာဝအမှန်ကိုသာ ကြိမ်ဖန်များစွာ ထပ်ကာ ထပ်ကာ သိရတော့မှ ခန္ဓာသဘာဝအမှန်က ပရမတ်၊ မိမိတို့အထင်အစွဲ က ပုဂ္ဂိုလ်သတ္တဝါ ပညတ်ဖြစ်ရာ ဘယ်သူမှားသနည်း။ ခန္ဓာ အရှိ သဘာဝသည် ရွေ့လျားပြောင်းလဲပျက်စီးပြီးလျှင် ဖြစ်သည်မှ ရင့်ခြင်းသို့၊ အရင့်မှအနာသို့၊ အနာမှ အသေသို့ မည်သူမည်သို့မှ တားဆီးကန့်ကွက်မရသည့် ယထာဘူတ သဘာဝတရား အစုအပေါင်းသည် ကေန်အမှန်ရှိ၍ ကျွန်ုပ် တို့ စွဲယူထင်မြင်သော အစွဲသည် လုံးဝမှားကြောင်း သိလာ ရသည်။ ယင်းသို့ ခန္ဓာ၏ သဘာဝတရား အမှန်တရား ဖောက်ပြန်မှုတို့ ပျက်မှုတို့ကို သိရုံမျှနှင့် ကျွန်ုပ်တို့၏ အစွဲ များဖြုတ်ဖို့ ဝေးပါသေးသည်။

## သက္ကာယဒိဋ္ဌိ

ခန္ဓာ၏ အမှန်သဘာဝ ပရမတ်သည် ''ဖောက်ပြန်မှု၊ သိမှု'' ပင်ဖြစ်၍ ဤအမြင် ဤအသိသည် ပရမတ်သိ၊ အမှန်သိကား ဟုတ်သည်။ ဤကဲ့သို့ ဉာဏ်နှင့်မသိမီက ဤခန္ဓာသည် မိန်းမ ယောကျ်ား ပုဂ္ဂိုလ် သတ္တဝါဟု သက္ကာယ ဒိဋ္ဌိနှင့် အစွဲများမှုကား ကမ္ဘာနှင့် မြေဇာပမာ အစွဲခိုင်လှသည်။ မြတ်စွာဘုရားသည် သက္ကာယဒိဋ္ဌိကို ဖော်ထုတ်ဟောကြား ရာ၌ ခန္ဓာအရှိ အမှန်တရား ပရမတ်ဖောက်ပြန်မှု၊ သိမှုသည်

သက္ကာယ။ ထိုခန္ဓာ၏ ပင်ကိုယ်အရှိ သက္ကာယကို အမှန်အတိုင်းသိအောင် မလေ့လာ မလေ့ကျင့်ဘဲ အမှန်တရား၊ အရှိတရားမဟုတ်သော မိန်းမ၊ ယောက်ျား၊ ပုဂ္ဂိုလ်၊ သတ္တဝါဟု စွဲမှားမှုသည် အမှန်တရား ဖောက်ပြန်မှု၊ သိမှု သဘောတရားအမှန်ကို မှားယွင်းစွဲယူမှု၊ သက္ကာယဒိဋ္ဌိ ဖြစ်လေသည်။

ကျွန်ုပ်တို့ဆိုလိုသည်မှာ ရုပ် – ဟူသော ခန္ဓာ၏ ဖောက်ပြန်မှု၊ သက္ကာ အမှန်တရားကို၊ အတ္တတော မရှိသော၊ မမှန်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ မိန်းမ၊ ယောက်ျား ဟူသော ပညတ်နှင့် အစွဲမှားမှုဖြစ်ရာ ခန္ဓာသဘာဝ ဖောက်ပြန်မှုကို ဖောက်ပြန်မှုဟု သိကာမျှနှင့် သံသရာနှင့်ချီပြီး စွဲယူလာသော အစွဲမှားကား လုံးဝမဖြုံသေး။ သို့အတွက် မြတ်စွာဘုရားသည် ထိုအမှားစွဲပြုတ်ရန် အမှန်တရား အရှိတရားတည်းဟူသော ဖောက်ပြန်မှု၊ သိမှုတစ်ခုခုသော သဘောတရားတို့ကို နိုင်နိုင်မာမာ လက်ခံယုံကြည်မှုရရန်လည်းကောင်း၊ ပညတ်ဟူသော အမှားသိမှ ပရမတ်ဟူသော အမှန်အသိ ပြောင်းသွားရန်လည်းကောင်း၊ သိလက်စဖြစ်သော ရုပ်ပရမတ်တို့ ဖောက်ပြန်မှု သဘောတရားတို့ကို ''ဘာဝိတာ ဗဟုလီကတာ'' ကြိမ်ဖန်များစွာ၊ ထပ်ကာထပ်ကာ သိပါဟု မြတ်စွာဘုရား တိုက်တွန်းတော်မူသည်မှာ သံသရာနှင့်အမျှ စွဲမှားခဲ့သော မိမိတို့၏အမှားကို အမှန်ပရမတ်သိဖြစ်အောင် အရှိသဘာဝကို ကိုယ်တိုင်ရှုကြည့်၍ ကိုယ်တိုင်သိအပ်သော ဉာဏ်သိ

ဖြစ်စေခြင်းငှာ အမှန်သဘာဝကို အသိသဘောထား ပြောင်းသွားရန် ...

*န ရူပံ အတ္တတော သမနုပဿတိ*

ခန္ဓာ၏ အမှန်တရား၊ ပရမတ်တို့၏ ဖောက်ပြန်မှုကို ထပ်ကာထပ်ကာ ရှုသိဖန်များသော ယောဂီအတွက် ဤခန္ဓာ၏ ရှိနေသော ဖောက်ပြန်မှုအမှန်တရားကို မရှိသော မမှန်သော မိန်းမ၊ ယောက်ျား၊ ပုဂ္ဂိုလ်၊ သတ္တဝါဟု မရှုမမြင် မစွဲယူတော့ပေ။ သဘာဝတရား အမှန်တရားကို အရှုအသိ အလေ့အကျင့်ကြောင့် အမှန်သဘာဝအရှိအတိုင်း အသိ ပြောင်းသွားခြင်း ဖြစ်လေသည်။

## စွဲမြဲရန်

ကျွန်ုပ်တို့သည် အစွဲမှား သက္ကာယဒိဋ္ဌိပြုတ်ရန် တိုက်ရာ၌ မြတ်စွာဘုရား၏ လမ်းညွှန်ချက် နည်းပရိယာယ်မှာ အလွန်သိမ်မွေ့လေသည်။ မြတ်စွာဘုရားသည် သက္ကာယဒိဋ္ဌိ စွဲမှားပုံကို လေ့လာရာ၌ ၎င်းသည် အမှန်သဘာဝကို မသိမှုကြောင့် လောကအမှတ်အသား အပြောအဆိုကို အလွယ်တကူ ခိုင်မာအောင် မှတ်သားသမုတ်ထားကာမျှ ... ကို ယူ၍ အကောင်အထည် ထင်မှတ်ရာမှ -

*လောက ဝေါဟာရံ ဂဟေတွာ သညာ ဝိပလ္လာ*
*သေန သဥ္ဇာနာတိ ပထဝီ*

ပုံစံအတိုင်း လောကပညတ်ကို စွဲယူပြီး မှတ်ရာမှ မှတ်များ၊ သိမှား၊ စွဲမှားသို့ ရောက်လာသော သက္ကာယဒိဋ္ဌိသည် မရှိတရားကို စွဲမှားရာမှ ဖြစ်လာသော တရားဟု သိသောကြောင့် အမှန်တရား အရှိတရား ပရမတ်တို့၏ ဖောက်ပြန်မှုကို မှန်သည့်အတိုင်း ရှိသည့်အတိုင်း သိနေက သိအောင်၊ ယုံကြည်ချက်အခိုင်အမာရအောင် ထပ်ကာ ထပ်ကာ စွဲမြဲအောင် လေ့ကျင့်၍ မိမိအသိသည့် ခန္ဓာ၏ သဘာဝ ပရမတ်သာ အရှိအတိုင်း လက်ခံယုံကြည်မှု ဖြစ်လာပါလျှင် မမှန်မကန် စွဲမှားသော သက္ကာယဒိဋ္ဌိသည် သူ့ကို စွဲယူမှု မရှိတော့သဖြင့် ပြုတ်ဖို့သာ သေချာရကား ကိုယ့်ဉာဏ်များကိုယ်ပြင်ရန် ဝိပဿနာအလုပ်ကိုသာ ကြိုးပမ်းအားထုတ်ကြရာသတည်း။

(အနန္တငါးပြာမဂ္ဂဇင်း အတွဲ ၂၊ အမှတ် ၆) **သစ္စဝါဒီ**

# မမေ့အပ်ရာ သိပညာ သာသနာဖြစ်သည်

မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်သည် မမေ့အပ်သော၊ အောက်မေ့အပ်သော၊ ဂရုစိုက်ရသော သတိကို အရင်းခံထား၍ အမှန်အကန် ပရမတ်ဖြစ်သော ခန္ဓာသဘာဝကို အမှန်မြင်ခြင်း၊ အမှန်သိခြင်းဟူသည့် ပညာဉာဏ်သမ္ပဇဉ်နှင့် တွဲစပ်ထားသော သာသနာ ဖြစ်လေသည်။

သတိရှိသည်၊ သတိထားသည် ဆိုသည်မှာ လောကသံသရာနှစ်ဖြာလုံးတွင် အဓိကလိုအပ်လေသည်။

လောကတွင် အန္တရာယ်တစ်စုံတစ်ခု ဖြစ်တတ်သည်ကို သတိရှိလျှင် ထိုအန္တရာယ်တို့မှ ကင်းခြင်း၊ သက်သာခြင်း အကျိုးတရားကို ရရှိနိုင်သည်။

ဥပမာ–နိုင်ငံတော်အစိုးရမှာ ဝမ်းရောဂါ မဖြစ်စေရန်အတွက် ရေကိုကြိုချက်သောက်ကြရန်၊ ယင်နားစာများ

ရှောင်ကြဉ်ရန်၊ သန့်ရှင်းစင်ကြယ်စွာ နေထိုင်ရန် စသော သတိထားရန် နှိုးဆော်တိုက်တွန်းချက်ကို မိမိတို့က ဂရုမစိုက်၊ သတိမထားက မိမိမှာ ဘေးအန္တရာယ်ကျရောက်၍ ဒုက္ခဖြစ်မည်။

သတိထား၍ လိုက်နာပါက မိမိမှာသာ အန္တရာယ်ကင်းခြင်း၊ ဘေးရှင်းခြင်း စသော အကျိုးတရားများ ရရှိခြင်းသည် သတိတရားထား၍ ရသော ကောင်းကျိုးဖြစ်ပေသည်။

ထိုနည်းတူ နိုင်ငံတော်အစိုးရ၏ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနတို့မှ လေပြင်းတိုက်ခိုက်မှု၊ ရေကြီးမှု စသော သတိပေးချက်ကို သတိမထား၊ မလိုက်နာ၊ ဂရုမစိုက်သော လှေသင်္ဘောတို့ ဒုက္ခရောက်ရပုံတို့ကို ကျွန်ုပ်တို့မျက်မှောက် လောကတွင် အများအပြား တွေ့မြင်ကာ သိနေရသည်မှာ သတိ၏ နေရာတကာလိုအပ်ပုံကို သိသာနိုင်ပေသည်။

''ကျုပ်က သတိထားတာကိုး'' ဟူသော စကားကို ကောင်းကျိုးရခြင်း၊ အန္တရာယ်ကင်းခြင်း စသော ကောင်းသော နေရာတွင် သုံးသောစကားဖြစ်သကဲ့သို့ ...

''ကျုပ်သတိမထားမိလို့'' ဟူသော စကားမှာ မကောင်းကျိုးဖြစ်ရခြင်း၊ အန္တရာယ်တွေ့ရခြင်း စသော မကောင်းသော အကျိုးပျက်စီးစေသော နေရာတို့တွင် သုံးသော စကားများ ဖြစ်သည်။

သို့အတွက် သတိသည် နေရာတကာတိုင်းတွင် လိုအပ်သောကြောင့် မြတ်စွာဘုရားသည် ...

*သတိဉ္စ ခွာဟံသဗ္ဗတ္ထိကံ ဝဒါမိ*

ဟု မဟာဝဂ္ဂသံယုတ်တွင် ဟောပေသည်။

ချစ်သားတို့–သတိဟူသော ဂရုစိုက်မှုကို နေရာတကာတွင် လိုအပ်၏ဟု ငါဘုရား ဟောသည်။

ဟူ၍ သတိပေးထားသည်ကို အဋ္ဌကထာတို့က လည်း...

''လောကရူပနံပိယ'' ဟင်းခတ်သောဆားနှင့် တူကြောင်း၊ ဟင်းစသော စားသောက်ဖွယ်ရာတို့တွင် ဆားမပါက ပေါ့ပျက်ပျက်အရသာထွက်သည်ကို လည်းကောင်း။

''သဗ္ဗကမ္မိက အမစ္စောပိယ'' အစိုးရမင်းတို့၏ နိုင်ငံကိုအုပ်ချုပ်မှု၊ စစ်တိုက်မှု စသော ကိစ္စအဝဝကို စီမံကွပ်ကဲမှုတို့ကို ဆောင်ရွက်ရသော ဝန်ကြီးချုပ် ကဲ့သို့ မရှိမဖြစ်၊ မပါမပြီးပုံကို ဖော်ပြထားပေသည်။

**သတိတစ်လုံး အဆုံးနိဗ္ဗာန်**

ယင်းသို့ သတိသည် အသေးအဖွဲကစ၍ နိဗ္ဗာန်ထိ အောင် အကျိုးပြုပုံကို ဝိပဿနာသတိပဋ္ဌာန်လုပ်ငန်းတွင် အဓိက ဖြစ်နေပေသည်။

မြတ်စွာဘုရားသည် ဓမ္မပဒပါဠိတော်၌ ...

*အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါမစ္စုနော ပဒံ*

ဟု ဟောလေသည်။

အဓိပ္ပာယ်မှာ – ''သတိမမေ့ခြင်းသည် မသေရာမှန် နိဗ္ဗာန်ရဖို့အကြောင်း၊ သတိမေ့လျော့ခြင်းသည် ဘဝတိုင်း သေဖို့အကြောင်း'' ဟု ဟောထားပေရာ ကျွန်ုပ်တို့ နိဗ္ဗာန် ရအောင် ဝိပဿနာသတိပဋ္ဌာန်အလုပ် အားထုတ်ရာ၌ ပထမ ခန္ဓာကိုယ်၌ သတိထား၍ ငြိမ်သက်စွာနေက ခန္ဓာ၏ ပင်ကို သဘောအမှန်ဖြစ်သော ပရမတ်သဘောတရားတို့ကို ယင်းတို့ ၏ သဘာဝလက္ခဏာ (ရုပ္ပန)ဖောက်ပြန်မှု၊ (နမန) အာရုံကို ညွတ်သိမှု၊ (ရုပ်နာမ်)တို့ကို သိလာမည်။

ဤသဘောတရားတို့မှာ ခန္ဓာသဘာဝ၏ ပင်ရင်းအမှန် တရား၊ အရှိတရားများ ဖြစ်သည်ကို သတိရှိသဖြင့် အမှန် တရားကို အမှန်တရားအတိုင်း သိရသော သတိတရား၏ ဆောင်ရွက်ချက်ဖြစ်သည်။

## ဝိပဿနာသည် ပရမတ်ကိုရှုသည်

သတိပဋ္ဌာန်ဝိပဿနာအလုပ် အားထုတ်ရာတွင် ခန္ဓာ ၏ အမှန်သဘာဝ၊ ပရမတ်ကိုသာ ဝိပဿနာရှုရသည် ဖြစ် သောကြောင့် ဤခန္ဓာ၏ သဘာဝအမှန်တရားသည် ပရမတ်

သဘောတရားသာဟု သမ္မာဒိဋ္ဌိဉာဏ်ပညာမှ ဝိပဿနာ ရှုနိုင်ဖို့အတွက် သတိသည် အမှန်တရားကို သိနိုင်ရန် ရှုနိုင်ရန် သမ္မာသတိက ခန္ဓာ၏အမှန်တရားသည် (ရုပ်နာမ်) ပရမတ် သာဖြစ်ကြောင်းကို တည်ပေးသည်။ ညွှန်ပြပေးသည်။

သမ္မာသတိက ပရမတ်ဖြစ်သော ''ရုပ်''၏ ဖောက်ပြန်မှု သဘောတရား ပရမတ်ကို အတည်ပြုပေးမှ သမ္မာဒိဋ္ဌိဉာဏ်ပညာက ထိုဖောက်ပြန်မှု ပရမတ်သဘောတရားတို့၏ အပျက်ကို ပျက်သည့်အတိုင်း ရှုသွားခြင်းကို ဝိပဿနာရှုသည်ဟု ခေါ်သည်။

သတိက ခန္ဓာ၏သဘာဝကို မလေ့လာ ဂရုမစိုက်က ကျွန်ုပ်တို့သည် ဤခန္ဓာကို လူဟူ၍လည်းကောင်း၊ မိန်းမ-ယောက်ျားဟူ၍လည်းကောင်း လောကပညတ်၏ သတ်မှတ်ချက်အတိုင်း ခန္ဓာ၏ သဘောဝကို အမှန်အတိုင်း မသိတော့ဘဲ အဝိဇ္ဇာ၏ အုပ်ချုပ်မှုအောက်တွင် ပဋိစ္စသမုပ္ပါဒ် သံသရာလည်မှုပတ်မှု ဖြစ်သွားသည်ကား ကျွန်ုပ်တို့ လာခဲ့သော လမ်းဟောင်း ဖြစ်လေသည်။

ထို့ကြောင့် ''ပမာဒေါ မစ္စုနော ပဒံ'' ''မေ့လျော့ခြင်းသည် ဘဝတိုင်း၊ ဘဝတိုင်း သေဖို့အကြောင်း''ဟု မြတ်စွာဘုရားက ဟောတော်မူခြင်း ဖြစ်သည်ကို ဓမ္မပဒ အဋ္ဌကထာ

*ပမတ္တော ဟိ ဇာတိံ နာတိဝတ္တတိ၊ ဇာတော ဇိယတိစေဝ မီယတိစာတိ ပမာဒေါ မစ္စုနောပဒံ နာမဟောတိ*

သတိထား၍ အမှန်တရားခန္ဓာ၏ သဘာဝအမှန်ကို သိနိုင်သော်လည်း သတိမထား မေ့လျော့အားကြောင့် ခန္ဓာအဖြစ် ဇာတိကို မလွန်မြောက်နိုင်၊ ထို့ကြောင့် ခန္ဓာဖြစ်၍ အိုမင်းရင့်ရော်ခြင်း၊ သေရခြင်းများ ဘဝတိုင်း ဘဝတိုင်း အို နာ သေခြင်းများ မပြီးမဆုံးနိုင်ခြင်းများကြောင့် မြတ်စွာဘုရားသည် သတိမေ့လျော့ခြင်းကား ဘဝတိုင်း သေရခြင်း၏ အကြောင်းဟု သံသရာလည်ကြောင်းကို ဟောတော်မူလေသည်။

## သဘာဝဝိပဿနာ

ဝိပဿနာလုပ်ငန်း၏ အဓိကကိစ္စမှာ မိမိခန္ဓာကို ကိုယ်သိဖြစ်အောင် လေ့လာရသော လုပ်ငန်းဖြစ်သည်။ ကျွန်ုပ်တို့သည် မအိုချင်၊ မနာချင်၊ မသေချင်သည်မှာ ကျွန်ုပ်တို့အလို၊ ကျွန်ုပ်တို့ဆန္ဒ ဖြစ်သည်။ ကျွန်ုပ်တို့၏အလိုဆန္ဒကို ဆန့်ကျင်သည်မှာ ကျွန်ုပ်တို့၏ခန္ဓာဖြစ်သည်။ ခန္ဓာသည် အဘယ်ကြောင့် ကျွန်ုပ်တို့၏အလိုဆန္ဒကို ဆန့်ကျင်နေသနည်း။ ဤလက်သည်ကို ရှာဖွေသိနိုင်ရန် သိနိုင်သောပညာသည် ကျွန်ုပ်တို့၌ လုံးဝမရှိပါ။

ကျွန်ုပ်တို့သည် သံသရာရေး စိတ်အေးရရန် အလုံးစုံသော တရားအပေါင်းကို သိတော်မူ၊ မြင်တော်မူသော သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်သော သူတို့ဖြစ်၍ မြတ်စွာဘုရားကို မေးလျှောက်ထားရာတွင် မြတ်စွာဘုရားကိုယ်စား ဓမ္မကဏ္ဍက မိမိခန္ဓာ၏ အိုနာသေဖြစ်ခြင်း၏ အရင်းခံသဘောကို ငြိမ်သက်သောစိတ်နှင့် လေ့လာပါ။

မိမိ၏ လုပ်ကြံဖန်တီးသော မိမိအလိုအတိုင်း မဟုတ်သော စိတ်သည် မိမိခန္ဓာတွင် ရှိနေပါက အမှန်သဘောတို့ကို အမှန်အတိုင်း သိလာမည်။ အမှန်တရားကို သိတတ်သော ဉာဏ် ကွပ်ကဲမှုရှိသော အသိသည် (ရုပ်နာမ်) အမှန်သဘော တရားတို့၏ သူတို့လက္ခဏာ ''ဖောက်ပြန်မှု၊ သိမှု'' တို့ကို သဘာဝသဘာဝအတိုင်း သိသော သမ္မာဒိဋ္ဌိဉာဏ်ပညာသည် ခန္ဓာ၏ပင်ကိုသဘာဝ ''ဖောက်ပြန်ပျက်စီး၊ သိပျက်စီး'' သဖြင့် ရင့်ရော်ယိုယွင်းအိုမင်းခြင်း၊ ကျင်နာခံပြင်းဆင်းရဲခြင်း၊ သတ္တဝါပုဂ္ဂိုလ်၏ အလိုဆန္ဒအရ အမိန့်ပေး၍ မရခြင်းတို့ကို ပင်ကိုသဘာဝအတိုင်း တွေ့လာသိလာရမည် ဖြစ်ပေသည်။

## မည်သူမှန်သနည်း

ကျွန်ုပ်တို့ကား မြတ်စွာဘုရားပေးသော လမ်းညွှန်ချက်အတိုင်း လေ့လာလေ့ကျင့်ကြသည်။ ကျွန်ုပ်တို့ကြောက်သော အို–နာ–သေ၏လက်သည်ကို တွေ့ရ၏။ မအို–မနာ–မသေ

ကြောင်း ကျွန်ုပ်တို့ ဆန္ဒကိုပြ၏။ မြတ်စွာဘုရားသည် ''ဇာတဿ အမရဏံ နာမနတ္ထိ'' သဘာဝတရားဟူသော ဇာတဿ အဖြစ်ရသောသူအား၊ အမရဏံ နာမ မပျက်ခြင်း၊ မသေခြင်းမည်သည်၊ နတ္ထိ မရှိတဲ့။

ခန္ဓာဟူ၍ အစုအပုံဟူ၍ ရလာဖြစ်လာလျှင် သက်ရှိကို မဆိုထားဘိ။ သက်မဲ့ဖြစ်သော သစ်ပင်၊ တောတောင်အားလုံး အကြောင်း အထောက်အပံ့ မကင်းသော သင်္ခါရမှန်လျှင် မပျက်သော မသေသော ရုပ်ဝတ္ထုမျိုး၊ နာမ်သဘောတရားမျိုး လုံးဝမရှိချေ။ ယင်းသို့သော သဘာဝလမ်းကြောင်းအတိုင်း သွားသော သင်္ခါရမှု၊ ရုပ်နာမ်အစုကို မအိုစေရန်၊ မနာစေရန်၊ မသေစေရန် မည်သည့် ပါန်ိုးရှင်တစ်ဦးတစ်ယောက်ကမျှ ဖန်တီးခြင်း၊ အမိန့်ပေးခြင်း၊ တားမြစ်ခြင်း၊ ကန့်ကွက်ခြင်း မလုပ်နိုင်ပေ။

ထိုသင်္ခါရ သဘာဝလမ်းကြောင်းကို သိတော်မူသော မြတ်စွာဘုရားသည် ခန္ဓာ၏ယထာဘူတ သဘာဝအမှန်ကို သမ္မပ္ပညာယ အမှန်အတိုင်း သိသောအသိပညာဖြင့်။ ပဿတော-ရှုမြင်သော ယောဂီအားဟု လမ်းညွှန်သည်။ ဝိပဿနာလုပ်ငန်း၏ အဓိကလိုအပ်သည့်ကိစ္စမှာ ခန္ဓာ ပင်ကိုအရှိကိုသာ အမှန်အတိုင်းသိဖို့ အလိုအပ်ဆုံးဖြစ်သည်။ သို့မှသာ ခန္ဓာ၏ အို၊ နာ၊ သေ ကိစ္စသည် ခန္ဓာ၏ကိစ္စသာ

ဖြစ်၍ ခန္ဓာရထားသော မိမိအတွက် မအို မနာ မသေချင်ခြင်း သည် သဘာဝတရားကို ဆန့်ကျင်သော မိမိတို့၏ အမှားသာ ဖြစ်သည်။

အမှန်မှာ ရုပက္ခန္ဓာ၏ ဖောက်ပြန်မှုသည် ခန္ဓာမှာ အမှန်အတိုင်း သိနိုင်သည်။ ဆက်သိပါ။ အပျက်ကိုတွေ့မည်၊ သိမည်၊ ဆက်သိပါ။ ယူစရာ ရစရာမရှိသော အချည်းနှီးသော အမှန်ဆုံးသော ဒုက္ခသစ္စာကိုတွေ့မည်။ ဤသဘောသည် ခန္ဓာ၏ ပင်ကိုအရှိ ဒုက္ခသစ္စာကို မိမိတို့ ဉာဏ်မီသလောက် သိရသော အမှန်တရားကို အမှန်အတိုင်း သိသော ယောဂီ အား မိမိအနေနှင့် မအို မနာ မသေချင်ခြင်းသည် ဒုက္ခသစ္စာ တာရှည်ဖို့၊ ဒုက္ခသစ္စာ ကြီးကျယ်ဖို့သာ ဖြစ်လေရာ ဤ ရုပ်နာမ် ခန္ဓာရရှိရေးကို ဒုက္ခသစ္စာဟူ၍ ဉာဏ်သိသလောက် မလိုချင်တော့ပေ။

အကျွန်ုပ်တို့ တရားအားထုတ်သည် ဆိုရာတွင် မိမိ ခန္ဓာ၏ သဘာဝအမှန်ကို အမှန်အတိုင်း ကိုယ်တိုင်ဉာဏ်ဖြင့် သိရန် လေ့လာခြင်းဖြစ်၍ ခန္ဓာကို ဉာဏ်ရောက်သလောက် လေ့လာရာတွင် ရုပ်ပရမတ်တို့၏ ဖောက်ပြန်မှု၊ ပျက်မှု၊ နာမ် ပရမတ်တို့၏ သိမှု၊ ပျက်မှုတို့သာ သိနေရသော ယောဂီမှာ ဤ ခန္ဓာသဘာဝအမှန်ကို သိရသမျှ လိုချင်စရာ နှစ်သက် စရာ လုံးဝမရှိ။ ခန္ဓာသည် ဤသဘောတရားများမှ လွဲ၏။ မိမိတို့ထင်သော သူသူငါငါ မိန်းမ–ယောက်ျား ပုဂ္ဂိုလ်–သတ္တဝါ

လုံးဝမဟုတ်သော သဘောတရားတို့သာလျှင်ဖြစ်၍ ပုဂ္ဂိုလ် သတ္တဝါထင်၍ စွဲလမ်းနှစ်သက်စရာ တွယ်တာစရာ မရှိသော သဘောတရားတို့သာ ရစရာမရှိသော ဒုက္ခသစ္စာဟူ၍ သိသော အသိ၊ ပိုင်နိုင်အောင် ပီပြင်အောင် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ သိနေရသော ယောဂီ၏အသိဉာဏ်မှာ ...

## အဝိဇ္ဇာပစ္စယာသင်္ခါရာ

ပဋိစ္စသမုပ္ပါဒ် သံသရာသည် (အဝိဇ္ဇာဟူသော) ခန္ဓာ၏ သဘာဝအမှန်ကို အမှန်အတိုင်း မသိသည်ကစ၍ လူထင် သောကြောင့် လူဖြစ်ချင်သည်။ နတ်ထင်သောကြောင့် နတ် ဖြစ်ချင် စသော ခန္ဓာသံသရာဖြစ်မှုကို ပြုလုပ်သောကြောင့် လူ–နတ် ရုပ်နာမ်ခန္ဓာ ဒုက္ခဖြစ်ကြသည်မှာ ဤမိမိတို့၏ ခန္ဓာသဘာဝကို သတိမထား။ အမှန်ကို မသိသောကြောင့် သာဖြစ်၍ ဤသတိ ပညာ သာသနာသည် ခန္ဓာ၏အမှန် သဘာဝကို အမှန်အတိုင်းသိရန် သတိထား၍ ဉာဏ်ပညာနှင့် ပင်ကိုသဘာဝအပျက်ကို ပျက်သည့် အမှန်သဘာဝကို ကြိမ်ဖန်များစွာ သိနေရတော့ရာ "အထနိဗ္ဗိန္ဒတိ ဒုက္ခေ" မပြည့်ချင်၊ မရှုချင်၊ ငြီးငွေ့ဆန့်ကျင်သောဉာဏ်တို့ ဖြစ်လာ သောအခါ သုတ္တနိပါတ်ပါဠိတော် ပုရာဘေဒသုတ်၌ "ဝိတတဏှော ပုရာဘေဒါ ပုဗ္ဗမန္တမနိဿိတော" မသေမီ ဤခန္ဓာ မပျက်စီးမီ တွယ်တာမှု၊ လိုချင်မှု တဏှာကင်းရန်

လွန်ခဲ့ပြီးသောအခါက ရရှိခဲ့သော ခန္ဓာ၊ နောင်ဘဝတွင် ရရှိမည့်ခန္ဓာ၊ ယခုလက်ရှိခန္ဓာအားလုံး ခန္ဓာရရှိသော (ဇာတိ) ဖြစ်ဒုက္ခ။ (ဇရာ) ရင့်ဒုက္ခ။ (ဗျာဓိ) အနာဒုက္ခ။ (မရဏ) အသေဒုက္ခ တို့ကား ခန္ဓာရချင်သော ဖြစ်ချင်မှု တဏှာမကင်းသမျှ (အဝိဇ္ဇာ) ခန္ဓာအကြောင်း အမှန်တရားကို မသိသော အဝိဇ္ဇာကြောင့်သာ ဖြစ်ရကား ''သံသရာအစ အဝိဇ္ဇာက'' ဟု အမှန်သိရန် ''မမေ့အပ်ရာ သိပညာ သာသနာဖြစ်သည်' ဟူသော ဆောင်ပုဒ်သည် မြတ်စွာဘုရား၏ သတိအလုပ် ပီပြင်ရန် အားထုတ်ကြကုန်ရာသတည်း။

(အနန္တငါးပြာမဂ္ဂဇင်း အတွဲ ၂၊ အမှတ် ၈) **သစ္စဝါဒီ**

## သောတာပန္နာ ပုထုဇ္ဇနာ သဒ္ဓါမည်သို့ ခြားသနည်း

သစ္စာဝါဒီဆရာကြီးခင်ဗျား ...

ကျွန်တော်တို့ ရပ်ကွက်တရားပွဲတစ်ခု၌ ''ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်မှုရှိခြင်းနှင့် ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းလျှင် သောတာပန်ဖြစ်သည်'' ဟု ကြားနာခဲ့ရပါသည်။ ကျွန်တော် ဉာဏ်မီသလောက် စဉ်းစားဝေဖန်ကြည့်ရာတွင် ကျွန်တော့် အ နေဖြင့် ရတနာသုံးပါးကို အထူးလေးစားယုံကြည်သော မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်သည့်အလျောက် သိတတ်သည့် အရွယ်မှစ၍ (မိဘဆရာသမားတို့ အဆုံးအမကြောင့်) ညည့်၌ ဘုရားရှိခိုးတိုင်း ငါးပါးသီလ ခံယူဆောက်တည်ခဲ့ပါသည်။

သို့ရာတွင် ဝိပဿနာတရားတော့ အားမထုတ်ဖူးပါ။ အချို့က သောတာပန်ဟူသည် တရားအားထုတ်မှ ဖြစ်သည် ဆိုသောကြောင့် မည်သို့မည်ပုံ ခြားနားသည်ကို ရှင်းလင်း ပေးပါရန် ရှိသေစွာ ပန်ကြားပါသည်ခင်ဗျား။

မောင်လှမောင်
ဖို့မြေရပ်ကွက်၊ ပုဇွန်တောင်၊ ရန်ကုန်။

မေးမြန်းသောစာအဓိပ္ပာယ်က ...

သောတာပန်သည် ရတနာသုံးပါး၌ ယုံကြည်မှုရှိ၍ ငါးပါးသီလလုံသည်။ ပုထုဇ္ဇန်သည်လည်း ရတနာသုံးပါး၌ ယုံကြည်မှုရှိသည်၊ ငါးပါးသီလလုံသည် ဘာခြားနားပါသနည်း ဟု အမေးထွက်ရာ ...

၁။ ပထမသောတာပန်ပုဂ္ဂိုလ်သည် မြတ်စွာဘုရား၏ တရားသဖြင့် ရရှိအပ်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပစ္စည်းလေးဦး ပူဇော်အထူးကို ခံယူတော်မူထိုက်သော တစ်ထောင့်ငါးရာ ကိလေသာအပူဘေးတို့ကို ငြိမ်းအေးစေတတ်တော်မူသဖြင့် အရဟံဂုဏ်တော်နှင့် ပြည့်စုံတော်မူပါပေ၏။ ထို့အတူ သိသင့်သိထိုက်သော

တရားတို့ကို ဆရာမကူ သယမ္ဘူဉာဏ်မြတ်ဖြင့် ထိုးထွင်း၍ သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော် စသော ဂုဏ်တော်ကိုးပါးတို့၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။

၂။ မြတ်စွာဘုရား၏ တရားတော်ဟူသမျှသည် ရာဂ၊ ဒေါသ၊ မောဟ၊ ကိလေသာမှ လွတ်အောင် နည်းညွှန်လမ်းပြဆုံးမတော်မူသောကြောင့် ကောင်းစွာဟောကြားတော်မူအပ်သော သွာက္ခာတောဂုဏ်တော်၊ တရားတော်သည် ညွှန်ကြားထားသည့်အတိုင်း လိုက်နာ အားထုတ်သူတို့အား လက်တွေ့ကျကျ သိမြင်နိုင်သော သန္ဒိဋ္ဌိကဂုဏ်တော် စသော ဂုဏ်တော်ခြောက်ပါးတို့၌ ကိုယ်တိုင်လေ့ကျင့်သူတို့အတွက် လက်တွေ့ကိုယ်တွေ့ဖြစ်၍ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။

၃။ မြတ်စွာဘုရား၏သား သာဝက သံဃာတော်သည် မြတ်စွာဘုရား၏ တရားတော်လမ်းညွှန်ချက်ကို ကောင်းစွာ ခံယူဆောက်တည် ကျင့်သုံးခြင်း၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါကျကျ ဖြောင့်မတ်စွာ လေ့ကျင့်အားထုတ်ခြင်း၊ ဝဋ်ငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ဦးတည်အားထုတ်ခြင်း၊ ဝဋ်ထွက်ပြီးငြား မြတ်ဘုရား၏ မိန်ကြားလမ်းညွှန်မှုကို ရိုသေစွာခံယူ

ကျင့်သုံးခြင်းတို့ကြောင့် အာဟာနေကြပါဟုနေကြ စသော အကျိုးတရားငါးပါးကို ထိုက်ထိုက်တန်တန် အပူဇော်ခံယူနိုင်သည်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း။

၄။ ယင်းသို့ တရားသိမြင် အရိယာရှင်သည် အပါယ်လား ကြောင်း ငါးပါးတို့ကို သက္ကာယဒိဋ္ဌိ ပြုတ်သွားသဖြင့် အရိယာ သောတာပန်၏ နဂိုရ်မူလသဘာဝ သမုစ္ဆေဒ သတ္တိဖြင့် မဂ်က ပယ်လိုက်သောကြောင့် ခံယူ ဆောက်တည်ဖွယ် မလိုတော့ဘဲ ကျူးလွန်မှုမရှိခြင်းတို့ ဖြစ်သည်။

(ဤကား - မဟာဝဂ္ဂသံယုတ်ပါဠိတော် သောတ္တာပတ္တိသံယုတ်၊ စက္ကဝတ္တိရာဇသုတ်မှစ၍ သုတ်ပေါင်းများစွာ၌ ဟောတော်မူထားသော တရားတော်မူ)

## ပုထုဇ္ဇန်တို့၏သဒ္ဓါ

ကျွန်ုပ်တို့ ပုထုဇ္ဇန်တို့လည်း မေးခွန်းရှင် မောင်လှမောင် ပြောသလို ဗုဒ္ဓဘာသာပီပီ ဘုရားရှိခိုးမှု၊ ငါးပါးသီလခံယူ ဆောက်တည်မှုတို့ကို ပြုလုပ်ပါသည်။ သို့ရာတွင် ကျွန်ုပ်တို့၏ ရတနာသုံးပါး ကြည်ညိုမှုကို အမှန်အတိုင်း ဖော်ပြရပါက ပတ်ဝန်းကျင်မှ အထင်ကြီးစေလိုမှု (သို့မဟုတ်) ရွှေရှိသော ဘုရား (သို့မဟုတ်) ဆုတောင်းပြည့်ဟု ကမ္ပည်းတပ်ထားသော

ဘုရား(သို့မဟုတ်) ရှေးဘုရင်တွေ ကိုးကွယ်သောဘုရား (သို့မဟုတ်) ရုပ်ပွားတော်ကို ထူးထူးဆန်းဆန်း လူက ဖန်တီးထားသော ဘုရား (သို့မဟုတ်) ပေါ်တော်မူဟု သမုတ်ထားသော ဘုရား (သို့မဟုတ်) အပါယ်ပိတ်သည် လာဘ်ရသည် ဆိုသောဘုရား (သို့မဟုတ်) ဘုရားချွေးထွက်သည်၊ ရောင်ခြည်တော်လွှတ်သည် ဆိုသောဘုရားများကိုသာ လောကီအကျိုးအတွက် ရှိခိုးပူဇော်ခဲ့ကြသော ကျွန်ုပ်တို့အတွက် ဂုဏ်တော်ကို ယုံကြည်မှုသည် အဘယ်မှာနည်း။

တရားဂုဏ်တော်ဟူသည်မှာလည်း ယပ်လှဲ၊ ယပ်ထောင် စသော နာတရား၊ အသံနှင့်ဝတ္ထုကြောင်းကိုသာ အဓိကထားသော တရားတို့နှင့်သာ အချိန်ကုန်ခဲ့၍ တကယ့်သတိပဋ္ဌာန် အလုပ်ပေးတရားတို့အတွက် အချိန်ပင် မပေးနိုင်လောက်အောင် ဖြစ်နေရသဖြင့် တရားတော်ဟူသည်မှာ သံသရာဝဋ်မှ ထုတ်ဆယ်ကယ်တင်သော ကိုယ်တိုင်လေ့ကျင့် ကိုယ်တိုင်သိအပ်သော ''သန္ဒိဋ္ဌိက'' စသော တရားဂုဏ်တော်တို့ကို မည်သို့ယုံကြည်ကြအံ့နည်း။

သံဃာ့ဂုဏ်တော်ဟူသည်မှာလည်း မြတ်စွာဘုရားသည် ရာဂ၊ ဒေါသ၊ မောဟ စသော ကိလေသာတို့မှ ကင်းဝေးအောင် ကောင်းစွာ ဟောကြားတော်မူအပ်သော တရားတော်တို့ကို မိမိအတွက် ကိလေသာမှ လွတ်အောင်

လမ်းညွှန်ချက်အတိုင်း မချွတ်မယွင်းဘဲ လေ့ကျင့်အားထုတ်ရသော သုပ္ပဋိပန္နဂုဏ်။

အလယ်လမ်းကြောင်း မဇ္ဈိမပဋိပဒါအရ ကိလေသာမှ အစွန်းလွတ်သော မဂ္ဂင်ရှစ်ပါးအတိုင်း ဖြောင့်မတ်မှန်ကန်စွာ လေ့ကျင့်ရသော ဥဇုပ္ပဋိပန္နဂုဏ်။

နိဗ္ဗာန်ကို ဉာယဟူ၍ ဆိုအပ်၏။ ထိုနိဗ္ဗာန်ရရန် လေ့ကျင့်ရသော ဉာယပ္ပဋိပန္နဂုဏ်။

ဆင်းရဲသံသရာမှ ကျွတ်လိုလွတ်လိုသော ပုဂ္ဂိုလ်တို့သည် လွတ်ကြောင်းတရားကို မြတ်စွာဘုရားထံမှ လမ်းညွှန်မိန့်ကြားချက်ကို ရသည်ရှိသော် ဦးခေါင်းဖြင့် ရှိသေစွာ ခံယူအားထုတ်ရသော သာမိစိပ္ပဋိပန္နဂုဏ်။

ယင်းလေ့ကျင့်အားထုတ်မှု အကြောင်းတရားလေးပါးအားထုတ်သော မဂ်ပုဂ္ဂိုလ်လေးပါး၊ ဖိုလ်ပုဂ္ဂိုလ်လေးပါးအားဖြင့် ရှစ်ပါးသော အရိယာမြတ်သံဃာသည် အာဟုနေယျ၊ ပါဟုနေယျ၊ ဒက္ခိနေယျ၊ အဥ္ဇလိကရဏီယ၊ အနုတ္တရံ–ပုညခေတ္တံ လောကဿ ဟူသော အကျိုးဂုဏ်ငါးပါးအားဖြင့် သံဃာ၏ဂုဏ်ကိုးပါးတို့ကို သမုတိသံဃာကိုပင်သော်လည်း ဤပရမတ္ထဂုဏ်တော်ကို ရည်မှန်း၍ အာရုံမပြုနိုင်ကြသူများအတွက် မည်ကဲ့သို့ သက်ဝင်ယုံကြည်နိုင်အံ့နည်း။

## သီလမြဲသည်ဟူရာ၌

အရိယာသောတာပန်သည် ကိလေသာသတ်သော မဂ်ရသည်နှင့် သက္ကာယဒိဋ္ဌိစသော အပါယဂမနိယတရားတို့ကို ပယ်သောအခါ မစောင့်ထိန်းနိုင်က အပါယ်ချတတ်သော တရားငါးပါး (ငါးပါးသီလ)သည် အလိုလိုလုံသွားသည်။ ခံယူဆောက်တည်နေရသည် မဟုတ်တော့ပေ။ ပုထုဇ္ဇန်ဖြစ်သော ကျွန်ုပ်တို့အတွက်ကား ငါးပါးသီလကို လူကြားအောင် ခံယူဆောက်တည်နေရသည်မှာ လုံခြုံမှုမရှိသေး၍သာ ဆောက်တည်နေရခြင်းအတွက် လုံခြုံမှုရပြီးသော အရိယာသောတာပန်တို့၏ ငါးပါးသီလလုံပုံနှင့်ကား အလွန်ခြားနားလေသည်။

သောတာပန်တို့၏ ယုံကြည်မှုခိုင်မာပုံမှာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်တို့ကို ခိုင်ခိုင်မာမာ ယုံကြည်ခြင်းကို ''ဗုဒ္ဓေအဝေစ္စ ပသာဒေန သမန္နာဂတော'' စသည်ဖြင့် မဟာဝဂ္ဂသံယုတ်သုတ်များစွာတွင် ဟောထားသည်။

မည်သို့ခိုင်မာသနည်းဆိုသော် ...

*အဝေစ္စပသာဒေနာတိ ဗုဒ္ဓဓမ္မသံဃဂုဏာနံ ယာထာဝတော ဉာတတ္တာအစလေန အစ္စုတေန ပသာဒေန။*

(မူလပဏ္ဏာသဋ္ဌကထာ။ပ။၁၇၆)

အဝေစ္စပသာဒေနာတိ၊ ဟူသည်ကား။ ဗုဒ္ဓဓမ္မ-သံဃဂုဏာနံ၊ ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်တော်တို့ကို။ ယာထာဝတော၊ ဟုတ်မှန်သောအတိုင်း။ ဉာတတ္တာ၊ သိသောကြောင့်။ အစလေန၊ မတုန်လှုပ်သော။ အစ္စုတေန၊ မရွေ့ရှားသော။ ပသာဒေန၊ ကြည်ညိုခြင်းဖြင့်။ – ဟု ဖော်ပြသည်။

## မြတ်စွာဘုရား၏အာမခံချက်

မြတ်စွာဘုရားသည် အရိယာသောတာပန်၏ ခိုင်မာသော ယုံကြည်မှု သဒ္ဓါတရားကို အာမခံရာ၌

*သိယာဘိက္ခဝေ စတုန္နံမဟာဘူတာနံ။လ။ နေတံဌာနံဝိဇ္ဇတိ*

(မဟာဝဂ္ဂသောတာပတ္တိသံယုတ်ပါဠိတော်၊ ၃၁၈)

"ချစ်သားတို့ ပထဝီစသော ဓာတ်ကြီးလေးပါးတို့သည် မည်သည့်အခါ မည်သည့်ကမ္ဘာမှ တစ်မျိုးတစ်ဖုံ ဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်း မဖြစ်ကောင်းသော်လည်း ဓာတ်ကြီးလေးပါးတို့သည် မပြောင်းလဲကောင်းသည်မှ ပြောင်းလဲခြင်း ဖြစ်ကောင်းဖြစ်သော်လည်း ဘုရား၌၊ တရား၌၊ သံဃာ၌ မတုန်မလှုပ်

သက်ဝင်ယုံကြည်သော အရိယာသောတာပန်အား ရိုင်မာသော ယုံကြည်မှုသည် မပြောင်းလဲ'' - ဟု ဟောတော်မူသည်။

## ပုထုဇ္ဇန်သဒ္ဓါခြေတစ်လှမ်းမခံ

ကျွန်ုပ်တို့ပုထုဇ္ဇန်များ၏ ယုံကြည်မှုသဒ္ဓါတရားသည် ခြေတစ်လှမ်း၌ဖြစ်သောသဒ္ဓါနှင့် နောက်ခြေတစ်လှမ်းတွင် တူချင်မှ တူသည်။ ပုထုဇ္ဇန်တို့၏ သဒ္ဓါတရား စိတ်မချရပုံကို

ဟိသစ္စံ၊ မှန်၏။ ပုထုဇ္ဇနဿ၊ ပုထုဇ္ဇန်၏။ သဒ္ဓါ၊ ယုံကြည်မှုသည်။ အထာဝရာ၊ တည်တံ့ခိုင်မြဲမှုတို့ မရှိပေ။ ပဒဝါရေန၊ ခြေလှမ်းအကြိမ်ဖြင့်။ နာနာ-ဟောတိ၊ တစ်မျိုးတစ်မျိုးဖြစ်၏။ တေနေဝ၊ ထို့ကြောင့် ပင်လျှင်။ မဟာမောဂ္ဂလာန်သဒိသော၊ အရှင်မဟာမောဂ္ဂလာန် ကဲ့ သို့ သော။ အဂ္ဂသာဝကောပိ၊ အဂ္ဂသာဝကကြီးသော်မှလည်း။ ပါဠိဘောဂေ၊ အာမခံသည့်အနေဖြင့်။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ အာဝုသော၊ ငါ့ရှင်တကာ။ တေ၊ သင့်အတွက်။ ဘောဂါနဥ္စ၊ ဥစ္စာစည်းစိမ်တို့ကို လည်းကောင်း။ ဇီဝိကဿစ၊ အသက်အန္တရာယ်ကို လည်းကောင်း။ အဟံ၊ ငါသည်။ ဒိန္နမေ့ွာနံ၊ ထိုနှစ်မျိုး

သော တရားတို့အတွက်။ ပါဠိဘောဂေါ၊ အာမခံသည်။ ဟောတု၊ ဖြစ်ပါစေ။ သဒ္ဓါယပန၊ ယုံကြည်မှုသဒ္ဓါ တရားအတွက်ကိုတော့။ တွံယေဝ၊ တကာ့သဒ္ဓါ- တကာသာ၊ ပါဠိဘောဂေါ၊ တာဝန်ယူပါ။ – ဟူ၍

တိကအင်္ဂုတ္တရဋ္ဌကထာ သမ္ဗုဒ္ဓိဘာဝသုတ် အဖွင့်၊ ၁၃၂ တွင် ပြဆိုသည်။

ပုထုဇ္ဇန်တို့အတွက် အသက်ဘေး၊ စည်းစိမ်ဥစ္စာနှင့် သဒ္ဓါတရားသုံးမျိုးတွင် လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန် ကြီးသည်ပင်လျှင် အသက်အန္တရာယ်နှင့် စည်းစိမ်မပျက်စီးရန် အာမခံနိုင်သော်လည်း သဒ္ဓါတရားကိုကား ကိုယ့်ဟာကိုယ်သာ တာဝန်ယူရသည်ကို ကြည့်ပါ။

## ဂုဏ်တော်ကို ကြည်ညိုပါ

ပုထုဇ္ဇန်ဖြစ်သော ကျွန်ုပ်တို့မှာ ရုပ်အဆင်းပေါ်၌သာ ကြည်ညိုတတ်ကြသဖြင့် ပုံဟန်အမျိုးမျိုးအတွက် ကြည်ညိုမှု အမျိုးမျိုးဖြစ်သောအားဖြင့် ယထာဘူတမကျပေ။ ခန္ဓဝဂ္ဂ သံယုတ်၊ ဝက္ကလိသုတ်တွင် ...

ချစ်သား ဝက္ကလိ–ငါဘုရား၏ ပုပ်သိုးတတ်သော ဤရုပ်ကိုယ်ကြီးကို မော့ကြည့်ဖူးမျှော်နေသဖြင့် သင် လိုအပ်သော အကျိုး မပြီးနိုင်။ တရားကိုမြင်မှ ငါဘုရားကိုမြင်သည်–ဟု မိန့်ဆိုထားရာ အဋ္ဌကထာက

*နဝိဝေ ဟိ လောကုတ္တရဓမ္မော တထာ*
*ဂတဿကာယော နာမ*

(အဋ္ဌကထာ၊ ၂၈၈)

မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားကိုးပါး
သည် မြတ်စွာဘုရား၏ ဓမ္မကာယဖြစ်သည် – ဟု
ဆိုသည်။

ၑင်းအပြင် က္လတိဝုတ်ပါဠိတော် သံဃာဋိကဏ္ဏသုတ်
၌လည်း ...

"ငါဘုရား၏ သင်္ကန်းအစွန်းကို ဆွဲ၍လိုက်နေ
သော်လည်း ဓမ္မံ ပဿန္တော မံ ပဿတိ" တရားမြင်
အောင်သာ ကြည့်ပါ။

မြတ်စွာဘုရားကို မြင်ပါသည် ဆိုရာ၌ ...

*"ဓမ္မောနာမ နဝိဝေ လောကုတ္တရဓမ္မော"*
ဟု –

က္လတိဝုတ္တကဋ္ဌကထာ (၂၀၀) ၌ ဆိုသောကြောင့်
လည်းကောင်း အနည်းဆုံး အရိယာဖြစ်အောင် အားထုတ်
နေသော ယောဂီများသာ မြတ်စွာဘုရား၏ ဉာဏ်တော်ကို
ပူဇော်ရာ ရောက်ပါသည်။ သို့မှ ခိုင်မြဲသော သဒ္ဓါတရား
ဖြစ်ပါသည်။

## ဘုရားဟူသည် အတူတူ

ရတနသုတ်ပါဠိတော်တွင် –

*သဗ္ဗေ ဗုဒ္ဓါသမသမာ သဗ္ဗေဗုဒ္ဓါမဟိဒ္ဓိကာ–* ဟု

ဟောတော်မူထားသည်မှာ မြတ်စွာဘုရားအားလုံးသည် အတူတူဟူ၍လည်းကောင်း၊ ကြီးသောတန်ခိုးတော်ရှိခြင်း၊ သဗ္ဗညုတဉာဏ်တော်၊ တရားတော်သည်အတူတူ ဟူ၍လည်းကောင်း ဆိုလိုပေသည်။ လူလုပ်သော ရုပ်ထုဆင်းတုကို ဆိုလိုသည်မဟုတ်ပေ။

## ဓနဉ္စာနီ

အရိယာသောတာပန်ဖြစ်သော ဓနဉ္စာနီပုဏ္ဏားမကြီး၏ ယောက်ျား ဘာရဒွါဇ ကား မိစ္ဆာဒိဋ္ဌိဖြစ်သည်။ ဓနဉ္စာနီသည် ရုတ်ရက်သန်းဝေသောအခါ၊ နှာချေသောအခါ လန့်ဖြတ်သောအခါ စသည်တို့ဖြစ်တိုင်း "နမောဗုဒ္ဓဿ" ဟု ဘုရားကို သတိရရှိခိုးတိုင်း၊ လင်ယောက်ျား ပုဏ္ဏားမှာ နားကို ပိတ်လျက် ဆူပူရေရွတ်လေသည်။

တစ်နေ့တွင် ပုဏ္ဏားမှာ ဓနဉ္စာနီကိုခေါ်၍

ရှင်မ မနက်ဖြန်တွင် သရာ ပုဏ္ဏားငါးရာ အိမ်မှာ နို့ထမင်း ကျွေးမွေးမည်။ သင့်အတွက် ချက်ပြုတ် ဆောင်ရွက်စရာမလို။ သင်ဘာမှမလုပ်ပါနှင့်။ သို့ရာ

တွင် ''နမောဗုဒ္ဓဿ'' ဆိုတဲ့ ဦးပြည်းရဟန်းများကို ရှိခိုးတဲ့စကားကိုသာ သင်မရွတ်မိပါစေနှင့်။ ဒီစာကို သင်ရွတ်လျှင် ငါ့ဆရာ ပုဏ္ဏားတွေ အားလုံးထွက်ပြေး ကြလိမ့်မည်။ ငါလည်း အရှက်ကွဲမည် - ဟု ဆိုရာ ဓနဉ္စာနီ က ..

တစ်ခုခု လန့်ဖြန့်စရာရှိက ဆိုမိမှာပဲ'' - ဟု ပြောလေသည်။

ထိုအခါ ပုဏ္ဏားက ...

''ဒီလိုသာဖြစ်ရင်တော့ ဒီသန်လျက်ဟာ သင့်ဦးခေါင်း ဖြတ်ဖို့ပဲ'' - ဟု ဆို၏။

ဤတွင် ဓနဉ္စာနီ က ...

''ဖြတ်သင့်က ဖြတ်ပါ။ ငါ့ယုံကြည်ချက်တော့ ပြောင်းလဲလို့ မရနိုင်ပါ'' - ဟု ပြော၏။

နောက်နေ့ ပုဏ္ဏားများ ကျွေးမွေးနေစဉ် ပုဏ္ဏား တစ်ယောက်၏ ချထားသော တောင်ဝှေးကို နင်းမိ၍ ချော်လဲ သွားသော ဓနဉ္စာနီသည် ...

''နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'' - ဟု

ရွတ်ဆိုလျက် မြတ်စွာဘုရားရှိရာသို့ လက်အုပ်ချီကာ ရှိခိုးလေတော့သည်။

ထိုစဉ် စားသောက်နေကြသော ပုဏ္ဏားတွေ ခြေဦး တည့်ရာသို့ ထွက်ပြေးကြသဖြင့် လင်ယောကျ်ားဖြစ်သော ဘာရဒွါဇပုဏ္ဏားမှာ ဒေါသအမျက် ပြင်းစွာထွက်လျက် ဤမျှ အသက်သတ်မည်ဟုပင် ခြိမ်းခြောက်ထားမှုကို မကြောက်မရွံ့ နိုင်မာသော ယုံကြည်ချက်သည် အဘယ်ကြောင့်နည်းဟု သိလိုသောစိတ်နှင့် မြတ်စွာဘုရားထံ သွားရောက်ကာ ...

*ကိံ သုဆေတွာ သုခံသေတိ*

စသော ဂါထာနှင့် မေးလျှောက်ထားရာမှ မြတ်စွာ ဘုရား၏ ...

*ကောဓံဆေတွာ သုခံသေတိ*

ဂါထာအဖြေဟောကြားအပြီး ရဟန်းအဖြစ်ခံယူကာ တရားဘာဝနာ အဆင့်ဆင့်ပွားများ အားထုတ်ရာမှ ရဟန္တာ အဖြစ် ရောက်သွားကြောင်း သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဓနဉ္စာနီသုတ်ကို အဋ္ဌကထာနှင့် နှီးနှော ဖော်ပြအပ်ပါသည်။

သောတာပန်တို့ ရတနာသုံးပါး ကြည်ညိုပုံနှင့် ပုထုဇ္ဇန် တို့ ကြည်ညိုပုံ ဤမျှကွာခြားသည်ကို သတိပြု ဝေဖန်ပြီး နိုင်မာသော ယုံကြည်မှု ဖြစ်ရန် ကြိုးစားနိုင်ကြပါစေကြောင်း မောင်လှမောင်သို့ ပြန်ကြားလိုက်ပါသတည်း။

(အနန္တငါးဖြာမဂ္ဂဇင်းအတွဲ ၂၊ အမှတ် ၉) **သစ္စဝါဒီ**

# အမေး နှစ်ဖြာ ရှင်းစေရာ

သို့

ဆရာကြီးသစ္စဝါဒီခင်ဗျား ...

အနန္တငါးဖြာဘာသာရေးမဂ္ဂဇင်း အတွဲ (၂)၊ အမှတ်(၇) မှာပါတဲ့ စု(မြန်မာ)ရဲ့ 'အမေနဲ့သား' ဝတ္ထုတိုကလေးကို ဖတ်ပြီး ရင်ထဲမှာ မရှင်းလင်းတာလေးရှိတဲ့အတွက် ဆရာကြီး ဖြေရှင်းပေးဖို့အကြောင်း အခုလို စာရေးလိုက်ရခြင်း ဖြစ်ပါတယ်ခင်ဗျား။

အဲဒီဝတ္ထုတိုမှာပါတဲ့ စာမျက်နှာ (၃၀)၊ ကြောင်းရေ (၂၃)မှာ ဒို့ဗုဒ္ဓဘာသာဟာ ကုသိုလ်တရားနဲ့ အကုသိုလ် တရား ပြုလုပ်ကြတဲ့နေရာမှာ မီးများမီးနိုင်၊ ရေများရေနိုင် ဆိုသလို မိမိပြုပြီးတဲ့ အကုသိုလ်ကို နောက်ထပ်ပြုလုပ်တဲ့ ကုသိုလ်နဲ့ သင်္ချာသဘောအရ ချေလို့ ရသလားဟင်'' ဆိုတဲ့

အမေးစာပိုဒ်ကို ''ဒီလိုတော့ မကောင်းမှုတွေကို ကောင်းမှုနဲ့ချေပေးတဲ့ သဘောတော့ မရှိဘူးလို့ ထင်တယ်'' ဆိုတဲ့ စာကြောင်းရယ်၊ စာမျက်နှာ (၃၂)၊ ကြောင်းရေ(၈)မှာ ပြုပြီးပြုဆဲ အကုသိုလ်တွေကို နောက်က ကုသိုလ်ပြုမှုနဲ့ ချေလို့ မကျေဘူးဆိုတာပါပဲ'' ဆိုတဲ့ အကြောင်းအရာတွေနဲ့ ဆက်စပ်ပြီး အနန္တငါးဖြာမဂ္ဂဇင်း အတွဲ(၂)၊ အမှတ် (၆)မှာ ပါတဲ့ သပြေဦး (မုံရွာ) ရဲ့ ''ကုသိုလ် အကုသိုလ်နှင့် လူဝင်စားပြဿနာ၊ ဆောင်းပါး စာမျက်နှာ (၁၂)၊ ကြောင်းရေ (၄)'' မှာ ''ပဋ္ဌာနန္တရိယကံကလွဲရင် အခြားကံတွေဟာ ရေများရေနိုင်၊ မီးများမီးနိုင်ဆိုသလို အားများတဲ့အကုသိုလ်ကံက အားနည်းတဲ့ကုသိုလ်ကံကို ဖုံးလွှမ်းသလို အားများတဲ့ ကုသိုလ်ကံဟာလည်း အားနည်းတဲ့ အကုသိုလ်ကံကို ဖုံးလွှမ်းနိုင်တယ်လေ။ အဲဒါကြောင့် ကုသိုလ်ကံကို ကျွန်တော်တို့ တစ်တွေ များနိုင်သမျှ များများလုပ်သင့်ကြတာပေါ့ အစ်ကိုကြီးရာ'' လို့ ဖော်ပြထားတာ ဖတ်ရှုခဲ့ရပါတယ်။

အဲဒါ စု (မြန်မာ)ရဲ့ ဝတ္ထုထဲက စကားနဲ့ သပြေဦး (မုံရွာ)ရဲ့ ဆောင်းပါးမှာပါတဲ့ စကားနှစ်ရပ်ဟာ ကွဲလွဲနေပါတယ်။ ဘယ်ဟာကို အမှန်ယူရမယ်ဆိုတာ ကျွန်တော့အနေနဲ့ သံသယဖြစ်နေရပါတယ်။ စု (မြန်မာ)က မဂ္ဂင်္ဒီပနီကို ကြည့်ဖို့ ညွှန်ပေမယ့် အဲဒီစာအုပ်မရှိ၍ မကြည့်ရှုရပါ။ ဒါပေမယ့် ဆရာတော် အရှင်ဇနကာဘိဝံသ ရေးတဲ့ ကိုယ်ကျင့်အဘိဓမ္မာ

ကံအပိုင်းမှာတော့ သပြေဦး (မုံရွာ) ရေးထားတာမျိုးကို တွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော့်ရင်မှာ မရှင်းမလင်းဖြစ်နေတဲ့ ထိုအယူအဆနှစ်ရပ်ကို ဆရာကြီးသစ္စဝါဒီ အနေဖြင့် မေတ္တာရှေ့ထားပြီး အနန္တငါးဖြာမဂ္ဂဇင်းမှာ ရှင်းလင်းဖြေကြားပေးစေလိုပါသည်ခင်ဗျား ...

မျှော်လင့်လျက်
မောင်လွင်ဦး
ဈေးလမ်း၊ ဆူးလေကုန်း၊ မုံရွာ။

(၁၃-၁၀-၉၄) နေ့ နံနက် (၈) နာရီလောက်အချိန် စာအိတ်တစ်ခုကိုကိုင်ပြီး ကျွန်ုပ်အိမ်သို့ ဝင်လာသူကား အနန္တငါးဖြာမဂ္ဂဇင်းအယ်ဒီတာချုပ် တက္ကသိုလ်မင်းညို ဖြစ်သည်။

သူ မရှင်းလင်းတဲ့ ကိစ္စလေးတွေ၊ ကျွန်တော်တို့လည်း မရှင်းလင်းတဲ့ ပြဿနာလေးတွေကတော့ အများသားပဲ။ ဗုဒ္ဓဘုရားရဲ့ သာသနာ့လုပ်ငန်းတွေမှာ သူ့ဟာနဲ့သူ ရှင်းပြီးသားချည်း ဖြစ်ပါတယ်။ အဲ့ဒါ ကျွန်တော်တို့က မသိတော့ အခုလိုသိတဲ့ ပုဂ္ဂိုလ်တွေကို ဆည်းကပ်မေးမြန်းကြလို့ အသိအမြင်တွေ များကြတော့ ကျွန်တော်တို့ ဘာသာ၊ သာသနာဟာ အလွန်ပဲ ကျေးဇူးများလို့ အားကိုးထိုက်၊ အားထားထိုက်တဲ့ သဘော အဓိပ္ပါယ်ရှိတာပေါ့ဆရာ - ဆို၍ အထက်ပါ မေးခွန်းကို ဖတ်ပြလေတော့သည်။

**အဖြေ**

မြတ်စွာဘုရားသည် သတ္တဝါတို့၏ အကျိုးပေးပုံကို ဟောရာ၌ ...

*ကမ္မဿကောမှိ၊ ကမ္မဒါယာဒေါ၊ ကမ္မယောနိ၊ ကမ္မဗန္ဓု၊ ကမ္မပဋိသရဏော၊ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံဝါ၊ တဿ ဒါယဒေါ ဘဝိဿာမိ*

(အင်္ဂုတ္တရပဉ္စကနိပါတ်၊ ဌာနသုတ် ၆၃)

ငါသာလျှင် မိမိဥစ္စာရှိ၏။ ငါ၏အမွေခံဖြစ်၏။ ငါသာလျှင် အကြောင်းရှိ၏။ ငါသာလျှင် အဆွေအမျိုးရှိ၏။ ငါသာလျှင် ကိုးကွယ် မှီခိုရာဖြစ်၏။ ကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ၊ မိမိပြုအပ်သော ငါ၏ အမွေခံသာ ဖြစ်ရပေမည်-ဟု ဟောတော်မူထားပေသည်။

၎င်းအပြင် သုဘလုလင်ကို ဟောရာ၌လည်း ...

*ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာ ဒါ ကမ္မယောနိ၊ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏာ၊ ကမ္မံသတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယ*

(ဥပရိပဏ္ဏာသပါဠိတော် စူဠကမ္မဝိဘင်္ဂသုတ်၊ ၂၄၄)

လုလင် သတ္တဝါတို့သည် ငါသာလျှင် မိမိဥစ္စာ

ရှိကုန်၏။ ကံ၏အမွေခံတို့ ဖြစ်ကုန်၏။ ကံသာလျှင် အကြောင်းရှိကုန်၏။ ကံသာလျှင် ဆွေမျိုးရှိကုန်၏။ ကံသာလျှင် မှီခိုရာရှိကုန်၏။ အယုတ်အမြတ်ဖြစ်ခြင်းငှာ သတ္တဝါတို့ကို ကံသာလျှင် ဝေဖန်၏–ဟု မိန့်တော်မူသည်။

ဤဝေဖန်ချက်များသည် သိလိုသော မေးခွန်းရှင်၏ လိုအပ်သော အဖြေမဟုတ်သေးပါ။ သို့ရာတွင် ဗုဒ္ဓဘာသာဝင်ဖြစ်သော ကျွန်ုပ်တို့အတွက် အခြေခံ ကမ္မဿကတ သမ္မာဒိဋ္ဌိတို့ ဖြစ်သည်။

မိမိတို့ဘဝတစ်ခုတွင် မိမိတို့၏ ကိုယ်ခန္ဓာနှင့် စပ်သော ကံသုံးပါးတို့ဖြင့်သာ အသက်ရှည်ကြကုန်၏။ ကံသုံးပါးဖြင့်သာ ချမ်းသာသုခကို ရကြကုန်၏။ ကောင်းသောကံသုံးပါးကို ပြု၍ ကောင်းကျိုးသုခအမျိုးမျိုး ရကြကုန်၏။ မကောင်းသော ကံသုံးပါးကို ပြု၍ မကောင်းကျိုး ဒုက္ခအမျိုးမျိုး ရကြကုန်၏။

ဤပြုလုပ်မှုကံနှင့် ထိုကံ၏အကျိုးပေးသည် ရှိ၏ဟု ကျွန်ုပ်တို့ ယုံကြည်ထားကြသည်။ အထက်က ဖော်ပြခဲ့သော ကောင်းပြု (ကောင်းကံ)၊ မကောင်းပြု (မကောင်းကံ)တို့သည်

၁။ ကမ္မဿကာ – ကံသာလျှင် မိမိကိုယ်ပိုင်ဥစ္စာ

၂။ ကမ္မဒါယာဒ – ကံ၏အမွေခံ

၃။ ကမ္မယောနိ – ကံသည်သာ ကောင်းကျိုး မကောင်းကျိုး ပေးရန်အကြောင်း

၄။ ကမ္မဗန္ဓု – ကံသည်သာ အကျိုးဆောင်ပေးသော မိတ်ဆွေကောင်း၊

၅။ ကမ္မပဋိသရဏော – ကံသည်သာ သတ္တဝါတို့၏ အားထားမှီခိုရာဖြစ်ကြောင်း၊

သတ္တဝါတို့၏ကောင်းကျိုး၊ ဆိုးပြစ်သည် မိမိတို့ကိုယ်တိုင် ပြုလုပ်ခဲ့သော ကံက ထိုကံအားလျော်စွာ အကျိုးပေးခြင်းဖြစ်၍ မကောင်းသော အကျိုးပေးနှင့်တွေ့ကာမှ ထိုကံ၏ မကောင်းကျိုးကို ရှောင်လွှဲနေ၍ မရ။

*ကမ္မုနာပန ဗုဒ္ဓါပိ ပဋိဗာဟိတုံ နသက္ကောန္တိ*

မိမိကိုယ်တိုင် ပြုခဲ့သော မကောင်းမှုကံက အကျိုးပေးလာသောအခါမှ ဘုရားတ၍ မရပေ။

ရင်းအပြင် ...

*ကမ္မဝိပါကောနာမ နသက္ကာ ကေနစိ ပဋိဗာဟိတုံ*

(မဟာဝဂ္ဂသံယုတ်ဋ္ဌကထာ၊ ၂၉၈)

သတ္တဝါ၏ သူလုပ်ခဲ့သော ကံအကျိုးပေးပြီဆိုပါက မည်သူမျှ တားမြစ်ကန့်ကွက်၍ မရ။

## ပါဋိဘောဂသုတ်

*စတုန္နံ ဘိက္ခဝေ ဓမ္မာနံ နတ္ထိ ကောစိ ပါဋိဘောဂေါ သမဏောဝါ ‘ြဗဟ္မဏောဝါ ဒေဝေါဝါ မာရောဝါ ဗြဟ္မာဝါ ကောစိ လောကသ္မိံ။ ကောစိ-လောကသ္မိံတိ*

(စတုက္ကအင်္ဂုတ္တရပါဠိတော်၊ ပါဋိဘောဂသုတ် ၄၉၁)

ချစ်သားတို့–သမဏဖြစ်စေ၊ ဗြဟ္မဏဖြစ်စေ၊ နတ်ဖြစ်စေ၊ ဗြဟ္မာဖြစ်စေ၊ လောက၌ မည်သည့်ပုဂ္ဂိုလ်ပင်ဖြစ်စေ၊ တရားလေးမျိုးတို့ကို အာမခံနိုင်သူ တစ်စုံတစ်ယောက်တို့မျှ မရှိပေ။ အဘယ်လေးမျိုးတို့နည်းဟူမူ ...

၁။ အိုခြင်းသဘောကို မအိုစေအံ့ဟု

၂။ နာခြင်းသဘောကို မနာစေအံ့ဟု

၃။ သေခြင်းသဘောကို မသေစေအံ့ဟု

၄။ ရှေးက မိမိပြုခဲ့ပြီးသော မကောင်းမှု အကုသိုလ်ကံကို မကောင်းကျိုးမပေးစေအံ့ဟု

မည်သည့်ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကမှ အာမမခံနိုင်သော တရားတို့သည် ဤလေးပါးတို့တည်းဟု ဟောတော်မူထားရာ မည်သူမည်သို့မှ မတတ်နိုင်။ ကံဟူသည် ကိုယ်ကအင်္ဂါမရ ကံကသာ ကိုယ့်ကို အစိုးရသည်။ ကျွန်ုပ်တို့ သတ္တဝါ

ဖြစ်နေရသည်မှာ လွန်ခဲ့သောဘဝများက ပြုခဲ့သော အပရာပရိယ ဝေဒနီယကံကြောင့် ဖြစ်ရသည်။

*အပရာပရိယကမ္မရဟိတော ဟိ သံသာရေ*
*သံသရမာနော သတ္တော နာမနတ္ထိ*

(ဝိသုဒ္ဓိမဂ်ဌကထာ၊ ၄၅)

ဟိသစ္စံ၊ မှန်၏။ အပရာပရိယာ ကမ္မရဟိတော၊ အကျိုးမပေးရသေးသော အပရာပရိယကံ ကြွင်းကင်းသော။ သံသာရေ၊ သံသရာ၌။ သံသရာမာနော၊ ကျင်လည်လာရသော။ သတ္တောနာမ၊ သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ။

သံသရာထဲ၌ ဖြစ်လာရသော ကျွန်ုပ်တို့ သတ္တဝါမှန်သမျှ အပရာပရိယကံကြွင်းနှင့်သာ ဖြစ်ရကြောင်း ဆိုသည်။

ကြည့်ပါဦး ...

*တံ အနာဂတေ ယဒါသြာကာသံ လဘတိ၊ တဒါဝိပါကံ ဒေတိ၊ သံသာရပ္ပဝတ္တိယာ အဟောသိ ကမ္မံနာမ နဟောတိ*

(မဇ္ဈိမပဏ္ဏာသဋ္ဌကထာ၊ ၂၃၄)

ထို အပရာပရိယကံသည် နောင်ကာလတွင် အကျိုးပေးခွင့်ရသော နိဗ္ဗာန်မရမီ တစ်ချိန်ချိန်တွင်

အကျိုးပေးမြဲ ဖြစ်သည်။ အကျိုးမပေးဘဲ အဟောသိ
က ဖြစ်သွားသည် မရှိပေ။

ဤဖော်ပြပါ စကားစုသည် အကျိုးပေးတတ်သော
ကံ၏သဘောကို ပြခြင်းသာဖြစ်၍ ရေများရေနိုင်၊ မီးများ
မီးနိုင်ဆိုသော စကားမျိုးမှာ ကံနှင့်ဆိုင်သောစကားမျိုး
မဟုတ်။ အကျိုးပေးခွင့် မကြုံသေးက မပေးသေးဘဲ အခွင့်
ရလျှင်ရသလို အကျိုးပေးသွားသည်။

**သောဏဖခင်မှုဆိုး**

သောဏတောင်ခြေတွင် သီတင်းသုံးနေသော သောဏ
မည်သော ဓမ္မကထိကမထေရ်၏ ခမည်းတော် မုဆိုးကြီးသည်
အသက်အရွယ်ကြီး၍ ရောဂါဖိစီးကာ သေကာနီးသော
အချိန်တွင် သူမုဆိုးလုပ်စဉ်က သားကောင်ကို ခွေးတွေနှင့်
ဝိုင်းလိုက်သော နိမိတ်ထင်လာသဖြင့် ...

သား သောဏ - ငါ့ကို ခွေးတွေဝိုင်းနေပြီ။
မောင်းထုတ်ပေးပါ။ - ဟု အော်လိုက်လေသည်။

သောဏထေရ်က ... ငရဲနိမိတ်တွေထင်လာပြီ။ ငါ၏
ဖခင်ဖြစ်လျက် ဤငရဲနိမိတ်တွေ ထင်ခြင်းသည် မသင့်လျော်-
ဟု ကြံလျက် သာမဏေတို့ကို ခေါ်ကာ တောထဲတွင်
ရရာပန်းတို့ကို ရှာဖွေယူစေလျက် စေတီရင်ပြင်တွင်

ပန်းမွေ့ရာခင်းကာ ''ကဲ ဦးဇင်းကြီးရဲ့အလှူနဲ့ ဘုရားပူဇော်ပါ'' ဟု တိုက်တွန်း၍ ကုသိုလ်ပြုပေးရာ မကြာမီ ငရဲနိမိတ်တွေပျောက်ပြီး နတ်သမီးဗိမာန် ပဒေသာပင်နိမိတ်တွေ ထင်လာမှ ''သားသောဏ ဖယ်ပေးပါ။ သားရဲ့မိထွေးတွေ လာနေပြီ'' ဆိုမှ နတ်ပြည်မှာ ဖြစ်ရမည့်နိမိတ်တို့ဟု သိ၍ မထေရ်က ဤမျှလောက်ဖြင့် နတ်ဖြစ်ရပေပြီဟု စိတ်ချသွားသည်။

ဤသေကာနီး အာသန္နကံကုသိုလ်ကြောင့် နတ်ပြည်ရောက်သဖြင့် သူ၏မုဆိုးလုပ်လာသော အကုသိုလ်တွေ အဟောသိကံ ဖြစ်သွားသည်မဟုတ်။ ယာယီကုသိုလ် ထောက်ပံ့မှုကြောင့် အကျိုးပေး ခေတ္တရပ်သွားခြင်းသာဖြစ်၍ ဤကုသိုလ် အရှိန်ကုန်က သူ့ကံက အကုသိုလ်အကျိုးဆက် ပေးပေလိမ့်မည်။

(သမ္မောဟအဋ္ဌကထာ၊ ၄၂၁၊
ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ၈၇)

ဤသောဏမထေရ်၏ ခမည်းတော်မုဆိုးကြီးသည် အသက်အရွယ် အလွန်ကြီးမှ မုဆိုးအလုပ် မလုပ်နိုင်တော့၍ သား သောဏမထေရ်က ကျောင်းတွင်ခေါ်ပြီး ဒုလ္လဘ ရဟန်းကြီး လုပ်ပေးထားသော်လည်း ဂန္ထဓုရ၊ ပရိယတ္တိတာဝန်၊ ဝိပဿနာဓုရ ပဋိပတ္တိတာဝန်တို့ကို မဆောင်ရွက်နိုင်

ဘဲ ရောဂါဖိစီး သေကာနီးကျလာသောအခါ သူတစ်သက်လုံး လေ့ကျင့်အားထုတ်ခဲ့သော ခွေးမုဆိုးအလုပ် အာစိဏ္ဏကံတို့ စွဲယူထားသဖြင့် ခွေးတွေနှင့် ဝိုင်း၍ သားကောင်လိုက်ပုံ စိတ်တွေဝင်လာကာ ငရဲမှခွေးများက သူ့ကို ဝိုင်းကိုက်ဆွဲ တော့မည့်အသွင်ဖြင့် ကြောက်လန့်တကြား "ငါ့သားသောဏ ငါ့ကို ခွေးတွေကိုက်မလို့ ဝိုင်းနေပြီ။ မောင်းပေးပါ" ဟု အော်ခြင်းဖြစ်သည်။

ဤတွင် သူ့အကုသိုလ်အကျိုးပေးပဲဟု သိသော သောဏမထေရ်က ပန်းတွေရှာခိုင်း၊ ဘုရားရင်ပြင်တော်တွင် ပန်းမွေ့ရာခင်းပြီး "အဲ့ဒါ ဦးဇင်းရဲ့အလှူပဲ။ ဘုရားကိုပူဇော်ပါ" ဟုဆို၍ ပူဇော်ကာမှ ကုသိုလ်ဘက် စိတ်ပြောင်းကာ သေကာနီး ကပ်၍ အကျိုးပေးတတ်သော အာသန္နကံကြောင့် နတ်သမီးဗိမာန် ပဒေသာပင် ကုသိုလ်နိမိတ်ယူလျက် သေလေရာ နတ်ပြည်ရောက်ရသည့်မှာ "အကုသိုလ်မီးများသော်လည်း အားနည်းသော ကုသိုလ်ရေက နိုင်သွားသည့်မှာ အပြီးသတ်နိုင်ခြင်းမဟုတ်။ ထိုသေကာနီး ကုသိုလ်ကံ အငယ်စား အကျိုးပေးကုန်က မိမိ၏တစ်သက်တာလုံး ခွေးမုဆိုးအလုပ်ဖြင့် အကုသိုလ်အကျိုးပေး မုချလာလိမ့်မည်" ဟု သေသေချာချာ မှတ်ယူမျှော်လင့်ထားရမည်။

## မလ္လိကာမိဖုရား

ကောသလဘုရင်၏ မိဖုရားကြီးဖြစ်သော မလ္လိကာသည် တစ်နေ့တွင် ခြေဆေးရန် ရေချိုးခန်းထဲဝင်ရာတွင် မိဖုရားကြီးအား ရင်းနှီးနေသော ခွေးထီးတစ်ကောင်နှင့် ပြစ်မှားကျူးလွန်နေသည်ကို နန်းတော်၏ပြတင်းပေါက်မှ မင်းကြီးမြင်လေသော် ''ဟဲ့–အယုတ်မ ဘယ့်နှယ် ရေချိုးခန်းထဲမှာ ခွေးနှင့် ကျူးလွန်နေရသနည်း'' ဟု ဆိုလေရာ ...

မလ္လိကာက ရုတ်တရက်အကြံရကာ ''မင်းကြီး အဲဒီ ရေချိုးခန်းဟာ တစ်ယောက်ကို နှစ်ယောက်မြင်ရတာချည်းပဲ။ ကဲ မင်းကြီး သွားဝင်ကြည့်ပါ'' ဟု ဆိုလေသည်။

ကောသလမင်းလည်း ရေချိုးခန်းတွင်း ဝင်လေသော် ပြတင်းပေါက်မှ ကြည့်နေသော မလ္လိကာက ''အိုမင်းကြီး–မိုက်လှချည်ကော၊ ဘာကြောင့် ဆိတ်မနှင့် ကျူးလွန်နေရသနည်း'' ဟု မင်းကြီးကို လှည့်စားလိုက်သည်တွင် မင်းကြီးမှာ အသိဉာဏ်ပညာ အလွန်နည်းပါးသူဖြစ်သည့်အလျောက် ယုံကြည်သွားသော်လည်း မလ္လိကာမှာ သူပြုလုပ်မိသော အပြစ်ကို သတိမမေ့ဘဲ မမာမကျန်းဖြစ်၍ သေကာနီးသော အချိန်တွင် တိုင်းပြည်နှင့်အဝှမ်း တိုင်းပြည်နှင့် အပြိုင်အနိုင်ယှူလှူဒါန်းခဲ့သော မဟာအသဒိအလှူရှင်၊ မြတ်စွာဘုရားနှင့် အရိယာသံဃာတော်များအား နေ့စဉ် လှူဒါန်းခဲ့ရသော အလှူ

များ စသည်ဖြင့် ကြီးကျယ်ခမ်းနားသော ကုသိုလ်တရားများကို မအောက်မေ့ မဆင်ခြင်နိုင်ဘဲ ကောသလမင်းကြီးကို လှည့်စားချက် အကုသိုလ်အငယ်စားက သေကာနီးဝင်ရောက် အကျိုးပေးလိုက်သဖြင့် သေသည်နှင့် ငရဲသို့ တိုက်ရိုက်ရောက်သွားရလေသည်။

သေးငယ်သောအကုသိုလ်အတွက် ခုနစ်ရက်သာ ခံရပြီး ရှစ်ရက်မြောက်နေ့တွင် တုသိတာဘုံသို့ ရောက်ရှိခံစားသွားရကြောင်း (ဓမ္မပဒဋ္ဌကထာ၊ ၇၅) တွင် ရှိသည်။

ဤတွင် ကုသိုလ်ကံအားကြီးပါသော်လည်း သေကာနီးတွင် အာသန္နကံသည် ချက်ခြင်းဝင်ရောက် အကျိုးပေးတတ်သည်။ အဟောသိကံဖြစ်မရသော အပရာပရိယကံများမှာ အခွင့်သင့်လျှင် သင့်သလို အကျိုးပေးတတ်သဖြင့် ...

ဤ မလ္လိကာဝတ္ထု၌လည်း ကောသလမင်းကြီးနှင့် တိုင်းပြည်တစ်လှည့်စီ ပြိုင်လှူရသော အလှူပွဲကြီးတွင် မလ္လိကာမိဖုရား၏ ဉာဏ်ပညာအစီအမံ ကောင်းမှုကြောင့် ကောသလမင်းကြီး၏ မဟာအဒိသအလှူပွဲကြီး အောင်ပွဲခံနိုင်သည်မှစ၍ နန်းတော်သို့ ကြွရောက်ဆွမ်းခံသော ဘုရားနှင့် အရိယာသံဃာတော်များအား အမြဲဆွမ်းလှူဆွမ်းကပ်သော မလ္လိကာသည် ကောသလမင်းကြီး ဘုရားကို လျှောက်ထားရာ၌ ဓမ္မပဒဋ္ဌကထာက ...

*ဘန္တေ နတ္ထိ တာယ သဒ္ဒါ ဣတ္ထိ*

''မြတ်စွာဘုရား ဒီလိုအမျိုးသမီးမျိုးတော့ ရှားပါတယ်'' ဟု တစ်မျိုး။

နေထိုင်ရင်း စကားပြောစဉ်မှာပင် ...

*သွေ တထာဂတဿ ဣဒံ ဒဿာမိ၊ ဣဒံ ကရိဿာမိ*

''နက်ဖြန်ကြွရင် မြတ်စွာဘုရားအတွက် ဘာတွေဘယ်လို ပြုလုပ်လှူဒါန်းရကောင်းမလဲ'' ဒါတွေလောက်ပဲ ဆွေးနွေးစီမံနေတာ–ဟု တစ်မျိုး။

*အညံ ကိစ္စ မေဝ နတ္ထိ*

''တစ်ခြားကိစ္စ ဘာမှုမလုပ်၊ လှူဖို့သာလုပ်နေတဲ့ မိန်းမပါဘုရား'' ဟု တစ်မျိုး ...

လျှောက်ထားသည့်အတိုင်း ဘုရားနှင့်အရိယာ သံဃာတော်များကို လှူဒါန်းပူဇော်မှုဖြင့် ကုသိုလ်တည်းဟူသော ရေများနေသော မလ္လိကာသည် သေခါနီးအာသန္နကံအချိန်တွင် ကောသလမင်းအား လှည့်စားသောအပြစ် အကုသိုလ်မီးက သေးသော်လည်း ကုသိုလ်ရေများမနိုင်၍ ငရဲသို့ ကျရောက်သွားရသည်မှာ သေခါနီးသတ္တဝါ၏ စရိမက နောက်ဆုံးစိတ်၏ အားကြီးမှုကြောင့် ဖြစ်၏။ သို့ရာတွင် ယာယီမျှသာ။ သေပြီး ရှစ်ရက်မြောက်သောနေ့တွင် ငရဲမှ

လွှတ်၍ ကြီးကျယ်သော ကုသိုလ်အကျိုးကို ခံစားရပေသည်။

*ပါပကံမ္ပိနာမ အပ္ပကန္တိ နအဝမညေ တဗ္ဗံ*

(ဓမ္မပဒဋ္ဌကထာ၊ ၁၀)

''မကောင်းမှုအကုသိုလ်မှန်က အသေးပဲ၊ အငယ်လေးပဲဟု မထိမဲ့မြင် မပြုပါနှင့်'' ဟု ဤအဋ္ဌကထာက သတိပေးထားသည်။ ရေးလျှင် အများကြီး ကျန်သေးသည်။ သက်နိုးစွဲသေသည့် သီလစင်ကြယ်သော တိဿရဟန်းအကြောင်း၊ ကဿပဘုရားရှင်လက်ထက်က ပိန်းရွက်ပြတ်တဲ့အာပတ်ကို မကုစားလိုက်ရ၍ နဂါးဖြစ်သွားရသော ဧရပတ္တရဟန်းဝတ္ထုအကြောင်း စသည်တို့သည် သေခါနီး အာသန္နကံကြောင့်သာ ဖြစ်ကြရသည်။

## သောတာပတ္တိမဂ်

ဖော်ပြခဲ့သော ပါဠိဘောဂသုတ်အရ မိမိလုပ်ခဲ့သော အကုသိုလ်ကံများ အကျိုးမပေးအောင် ဘုရားမှစ၍ မည်သည့် ပုဂ္ဂိုလ်မျှ အာမမခံနိုင် မတတ်နိုင်သော အကုသိုလ်ကံကို တရားတော်ကသာ အာမခံနိုင်သည်။

မြတ်စွာဘုရားသည် ဝေသာလီပြည်၌ ဘေးကြီးသုံးပါး ကျ၍ ကပ်ဆိုက်လေရာ ဘုရားရတနာ၏ အစစ်အမှန်၊ တရားရတနာအစစ်အမှန်၊ သံဃာရတနာအစစ်အမှန်တို့ကို မြတ်စွာ

ဘုရားကိုယ်တော်တိုင် သစ္စာဆို၍ ရတနသုတ်ကို ရွတ်ဆို ရာ ဘေးကြီးသုံးပါးငြိမ်းလောက်အောင် မှန်ကန်၍ သတ္တဝါများ ချမ်းသာကြသည်။

ထိုရတနသုတ် သံဃာရတနာခန်း၌ ...

*သဟာဝဿဒဿန သမ္ပဒါယ ။လ။ ဧတေန သစ္စေန သုဝတ္ထိဟောတု*

ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်ကို ရသည်နှင့် တစ်ပြိုင်နက် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတ-ပရာမာသ-ဟူသော သံယောဇဉ်သုံးပါးကို ပယ်လိုက်သဖြင့် အပါယ်ဘေးမှ လွတ်သွားသည်။ ကံကြီးငါးပါးနှင့်တကွ မိစ္ဆာဒိဋ္ဌိ ၃၅ခြောက်ပါးကို မပြုတော့သဖြင့် သံဃာရတနာမြတ်သဖြင့် သတ္တဝါတွေ ချမ်းသာကြပါစေသတည်း။

အဘယ်ကြောင့် သောတာပတ္တိမဂ်သည် အပါယ်မကျကြောင်း ဖော်ပြရာ၌ ...

*သောတာပတ္တိ မဂ္ဂေန ဟိ ဒိဋ္ဌိသမ္ပယုတ္တာ ဝိစိကိစ္ဆာ သဟဂတာနိ ပဉ္စအကုသလစိတ္တာ နိအနဝသေသ ဝသေန ပဟီယန္တိ အဝသေသာနံ အကုသလာနံ အပါယဟေတု သမုဋ္ဌတောစ ဟောတိ*

(သခေ်ပဝဏ္ဏနာဋီကာ၊ ၂၃၉)

*သောတာပတ္တိ မဂ္ဂံ ဘာဝေတာဥပါဒေတွာ သီလဗ္ဗတပရာမာသ သက္ကာယဒိဋ္ဌိဝိသော ဓိတတ္တာ ဒိဋ္ဌိ ဝိစိကိစ္ဆာသမ္ပယုတ္တာနံ ပဉ္စာနံ အကုသလစိတ္တုပ္ပါ-ဒါနံ သမုစ္ဆေဒပဟာနေန အပ္ပဝတ္တိနိရောဓေန ပဟီန စတုရော ပါယမုတ္တော*

(အဘိဓမ္မတ္ထသင်္ဂဟဋီကာ၊ ၃၈၃)

အကုသိုလ်တွေ လုပ်ချင်တိုင်း လုပ်ခဲ့သော မိလက္ခမုဆိုး၊ လူတွေထောင်နှင့်ချီသတ်ခဲ့သော အင်္ဂုလိမာလလူဆိုး၊ ဘုရားကိုပင် တစ်ညလုံး ညှင်းပန်းနှိပ်စက်ခဲ့သော အာဠာဝကဘီလူး၊ မြတ်စွာဘုရားကို ဆဲရေးတိုင်းထွာ စွပ်စွဲခဲ့သော သက္ကောသဘာရဒွာဇပုဏ္ဏား စသော အကုသိုလ်အကြီးစားလုပ်ခဲ့ကြသူများပင် ခန္ဓာကိုယ်တွင် တရားသဘောပေါက်၍ သောတာပတ္တိမဂ်ရသည်နှင့် ''စတုရာပါယေဟိ ဝိပ္ပမုတ္တော'' ဟူသော တရားတော်၏ ''အပါယ်လွတ်စေ'' အမိန့်ကျလေမှ စိတ်ချရသည်။ သောတာပတ္တိမဂ်မရသမျှတော့ ဘယ်သူဘယ်နည်းနှင့်မျှ အပါယ်ကျမှုမှ စိတ်မချရသဖြင့် စိတ်ချရသော ဘုရားသာသနာတော်တွင် အပါယ်က ကျိန်းသေ လွတ်သော တရားအလုပ် အားထုတ်နိုင်ကြပါစေ။

**(အနန္တငါးပြာမဂ္ဂဇင်း အတွဲ ၂၊ အမှတ် ၁၀) သစ္စာဝါဒီ**

# နိဗ္ဗာန်ရဖို့ အဓိကလိုအပ်သော သတိ

ကျွန်ုပ်တို့၏ ဗုဒ္ဓသာသနာတော်တွင် အလိုအပ်ဆုံးသော တရားမှာ ''သတိ''ဖြစ်ကြောင်း-လွန်ခဲ့သောအပတ်က ဖော်ပြခဲ့ပြီး ဖြစ်သည်။ မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ်တော်အမြင်မှာ သူသူငါငါ သတ္တဝါတို့သည် မိမိရထားသော ခန္ဓာ၏ သဘောတရားအမှန်ကို အမှန်အတိုင်းသိအောင် မလေ့လာပဲ မိမိရောက်လာသော လူ့လောကထဲမှ မှတ်ယူသုံးစွဲနေသော ပုဂ္ဂိုလ် သတ္တဝါ မိန်းမ ယောက်ျား စသော သံသရာဝဋ်ကို ဖြစ်စေတတ်သော ပညတ်အာရုံကိုသာ အမှတ်အသိ အစွဲများကား မမျှော်မှန်းနိုင်သော ဩဃလေးဖြာ သံသရာတွင် မြုပ်မြော ပေါ်မြောဖြင့် လာခဲ့ကြောင်း ဟောတော်မူထားသည်၊

## ပရမတ် ပညတ်

မြတ်စွာဘုရား၏ သံသရာပြတ်မှုတွင် ပညတ် ပရမတ် ကွဲပြားမှုသည် အဓိကကိစ္စ ဖြစ်ကြောင်း ကျွန်ုပ်တို့ လက်ခံ ယုံကြည်ထားသည်။ ပရမတ်သိမှုသည် မသိမဖြစ်ဟု ကျွန်ုပ် တို့ ခံယူထားသည်ကို အချို့က ''ပညတ်နှင့်ပဲ စတင်လေ့ကျင့် နောက်ပရမတ်ကို သိလာရတာပဲ'' ဟု ဆင်ခြေပေးသည်။

ဓမ္မပဒတွင်လာသော ရွှေပန်းထိမ်သည် သား ရဟန်း ပညတ်သမထကနေပြီး ပရမတ်ဝိပဿနာရောက်အောင် မရှုနိုင်သဖြင့် ဤဖြစ်ရပ်ကိုသိတော်မူသော မြတ်စွာဘုရားက အကူအညီပေးမှ တရားရသွားကြောင်း သတိထားကြည့်ပါ။

ကျွန်ုပ်တို့သည် နေရာတကာ မိမိကိုယ်ကို အထင်ကြီး တတ်သည်။ (ဇေတံမမ၊ ဧသောဟမသ္မိ၊ ဧသောမေအတ္တာ) ''ငါ့ဉစ္စာပဲ ငါပဲ၊ ငါ့ရဲ့အနှစ်သာရ အတ္တာပဲ'' ဟု ဘဏှာ၊ မာန၊ ဒိဋ္ဌိနှင့် အထင်ကြီးမှုကြောင့် ယခုထိ သံသရာက မထွက်ရသေး၊ မြတ်စွာဘုရားသည် သံသရာဝဋ်ပြတ်၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရရန် မဟာသတိပဋ္ဌာန် ကောယနမဂ် ဖြစ်ရာ၌ ...ဘ္တာဝါတို့ ကိလေသာမှ စင်ကြယ်စေရန် ကိလေသာ မဖြစ် သော ပရမတ်အာရုံကိုသာ ဝိပဿနာရှုကွက်ထားရပေသည်။

ဤ ခန္ဓာအဖွဲ့အစည်းသည် ၎င်း၏ ပင်ကိုသဘာဝကို က ပရမတ်အမှန်တရားဖြစ်၍ ခန္ဓာ၏အမှန်တရားကို ရှုကြည့်

ရမည့် ဉာဏ်သည် ခန္ဓာ၏ (ရုပ္ပနလက္ခဏာ) ဖောက်ပြန် ပြောင်းလဲ မငြိမ်မသက် ရွေ့ရှားပြောင်းလဲသည်ကို တွေ့ပါက အမှန်တရားကို အမှန်အတိုင်း တွေ့ခြင်း သိခြင်း ဖြစ်လေသည်။

ယင်းသို့ ခန္ဓာ၏ ပင်ရင်းအမှန်ပရမတ်သည် ရွေ့ရှား ပြောင်းလဲ ဖောက်ပြန်ပျက်စီးနေသည်ကို ရှုသိနေသော ယောဂီ၏ ဉာဏ်၏မြင်ကွင်းတွင် လိုချင်တပ်မက် နှစ်သက်တွယ်တာမှု လောဘမဖြစ်သဖြင့် ''ယဿနတ္ထိမမာယိတံ'' (လောဘ ကိလေသာဖြစ်ခွင့် မရသောအချိန်) ဤခန္ဓာ၏ အမှန်သဘာဝတို့ ဖောက်ပြန်ပြောင်းလဲ ပျက်စီးနေသော သဘောတွေသာ တွေ့နေသိနေရသော အချိန်သည် အမှန် တရားတို့ သူ့သဘောလမ်းကြောင်းအတိုင်း ပျက်စီးချုပ် ပျောက်သွားခြင်းမှာ အမှန်တရားတို့၏ အမှန်သဘာဝအတိုင်း သာ ဖြစ်၍ မည်သူ၏လုံ့လပယောဂမျှ မပါသည်ကို သိသကဲ့သို့ ''အဿတာစနသောစတိ'' (သူ့သဘောနှင့်သူ ပျက်နေသောကြောင့်လည်း ပြစ်မှားဖျက်ဆီးမှု ဒေါသ ကိလေသာဖြစ်ခွင့် မရသောအချိန်) များသည် ခန္ဓာ၏ပရမတ်တို့ ပင်ကိုကိလေသာမဖြစ်သော ခန္ဓာကိုယ်ကို ကိလေသာ ဖြစ်သော ''ငါပဲ၊ သူပဲ၊ မိန်းမ၊ ယောက်ျား'' ရယ်လို့ ပညတ်နှင့် စွဲယူမှုမဖြစ်သော အချိန် ခန္ဓာ၏ပင်ကိုယ်သဘာဝအတိုင်း ကိလေသာမဖြစ်သော အသိဉာဏ်သိ သိနေသော အချိန်တွင်

## ပူတိဂတ္တ

သာဝတ္ထိမှ အမျိုးကောင်းတစ်ယောက် ထွက်မြောက်ချင်သောစိတ်နှင့် မြတ်စွာဘုရားအထံတော်တွင် ရဟန်းပြု၍ တောထဲသွား တရားအားထုတ်နိုင်ရန် ကမ္မဋ္ဌာန်းကို မြတ်စွာဘုရား အထံတော်မှ အရဟတ္တဖိုလ် ပေါက်ကြားနာ သင်ယူပြီး တောနေကျင့်ဝတ်တို့ကို လေ့လာနေဆဲတွင် သူ့ကံအားလျော်စွာ အနာဖုလုံးငယ်များမှအစ နောက်တစ်ဖြည်းဖြည်း ဥသျှစ်သီးခန့်အထိ တစ်ကိုယ်လုံး သွေးပုပ်ပြည်ပုပ်တို့နှင့် စိုရွှဲလျက် မည်သူမျှ အနံ့မခံနိုင်သောကြောင့် မပြုစုကြပေ။ အနာတို့ကြောင့် တစ်ကိုယ်လုံး အပေါက်တွေနှင့် ပုပ်သောကိုယ် ဖြစ်နေသဖြင့် ''ပုတိဂတ္တ'' ဟု တွင်လေသည်။

တစ်နေ့သော နံနက်အချိန်တွင် မြတ်စွာဘုရား၏ လောကို ရှုကြည့်သော မဟာကရုဏာဉာဏ်တော်၌ ထူးခြားမှု ပြသဖြင့် သတိပြုဆင်ခြင်တော်မူသောအခါ ကျောင်းငယ် တစ်ခုအတွင်း၌ ၎င်း၏အနာအပုပ်တို့ကြောင့် သတိမေ့မြော နေသော ရဟန်းတစ်ပါးကို တွေ့လေသောအခါ ပြုလုပ် ဆောင်ရွက်ရမည့် ကိစ္စများနှင့်တကွ ဟောရမည့် တရား အစီအစဉ်အားလုံး စီစဉ်ဆောင်ရွက်ရန် မီးဖိုကြီး၊ ဖိုခနောက် ပေါ်သို့ ရေထည့်ထားသော အိုးကိုတင်၊ တေဇောကသိုဏ်း ဖြင့် ရေဆူလာသောအခါ ပုတိဂတ္တနေသောကျောင်းသို့

ကြွကာမှ ရဟန်းသံဃာများ လိုက်လာ၍ မီးဖိုသို့ ကွပ်ပြစ်ပါ မ,ယူခိုင်းပြီး ရေနွေးနှင့်ရေအေးစပ်၊ သင်္ကန်းကို ရေဆွတ်၊ အနာမှ သွေးပုပ်ပြည်ပုပ်များကို ဆေးကြောသုတ်သင်ပြီး နောက် သင်္ကန်းတစ်ထည်ကို ရေဆွတ်ညှစ်အုပ်လေလျှင် အခိုးမတွေ နှစ်ကြိမ်သုံးကြိမ် ထုတ်ပြီးကာမှ ပုတိဂတ္တသတိရပြီး မျက်စိဖွင့်ကြည့်သောအခါ မြတ်စွာဘုရားက ...

ဘိက္ခု၊ ချစ်သားပုတိဂတ္တ။ ဘဝ၊ သင်၏။ အယံကာယော၊ ဤအနာတို့နှင့် နှိပ်စက်နေသော ကိုယ်သည်။ အပေတဝိညာဏော၊ သိတတ်သော အသိ ဝိညာဉ်ကင်းပါက။ နိရုပကာရောဟုတွာ၊ အကျိုးရှိကြောင်း ကျေးဇူးမပြုနိုင်တော့သည်ဖြစ်၍။ ကလိင်္ဂရံဝိယ၊ ထင်းကုလားတုံးကဲ့သို့။ ပထဝိယံ၊ မြေသို့၊ သေသတိ၊ သက်ရလိမ့်မည်။

စသည်ဖြင့် ''အစိရံဝတယံကာယော'' ဂါထာ နှင့် သတိပေးပုံကား ...

''ချစ်သားရဟန်း – မကြာသောကာလမှာ သင့်ခန္ဓာနှင့်သင့်အသိ အိုးစားကွဲလိမ့်မည်။ အဲဒီအခါ သင်၏အနှိပ်စက်ခံနေရသော ခန္ဓာသည် ဘာမှ သိတော့မည်မဟုတ်။ သေ၍ ဥတုဇရုပ်ချည်းသာ ကျန်ရှိပါက မြို့မှာသော်လည်းကောင်း၊ တောမှာ

သော်လည်းကောင်း လုံးဝသုံးမရသည့် ထင်းကုလား တုံးအနေသာ ကျန်တော့သဖြင့် အသုံးပြု၍မရ။ ယခု အချိန်သည် သင့်ခန္ဓာနှင့် သင့်အသိ ရှုနိုင် သိနိုင်သော အချိန်ဖြစ်၍ ချစ်သားပုတိဂတ္တ ဖောက်ပြန်မှုသဘော တရားတို့ မငြိမ်မသက် ပြောင်းလဲနှိပ်စက်နေသည်ကို ကြည့်ပါ။ သူဟာ မြဲသလား၊ မမြဲဘူးလား'' ဟု မေးသည်တွင် ...

ပုတိဂတ္တ ''မမြဲပါဘုရား'' ဟု လျှောက်သည်။

ပုတိဂတ္တ၏ ဤအခြေအနေနှင့် ဤအချိန်သည် လုံးဝ ခန္ဓာ၏ဖောက်ပြန်လျက် ပျက်လျက် သေလောက်အောင် နှိပ်စက်နေသော အချိန်ဖြစ်၍ အထူးစိတ်ငြိမ်အောင် အားထုတ် နေသည်မဟုတ်၍လည်းကောင်း၊ မြတ်စွာဘုရားကိုယ်တော် တိုင် ညွှန်ပြနေသဖြင့်လည်းကောင်း ''မမြဲသောပျက်နေမှုပါ ဘုရား'' ဟု ခန္ဓာမှာ ဉာဏ်သိသည့်အတိုင်း လျှောက်သည်။ ထိုအခါ မြတ်စွာဘုရားက ဤကဲ့သို့ ဖောက်ပြန်ပြောင်းလဲ ပျက်စီးနေသည့် သဘောတရားတို့သည် ''ဆင်းရဲသလား၊ ချမ်းသာသလား'' ဟု အမေးတော်ရှိသည့်အခါ ကိုယ်တိုင် ကိုယ်ကျ နည်းပရိယာယ်လေးမျိုးနှင့် အနှိပ်စက်ခံနေရသဖြင့် သတိပင် မေ့လျော့ခံနေရသော ပုတိဂတ္တက ''ဆင်းရဲလှ ပါသည်ဘုရား'' ဟု လက်တွေ့ကျကျ လျှောက်ထားရာ ...

တရားအားထုတ်သော ကျွန်ုပ်တို့ခန္ဓာသဘာဝကို ယထာဘူတကျကျ သဘာဝကို အမှန်သိနေသောအချိန်တွင် မြတ်စွာဘုရား၏ ဤ ''တိပရိဝဋ္ဋ'' လမ်းညွှန်ချက်ကို သတိသွားရ၏။ အမှန်သိသော အချိန်ပေတည်း။

မြတ်စွာဘုရားသည် သေကာနီး ခန္ဓာ၏ အမှန်သဘာဝကို အမှန်သိပြီး လွတ်လောက်ပြတ်လောက်အောင် လက်တွေ့စိစစ်ပေးသည်။

ချစ်သားရဟန်း–ခန္ဓာသဘာဝအမှန်သည် ဤမျှဖောက်ပြန်ပျက်စီးနေသဖြင့် အနိစ္စ၊ ပျက်ချင်တိုင်းပျက်၍ ယူစရာရစရာမရှိအောင် ဖျက်ဆီးနှိပ်စက်နေသဖြင့် ဒုက္ခ၊ ယင်းကဲ့သို့ သူ့သဘောနှင့်သူ ပျက်ချင်တိုင်း ပျက်နေခြင်းကို မိမိအနေဖြင့် တားမြစ်ကန့်ကွက်လို့မရသဖြင့် အနတ္တ – ယင်းသဘောတရားတို့ကို ''ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါ့အနှစ်သာရပဲလို့ စွဲယူလို့ဖြစ်မလား'' ဟု အမေးတော်ရှိရာ ''ဤမျှ ဖျက်ချင်တိုင်းပျက် ရစရာမရှိအောင် ဆင်းရဲ၊ မိမိအနေဖြင့် လုံးဝပြုပြင် ဖန်တီး၍ မရကြောင်း ပေါ်လွင်အောင် လမ်းညွှန်ပေးသည့်အတိုင်း ခန္ဓာ၏ သေလောက်အောင် အပြင်းအထန်နှိပ်စက်ခံနေရသော ပုတိဂတ္တမှာ ခန္ဓာ၏ပြောင်းလဲပျက်စီးနေမှုကို မျက်ခြည်မပြတ် မခံဝံ့ဘဲ (နော ဟေတံဘန္တေ) လုံးဝစွဲယူစရာမကောင်းပါ'' ဟု လျှောက်ထားလေသည်။

ဤတွင် မြတ်စွာဘုရားသည် ပုတိဂတ္တ၏ ခန္ဓာပေါ် ဉာဏ်ရောက်ပုံကို စိတ်ချတော်မူသဖြင့် ...

*ဝေံမေတံယထာဘူတံ ဓမ္မပ္ပညာယဒဋ္ဌဗ္ဗ*

သို့ဖြင့် ချစ်သားရဟာန်း ကျန်တဲ့ နာမ်ခန္ဓာတို့၏ အာရုံကိုသိပြီး ပျက်သွားပုံကိုလည်း ဆက်၍ ရှုလော့-ဟု

အဆုံးအမပေးပြီး ပြန်ကြွ၊ အရှင်အာနန္ဒာ လိုက်ပို့ပြီး ပြန်လာသည်တွင် ပုတိဂတ္တ သေလေပြီ။

ပုတိဂတ္တသေကြောင်း အရှင်အာနန္ဒာက မြတ်စွာဘုရားကို သွားလျှောက်ရင်း ...

*ကုသီ နိဗ္ဗတ္တော*

ဘယ်ဘဝများ ရောက်သွားပါသလဲ

*ကောအဘိသမ္ပရာယော*

ဘယ်တရားများ လဲလျောင်းသွားရာ ရှိပါလဲ ဘုရား။ - ဟု လျှောက်ထားရာ

မြတ်စွာဘုရားက ...

ပရိနိဗ္ဗုတာ ဘိက္ခဝေ

ချစ်သားအာနန္ဒာ - ပုတိဂတ္တရဟာန်း၊ ဘဝဇာတ်သိမ်းပြီးကြောင်း

ဟောပေရာ တရားအားထုတ်သော ယောဂီတို့ ကျေနပ်စရာ ကောင်းလှသည်။

ကျွန်ုပ်တို့သည် ကျိန်းသေသေရမည့် သတ္တဝါတို့ ဖြစ်ကြသည်။ သေခြင်း၊ ခန္ဓာရခြင်း၊ ဖြစ်ခြင်း၏ အမှန်လမ်းကြောင်း ဖြစ်သည်။ သူ့လမ်းသူသွားခြင်း ဖြစ်သည်ဟု အမှန်သိခြင်းသည် သိနေရသော ခန္ဓာ၏ သဘောတရားပေါ်၌ စိုးရိမ်ပူဆွေးစရာ မရှိနိုင်တော့ပေ။

ဤ ပုတိဂတ္တမထေရ်၏ သေလောက်အောင် အနာရောဂါ၏ အနှိပ်စက်ခံရမှုသည် ပုတိဂတ္တမထေရ်ကို နှိပ်စက်သည်မဟုတ်။ ပုတိဂတ္တ ရယူထားသော ရုပ်နာမ်ခန္ဓာကိုသာ နှိပ်စက်ခြင်း ဖြစ်သည်။ မထေရ်သည် အနာရောဂါတို့ နှိပ်စက်မှုကြောင့် မေ့မြော၍ သေကာနီးအချိန်သို့ ရောက်ခဲ့ပြီ။

ထိုအချိန်သည် ရုပ်နာမ်ရရှိထားသူများအဖို့ အရေးကြီးဆုံးသော နောက်ဆုံးအချိန်ဖြစ်၍ မြတ်စွာဘုရား ကြွလာပြီး ခန္ဓာ၏ သဘာဝအမှန်ကိုသာ ထောက်ပြသဖြင့် ခန္ဓာ၏ အမှန်ပရမတ်အာရုံဖြင့်သာ သေရာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပြုသွားခြင်း ဖြစ်သည်။

## ပညတ်နှင့်သေသူ

သာဝတ္ထိပြည်တွင် ကုဋေလေးဆယ် ကြွယ်ဝသော အာနန္ဒာသူဌေးကြီး၌ မူလသီရိ အမည်ရှိသော သား

တစ်ယောက် ရှိရာ သူ့သားအား သူကဲ့သို့ ဝန်တိုစေးနဲ နှမြော တတ်စေရန် အစဉ်အမြဲ နည်းပေးဆုံးမပေးလျက်ရှိသည်။

သို့ရာတွင် သူ့သားအား စိတ်မချသဖြင့် ရွှေတို့ကို အိုးငါးလုံးတို့နှင့် ထည့်၍ သူ့သား ခရီးဝေးသို့ ကြွေးတောင်း ရန် စေလွှတ်ပြီး ရွှေအိုးငါးလုံးကို သူ့အိမ်ခြံဝင်းအတွင်း လျှို့ဝှက်မြှုပ်နှံကာ အပေါ်၌ သစ်ပင်များစိုက်၍ ဖုံးလွှမ်းထား လေသည်။

နောက်တစ်ချိန်တွင် သူသေသောအခါ မပေးမကမ်း ဝန်တိုစေးနဲမှုကြောင့် မြို့အပြင် ဒွန်းစဏ္ဍားရွာတွင် အဂါ ချွတ်ယွင်း၍ မြေဘုတ်ဘီလူးအသွင် သွားဖြစ်ကာ ခွက်တစ်လုံး ကိုင်လျက် မြို့အတွင်း ဝင်ကာ တောင်းရမ်းစားသောက်ရ လေသည်။

တစ်နေ့သောအချိန် မြို့တွင်းသို့ လမ်းလျှောက်သွား ရင်း ယခင်က သူနေခဲ့သော အိမ်ရှေ့အရောက် ရုတ်တရက် ဇာတိဿရဉာဏ်ဖြစ်လာကာ ''ဒါ ငါ့အိမ်ပါလား'' ဟု ထင်မြင်ပြီး အိမ်အပေါ်ထပ်သို့ ရောက်သွားသည်တွင် အိမ်ရှိ လူအများက မကောင်းဆိုးဝါးသတ္တဝါတစ်ကောင်ဟု ပြောဆို ထုထောင်း ရိုက်နှက်လျက် အောက်သို့ ဆွဲချပြီးလျှင် အမှိုက်ပုံ ၌ ပစ်ချထားကြလေသည်။

ထိုအချိန်တွင် မြတ်စွာဘုရား၏ မဟာကရုဏာ သမာပတ်ဉာဏ်တော်၌ ထူးခြားစွာ သတ္တဝါကျွတ်ပွဲတစ်ခု မြင်တော်မူရကား ထိုနေရာသို့ နောက်ပါသံဃာတော်များနှင့် ဆွမ်းခံကြွတော်မူလာပြီး ဒွန်းစဏ္ဍားလဲလျောင်းနေရာအနီး ရပ်လျက် မူလသီရိကို ခေါ်ခိုင်း၍ လဲနေသော သူတောင်းစား ကို ညွှန်ပြလျက် ''ဒါ မင်းအဖေပဲ'' ဟု ပြောရာ မူလသီရိ က မယုံကြည်သဖြင့် ''မင်းမြှုပ်ထားသော ရွှေအိုးငါးလုံးကို မင်းသားအတွက် ဖော်ပေးလိုက်ပါ'' ဟု ဒွန်းစဏ္ဍားကို ပြောဆိုမှ ဒွန်းစဏ္ဍားလည်း ထလျက် ခြံဝင်းအတွင်းဝင်၍ သူပြသောနေရာကို တူးစေရာ ရွှေအိုးငါးလုံးစလုံး ရတော့မှ မူလသီရိက ယုံကြည်သွားပြီး ဘာကြောင့် ဤသို့ ဖြစ်ရပါ သလဲဟု လျှောက်ထားရာ မြတ်စွာဘုရားက

*ပုတ္တမတ္ထိ ဓနမတ္ထိ ဣတိဗာလော ဝိဟညတိ*

စသော ဂါထာကို ဟောတော်မူသည်။

မေ၊ ငါ့အား ပုတ္တာ၊ သားသမီးတို့သည်။ အတ္ထိ၊ ရှိ၏။ ဓနံ၊ ဥစ္စာသည်။ အတ္ထိ၊ ရှိ၏။ ဣတိဗာလော၊ ဤအမှန် ပရမတ်သဘောတရားကို မသိသောလူမိုက် သည်။ ဝိဟညတိ၊ ငါ့သားသမီး ငါ့ဥစ္စာဟူသော ပညတ်နှင့် စိုးရိမ်ပူပန်၏။ တထာပိ၊ ထို ငါ ငါ့ သားသမီး ငါ့ဥစ္စာပစ္စည်းဟု စွဲလန်းကာ ပင်ပန်းဆင်းရဲ

ပါသော်လည်း။ အတ္တနော၊ မိမိသေရာ အိပ်ရာ၌ သေလုမြောပါး ရောဂါနှိပ်စက်ခံနေရသော မိမိအား။ အတ္တာပိ၊ ကိုယ့်ကိုယ်ကိုမှလည်း။ နတ္ထိ၊ အားထားရာ သည်မရှိ။ ပုတ္တာ၊ သားသမီးတို့သည်လည်းကောင်း။ ဓနံ၊ ဥစ္စာပစ္စည်းတို့သည်လည်းကောင်း။ ကုတော အတ္ထိ၊ အဘယ်မှာလျှင် အားကိုးရာ ရှိပါတော့ မည်နည်း။

ခန္ဓာ၏ အမှန်လမ်းကြောင်း အသေကို သွားရာ၌ အမှန်တရား ပရမတ်သဘောကို ဟောတော်မူသည်တွင် ရှစ်သောင်းလေးထောင်သော တရားနာပရိသတ်တို့ တရားထူး ရကြလေသည်။ မူလသီရိသူဌေးသား သရဏဂုံတည်၍ ဗုဒ္ဓ ဘာသာဖြစ်သွားသည်။ အာနန္ဒာသူဌေး လူဝင်စား ခေါင်းငိုက်စိုက်ဖြင့် ထွက်သွားရ၏။

ကျွန်ုပ်တို့ တရားအားထုတ်ကြရာတွင်လည်း ဤခန္ဓာ ၏ အိုနာသေသည့် သဘာဝတရား၏ သွားရာလမ်းကြောင်း ဟု အမှန်တရားကို သေသည်အထိ လက်ခံယုံကြည်မှု စွဲမြဲ ရန် လေ့ကျင့်ရသော အလုပ်ဟု သဘောပေါက်ရန် အားထုတ် ရခြင်းပင် ဖြစ်ပါသည်။

(အနန္တငါးပြာမဂ္ဂဇင်း အတွဲ ၃၊ အမှတ် ၁) **သစ္စာဝါဒီ**

# ဗုဒ္ဓမြတ်စွာ သာသနာ ဆရာဖြည်သို့ ရှာဖြည်နည်း

ဆရာကြီးသစ္စဝါဒီခင်ဗျား ...

ကျွန်တော်တို့၏ မိဘအစဉ်အဆက်မှာ ညောင်လေးပင် တောရဆရာတော်ကြီး၏ တပည့်ဒကာများဖြစ်၍ ဆရာတော်ကြီး၏ အဆုံးအမတို့အတိုင်း လေးစားလိုက်နာသော သူတို့ဖြစ်ကြသည်နှင့်အညီ ကျွန်တော်တို့ကိုလည်း ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်နည်းမှစ၍ ဗုဒ္ဓဘုရားသာသနာတော်တွင် လိမ္မာယဉ်ကျေးသော လူငယ်များဟု ချီးကျူးခံရသည့်အတိုင်း စိတ်သဘောထားချင်း တိုက်ဆိုင်သော ကျွန်တော်တို့ သူငယ်ချင်းတစ်စု ရပ်ကွက်ထဲတွင် စာဖတ်ရုံတစ်ခု တည်ထောင်၍ လစဉ် ဘာသာရေးမဂ္ဂဇင်းအစုံ ဝယ်ယူ စုဆောင်း ဖတ်ရှုကြပါသည်။

ယခုအခါ ဘာသာရေးမဂ္ဂဇင်းများ အများအပြား ပေါ်ထွက်လာ၍ ဝမ်းသာစရာဖြစ်သည့်အပြင် မြတ်စွာဘုရား သာသနာမဟော်၏ အဓိကနိဗ္ဗာန်ရောက်စေနိုင်သောတရားကို အားထုတ်နိုင်ဖို့ မည်သည့်ဆရာမျိုး ရှာသင့်ကြောင်း အလွန် သိလိုသော ကျွန်တော်တို့အတွက် အနန္တငါးဖြာမဂ္ဂဇင်းမှ သစ္စ ဝါဒီဆရာကြီးသည် ယထာဘူတအမှန်လမ်းညွှန်နိုင်လိမ့် မည်ဟု ယုံကြည်မိပါသဖြင့် ရိုသစွာ မေးမြန်းတောင်းခံ အပ်ပါသည်။ လမ်းညွှန်ပေးတော်မူပါခင်ဗျား။

မောင်တင်ခိုင်နှင့်သူငယ်ချင်းများ
ညောင်လေးပင်မြို့။

ဤစာ (၁၀-၁၁-၉၄)နေ့ အနန္တငါးဖြာမဂ္ဂဇင်းတိုက်မှ တစ်ဆင့် ရောက်လာပါသည်။ စာရေးမေးသော လူငယ်တစ်စု သည် ညောင်လေးပင်မြို့၊ ညောင်လေးပင်တောရဆရာတော် ကြီး ဦးအရိယ၏ တပည့်ဒကာ အစဉ်အဆက်ဖြစ်သည် ဆို၍လည်း ဘာသာရေး၌ လိမ္မာယဉ်ကျေးကြသည်။ ဆရာတော် ဦးအရိယသည်လည်း ကျွန်ုပ်တို့ ငယ်စဉ်က ရဟန္တာဟု ထင်ပေါ်ကျော်ကြားသော ဆရာတော်ဦးသီလ၏ အစဉ်အဆက်ဖြစ်သည်။

ညောင်လေးပင်ဟောရသည့် ပရိယတ္တိတွင်သာမက ပဋိပတ္တိသာသနာဘက်တွင်ပါ အားကိုးရာ ဖြစ်ခဲ့သည်။ ယခု မောင်တင်ခိုင်တို့ ခေတ်တွင်ကား နေရာတကာ အသိပညာတို့ အားနည်းလာရလေသောကြောင့် ဆုတ်ယုတ်လာသော အချိန် ဖြစ်၍ သာသနာ၏သဘာဝအမှန်ကို အမှန်အတိုင်း သိရန် –

*ယထာဘူတံ ဘိက္ခဝေ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗာ*

ဘိက္ခဝေ၊ ချစ်သားတို့။ ယထာဘူတံ၊ ဟုတ်မှန်သည့်အတိုင်း။ ဉာဏာယ၊ သိခြင်းငှာ။ သတ္ထာ၊ လမ်းမှန်ကိုသာ ညွှန်တတ်စွာသော ဆရာကို။ ပရိယေသိတဗ္ဗာ။ ဝန်းကျင်အရပ် ထက်အောက်နှံ့အောင် မရအရ ရှာမှီးအပ်၏။

ဟု မိန့်မှာချက်ကို သတိပြုသင့်လှသည်။ သံသရာဝဋ်ဆင်းရဲမှ လွတ်ရန် မဂ်ဖိုလ်နိဗ္ဗာန်ရရန် ကိစ္စဆိုသည်မှာ ဉာဏ်နှင့်ပညာနှင့် မျက်မှောက်ပြုရမည့် တရားများဖြစ်၍ ကိုယ်နှင့်ရင်းနှီး၍ နင်လားငါလား လုပ်၍ မရပေ။

မဂ်ဖိုလ်နိဗ္ဗာန်ရရန် သံသရာဝဋ် ပြတ်ရန်အတွက် မြတ်စွာဘုရားသည် လေ့ကျင့်အားထုတ်ရမည့်တရားကို မဟာသတိပဋ္ဌာန်၊ ကောယနမဂ်ဟု နာမည်တပ်လျက် သံသရာဝဋ်

မှ ကျွတ်လွတ်ထွက်မြောက်မည့် ဝေနေယျတို့အတွက် စရိုက်နှင့် ကိုက်ရန် သတိပဋ္ဌာန်လေးပါး ဟောကြားတော်မူခဲ့၏။ ဤလမ်းညွှန်ချက်နှင့်အညီ ရှုနေသိနေမှုသည် မဂ္ဂင်၊ ရှုဉာဏ်မဂ္ဂင် ဖြစ်လေသည်။

သတိပဋ္ဌာန်ရုပ်နာမ်သည် အရှုခံခန္ဓာ ဖြစ်လေသည်။ ရှုဉာဏ်မဂ္ဂင်နှင့် အရှုခံခန္ဓာတို့ ပေါင်းမှ သတိပဋ္ဌာန် ဝိပဿနာ ကောယနမဂ် ဖြစ်လေသည်။ ရှုဉာဏ်မဂ္ဂင်မမှန်ဘဲ အရှုခံ သာကိပဋ္ဌာန် ပရမတ်မမှန်ဘဲ ဘာဝနာအလုပ် မဖြစ်ပေ။

ထို့ကြောင့်ကား ကာယ၊ ဝေဒနာ၊ စိတ္တ ဓမ္မ သတိပဋ္ဌာန် လေးပါးတို့တွင် တစ်ပါးပါးသော သတိပဋ္ဌာန်ကိုမျှ မပွားများ၊ အားမထုတ်ပါပဲလျက် ဘာဝနာဟူ၍ မဖြစ်ကြောင်း (မဟာဝဂ္ဂဋ္ဌကထာ၊ ၃၃၉) တွင် ပြဆိုသည်။ သို့ဖြစ်ရကား သတိပဋ္ဌာန်အလုပ် အားထုတ်လိုသော ယောဂီသည် အရှုခံ ရှုကွက် သတိပဋ္ဌာန်မှန်ဖို့ ရှုဉာဏ် မဖ္ဖါမပင့်ပဒါ တိကျဖို့သည် မိမိ၏ရည်ရွယ်ချက် သံသရာဝဋ်မှ လွတ်မြောက်ရမှု၊ အောက်ဆုံးအပါယ်လွတ်မှုထက် အရေးကြီးသည့်အတွက် စိစစ်မှု၊ လေ့လာမှု၊ နားလည်အောင် သင်ကြားလေ့လာမှုတို့ကို ရှာဖွေရမည် ဖြစ်သည်။

သတိပဋ္ဌာန်အလုပ် ချွတ်ယွင်းလျှင် မိမိတို့လိုအပ်သော အရိယမဂ် ချွတ်ယွင်းကြောင်းကို ...

*ယေသံ ကေစိ ဘိက္ခဝေ စတ္တာရော သတိပဋ္ဌာနာ ဝိရဒ္ဓါ၊ ဝိရဒ္ဓေါ တေသံ အရိယော မဂ္ဂေါ သမ္မာဒုက္ခက္ခယဂါမီ*

(မဟာဝဂ္ဂသံယုတ်ပါဠိတော် ဝိရဒ္ဓသုတ်၊ ၁၅၇)

ချစ်သားတို့ - သတိပဋ္ဌာန်တရားလေးပါးတို့ကို မမှန်ကန်ဘဲ ချွတ်ယွင်းစေသူ ပုဂ္ဂိုလ်ဟူသမျှတို့အား ကောင်းစွာ ဆင်းရဲကုန်ရာ၏ ကုန်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း အရိယမဂ်ကို ချွတ်ယွင်းစေသည် မည်၏။

ဟု ဟောထားတော်မူသောကြောင့် မိမိတို့သည် သတိပဋ္ဌာန်ဆိုရုံမျှ ဝိပဿနာဆိုရုံမျှနှင့် မစိစစ်၊ မလေ့လာဘဲ မလုပ်သင့်ကြောင်း ဟောထားသည်။

မြတ်စွာဘုရားသည် ဘုရားမဖြစ်မီ ဤပရမတ်တရား၊ သစ္စာတရားကိုရှာရာ၌ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ထိုးထွင်းသိအောင် အားထုတ်ရာ၌ လိုအပ်သောတရားကိုမရဘဲ ခြောက်နှစ်တိုင်တိုင် ပင်ပန်းဆင်းရဲခဲ့သည်။

ငါ၏သာဝကတို့သည် ဤလိုမဖြစ်စေရန် ကိုယ်တော်တိုင် ဟောကြားလမ်းညွှန်ခဲ့သည်။ နောက်ဆုံး ခန္ဓပရိနိဗ္ဗာန်ဝင်စံတော်မူကာနီးတွင် အရှင်အာနန္ဒာ၏ ပူပန်မှု၊ ကြောင့်ကြမှုနှင့် လျှောက်ထားရာတွင် ...

*ယော ဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ*

(မဟာပရိနိဗ္ဗာနသုတ်၊ ပါဠိတော်–၁၈၂)

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ မယာ၊ ငါဘုရားသည်။ ဝေါ၊ သင်ချစ်သားတို့အား။ ယောဓမ္မောစ၊ အကြင်သုတ်အဘိဓမ္မာကိုလည်း။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။ ယောဝိနယောစ၊ အကြင်ဝိနည်းကိုလည်း။ ပညတ္တော၊ ပညတ်အပ်ပြီ။ သော၊ ထို ငါဘုရားဟောကြား ပညတ်အပ်သော သုတ် အဘိဓမ္မာ ဝိနည်း ဓမ္မက္ခန္ဓာတို့သည်။ မမစ္စယေန၊ ငါဘုရား ပရိနိဗ္ဗာန်ပြုပြီးသည့်နောက်။ ဝေါတုမှာကံ၊ သင်ချစ်သားတို့အား။ သတ္ထာ၊ ဆုံးမည့်ဆရာတို့ပင်တည်း။

ဟု ညွှန်ခဲ့ပေသည်။ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့သည် ငါဘုရား ပရိနိဗ္ဗာန် ပြုပြီးသည့်နောက် ငါဘုရားဟောခဲ့သလို ပြခဲ့သလို ငါဘုရား ၏ ကိစ္စအဝဝကို ဆောင်ရွက်လိမ့်မည်။

သို့အတွက် သင်တို့အား ဆုံးမည့် ညွှန်ပြမည့် ဆရာ ဟူ၍ မှတ်ယူရမည်ဟု ဟောတော်မူထားသည်ကို အဋ္ဌကထာ ဆရာက ထပ်ဆင့်ညွှန်ပြပုံကား ...

*တေန တေနာ ကာရေန ဣမေ ဓမ္မေ*
*ဝိဘဇိတွာ။ပ။ တုမှေ ဩဝဒိဿန္တိ၊ အနုသာသိဿန္တိ*

(မဟာပရိနိဗ္ဗာနသုတ်၊ အဋ္ဌကထာ–၁၈၃)

တေနတေနာကာရေန၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ (မယာ ငါဘုရားသည်) ဣမေ ဓမ္မေ၊ ဤသတိပဋ္ဌာန် သမ္ပပ္ပဓာန်တရားတို့ကို၊ ဝိဘဇိတွာ ဝိဘဇိတွာ၊ ဝေဖန်၍ ဝေဖန်၍။ ဒေသိတံ၊ ဟောအပ်၏။ သကလမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ တံသုတ္တန္တပိဋကတ်၊ ထိုသုတ္တန်ပိဋကတ်သည်။ မသ္မိ၊ ငါဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုပြီးသည်ရှိသော်။ တုမှာကံ၊ သင်ချစ်သားတို့အား။ သတ္ထုကိစ္စံ။ ဘုရားကိစ္စ (ဆရာကိစ္စ) ကို။ သာဓေဿတိ၊ ပြီးစီးအောင် ဆောင်ရွက်လတံ့။ပ။ ဣတိ၊ ဤသို့။ ဣမာနိ စတု ရာသီတိဓမ္မက္ခန္ဓ သဟဿာနိ၊ ဤရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့သည်။ တိဋ္ဌန္တိ၊ တည်ရှိကုန်၏။ ဣဒါနိ၊ ယခုအချိန်အခါ၌။ အဟံ၊ ငါဘုရားသည်။ ဧကောဝ၊ တစ်ပါးတည်းသာလျှင်။ ဩဝါဒါမိ၊ ဆုံးမ၏။ အနုသာသာမိ၊ ကံမြစ်၏။ မယိ၊ ငါဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုပြီးသည်ရှိသော်။ ဣမာနိ စတုရာသီတိ ဓမ္မက္ခန္ဓသဟဿာနိ၊ ဤရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာတို့သည်။ တုမှေ၊ သင်ချစ်သားတို့အား။

ဩဝဒိဿန္တို ဆုံးမကြကုန်လတ့်။ အနုသာသိဿန္တိ ကံမြစ်ကြကုန်လတ့်။

## ဘုရားကိုယ်စား ဓမ္မက္ခန္ဓာများ

မိမိတို့၏ သံသရာထွက်ကြောင်း သတိပဋ္ဌာန်ကိစ္စ၊ မဂ္ဂင်ကိစ္စသည် ဘုရား၏တရားသာ ဖြစ်သည်။ ထိုလုပ်ငန်းတို့ကို ပြုလုပ်အားထုတ်မည့်သူသည် ထိုလုပ်ငန်းတို့ကို နည်းအမျိုးမျိုးဖြင့်သိအောင် ညွှန်ပြပေးသော ဓမ္မက္ခန္ဓာ(ဆရာ)တို့ကိုသာလျှင် မေးမြန်း လျှောက်ထား ညှိနှိုင်းရမည်။ မိမိ မတတ်မသိက တတ်သိသော ပုဂ္ဂိုလ်တို့ကို ဆည်းကပ်ရမည်။ ထိုပုဂ္ဂိုလ် (ကလျာဏ) ၏ ဓမ္မက္ခန္ဓာနှင့် ညှိနှိုင်းညွှန်ပြချက်ကိုသာလျှင် ဂရုဂါရဝဖြင့် လေးလေးနက်နက် နာခံရမည်။

ဓမ္မက္ခန္ဓာနှင့် မညှိနှိုင်းသော ''ကျုပ်တို့ကတော့စာမတတ်ပါ'' ဆို၍ လုပ်ငန်းစဉ်ကို ညွှန်ပြရာ၌ ဓမ္မက္ခန္ဓာညွှန်ပြချက်နှင့် ကိုက်ညီပါက ထိုပုဂ္ဂိုလ်၏ ဟောညွှန်မှုမျိုးကိုလည်း လိုက်နာအပ်ပါသည်။ အဘယ်ကြောင့်နည်း။ ယခုဘုရားမရှိတော့သည့် အခါတွင် ဘုရား ဟောကြားခဲ့သော ဓမ္မက္ခန္ဓာများသည် မိမိတို့အလုပ်ဖြစ်ရန် ညွှန်ပြနေသော ဆရာများ ဖြစ်နေသောကြောင့်ပေတည်း။

## ပုဂ္ဂိုလ်ရှာလျှင် မှားတတ်သည်

အချို့ ဆရာရှာရာတွင် ဓမ္မက္ခန္ဓာထက် ပုဂ္ဂိုလ်ကို ရှာနေကြသည်။ ဓမ္မက္ခန္ဓာကို မသိသော ဓမ္မက္ခန္ဓာနှင့် မကိုက်ညီသော ပုဂ္ဂိုလ်၏ ဟောပြောညွှန်ပြသည်ကို လိုက်နာလေ့ကျင့်သဖြင့် မှားတတ်သည်များမှာ ...

သီဟိုဠ်ခေတ် ကောရွာတစ်ရွာတွင် ရဟန္တာဟု အများက ထင်မှတ်ကြည်ညိုကြခြင်းကို ခံယူရရှိထားသော မထေရ်ကြီးတစ်ပါးသည် ၎င်း၏ထံတွင် တရားနည်းခံရန် လာသော ရဟန်းသံဃာများအား မင်္ဂဖိုလ်နှင့်စပ်၍ ဟောကြားပြသရာ၌ ငါ့ရှင်တို့ သမထ ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို ကြိုးစားအားထုတ်သော ယောဂီပုဂ္ဂိုလ်အား ပထမအကြိမ်ပေါ်လာသော အလင်းရောင်သည် ပဌမသောတာပတ္တိမဂ်ဖြစ်၍၊ ဒုတိယအကြိမ် အလင်းရောင်တွေ့လျှင် ဒုတိယမဂ်၊ တတိယအလင်းရောင်သည် တတိယမဂ်၊ စတုတ္ထအလင်းရောင်သည် စတုတ္ထမဂ် အရဟတ္တမဂ်ဖြစ်သည်ဟု ဟောကြားလေရာ တပည့်များကလည်း ''ငါတို့ဆရာတော်ကြီးသည် ရဟန္တာဖြစ်၍သာ ဤတရားမျိုး ဟောပါပေသည်'' ဟု ယုံကြည်ကြလေသည်။

**စေတီတည်ခြင်း**

မကြာမီ ထိုမထေရ်ကြီး ပျံလွန်တော်မူသောအခါ ငါတို့ဆရာ ရဟန္တာကြီး ပရိနိဗ္ဗာန်ပြုသည်ဟူ၍ ကြီးစွာသော သာဝကီဠနသဘင်ကို ဆင်ယင်လျက် အရိုးဓာတ်တို့ကို စေတီတည်၍ ကိုးကွယ်ကြလေသည်။

မကြာမီ ရှေးအခါက မထေရ်ကြီးနှင့် သိကျွမ်းခင်မင်ခဲ့ဘူးသော ကျမ်းဂန်တတ် မထေရ်ကြီးတစ်ပါး ကြွရောက်လာပြီး မထေရ်ကြီးကိုမေးရာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ပင်ပြုသွားသဖြင့် စေတီတည်ထားကိုးကွယ်ကြပါကြောင်း ဖြေကြားကြသည်တွင် ပညာရှိမထေရ်က ဘယ်လိုတရားများ ဟောကြားပြသပါသနည်းဟု မေးရာ တပည့်များက အလင်းရောင်အဆင့်ဆင့်သည် မဂ်အဆင့်ဆင့်ဖြစ်ကြောင်း ပြန်လည်ဖြေကြလေသည်။ ကျမ်းဂန်တတ် ပညာရှိမထေရ်က တရားအားထုတ်ရာ၌ အလင်းရောင်ဟူသော ဩကာသသည် မဂ်မဟုတ်။ ဝိပဿနာ၏ ညစ်ညူးကြောင်း (ဝိပဿနုပက္ကိလေသ)သာ ဖြစ်ကြောင်း၊ ဤအမြင်သည် ရဟန္တာအမြင်မဟုတ် ပုထုဇ္ဇန်သာဖြစ်သည်ဟု ဥပရိပဏ္ဏာသအဋ္ဌကထာ ၂၅ တွင် ဖော်ပြသည်။

## နောက်တစ်မျိုး

နောက်ဆရာတစ်ဦးကား တရားရလိုသူများကို တန်းစီထိုင်ခိုင်းပြီး မျက်စိမှိတ်ကာ မိမိတို့ရှေ့တွင် ဖိုခနောက်တစ်ခုစီတွင် မီးထည့်ပါဆို၍ ထိုစိတ်ကူးနှင့် ထည့်ထားသောဖိုခနောက်ပေါ်တွင် အိုးကင်းတစ်ခုတင်၍ မိမိတို့၏ ကေသာ၊ လောမာ စသော ၃၂ မျိုးသော ကောဋ္ဌာသတို့ကို မီးကျွမ်းပြီးပြာနုကျလျှင် ပါးစပ်လေဖြင့် စိတ်ကူး၍ မှုတ်လိုက်ပါက လွင့်ပျောက်သွားလျှင် ပုဂ္ဂိုလ် သတ္တဝါ မရှိတော့၍ တရားရသည်ဟူ၏။

## လာသေးသည်တစ်မျိုး

ဆရာတစ်ဦးကမူ တရားလိုချင်သူတို့ တန်းစီ၊ မျက်စိမှိတ်ထိုင်ကာ မိမိတို့ကိုယ်စီရှေ့တွင် စိတ်ကူးနှင့် အိုးကြီးတစ်လုံးစီ ချထားပြီး မိမိတို့ကိုယ်မှ ဆံပင်အစ ကျင်ငယ်အဆုံး တစ်ခုစီ အစဉ်အတိုင်း အိုးထဲသို့ စိတ်ကူးနဲ့ထည့်ပြီးယောက်မတစ်ခုနှင့်ထည့်ပြီး မရပ်မနား မွှေပေးပါ။ ကြာကြာမွှေက အမြှုပ်ထလာမည်။ တက်လာသော အမြှုပ်ကို လက်နှင့်ယူစားပါ။ ဤသို့စားခြင်းဖြင့် ''အမတံ တေသံ ပရိဘုတ္တံ''ဟူသော အမြိုက်နိဗ္ဗာန်ကို ရရှိခံစားခြင်းဖြစ်သည်ဟုအဋ္ဌကထာက ဆက်၍ ပြသည်။

ကျွန်ုပ်တို့ မျက်မှောက်ခေတ်တွင်လည်း ဓမ္မကထိကနှင့် မညီသော ပြဿနာတွေ ရှိနေ၏။ ကျွန်ုပ်တို့ မဖော်ပြလို၊ ကျွန်ုပ်တို့၏အရာမဟုတ်။ သိလိုသူ ညောင်လေးပင်မြို့မှ မောင်တင်ခိုင်တို့မှ အစပြု၍ မြတ်စွာဘုရား၏ ဝဋ္ဋဆင်းရဲမှ ထွက်မြောက်လိုသော လမ်းညွှန်ချက် ဓမ္မကထိကဆရာအစစ်များကိုသာ ရှာဖွေဆည်းကပ်ပါ။ ပုဂ္ဂိုလ်ကို မရှာပါနှင့်။ မိမိ မတတ်ကျွမ်းသော ဓမ္မကထိကဆရာများကို တတ်ကျွမ်းနားလည်သော (ကလျာဏမိတ္တ) သူတော်ကောင်းကိုတော့ မိမိ အကျိုးအတွက် ဆည်းကပ်ပါဟု တိုက်တွန်း ညွှန်ပြလိုက်ရပါသတည်း။

**သစ္စဝါဒီ**

(အနန္တငါးပြာမဂ္ဂဇင်း အတွဲ ၃၊ အမှတ် ၂)

# ဆရာ့ဝါဒ လိုက်နာမှု

၁။ ကိုယ့်ဝန်ကိုယ်သာ၊ ကိုယ်ဟာထမ်းလို့
လိုရာစခန်းသို့ သွားရမည်။
သူများအပြစ်ကို ဘာမရှုနဲ့၊
ဘာဝနာမှုဌ် စိတ်တည်ကြည်၊
နေ့စဉ်မှန်မှန် ကျောင်းကိုသွားလို့
တရားတွေ့ဖို့ လုပ်ရမည်။
သာသနာ့အရေး ကိုယ့်အရေး၊
မျှော်တွေး စိတ်ကြံစည်။
အဲဒါမှ ဆရာ့ဝါဒ၊ ဓမ္မမိဌာန်မည်။

၂။ အတ္တာသမံ ပေမံနတ္ထိ၊
ကျမ်းလာပါဠိ ရှိလေသည်။
ကိုယ့်ထက်ချစ်သူ ဘယ်မရှိလို့၊
တကယ်တိတိ မှတ်ရမည်။
မိမိကိုယ်ကို၊ တကယ်ချစ်ရင်၊
အပါယ်မနစ်ဖို့ လုပ်ရမည်။
သည်းခံစိတ်ထား၊ ခါတ်တရား၊
ရှုပွားနေရမည်။
အဲဒါမှ ဆရာ့ဝါဒ၊ ဓမ္မမိဌာန်မည်။

၃။ ယောဂီဆိုရင် သူတော်ကောင်းမို့၊
ငြိုစူစောင်းမြောင်း ကင်းရမည်။
ကိုယ့်လေ့ဦးကို၊ ကိုယ်သာကြည့်လို့၊
ဖြောင့်အောင် မိမိလော့်ရမည်။
လောကဓံဆိုတာ ကြုံတွေ့မြဲမို့၊
သည်းခံစိတ်လဲ ထားရမည်။
စိတ်မှာဖြောင့်စင်း ခင်မင်ခြင်း၊
ညီရင်းရှိရမည်။
အဲဒါမှ ဆရာ့ဝါဒ၊ ဓမ္မဓိဋ္ဌာန်မည်။

# အားကိုးရာတရား

၁။ ခန္ဓာကိုယ်တွင် သတိယှဉ်၊ မှန်ပင်ရှုကြည့်သော်။

၂။ ဖောက်ပြန် ပြောင်းလဲ၊ မျိုးစုံပဲ၊ မလွဲ ဉာဏ်၌ပေါ်။

၃။ ဆက်၍ရှုပြန်၊ ပျက်သည်မှန်၊ ကေန် တွေ့လိမ့်နော်။

၄။ ဖောက်ပြန် ပျက်စီး၊ သိပျက်စီး၊ ဆက်ပြီး သိပါသော်။

၅။ ဤကိုယ်ခန္ဓာ၊ အားကိုးရာ၊ ဘယ်မှာရှိလိမ့်နော်။

၆။ ဓမ္မသာရဏာ မြတ်ဗုဒ္ဓါ၊ ဟောကာ ညွှန်ပြသော်။

၇။ ဖောက်ပြန်ပြီးပျက်၊ သိပြီးပျက်၊ ဉာဏ်တက်ခါများနော်၊

၈။ အားကိုးမရ သဘာဝ၊ စိတ်ချသိနေသော်။

၉။ ဤသို့သိရာ၊ ယောဂီမှာ၊ ရရာအားကိုးနော်။

၁၀။ အတ္တဒီပ၊ သုတ်အရ၊ ဗုဒ္ဓ မိန့်ခွန်းတော်။

~*~*~*~

## ဗုဒ္ဓဘုရား၏ နောက်ဆုံးမိန့်ခွန်းတော်

*ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယ*
*ဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ။*

ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့။ ဟန္ဒဒါနိ၊ ယခုအခါ၌။ ဝေါ၊ သင်ချစ်သား ချစ်သမီးတို့အား။ အာမန္တယာမိ၊ ငါဘုရား နောက်ဆုံးခေါ်တော်မူ၏။ သင်္ခါရာ၊ ရုပ်နာမ်နှစ်ပါး သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်တတ်သော သဘော ရှိကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားနှင့်။ သမ္ပာဒေထ၊ ပြည့်စုံရစ်ကြ။ သမ္ပာဒေထ၊ ကိုယ်စီကိုယ်ငှာ ပြည့်စုံရစ်ကြ။

ဘုရားဗုဒ္ဓ၊ မိန့်ဟမြွက်ခြွေ။
နောက်ဆုံးစကား၊ မှာကြားခဲ့ပေ။
ရုပ်, နာမ် သင်္ခါရ၊ ဝယ ဓမ္မ၊
သတိထား၊ ပွားများရစ်ကြလေ။

သာဓု သာဓု သာဓု။

~*~*~*~

# ဝိပဿနာလုပ်ငန်း မဂ်စခန်း အကျဉ်းချုပ် တရားတော်

၁။ ခန္ဓာကိုယ်တွင်း၊ ဉာဏ်စိုက်သွင်း၊ အလင်းရှုလေဘိ။
၂။ ရှုကြည့်သောခါ၊ ဖောက်ပြန်တာ၊ မကြာမြင်လေ၏။
၃။ ဖောက်ပြန် ဖြစ်, ပျက်၊ ဉာဏ်မြင်ချက်၊ တွေ့လျက် ထပ်ခါကြည့်။
၄။ ထပ်ခါ ထပ်ခါ သိနေပါ၊ ဉာဏ်သာ တက်လေ၏။
၅။ ဉာဏ်တက်လေလျှင်၊ ဆင်းရဲမြင်၊ ဤတွင် သစ္စာသိ။
၆။ သစ္စာသိပြန်၊ ဆင်းရဲမှန်၊ ကေန်ဉာဏ်ဖြစ်၏။
၇။ ဒုက္ခသစ္စာ၊ ဉာဏ်သိရာ၊ ထပ်ခါစိုက်၍ကြည့်။
၈။ ရုပ်, နာမ် သဘာဝ၊ ဖြစ်, ပျက်ကြ၊ မူလပင်ကိုသိ။
၉။ သိလေသောခါ၊ မုန်း၍လာ၊ ဖြစ်ခါ ပျက်ဆုံး၏။
၁၀။ ဖြစ်,ပျက်ဆုံးပင်၊ ရောက်လေလျှင်၊ ဤတွင် ချမ်းသာ၏။
၁၁။ ဖြစ်,ပျက်ရှိလျှင်၊ ဒုက္ခပင်၊ ဉာဏ်စဉ် မှတ်လေဘိ။
၁၂။ ယောဂီလမ်းစဉ်၊ မှတ်လိုလျှင်၊ မဂ္ဂင်ကိုယ်တွင်ကြည့်။
၁၃။ နာမ်သိ မဟုတ်၊ ဉာဏ်သိလုပ်၊ ဖွင့်ထုတ် ပိုင်အောင်သိ။

၁၄။ သိရသည်မှာ၊ ကိုယ်ခန္ဓာ၊ မှန်စွာ ဆင်းရဲ၏။
၁၅။ ဆင်းရဲအမှန်၊ သိဖို့ရန်၊ ကေန် တစ်ခုရှိ။
၁၆။ ဆင်းရဲသိလေ၊ တာဝန်ကျေ၊ ကျင့်လေ မဂ်သတ္တိ။
၁၇။ ဆင်းရဲကိုမြင်၊ မလိုချင်၊ မဂ္ဂင် လမ်းမှန်၏။
၁၈။ ဆင်းရဲချုပ်မှု၊ ချမ်းသာရ၊ နိရောဓဟုသိ။
၁၉။ ယောဂီအလုပ်၊ အကျဉ်းချုပ်၊ ပွားထုတ်လေကုန်ဘိ။

~*~*~*~


သစ္စာဒီပက ဆရာကြီးဦးကြည်
၏
အရိယာလမ်း မဂ်စခန်း
မကြာမီထွက်တော့မည်

# အမှားပြင်ဆင်ချက်

| စာမျက်နှာ | စာကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၃ | ၅ | ဗာဟုံသတသံ | ဗာဟုံသဟသံ |
| ၄ | ၂ | သေတ္တိယ | သောတ္တိယ |
| ၁၁ | ၁၁ | သိဒ္ဒတ္ထ | သိဒ္ဓတ္ထ |
| ၁၂ | ၁၁ | သမတ္တာနာမ | သမတ္ထာနာမ |
| ၁၂ | ၁၂ | မဟာပုရိသောပန သုညပိမာနေ | မဟာပုရိသောပန သုညဝိမာနေ |
| ၁၆ | ၁၆ | ဝေသန္တရာမင်း | ဝေဿန္တရာမင်း |
| ၂၀ | ၈ | သစေ တနော | သ စေတနာ |
| ၂၀ | ၉ | သစေ တနာ ပိအယံယန | သ စေတနာပိ-အယံယန |
| ၂၄ | ၆ | စေဒနာ | စေတနာ |
| ၂၄ | ၁၈ | ပုတ္ထန္တောန | ပတ္ထယန္တောန |
| ၂၇ | ၉ | မဟာသေဋ္ဍိ | မဟာသေဋ္ဌိ |
| ၂၉ | ၅ | ဒိက္ခိဏော | ဒက္ခိဏော |
| ၃၀ | ၁၃ | ဗြဟ္မာဏာ | ဗြဟ္မဏာ |
| ၃၁ | ၁၆ | ပတ္ထာ | ပတ္တာ |
| ၄၈ | ၁၇ | မာပမာဒတ္တ | မာပမာဒတ္ထ |
| ၅၂ | ၁၆ | တထော | တတော |
| ၅၃ | ၁ | တထော | တတော |
| ၅၅ | ၁၇ | ဥဂ္ဂဟေုတွာ | ဥဂ္ဂဟေယုတွာ |
| ၅၅ | ၂၀ | ကုဋ္ဌိယဗ္ဘန္တရ | ကုဋ္ဌိယဗ္ဘန္တရေ |
| ၅၆ | ၂ | ဋ္ဍိတာနိ | ဋ္ဌိတာနိ |
| ၅၈ | ၆ | ဘက်စဉ် | တက်စဉ် |
| ၅၈ | ၁၂ | သင်္ခါရုပက္ခာ | သင်္ခါရုပေက္ခာ |

| | | | |
|---|---|---|---|
| ၆၁ | ၁၅ | အဘာနီ | အဘိနီ |
| ၆၆ | ၇ | အနာဂထေ | အနာဂတေ |
| ၇၆ | ၅ | တိမိင်္ဂလ | တိပိင်္ဂလ |
| ၈၄ | ၁၇ | စေတ္တခန္ဓပဋ္ဌတံ | စေတ္ထခန္ဓပဋ္ဌကံ |
| ၈၇ | ၁၉ | ဆီမီးတောက်နှင့် | ဆီမီးတောက်သည် |
| ၉၈ | ၈ | ဝဿ | ဝဿဘူ |
| ၉၉ | ၄ | တိယျော | ဘိယျော |
| ၁၀၀ | ၈ | ဝဿသတအော | ဝဿသတတော |
| ၁၀၁ | ၁၁ | ကိဂပ္ပ | ထိုကပ္ပ |
| ၁၁၇ | ၁၆ | နာဖိဂ္ဆတိ | နာမိဂစ္ဆတိ |
| ၁၂၃ | ၁၅ | ရူပတ္တိ | ရူပ္ပတ္တိ |
| ၁၂၄ | ၁၀ | ပဇာနာဟိ | ပဇာနာတိ |
| ၁၄၀ | ၄ | စတုတ | စတုတ္ထ |
| ၁၄၇ | ၁ | သန္ဓဝံ | သန္ထဝံ |
| ၁၄၇ | ၁၃ | အညာဟ | အညာယ |
| ၁၅၄ | ၁၀ | နိဗ္ထန္ဒတိ | နိဗ္ဗိန္ဒတိ |
| ၁၅၉ | ၁ | အရညာတောဝါ | အရညတောဝါ |
| ၁၅၉ | ၃ | သုညဂါရဝတောဝါ | သုညဂါရဂတောဝါ |
| ၁၅၉ | ၄ | ပလ္လင်္ကံ အာတုဇိတွာ | ပလ္လင်္ကံ အာဘုဇိတွာ |
| ၁၅၉ | ၉ | ပမ္ပဇဉ် | သမ္ပဇဉ် |
| ၁၅၉ | ၁၂ | ဥစ္စရပဿဝက | ဥစ္စာရပဿာဝက |
| ၁၅၉ | ၇ | ကုရိယာပုတ် | ကုရိဟာပုတ် |
| ၁၆၀ | ၂ | သမာဓိစိပ္ပဋိပ္ပန္န | သာမိစိပ္ပပဋိပ္ပန္န |
| ၁၆၀ | ၁၂ | တဿာတိမုခံကရိတွာ | တဿာဘိမုခံကရိတွာ |
| ၁၆၃ | ၆ | သတ္ထုသာသနနေ | သတ္ထုသာသနေ |
| ၁၆၈ | ၂ | ပဋိဝိဒ္ဓဓမ္မော | ပဋိဝိဒိတ္ထဓမ္မော |
| ၁၇၆ | ၄ | ကေသမုတ္ထိ | ကေသမုတ္တိ |
| ၁၈၀ | ၁၆ | ပဇာဝနတိ | ပဇာနာတိ |

| | | | |
|---|---|---|---|
| ၁၈၂ | ၁၁ | ဝိပလ္လာသ | ဝိပ္ပလ္လာသ |
| ၁၈၃ | ၁၅ | သင်္ခပရပတ် | သင်္ခတပရေဟ် |
| ၁၈၅ | ၁ | သဒ္ဓမော | သဒ္ဓမ္မော |
| ၁၈၅ | ၂ | ဒေဝဒတ္ထာ | ဒေဝဒတ္တ |
| ၁၈၈ | ၇ | သက္ကာ | သက္ကာယ |
| ၁၉၁ | ၁၂ | ကြိုချက် | ကျိုချက် |
| ၁၉၃ | ၉ | လောကရူပနံပိယ | လောကရူပနံဝိယ |
| ၁၉၈ | ၁၀ | သင်္ခရမှု | သင်္ခါရမှု |
| ၂၀၀ | ၁၉ | ဝိတတနော | ဝိတတကျော |
| ၂၀၄ | ၁၉ | ဝဋ်ပြည့်ရာ | ဝဋ်ကင်းရာ |
| ၂၀၅ | ၁ | အာဟုနေကြပါဟုနေကြ | အာဟုနေယျပါဟုနေယျ |
| ၂၀၈ | ၁၈ | ယာထာဝတော | ယထာဝတော |
| ၂၀၉ | ၃ | ယာထာဝတော | ယထာဝတော |
| ၂၁၀ | ၁၅ | ဘဝိတု | ဘဝိတုံ |
| ၂၁၀ | ၁၅ | အသတ္တောန္တော | အသက္ကောန္တော |
| ၂၁၉ | ၄ | ကမ္မပဋိသရဏော | ကမ္မပဋိဿရဏော |
| ၂၂၀ | ၁၉ | ကမ္မဒါယာဒ | ကမ္မဒါယာဒါ |
| ၂၂၁ | ၁၁ | နသကောန္တိ | နသက္ကောန္တိ |
| ၂၂၂ | ၁ | ဘိက္ခဝေန္ဒ | ဘိက္ခဝေ |
| ၂၂၃ | ၁၅ | ယဒါဩာကာသံ | ယဒါဩကာသံ |
| ၂၂၇ | ၁၇ | အဿဒိ | အသဒိသ |
| ၂၂၈ | ၁၆ | မဟာအဒိသ | မဟာအသဒိသ |
| ၂၂၉ | ၁ | ကုတ္ထိ | ကုတ္ထိယာ |
| ၂၂၉ | ၆ | ကရိသာမိ | ကရိဿာမိ |
| ၂၃၁ | ၁၃ | ပါဋိဘောဂ | ပဋိဘောဂ |
| ၂၃၆ | ၁ | ပုတိဂတ္ထ | ပုတိဂတ္တ |
| ၂၆၀ | ၁ | ဘာမန္တယာမိ | အာမန္တယာမိ |
| ၂၆၀ | ၃ | ဟာန္ဒဒါန | ဟာန္ဒဒါနိ |

✦ ပင်မဖြန့်ချိရာဌာနများ ✦

- ❑ **ပညာလောကစာပေ**
  အမှတ်(၃၄)၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ဈေးတော်ရုံ၊ ဒဂုံစာတိုက်၊ ရန်ကုန်မြို့။
- ❑ **သစ္စာဒီပကအဖွဲ့ချုပ်**
  မင်းကျောင်းလမ်း၊ ကျိုက်ဝိုင်းဘုရားအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။